
www.burmeseclassic.com



BURMESE CLASSIC

# ဆုမြတ်ပွန်ပွန်

နှလုံးသားတစ်ခုအရင်းပြု၍

NYI NYI

www.burmeseclassic.com

www.burmeseclassic.com

# ဆုပြတ်မွန်မွန်

နှလုံးသားတစ်ခု အရင်းပြု၍

စာမူခွင့်ပြုချက်အမှတ်
၅၁၀၆၆၁၉၀၆၀၅

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၃၇၉၀၆၁၁

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဒေါ်ခင်သင်းနု (၀၁၈၁၉) ချယ်မင်းလွင်စာပေ
အမှတ်(၄၃/က)၊ မလိခလမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာ OFFSET
အမှတ်(၂၉)၊ (၂၉)-လမ်း၊ ရန်ကုန်



မမွန်

မင်္ဂလာပါမမွန်။ ခင်မင်မှုများစွာဖြင့် စာရေးလိုက်ပါတယ်။ မမွန်ရဲ့ (၁၀)အုပ်မြောက် 'အချစ်ဦးနှင့်လွှဲပြီးသည့်နောက်(ဖူးစာ)' စာအုပ်ကို ဆိုင်ရောက်တာနဲ့ ညီမ ဖတ်ပြီးသွားပြီ။ စာအုပ်တွေ ထွက်တိုင်း မမွန်ကို မေတ္တာမပျက် ဆက်၍ ဆက်၍ စာရေးနေပါဦးမယ်။ မမွန်ရေးတဲ့စာအုပ်က ကိုရီးယားဇာတ်လမ်းတွဲလိုပဲ ဖတ်လို့ပြီးသွားမှာကို နှမြောနေတယ်။ မမွန် ဘယ်လိုရေးရေး ဖတ်လို့ကောင်းနေတာပဲ။ ဇာတ်သိမ်းကိုတော့ ညွှားစေချင်ပါတယ်။ မမွန်ရဲ့ ပြန်စာနဲ့ ဓာတ်ပုံကိုတော့ Ever အလိုရှိပါတယ် မမွန်။

မမွန်

May you live along life.

မိုးသုစာ

www.burmeseclassic.com

## အမှတ်တရ အစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

မင်္ဂလာပါ။

ခင်မင်ရင်းနှီးစွာဖြင့် မ,လို့ခေါ်ပါရစေ။ မမဆီ မိတ်ဆက်စာမရေးဘူးလို့ သည်းခံပြီးဖတ်ပေးပါလို့ ...။ မမရဲ့ဝတ္ထုတွေဆိုအရမ်းဖတ်လို့ကောင်းတာပဲ။ Heart ထိတယ်။ မမ စာတ်ကောင်တွေရေးရင် ဆင်းရဲတဲ့ဇာတ်ကောင်တွေကိုလည်း ဦးစားပေးဦးနော်။ မမက ငယ်ငယ်လေးနဲ့ ဝတ္ထုကို ကောင်းကောင်းရေးနိုင်တယ်နော်။ မထင်နိုင်စရာဘဲ။ ညီမလေး မမကို သိပ်အားကျတာပဲ။ မမ ညီမလေးဆီ စာပြန်ပါနော်။ စာပြန်ဖို့လည်း မမေ့နဲ့နော်။ ညီမလေးကို အမှတ်တရအဖြစ် ဓာတ်ပုံလည်း ထည့်ပေးပါနော်။ မမ ... မမကို တစ်သက်တာထာဝရ အမြဲအားပေးနေမယ်။ ညီမလေး အောင်မြင်မှုသရဖူကို ဆောင်းနိုင်ပါစေလို့ ဆုတောင်းရင်း ...။

နီနီအေး



## အမှတ်တရ အစီအစဉ်

ဆရာမလေး မဆုမြတ်မွန်

ဆရာမကို ရင်းရင်းနှီးနှီး မဆုလို့ခေါ်ပါရစေ။ မဆုရဲ့ ဇွန်လထုတ် 'အညိုးမြစ်' ဝတ္ထုကို (20.6.07) နေ့ညက မိတ်ဆွေတစ်ဦးရဲ့ ကျေးဇူးကြောင့် စတင်ဖတ်မိပါတယ်။ ဝတ္ထုကို စ,ဖတ်လိုက်တာနဲ့ လက်ကမချချင်တာကြောင့် ည(၂)နာရီထိုးမှ ပြီးပါတယ်။ မဆုရဲ့ဝတ္ထုကို ဒါ ပထမဦးဆုံး ဖတ်ရခြင်းပါ။ အခြားဝတ္ထုတွေကိုတော့ ဖတ်ဖူးတယ်လို့လည်း မထင်လိုက်ပါနဲ့။ အချိန်အလွန်ဆင်းရဲပါတယ်။ မဆုရဲ့ ဝတ္ထုတွေ အများကြီးရှိတာလည်း ယခုမှသိရတာပါ။ ယခု ဒီဝတ္ထုကို ဖတ်ရတော့မှ 'အချစ်'ဆိုတာ နည်းနည်းသိသယောင်ပဲရှိပါသေးတယ်။ မဆုရဲ့ တင်ပြမှု ဇာတ်အိမ်ဖွဲ့မှု ဇာတ်ကောင်ကို ရှစ်လုံးပေါ်အောင် ခြယ်မှုန်းမှုအားလုံးကြိုက်ပါတယ်။ မဆုရဲ့ဝတ္ထုမှာ စရိုက်ခံစားမှုကိုတော့ မဆု ကောင်းကောင်းဖန်တီးနိုင်သလို စကားလုံးတွေလည်း ပြောင်မြောက်အောင် ရေးဖွဲ့ထားတာ တွေ့ရပါတယ်။ သမားရိုးကျမဟုတ်တဲ့ ဇာတ်အိမ်ကို များများရှာဖွေနိုင်ရင် ပိုအောင်မြင်လိမ့်မယ်လို့ ယူဆမိပါတယ်။ ဆရာမလေးဆီက ပြန်စာနဲ့ ဆရာမလေးရဲ့ ဓာတ်ပုံလှလှလေးကို လက်မှတ်ထိုးပြီး ပို့လိုက်ပါဦးလို့ အထူးမေတ္တာရပ်ခံလိုက်ပါတယ်။

မောင်မျိုးသ

www.burmeseclassic.com

www.burmeseclassic.com



မမွန်

တစ်ခါမှ မိတ်ဆက်စာမရေးဘူးတဲ့အတွက် အမှားပါရင် ခွင့်လွှတ်ပေးပါ။ မမွန်ရဲ့ ဝတ္ထုကို သူငယ်ချင်းတစ်ယောက်က အရမ်းကောင်းတယ်ပြောလို့ ဖတ်ကြည့်မိတယ်။ အရမ်းစွဲသွားပြီ မမွန်ရေ ... ။ စာတ်ပုံလေးတွေကိုကြည့်ရင်းနဲ့ ခင်ချင်လာမိတယ်။ အပြင်မှာလည်း မြင်ဖူးချင်တယ်။ မမွန်က အရမ်းလှတာပဲနော်။ မမွန်ရဲ့ ဝတ္ထုတွေကို အမြဲအားပေးသွားမှာပါ။ အခက်အခဲမရှိဘူး ဆိုရင် ညီမလေးဆီကို ဓာတ်ပုံနဲ့ စာတစ်စောင်လောက် ပြန်ပေးပါဦးနော်။ ပြီးတော့ ဝတ္ထုထဲက ဓာတ်ကောင်တွေကို ဆင်းရဲတဲ့ ဇာတ်ကောင်အဖြစ် အသက်သွင်းရေးပေးပါဦးလို့ ဆင်းရဲရာကနေ ကြိုးစားပြီး ထိပ်ဆုံးအထိ ရောက်သွားတဲ့ ဇာတ်ကောင်လေးတွေ ပေါ့။ ဘယ်လောက်ကြာကြာ မမွန်ဆီက ပြန်စာကို မျှော်နေပါ မယ်။ မမွန်ရဲ့အသက် မွေးနေ့ သိချင်ပါတယ်။ ကျောင်းရောပြီး သွားပြီလား ... ။ ညီမလေးချစ်တဲ့ မမမွန် ဒီထက်မက အောင် မြင်မှုတွေရရှိနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ညီမလေး



ဆရာမ ဆုမြတ်မွန်မွန်

ကျွန်တော်က မမြတ်မွန်ရဲ့ ပရိသတ်တစ်ဦးပါ။ ကျွန်တော် ဟာ မမြတ်မွန်ရဲ့ (ဆို) မမြတ်မွန်ဖန်တီးတဲ့ ဇာတ်လမ်းလေး တွေကို အမျိုးစင်မဂ္ဂဇင်းမှာကတည်းက အားပေးတဲ့သူပါ။ မမြတ် မွန်ရဲ့ စာအုပ်တွေက ကောင်းပါတယ်ဗျာ။ ဒါပေမဲ့ စာအုပ်တိုင်း မှာ မင်းသမီးအပေါ်မှား မျက်နှာလိုက်မိသလားလို့ပါ။ ကျွန်တော် ထင်တာ မှားသွားရင်လည်း ခွင့်လွှတ်ပေါ့ဗျာ ... ။ မမြတ်မွန် ကျွန်တော့်တို့ ပရိသတ်တစ်ဦးအဖြစ် အသိအမှတ်ပြုတယ်ဆိုရင် ဖြင့် ပြန်စာနှင့် ဓာတ်ပုံကို မျှော်လင့်ချင်တယ်ဗျာ။

ထာဝရပရိသတ်

www.burmeseclassic.com

www.burmeseclassic.com

မမ

ခင်မင်လေးစားစွာဖြင့် ညီမလေး စာရေးလိုက်ပါတယ်။ မမလို့ပဲခေါ်မယ်နော်။ ညီမလေးက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမရဲ့စာအုပ်တွေက အရေးအသားနဲ့ ဇာတ်လမ်းတင်ပြပုံလေးတွေကိုလည်း အရမ်းနှစ်ခြိုက်သဘောကျတယ်။ မမ ဇာတ်လမ်းတိုင်းကို မင်းသားနဲ့ မင်းသမီး ညားစေချင်ပါတယ်။ အသည်းကွဲတဲ့ ဇာတ်လမ်းတွေ မရေးပါနဲ့နော် မမ။ မင်းသားနဲ့ မင်းသမီး ဇာတ်လမ်းအစမှာ မတည့်ကြဘဲ နောက်ပိုင်းမှာ ချစ်သွားကြတဲ့ ဇာတ်လမ်းမျိုး ရေးပေးပါနော် မမ။ မမရဲ့စာအုပ်တိုင်းကို အမြဲအားပေးနေမှာပါ။ ညီမလေးကို မမရဲ့ ပရိသတ်တစ်ယောက်အဖြစ် အသိအမှတ်ပြုတယ်ဆိုရင် စာပြန်ရေးပါနော် ...။ မမရဲ့ ဓာတ်ပုံလည်း ထည့်ပေးပါနော်။ အမှတ်တရအနေနဲ့ပေါ့။ မမတစ်ယောက် အမြဲအောင်မြင်မှုများစွာ ပိုင်ဆိုင်ပါစေလို့ ဆန္ဒပြုလျက်

မမရဲ့ ပရိသတ်တစ်ဦး။

စေတနာ့စာပေ ၏

အမှတ်တရအစီအစဉ်

မဆုမြတ်

ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ပထမဆုံးထွက်ရှိတဲ့ 'မျက်နက်ဝန်းရဲ့ မေတ္တာတဲ့ချူ' ကနေ အခုထွက်တဲ့ 'အချစ်သို့တစ်ချက်ငုံကြည့်စဉ်' အထိ တစ်အုပ်မကျန် အားပေးခဲ့တယ်ဆိုလို့ရှိရင် အစ်မယုံမှာလားဟင်။ တခြားစာရေးဆရာတွေနဲ့ မတူဘဲ တမူထူးခြားတဲ့ အရေးအသားတွေနဲ့ ပရိသတ်ကို ဆွဲဆောင်နိုင်တဲ့ အစ်မရဲ့စာအရေးအသားကို အရမ်းပဲနှစ်ခြိုက်မိပါတယ်ရှင်။ တစ်လလုံးကို တစ်အုပ်စောင့်ဖတ်ရတာ အားမရပါဘူးရှင်။ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်မှုသရဖူဆောင်းနိုင်တဲ့ အစ်မကို အားကျမိပါတယ် ...။ ညီမ အားအကျရဆုံးပုဂ္ဂိုလ်တွေထဲမှာ အစ်မလည်းပါပါတယ်။ မဆုမြတ်တစ်ယောက် ဒီထက်အောင်မြင်ကျော်ကြားပါစေလို့ ဆုတောင်းပေးပါတယ်။

မဆုမြတ်ကိုခင်တဲ့

www.burmeseclassic.com

www.burmeseclassic.com

မရေ

စိတ်ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းပေးလျှက်ပါ။ မရဲ့ပြန်စာလေး ရှည်ရှည်။ ခါတ်ပုံလေးရယ်၊ ထုတ်ကြည့်ရလွန်းလို့ စာတောင်နည်းနည်းပျောင်းသွားသလို ခံစားရတယ်။ ဓာတ်ပုံကတော့ ပျောင်းလို့တော့မဖြစ်ဘူးဆိုပြီး ကော်ရှည်လှောင်းထားတယ်။ မ့စာအုပ်ကို သွားကလည်းငှားနေရတယ်။ ပြတ်လည်းမပြတ်ဘူး။ အဲဒါကြောင့် မရဲ့စာအုပ်ကို သူတို့ရှာ အသစ်ဝယ်ကြရတာပေါ့ ... ။ 'အချစ်ဦးနှင့် လွဲပြီးသည့်နောက်(မှုးစာ)' က ရှေ့ကထွက်ခဲ့တဲ့ (၉)အုပ်ထက်သာတယ်လို့ ရိုးရှင်းစွာပြောပါရစေ။ အဲဒီလို ငယ်စဉ်ကနေ ကြီးတဲ့အထိ ဓာတ်ကောင်စရိုက်တွေရေးနိုင်တဲ့ 'မ'ကို လည်း ချီးကျူးတယ်။

ဝတ္ထုများကို စိတ်ကူးလှလှလေးနဲ့ရေးနိုင်တဲ့ စာရေးဆရာမ ဖြစ်လာပါစေလို့ အဝေးတစ်နေရာက ...

BURMESE CLASSIC



မမမွန်

သမီး မမမွန်လို့ပဲခေါ်မယ်နော် ... ။ မမမွန် စာအုပ်တွေ အရမ်းကောင်းတာပဲ။ ဝတ္ထုတွေမှန်သမျှ သမီးတို့တစ်အိမ်လုံး အရမ်းကြိုက်တယ်။ မမမွန် သမီးတို့မိန်းကလေးဘက်က ရပ်တည်ပေးတာ အရမ်းချစ်ဖို့ကောင်းတာပဲ ... ။ မမမွန် သမီးတို့ မိသားစုဟာ ဝတ္ထုမှန်သမျှ အားလုံးဖတ်တယ် ... ။ မမမွန်က အသစ်ပေမဲ့ အတွေးအခေါ်တွေက သိပ်ရင့်ကျက်တာပဲ။ မမမွန် အချစ်ဓာတ်လမ်းကြီးပဲမရေးနဲ့။ မိသားစုအိမ်ထောင်ရေး ဓာတ်လမ်းတွေလည်း ရေးပါဦးလို့ တိုက်တွန်းချင်တယ်။ မမမွန်က ဘယ်စာရေးဆရာမတွေနဲ့မှ မတူဘဲ တမူထူးခြားနေတာက ချစ်ဖို့ကောင်းတယ်။ မမမွန်ဝတ္ထုအဖွင့်မှာကဗျာလေးတွေ မိတ်ဆက် စာတွေ ဖတ်လိုက်ရလို့ သမီးလည်း ရေးချင်စိတ်ပေါက်လာတယ် မမမွန်။ မမမွန်ရဲ့ ဓာတ်ပုံတွေ အဖွင့်စာမျက်နှာထည့်ပေးတာ အရမ်းချစ်ဖို့ကောင်းတာပဲ။ မမွန်စာနဲ့ ဓာတ်ပုံကို မျှော်နေမယ်နော်။

သက်သက်နှယ်(ခ)ကလေးငယ်

www.burmeseclassic.com

www.burmeseclassic.com

ဆုမြတ်မွန်မွန်သို့

ဆရာမရဲ့ဝတ္ထုတွေကို သဘောကျနှစ်သက်ပြီး ပထမဦးဆုံးအကြိမ် မိတ်ဆက်စာ စရေးဖူးခြင်းပါပဲ။ ပထမဦးဆုံးအနေနဲ့ 'ရင်ခုန်ချစ်ခြင်းနှင့် အတ္တနန်းတော်' ဆိုတဲ့ ဝတ္ထုလေးကို စဖတ်ဖြစ်တာပါ။ ဆရာမရဲ့ဝတ္ထုကို မဟုရာပြုပြင်မှုမ်းမသည်ဆိုတာနဲ့ စိတ်ဝင်စားပြီး ငှားဖတ်ဖြစ်မိသွားတာပါ။ ဒါပေမဲ့ တကယ်တမ်းဖတ်ကြည့်လိုက်တဲ့အခါမှာ အရမ်းကိုစွဲဆောင်အားကောင်းပါတယ်။ အချစ်အကြောင်းကိုပဲ ဖွဲ့နွဲ့ထားတာမျိုး မဟုတ်ဘဲနဲ့ ဇာတ်အိမ်ဖွဲ့ထားတာလေးက အရမ်းမိုက်တယ်။ ချစ်သူကို ဘယ်လောက်ချစ်ခဲ့ပေမဲ့ ကိုယ့်ရဲ့မိန်းမသားမာနကို အောက်မချဘဲ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်ချက်ချနိုင်ခဲ့တဲ့ 'မထီ'ရဲ့ ဇာတ်ရုပ်ကို အရမ်းသဘောကျတယ်။ ဒါ့နဲ့ပဲ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' 'လသုံးစင်းနှင့် ကံခုန်ခြင်း' ဆက်ဖတ်ဖြစ်ပါတယ် ...။ ဒီထက်မကတဲ့ အောင်မြင်မှုများစွာကိုလည်း ပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။

မဆုမြတ်လို့ပဲခေါ်မယ်နော်

မဆုမြတ်ရဲ့ ဝတ္ထုဖတ်ရတာ အရမ်းကောင်းတာပဲ။ အစ၊ အလယ်၊ အဆုံး အားလုံးဟာ စိတ်ဝင်စားစရာတွေပါပဲ။ ဝတ္ထုရဲ့ အစဟာ စိတ်ဝင်စားဖို့ကောင်းတယ်။ အလယ်က စိတ်လှုပ်ရှားဖို့ကောင်းတယ်။ အဆုံးသတ်က မျှော်လှင့်ဖို့ကောင်းသလို ကြေကွဲမှုအပြည့်နဲ့လည်း ခံစားရတယ်။ မဆုမြတ်ရဲ့ဝတ္ထု ထွက်နေသရွေ့ ကျွန်တော် မနားတမ်းဖတ်ရှုနေမှာပါ။ မဆုမြတ်လည်း ဝတ္ထုကို မနားတမ်းရေးနော်။ မဆုမြတ်ရဲ့ Ideaတွေဟာ အမြဲတစ်းအသစ်တွေပါပဲ။ ဘယ်အချိန်ကြည့်ကြည့် ရိုးမသွားဘူး။ မဆုမြတ်ကိုလည်း အမြဲတမ်းလေးစားနေမှာပါ။

www.burmeseclassic.com

www.burmeseclassic.com

အမှတ်တရ အဝိအစဥ်

## ဆရာမဆုမြတ်မွန်မွန်ရှင့်

သမီးရှိသေစွာနဲ့ စာရေးလိုက်ပါတယ်။ ဆရာမရဲ့ စာအုပ်တွေကို အကုန်ဖတ်ပြီးပါပြီ။ ကောင်းကြပါတယ်။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' ကနေစပြီး 'အညိုးမြစ်'ထိ အကုန်ဖတ်ပြီးသွားပြီ။ သမီးက 'အနမ်းဆက်တိုင်း' နဲ့ 'မှော်ကဗျာရွှေရုပ်' ကို အရမ်းကြိုက်တယ်။ 'မှော်ကဗျာရွှေရုပ်' ထဲမှာ 'ရွှေရုပ်ပျို' ရဲ့လုပ်ရပ်မျိုး ဘယ်သူမှ မလုပ်နိုင်ဘူးနော်။ ဆရာမရဲ့ဓာတ်ပုံနဲ့ပြန်စာကို မျှော်နေမယ်နော်။ သမီးက ပထမအကြိမ် စာရေးတာမို့ အမှားပါရင် ခွင့်လွှတ်ပါ။ ဆရာမကို အမြဲအားပေးနေမယ်နော်။

သမီးပွင့်



အမှတ်တရ အဝိအစဥ်

## မဆုမြတ်မွန်မွန်

ကျွန်တော် ခင်မင်ရင်းနှီးစွာနဲ့ စာရေးလိုက်ပါတယ် ... ။ ကျွန်တော် ပထမဦးဆုံးအကြိမ် စာရေးလိုက်တာပါ။ ကျွန်တော် ဘယ်စာရေးဆရာမဆီကိုမှ မိတ်ဆက်စာမရေးဖူးပါဘူး ... ။ ကျွန်တော် မဆုမြတ်ဆီကို စာရေးချင်တာ ကြာပါပြီ။ စာမပြန်မှာစိုးတာနဲ့ ဒီအတိုင်းပဲ နေလိုက်မိတာပါ။ မဆုမြတ်ရဲ့ ဝတ္ထုအားလုံး ကောင်းပါတယ်။ မဆုမြတ်ကို ကျွန်တော် အရမ်းခင်မင်လို့ ဒီစာကို ကြိုးစားပြီးရေးလိုက်တာပါ။ ကျွန်တော့်ကို မဆုမြတ်ရဲ့ ပရိသတ်တစ်ယောက်အဖြစ် လက်ခံပေးမယ်ဆိုရင် ကျွန်တော့်ကို ခင်မင်တဲ့အနေနဲ့ မဆုမြတ်ရဲ့ ပြန်ကြားစာနဲ့ ဓာတ်ပုံလေးတစ်ပုံလောက် ပို့ပေးပါလားနော် ... ။ မဆုမြတ်မွန်မွန် ထာဝရအောင်မြင်နိုင်ပါစေလို့ ပြန်ကြားစာကို မျှော်နေမယ်။ ဝတ္ထုစာအုပ်ထဲက မမဆုမြတ်ပုံလားဟင်။

စိုင်းခင်နိုင်ဦး
ဝဲခူးတိုင်း၊ တောင်ငူမြို့။
ဦးမောင်ကို+ဒေါ်တင်အုန်း
မိုးသီတစ်ထောင်ဆီစက်မှတစ်ဆင့်

www.burmeseclassic.com



ဆရာမ ဆုမြတ်မွန်မွန်

ညီမလေး စာရေးလိုက်ပါတယ်။ ညီမကလေ ဝတ္ထုဖတ်ရမှာ အရမ်းပျင်းတာ အစ်မရဲ့။ ညီမတို့က ရွှေလိမ်ပြာစာပေကို ဖွင့်ထားပါတယ်။ ဆိုင်ကိုသွားတဲ့နေ့က စာအုပ်ငှားဖတ်တဲ့ အစ်မတွေက အစ်မရဲ့စာအုပ်တွေထဲက 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ' ဆိုတဲ့ စာအုပ်ကို အရမ်းခရေစီဖြစ်နေတာ တွေ့ရတယ်။ အဲဒါနဲ့ပဲ ညီမလည်း ယူပြီးဖတ်ကြည့်တာ စာအုပ်ကို လက်ကမချချင်တော့ဘူး။ ဒါပေမဲ့လေ မဆုမြတ်မွန်မွန် စာတ်သိမ်းပိုင်းကလေ ညီမကို အရမ်းတွေးရအောင်လုပ်တယ်။ အစ်မစာအုပ်တွေထဲက ညီမအကြိုက်ဆုံးက 'နှုးညွှံခြင်းပြိုင်ပွဲ' ဆိုတဲ့ စာအုပ်ကို အရမ်းခရေစီဖြစ်တာ။ သည်စာအုပ်ဖတ်တဲ့နေ့က ညီမ အရမ်းခံစားရလွန်းလို့ မျက်ရည်တောင်ကျရတယ် အစ်မရယ်။ ညီမရဲ့စာအုပ်တွေကို ဖတ်ပြီးတည်းက ညီမက အစ်မဆီကို စာရေးချင်နေတာ။ အဲဒါနဲ့ ညီမတို့အိမ်နားက ဆရာမထိုက်အိစံကိုထည့်ရင် ကောင်းမလားမေးတော့ မထိုက်ကလည်း ထည့်မေ့ပါလို့ပြောတော့ ညီမကလည်း ချက်ချင်းလက်ငင်းဆိုသလို ရေးပြီးထည့်လိုက်တာ။ ဪ ... အစ်မ ပြောရဦးမယ်သိလား။ အစ်မရဲ့စာအုပ်တွေကို ကြိုက်တဲ့အထဲမှာ မထိုက်လည်းပါတယ်။ ညီမက ဖတ်ပြီးသမျှ စာအုပ်တွေကို ငှားပြီးဖတ်နိုင်းတာ ထိုက်က ညီမနဲ့ ထပ်တူထပ်မျှ ခံစားပေးပါတယ်။ ညီမတို့နှစ်ယောက်ကို စာပြန်ပေးပါဦး။

အစ်မရဲ့စာကိုမျှော်နေမယ် ... ။

လမင်းဆောင်တာ(ဓ)ကြည်ကြည်ဆိုင်





မဆုမြတ်မွန်မွန်

ကျွန်တော် မဆုရဲ့ဝတ္ထုတွေကို အများဆုံးဖတ်ဖူးတယ်။ အတော်လေးကောင်းတယ်။ တစ်ခါတလေမှာဆိုလေ ကျွန်တော်တို့လူငယ်လေးတွေရဲ့စိတ်ကို ပျော်ရွှင်စေတယ်။ ပျော်ရွှင်မှုတွေ ပေးတဲ့အတွက် မဆုကို ကျေးဇူးအများကြီးတင်တယ်။ ဒါကြောင့် နောင်အနာဂတ်မှာ အောင်မြင်ကျော်ကြားတဲ့ ကြယ်တစ်ပွင့်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော် ယုံကြည်မှုအပြည့်ရှိတယ်။ မဆု ထာဝရအောင်မြင်ပြီး လိုရာဆန္ဒပြည့်ဝပါစေလို့ ဆုတောင်းလျက်။

သန့်ခင်ဦး

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

ညီမရဲ့စာအုပ်တွေဖတ်ပြီး လူကိုယ်တိုင် ပြေးတွေ့ချင်နေတာပါ။ လူကလည်း ပါးဖောင်းဖောင်းလေးနဲ့ ချစ်ဖို့ကောင်းတယ်။ ခင်ချင်လို့ မိတ်ဆက်လိုက်တာနော်။ 'အချစ်ဦးနှင့် လွဲပြီးသည့်နောက်(ဖူးစာ)' စာအုပ်ကို အစမှအဆုံး တစ်လုံးမကျန် ဖတ်ခဲ့တယ်။ ဇာတ်သိမ်းလေးကို တအားကြိုက်တယ်။ ဝတ္ထုတွေ တော်တော်များများ ဖတ်ဖူးပါတယ်။ ဒါပေမဲ့ ညီမရဲ့ဝတ္ထုလောက် မစွဲခဲ့ဘူး။ အိမ်မှာဆို တူမနဲ့ လုဖတ်ရတာ။ ပြီးရင် ဝတ္ထုထဲက အကြောင်းအရာလေးတွေ ပြန်ပြီးပြောကြ၊ ခံစားကြနဲ့ ရင်ထဲ တစ်မျိုးလေးပဲ။ (ပြောမပြတတ်ပါ) အိမ်ကလူတွေ မသိအောင် ခိုးဖတ်ရာမှ သိသွားလို့ ပေးဖတ်လိုက်တာ။ အဲ့ဒီစာရေးဆရာမက ဘယ်သူလဲ။ လူကလည်း အမိုက်စား စသားတွေကမိလို့ စာအုပ်နဲ့ မျက်နှာ မခွာဘဲငြိမ်သွားရဲ့။ ပြောရင် ပိုတယ်ထင်မယ်။ ဓာတ်ပုံလေးနဲ့ ပြန်စာလေးကို မျှော်နေမယ်။ မရောက်မချင်း ရေးနေမယ်။

ဦးမြင့်ဆွေ + ဒေါ်သီတာအောင်(ဆရာမ)

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မ,ပြန်ရေးလိုက်တဲ့စာရတယ်။ ဖြူက မပြန်လောက်တော့ဘူးထင်နေတာ။ ဖြူကို အသိအမှတ်ပြုတဲ့အတွက် အရမ်းကျေးဇူးတင်ပါတယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက် (ဖူးစာ)' ကိုလည်း ဖြူ ဖတ်ပြီးသွားပြီ။ စပြီးဖတ်လိုက်ကတည်းက လက်ကနေမချချင်တော့လောက်အောင် မ,ရဲ့အရေးအသားက စွမ်းပါတယ်။ မ,က တကယ်ပါရမီရှင်တစ်ယောက်ပါပဲ။ ဖြူအမေကလည်း မ,ကို အရမ်းအားပေးတာ။ မေမေက မ,ဆီကို မိတ်ဆက်စာရေးခိုင်းနေတာ။ ဖြူက ပြောလိုက်တယ်။ နောက်ကျသွားပြီလို့။ အဲ့ဒီအချိန် ဖြူက စာတစ်စောင်ထည့်ပြီးသွားပြီလေ။ မေမေက ပြောနေတာသိလား။ လို့်ကော်ကို အလည်လာပြီး စာရေးဖို့ ကုန်ကြမ်းလေးဘာလေး လာရှာပါလားတဲ့။ မ,သာ တကယ်လာမယ်ဆိုရင် ဖြူတို့အိမ်မှာလာတည်းနော်။ Warmly Welcome ပါပဲလို့။

မ, ဒီထက်ပို၍ အောင်မြင်ပြီး အမြဲတမ်းပျော်ရွှင်နိုင်ပါစေလို့။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မဆုမြတ်

သန္တာရဲ့ စာလေး 'မှော်ကဗျာရွှေရုပ်' မှာ ပါလာတော့ အရမ်းဝမ်းသာမိပါတယ်။ ပျော်လည်းပျော်မိပါတယ် ... ။ အခု ဒုတိယအကြိမ် မိတ်ဆက်စာရေးလိုက်တာပါ။ 'အချစ်ဦးနှင့် လွဲပြီးသည့်နောက် ဖူးစာ' ဆိုတဲ့စာအုပ်ကို သန္တာ သိပ်မကြိုက်ဘူး သိလား။ မကြိုက်ဘူးဆိုတာက ဇာတ်လမ်းသဘောကိုပြောတာပါ။ အရေးအသားကိုတော့ ကြိုက်တယ်။ မဆုမြတ်ရဲ့ စာအရေးအသားက မြင့်တယ်။ ခေတ်နဲ့အညီ ရေးနိုင်တယ်။ သီချင်းလေးတွေကလည်း ခေတ်သီချင်းတွေဆိုတော့ လူငယ်တွေအကြိုက်ပေါ့။ မဆု သန္တာလေ 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ' စာအုပ် မဖတ်ရသေးဘူး။ အရမ်းဖတ်ချင်တာပဲ။ ဆိုင်တွေမှာ ဝယ်လို့လည်းမရ၊ ငှားလို့လည်းမရနဲ့ ကျန်တဲ့ (၉)အုပ်ကတော့ အားလုံးဖတ်ပြီးပါပြီ။ သန္တာဇတ်သမျှ ဝတ္ထုစာရေးဆရာမတွေထဲမှာ မဆုမြတ်ကို အကြိုက်ဆုံးပဲ။ ဘယ်သူ့ဆီကိုမှ မိတ်ဆက်စာမရေးဘူးဘဲနဲ့ မဆုမြတ်ဆီကိုတော့ လေးစားခင်မင်သမှုနဲ့ ရေးလိုက်တာပါ။ အားပေးတဲ့ပရိသတ်တွေ ဒီ့ထက်မက များပြားလာပါစေ။



## အမှတ်တရအစီအစဉ်

မမ

မမကိုစာရေးလိုက်တာ ဒါဒုတိယအကြိမ်ပါ။ ပထမအကြိမ် မမဆီပို့တဲ့ ပြန်စာကို စောင့်မျှော်နေခဲ့သေးတယ် ... ။ (၄)လ လောက်ကြာမှ 'အချစ်ဦးနှင့် လွဲပြီးသည့်နောက်(ဖူးစာ)' ထဲမှာ ညီမလေးပို့တဲ့ မိတ်ဆက်စာလေးပါလာတယ်။ ညီမလေး အရမ်းပျော်သွားတယ်။ 'အချစ်သို့တစ်ချက်ငုံကြည့်စဉ်' ဆိုတဲ့ စာအုပ်ကလေးကို ညီမလေး အရမ်းသဘောကျတယ်။ ခကျတာက 'အချစ်ဦးနှင့် လွဲပြီးသည့်နောက်(ဖူးစာ)' ဆိုတဲ့ စာအုပ်တစ်အုပ်ပဲ။ ညီမလေးက လူငယ်မို့လားမသိဘူး။ အဲဒီလိုဇာတ်လမ်း ဇာတ်အိမ် မကြိုက်ဘူး ... ။ 'အချစ်သို့တစ်ချက်ငုံကြည့်စဉ်' စာအုပ်က ရယ်လည်းရယ်ရတယ်။ မမ အဲ့ဒီလို ဟာသစွက်ထားတဲ့ စာသားလေးတွေ များများရေးပေးပါနော်။ နောက်ပြီး ကဗျာလေးတွေ များများထည့်ပေးပါလား။ မမ ကဗျာကောင်းလေးတွေပါလာရင် ညီမလေးမှာ လိုက်ကူးရတာ အမောဗျ။ အဲဒါကြောင့်မို့ အချစ်ကဗျာလေးတွေ ထည့်ပေးပါနော်။ မမဓာတ်ပုံလေးက အရမ်းချစ်စရာကောင်းတာပဲ။ ညီမလေးအကြိုက်ဆုံးက မမရဲ့ နှုတ်ခမ်းလေးတွေပဲ။ အရမ်းလှတယ် ... ။ အဲ့ဒီဓာတ်ပုံလေးကို အရမ်းကြိုက်လို့ ဖြဲထားချင်တဲ့စိတ်ကို တအားချိုးနှိမ်ထားရတာ မကောင်းတတ်လို့။ အဲ့ဒီဓာတ်ပုံလေးကို ပို့ပေးပါလားဟင်။ ဇာတ်လမ်းကောင်းလေးတစ်ပုဒ်ဖြစ်ဖို့ မမရဲ့စိတ်ကူးဉာဏ်လေးတွေ ထာဝရဆန်းသစ်ပါစေလို့ ဆုတောင်းရင်း ...

မမရဲ့ ထာဝရပရိသတ်

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

ခင်မင်လေးစားရပါသော ဆရာမဆုမြတ်မွန်မွန်

အစ်မရဲ့ပရိသတ်အနေနဲ့ ဆရာမကို ခင်ချင်လို့ ပထမဦးဆုံး အကြိမ် စာရေးလိုက်တာပါ။ ကျွန်တော် ငှားနေတဲ့ စာအုပ်ဆိုင်က ဆုမြတ်မွန်မွန် အသစ်ထွက်တဲ့ စာအုပ်ကို ဖတ်ကြည့်ပါလား လို့ ပြောတယ်။ အရမ်းကောင်းတာပဲတဲ့။ ကျွန်တော် ဆရာမရဲ့ လက်ရာထဲမှာ ပထမဦးဆုံးဖတ်ရတာဆိုလို့ 'အချစ်ဦးနှင့် လွဲပြီး သည့်နောက်(ဖူးစာ) ' ဆိုတဲ့ စာအုပ်ကိုဖတ်ပြီး ကျွန်တော့်ရင်ထဲမှာ တော်တော်လေးခံစားသွားရတယ်။ ဒုတိယမြောက်ဖြစ်တဲ့ 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ' စာအုပ်ကို ဖတ်ဖြစ်ခဲ့ပါတယ်။ အခုဆိုရင် ဆရာမရဲ့ စာအုပ်တွေကို လက်ထဲကနေ ချထားလို့ မရအောင် ဆွဲဆောင်မှုအပြည့်တွေနဲ့ ကျွန်တော့်ကို ဆရာမရဲ့ ပရိသတ်တစ်ယောက်အဖြစ်နဲ့ ခင်မင်ခွင့်ပြုပါနော်။ မိဘမေတ္တာကို ဖော်ကျူးထားတဲ့ ဝတ္ထုတွေလည်းရေးပါလို့ အကြံပေးပါရစေ။ တက္ကသိုလ်နောက်ခံဇာတ်လမ်းလေးတွေလည်း ရေးစေချင်တယ်။ စာပေလောကမှာ ထာဝရအောင်မြင်ပါစေလို့ ဆုတောင်းပေး လိုက်ပါတယ်။

မင်းကျော်ထွန်းနိုင်
ဒုတိယနှစ် (ပထဝီဝင်) အဝေးသင်
၁၄/၆/၆၅၃ အင်းဝလမ်း။



## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ဖြိုး အစ်မရဲ့ အရှည်အချင်းတွေကို အရမ်းသဘောကျမိတယ် ...။ အစ်မစာအုပ်ကို ဖတ်တာ(၄)အုပ်ရှိပါသေးတယ်။ ပထမဆုံးစာအုပ်မှာတင် အစ်မရဲ့ အရေးအသားနဲ့ ဇာတ်လမ်းဖွဲ့စည်းပုံကို အရမ်း(crazy) ဖြစ်သွားခဲ့တယ်။ အခုဖတ်ပြီးတဲ့အထဲမှာတော့ 'မှော်ကဗျာရှေ့ရုပ်' နဲ့ 'အညှိုးမြစ်' တို့ကို တကယ်မမေ့နိုင်အောင်ကို (crazy) ဖြစ်သွားရစေတယ်။ အစ်မထွက်ခဲ့တဲ့ စာအုပ်တွေကို အားလုံးဖတ်ဖို့ စိတ်ကူးပြီးသားပါ။ ဝတ္ထုဆိုရင် တော်တော်လေး ပုံစံမြင်မှ ကြိုက်တတ်တဲ့ ဖြိုးအတွက်တော့ ... အစ်မတစ်ယောက် ထပ်ရှိလာတာ ကျေးဇူးတင်မိတယ်။ ဖြိုးက အယူသည်းတဲ့သဘောရှိပါယ်လေ ...။ ကိုယ်ကြိုက်တဲ့ စာရေးဆရာမတိုင်းရဲ့ ဝတ္ထုကို လတိုင်း အမြဲစောင့်ဖတ်တတ်တဲ့အကျင့်ပေါ့။ ဖြိုးဖတ်ကြည့်တော့ အစ်မရဲ့စာအုပ်တွေက (၁)အုပ်ကောင်းတာမဟုတ်ဘဲ အားလုံးက အရမ်းကောင်းနေတာနော်။ အစ်မက ဝတ္ထုရေးတာကို ဝါသနာကြီးပုံရတယ်နော်။ အစ်မဖန်တီးပေးထားတဲ့ ဝတ္ထုတွေက အရမ်းအသက်ဝင်လွန်းတယ်။ အယူအဆအတွေးအခေါ်တွေအားလုံးကို တကယ်ကြိုက်တယ်။ စာကိုတစ်ခါမှ အခုလို အနုပညာသည်တွေဆီကို မပို့ခဲ့ဖူးဘူး။ စာသားထဲမှာ အစ်မ မကြိုက်တာပါသွားရင် တောင်းပန်ပါတယ်။ အမြဲတမ်း အဲ့ဒီလိုကောင်းတဲ့ ဖန်တီးမှုတွေ ပြုလုပ်နိုင်ပါစေ။

PhyosettZayarsawLwin@ gmail-com

အစ်မ E-mail ပို့လို့ရရင် ဖြိုးဆီပို့ပေးပါ ...။ အစ်မရဲ့ဝတ္ထုစာအုပ်ပေါ် ယူဆနားလည်ခံစားပုံလေးကိုပေါ့

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မဆုမြွတ်

ခင်မင်စွာဖြင့် ဒုတိယအကြိမ်မြောက် 'မိုး' စာရေးလိုက်ပါတယ်။ မဆုမြွတ်ရဲ့ ထွက်သမျှစာအုပ်အားလုံးကို မိုး ဖတ်ရတယ်။ အားလုံးဖတ်လို့ကောင်းတယ်။ အားလုံးထဲမှာ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်(ဖူးစာ)' စာအုပ်ကို အရမ်းကြိုက်တယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်' စာအုပ်မှာ မိုးရဲ့မိတ်ဆက်စာပါလာတော့ အရမ်းအံ့သြသွားတယ်။ မပါတော့ဘူး ထင်ထားတာ ပါလာတော့ မိုး အရမ်းပျော်သွားတယ်။ တွေ့တဲ့လူတိုင်းကို လိုက်ကြွားရတာလည်း အမောပဲ။ မဆုမြွတ်ရဲ့ ထွက်ပြီးသမျှစာအုပ်တွေထဲက ဇာတ်ကောင်နာမည်အားလုံး လှတယ်နော်။ 'အာကာချန်လင်း' ဆိုတဲ့ နာမည်မြင်တာနဲ့ စာအုပ်ကို လက်ကနေ မချချင်လောက်အောင် ဆွဲဆောင်မှုရှိတယ်။ မဆုမြွတ် ဒီ့ထက်မက အောင်မြင်ပါစေ။

ခင်တဲ့

မိုးသီတာချစ်

(၉၃) ရင်ရောပကာမ်း



## အမှတ်တရအစီအစဉ်

ဆရာမ ဆုမြွတ်မွန်မွန်

ခင်မင်လေးစားမှုများစွာဖြင့် စာရေးလိုက်ပါတယ်။ 'မမွန်' လို့ပဲ ခေါ်ပါရစေ။ ခွင့်ပြုနိုင်ပါစေ။ မမွန်ရဲ့ ကလောင်နာမည်နဲ့ ထွက်ပြီးတဲ့ ၂၀၀၆ ဧက်တင်ဘာမှ ၂၀၀၇ ဩဂုတ်လအထိ ထွက်ရှိတဲ့ စာအုပ်တွေအားလုံးကို ဖတ်ပြီးသွားပါပြီ။ ပထမဆုံးဝတ္ထုက ဇာတ်အချိတ်အဆက်ကို ကြိုက်တယ်။ အခုနောက်ဆုံးဖတ်ပြီးတဲ့ 'အချစ်သို့တစ်ချက်ငုံကြည့်စဉ်' ဝတ္ထုကို ပုံပြီးနှစ်သက်မိတယ်။ အိမ်မှာနေတုန်းကဆိုရင် ဝတ္ထုပေးမဖတ်ဘူးလေ။ အခုမှ လွတ်လွတ်လပ်လပ်နဲ့ မမမွန်ရဲ့ စွမ်းအားပြည့်လှတဲ့ ဝတ္ထုတွေကို ဖတ်ခွင့်ရတာ။ မြစ်ကြီးမှာ တာဝန်ကျတာ (၁)နှစ်လောက်ရှိပြီ။ အရပ်က ရန်ကုန်ကပဲ။ ကျွန်တော့်အနံတီတွေက T.4, 001 သုမင်္ဂလာအိမ်ရာမှာနေတယ်။ မမွန်တို့နဲ့ နီးနီးလေးပဲပေါ့။ မမွန်ရဲ့ ပြန်စာကိုတော့ မျှော်လင့်လျက်။ မမွန်ရဲ့ဓာတ်ပုံတစ်ပုံလောက် ထည့်ပေးစေချင်တယ်။

အမြဲတာဝရအားပေးလျက်

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

ပဲရှိသေးတယ်။ မမမြတ် ညီမလေးဆီ စာပြန်ထည့်မယ် မဟုတ်လားဟင်။ မမမြတ် ဒီဇူလိုင်လထဲမှာ ညီမလေးမွေးနေ့ရှိတယ်။ ဇူလိုင်(၁၃)ရက်နေ့ ညီမလေးအသက်(၂၂)နှစ်ပြည့်တယ်။ အဲ့ဒီအထိမ်းအမှတ်နှင့်အတူ မမ့မြတ်စာပြန်ထည့်နော်။ မမမြတ်ထားဝယ်အကြောင်းရေးချင်တယ်ဆိုရင် ညီမလေးတို့လောင်းလုံမြို့က လှိုက်လှဲစွာကြိုဆိုပါတယ်ရှင့်။

မမြတ်ဝတ္ထုရေးနေသရွေ့ စာသားလေးတွေက အများနှင့်မတူ တမူထူးခြားရေးနိုင်ပါစေလို့ ဆုတောင်းလျက် ...

လောင်းလုံက

ညီမလေးအိအိ



## အမှတ်တရအစီအစဉ်

မမဆုမြတ်

သမီး အားပေးခြင်းများစွာနဲ့ ထပ်မံစာရေးလိုက်ပါတယ်။ သမီးနာမည်က မခိုင်ဇင်လတ်ပါ။ မမဆုမြတ်ဆီကို ပထမအကြိမ်စာတစ်ခါထည့်ဖူးတယ်။ မမလည်း သမီးဆီကို စာပြန်ဖူးတယ်လေ။ မမရဲ့စာလည်းရောက်ရော သမီး အရမ်းပျော်သွားပါတယ်။ ဒါက ငါ့ကို ဆရာမဆုမြတ်မွန်မွန် ပြန်ရေးပေးတဲ့စာလို့ ကြွားရတာပေါ့။ မမဆုမြတ်ရဲ့ 'အညိုးမြစ်' ဝတ္ထုမှာ သမီးရဲ့မိတ်ဆက်စာကို ဖော်ပြပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။ ဆရာမကိုလည်း အရမ်းသဘောကျတယ်။ အားလည်းအားကျပါတယ်။ သမီးလည်း အောင်မြင်တဲ့ စာရေးဆရာမတစ်ယောက် ဖြစ်ချင်ပါတယ်။ ဆရာမ သမီးကိုလေ ဆရာမရဲ့ ဓာတ်ပုံတစ်ပုံလောက် အမှတ်တရလက်ဆောင်ပေးပါလား။ ဆရာမ ပြီးတော့ ဆရာမကိုယ်တိုင် အရင်တစ်ခါ စာပြန်သလို သမီးဆီကို စာဆက်ဆက်ပြန်ပေးပါနော်။ ဆရာမ မမဆုမြတ်တစ်ယောက် ဝါသနာပါသောအလုပ်ဖြင့်သာ အသက်ထက်ဆုံး ပျော်ရွှင်နိုင်ပါစေ။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

ဝတ္ထုစာရေးဆရာမလေး မဆုမြတ်မွန်မွန်

I m First Year Myanmar Bago Degree College ကပါ။ ပထမဆုံးအနေနဲ့ မဆုမြတ်မွန်မွန်ကို ခင်ချင်တယ်။ စိတ်ထဲမှာရှိတဲ့ အရာတွေကို တိုင်ပင်ချင်တယ်။ မဆုမြတ်မွန်မွန်ရဲ့ လိပ်စာကို တွေ့ခွင့်ရလို့ ပထမဦးဆုံး စာပေးပို့တာပါ။ အသစ်အသစ်ဖြစ်နေသော မနက်ဖြန်တွေတိုင်း You ကိုခင်တယ်။ တကယ်တော့ အခုလိုစာပို့နေတာက ကံစမ်းမဲဖောက်နေတာပါဗျာ ...။ ပေါက်မှသာ စာပြန်ရမှာလေ။ ဒါပေမဲ့ You ရဲ့ဓာတ်ပုံနဲ့ စာကို I မြင်ချင်တယ်။ ရူးတယ်တော့ မထင်နဲ့။ ဒါ ပထမဆုံးမို့ပါ။

လှပနေတဲ့ ဓာတ်ပုံနဲ့ ဝိုင်းစက်နေတဲ့ လက်ရေးကို မျှော်နေမယ်နော်။

မှားတာပါရင် ခွင့်လွှတ်ပါနော်

You ကိုခင်တဲ့

I



ဧေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမြတ်

မြတ်ရေ ဒုတိယအကြိမ်မြောက် စာရေးလိုက်ပါတယ်။ စာပြန်တာ ကြာပေမဲ့ ကျေနပ်မိပါတယ်။ စာတွေကို ဖြီးစလွယ်မရေးတတ်တဲ့အတွက်လည်း ဝမ်းသာပါတယ်။ (၁၀)အုပ်မြောက်ဖြစ်တဲ့ 'အချစ်ဦးနှင့် ပျော်ဖြီးသည့်နောက် (ဖူးစာ)' ဆိုတဲ့ စာအုပ်လေးကိုလည်း ဖတ်ဖြစ်ပါတယ်။ ဦးဦးဖျားဖျား ဖတ်ဖြစ်ပါတယ်။ မြတ်ရဲ့ ဦးနှောက်ကိုတော့ လက်ဖျားခါမိတယ်။ အတွေးအခေါ်တွေ အရမ်းကောင်းတယ်။ ဇာတ်လမ်းဇာတ်ကွက် ဟာကွက်မရှိအောင် ရေးနိုင်တယ်နော်။ မြတ်ရဲ့ဓာတ်ပုံက စိုးမြတ်သူဇာနဲ့တူလိုက်တာ။ အမျိုးတွေဘာတွေ တော်သလားဟင်။ မြတ်ရဲ့မြင့်မြတ်တဲ့ စိတ်ထားလေးတွေကိုလည်း မြတ်နိုးမိပါတယ်။ အခုဒုတိယဝါဆိုလကွယ်နေ့ကျရင် နီလာမွေးနေ့ဘုရားမှာ ဆုတောင်းပေးနော်။ မြတ်ကို လက်ဆောင်(အမှတ်တရ) အဖြစ် ထည့်ပေးလိုက်မယ်နော်။ ဒီစာကို (3.7.07) နေ့မှာ ထည့်လိုက်တယ်။ ဘယ်နေ့ရောက်တယ်ဆိုတာကို မြတ်ရဲ့ စာပြန်ရင် ထည့်ပေးလိုက်ပါနော်။

မြတ်ရဲ့

မြန်စာကို မျှော်နေမဲ့

ထာဝရရဲထက်မဲ့ဘာရေ

နီလာ

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

သတီတရနဲ့ မိတ်ဆက်စာရေးလိုက်ပါတယ်။ ဆရာမရဲ့ ဝတ္ထုတွေထဲက (၁၀)အုပ်မြောက်အထိမ်းအမှတ်ဖြစ်တဲ့ 'အချစ်ဦးနှင့် လွဲပြီးသည့်နောက် (ဖူးစာ)' ဆိုတဲ့ စာအုပ်ကို အကြိုက်ဆုံးပဲ။ ဆရာမပေးတဲ့ ဝတ္ထုနာမည်နဲ့ ဇာတ်ကြောင်း တစ်ထပ်တည်းကျတာကိုကြိုက်တာ။ စာသားတွေက တော်တော် Heart ထိတယ်။ ဒီလို မိတ်ဆက်စာရေးမိတာ ပထမဆုံးအကြိမ်ပါ။ သတိတရနဲ့ ဆန္ဒရှိရင်တော့ စာပြန်ရေးပါလို့ ပြောချင်ပါတယ်။ ပရိသတ်အများကြီးထဲမှာ တစ်ယောက်ချင်းဆီကို စာပြန်နိုင်မှာ မဟုတ်ဘူးဆိုတာ သိသိကြီးနဲ့ စာပြန်ရေးပါလို့ပြောတာ အရမ်းလွန်နေမလား မသိဘူးနော်။

ဆန္ဒနှင့်ဘဝ တစ်ထပ်တည်းကျပါစေလို့ ဆန္ဒပြုရင်း

ဆရာမရဲ့ ပရိသတ်

နွယ်နွယ်

ချောက်မြို့

ဒေါ်ရီနှင့်သမီးများ

## အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

မမကညီမလေးရဲ့ (crazy) စာရေးဆရာမပါရှင့်။ ညီမလေးက (၁၀)တန်းဖြေထားပါတယ်။ (Birthday) က (27.8.91) မမရဲ့ (Birthday) ကိုလည်း သိချင်ပါတယ်။ ညီမလေးက ဝတ္ထုဖတ်ရင် တကယ့်အဖြစ်အပျက်တစ်ခုလို သဘောထားပြီးဖတ်တာရှင့်။ မမရဲ့ ပထမစာအုပ် 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ' က တစ်မျိုးဆန်းသစ်ကောင်းမွန်ပေမဲ့ ဘယ်လိုမှမကြိုက်ဘူးဖြစ်နေတယ်။ 'ရင်ခုန်ချစ်ခြင်းနှင့် အဖွဲ့နန်းတော်' ကိုတော့ ... ကြိုက်လွန်းလို့ အလွတ်တောင်ရတော့မယ်။ မမရေ ... 'လသုံးစင်းနှင့် ကခုန်ခြင်း' က စဖတ်တည်းက အဆုံးကို ခန့်မှန်းလို့ရအောင် အရမ်းရိုးစင်းနေတဲ့ဇာတ်လမ်းလို့ထင်တယ်။ 'ကြွင်းကျန်ရစ်သောသစ္စာ' မှာကျတော့ ဇာတ်လမ်းက တစ်ဖက်သတ်ဆန်နေတယ်ရှင့်။ 'အနမ်းဆက်တိုင်း' စာအုပ်ကတော့ ဆွဲဆောင်မှုအရမ်းရှိတယ်။ 'နှုးညံ့ခြင်းပြိုင်ပွဲ' ကတော့ ... ဘယ်သူနဲ့မှကိုမတူအောင် ဆန်းသစ်နေတယ်။ ဖတ်ရတာ အရမ်းကောင်းတယ်။ သူငယ်ချင်းနှစ်ယောက်ကို ပေါင်းပေးတဲ့အတွက် အရမ်းဖောက်သိမ်းလှပါတယ်။ 'အသဲတွင်းလိပ်ပြာလေးရဲ့ရာဇဝင်' စာအုပ်ကို ဇာတ်လမ်းပုံမကြိုက်

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

ပေမဲ့ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတဲ့ 'ဘုန်းမေထိုက်' ရဲ့ စိတ်ဓာတ်လေးကို မြတ်နိုးလိုက်တာ။ 'အညိုးမြစ်' ကို တအားကြိုက်တယ်။ ညီမလေးက ခေတ်ရဲ့သမီးပျိုတစ်ယောက်ဖြစ်ပေမဲ့ 'မိုးစင်ကြယ်' ကလည်း Broken-Family က ဆင်းသက်လာလို့လား မသိဘူး။ မိဘမေတ္တာကို နားလည်မပေးဘူးနော်။ စာပေလောကမှာ Idea အသစ်လေးတွေနဲ့ မမဆုမြတ် အောင်မြင်မှုတွေ အမြဲရပါစေလို့ ဆုတောင်းပေးမယ်နော် ... ။

အားပေးခြင်းများစွာဖြင့်

အိမွန်ပိုင်

၏

## အမှတ်တရအစီအစဉ်

ဆရာမမွန်

ကျွန်တော် ဆရာမမွန်ရဲ့ 'အချစ်ဦးနှင့် လွဲပြီးသည့်နောက် (ဖူးစာ)' ဆိုတဲ့ စာအုပ် (၁၀)အုပ်မြောက်ဝတ္ထုကိုဖတ်ပြီး ဆရာမမွန်ကို သတိရလို့ ကျွန်တော် မျိုးဇော်ခိုင် ဒုတိယအကြိမ်မြောက် ခင်မင်လေးစားစွာ စာရေးလိုက်ပါတယ်။ ကျွန်တော့်ရဲ့ မိတ်ဆက်စာကိုလည်း ဆရာမရဲ့ 'အညိုးမြစ်' ဆိုတဲ့ ဝတ္ထုထဲမှာ တွေ့မိပါတယ်။ ကျွန်တော်ကတော့ ကဗျာရူးနေတဲ့ လူတစ်ယောက်ပါ။ ကျွန်တော် ကဗျာတွေကို နေ့တိုင်းမရေးရရင် မနေနိုင်သလို ... တစ်နေ့စာအုပ်မဖတ်ရရင် မနေနိုင်ဘူးလေ။ ကျွန်တော် ဆရာမမွန်ဆီက ဓာတ်ပုံကို မတောင်းတော့ဘူးနော်။ တခြားပရိသတ်တွေက ဆရာမမွန်ရဲ့ဓာတ်ပုံကို အမှတ်တရတောင်းကြတယ်။ ကျွန်တော်ကတော့ စာရေးရရင် ကျေနပ်ပါပြီ။ နန်းရိရိဘော့ဆိုတဲ့ အလွန်လှပြီး ချစ်စရာကောင်းတဲ့ ကျွန်တော့် ချာတိတ်မလေး အထင်လွဲမိမှာကြောက်လို့ပါ။ အရမ်းခဲရင်းပြီး မလွယ်ကူလှဘူး။ စာအုပ်ထဲကဆိုရင် ဘောပင်နဲ့ ရေးလိုက်ရင်ပြီးပြီ။ တကယ်လို့ အပြင်လောကမှာ ပြန်ချော့လို့မရရင် ကျွန်တော် အသည်းကွဲမိမှာ။

ဆရာမမွန်ကို ထာဝရခင်မင်လျက် ... ။

မျိုးဇော်ခိုင်

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မဆုမြတ်ရေ ...

မဆုမြတ်ရဲ့ (၁၀)အုပ်မြောက် အထူးထုတ်ဖြစ်တဲ့ 'အချစ်ဦးနှင့် လွဲပြီးသည့်နောက် (ဖူးစာ)' ဆိုတဲ့ လုံးချင်းဝတ္ထုစာအုပ်ကို ဖတ်ပြီးလို့ ဒီစာကို ရေးလိုက်ရတာပါ။ အဲ့ဒီစာအုပ်လေးက ဖတ်လို့တော်တော်ကောင်းတယ်။ အရေးအသားပိုင်းကလည်း ဘာမှပြောစရာမရှိအောင်ပင် ကောင်းလွန်းလှပါတယ်ဗျာ။ မဆုမြတ်ရဲ့ လုံးချင်းဝတ္ထုစာအုပ် (၁၀)အုပ်အထိ ထွက်ပြီးတဲ့အထဲမှာ ပထမဆုံးတစ်အုပ်နဲ့ (၉)အုပ်မြောက်တစ်အုပ်ကိုပဲ မဖတ်ဖြစ်ခဲ့တဲ့အတွက် ကျွန်တော်ဟာ မဆုမြတ်ရဲ့ အမာခံပရိသတ်တစ်ယောက်ဆိုရင် မမှားဘူး။ မဆုမြတ်ရေ ... ရှေ့ဆက်လက်ထွက်မဲ့ လုံးချင်းစာအုပ်တွေကျရင် 'အချစ်ဦးနှင့် လွဲပြီးသည့်နောက်(ဖူးစာ)' ထက်ကောင်းမဲ့ ဇာတ်လမ်းသစ်လေးတွေကို ဆက်လက်ရေးသားထုတ်ဝေနိုင်ပါစေလို့ ဆုမွန်းကောင်းချွေရင်း

မဆုမြတ်မွှန်မွှန်ရဲ့ အခြိတမ်းပရိသတ်



## အမှတ်တရအစီအစဉ်

မမွှန်

ခင်မင်မှုများစွာနဲ့ မမွှန်လို့ ခေါ်ပါရစေ။ စာအုပ်ဆိုင်သွားတိုင်း မမွှန်ရဲ့စာအုပ်ကို ရွေးချယ်ခဲ့တာဟာ မမွှန်ရဲ့ စာအရေးအသားတွေကို အရမ်းနှစ်သက်မိလို့ပါ။ ကျောင်းက သူငယ်ချင်းတွေကလည်း မမွှန်ကို အရမ်းကြိုက်ကြတယ်။ မမွှန်ရဲ့ 'အနမ်းဆက်တိုင်း' ဆိုတဲ့ ဝတ္ထုလေးကိုတော့ အနှစ်သက်ဆုံးပါပဲ။ အရေးအသားတွေ ပြောင်မြောက်တာကို အရမ်းသဘောကျမိပါတယ်။ မာနမကြီးဘူးဆိုရင်တော့ Interview ပါရစေ။ အရမ်းသိချင်လို့ပါ။ မမွှန်ရဲ့အသက် Single လားဆိုတာပါ။ ကိုယ်အရမ်းကြိုက်နှစ်သက်တဲ့ စာရေးဆရာမ မမွှန်ရဲ့ ဓာတ်ပုံလေးကို လိုချင်ပါတယ်ဆိုရင်တော့ ခွင့်ပြုပေးမှာလား။ မျှော်လင့်ပါရစေ။

မေသူဝင်း

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မမမြတ်မွန်

အိငယ် ဒုတိယမ္ဘ စာရေးလိုက်ပါတယ်။

အိငယ်ရဲ့ စာမရဘူးလားဟင်။ မရောက်သေးဘူးလား။ ရောက်လို့ထည့်လိုက်ပြီလား။ သိချင်လို့ပါ။ ဒါမှမဟုတ် အိငယ်ကို အမြင်ကတ်လို့ (or) မခင်ချင်လို့ စာမထည့်ခဲ့တာလားဟင်။ ဒါပဲနော်။ မမမြတ်မွန်ကို အစ်မရင်းတစ်ယောက်လို လေးစားအားကျခင်မင်မိပါတယ်။ အရင်စာမရခဲ့ရင် လိပ်စာမသိမှာစိုးလို့ ထည့်ရေးပေးလိုက်မယ်နော်။

အိငယ် (နှင်းဆီဝိုင်အဝ်ချုပ်ဆိုင်)
နီလာဝင်းကုန်စုံဆိုင်ရှေ့၊
စိုက်ပျိုးရေးဝင်း၊
ရန်ကြီးအောင်ရပ်ကွက်၊
မြစ်ကြီးနားမြို့။

အိငယ်
အမှတ်(၅၃၈) နယ်မြေ(၁၃)၊

စေတနာစာပေ ၏

အမှတ်တရအစီအစဉ်

မမဆု

စာရေးဆရာမ မမဆုမြတ်မွန်မွန် မမဆုလို့ ခေါ်ပါရစေ။ ကျွန်တော်က မမဆုရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မမဆုရေးတဲ့ စာအုပ်တွေကို စောင့်မျှော်ဖတ်ရှုနေသူတစ်ဦးပါ။ မမဆုက ဝတ္ထုရေးတဲ့နေရာမှာ အရမ်းကောင်းပြီး 'စာဖတ်သူတွေကို ဆွဲဆောင်မှုအပြည့်နှင့် ရေးနိုင်တယ်။ မမဆုရေးတဲ့ ဝတ္ထုတွေအားလုံး ကောင်းပါတယ်။ ကျွန်တော်လေ မမဆုရေးတဲ့ ဝတ္ထုတွေဆိုရင် နှစ်ခေါက်လောက်ပြန်ဖတ်တယ်။ မိတ်ဆက်စာရေးတာ ပထမဆုံးအကြိမ်ပါ။ မမဆုအတွက် ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ စာပေလောကမှာ အထွတ်အထိပ်သို့ရောက်ရှိ၍ အခက်အခဲပေါင်းစုံ ကျော်လွှားနိုင်ပြီး အောင်မြင်ကျော်ကြားနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ထာဝရချမ်းမြေ့ပါစေ ...

အညာသား

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မဆုမြတ်

အေးအောင် သတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ်။ မဆုမြတ်ရဲ့ (၁၀)အုပ်မြောက် 'အချစ်ဦးနှင့် လွဲပြီးသည့်နောက် (မူးစာ)' ဆိုတဲ့ ဝတ္ထုကို ဖတ်ရတာ အရမ်းကောင်းပါတယ်။ မဆုမြတ်ရဲ့ စာအုပ်ကို သူ့ထက်ငါ အပြိုင်ကို လုဖတ်နေရတယ်။ ကျွန်တော် သူငယ်ချင်းတွေကလည်း အရမ်းတော်လို့ မဆုမြတ်ကို အရမ်းချီးကျူးကြတယ်။ မဆုမြတ်ရဲ့ဓာတ်ပုံတွေက စာအုပ်ထဲမှာ အေးတစ်စောင်းပုံတွေနဲ့ပဲ တွေ့ရတော့ ... ကျွန်တော် သူငယ်ချင်းတွေက မမရဲ့ပုံကိုကြည့်ရတာ ဇက်ညောင်းတယ်တဲ့။ မဆုမြတ်ရဲ့ ... ။ မမရဲ့ပုံကိုကြည့်ပြီး ဝေဖန်နေတာလေ။ ပြီးတော့လည်း သူတို့တွေပဲ မနေနိုင် မထိုင်နိုင် မဆုမြတ်ရဲ့ပုံတွေကို Kiss ပေးကြတာလေ။ စာအုပ်တစ်အုပ်လုံးကို နှုတ်ခမ်းနီရာတွေကြီးပဲ ရယ်ရတယ်။ နောက်ရေးမဲ့ ဓာတ်လမ်းတွေမှာ ကမ်းခြေတွေမှာ ဓာတ်သိမ်းပေးနော်။





## အမှတ်တရအစီအစဉ်

မင်္ဂလာ မဆုမြတ်မွန်မွန်

ကျွန်တော် မင်းသူဆွေ ရှိသေခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ကျွန်တော်ကတော့ မြိတ်မြို့က ရန်ကုန်မှာ Eco (Final Year) တက်နေပါတယ်။ ဆရာမဆီကို စာရေးချင်လွန်းလို့ ရေးလိုက်တာပါ။ အမှန်တိုင်းဝန်ခံရရင် ဆရာမရဲ့ ဝတ္ထုတွေကို မဖတ်ဖူးပါဘူး။ ဆရာမရဲ့ဝတ္ထုတွေ မဖတ်ပေမဲ့ ဓာတ်လမ်းတွေကိုတော့ သူငယ်ချင်းတွေကို ပြောပြနိုင်းပါတယ်။ သူငယ်ချင်းတွေကတော့ ဆရာမရဲ့စာအုပ်ကို အရူးအမူးဖတ်ကြတယ်။ တစ်ခါတလေကျရင် ညသန်းခေါင်(၁)နာရီ (၂)နာရီအထိလည်း မအိပ်ဘဲဖတ်ကြတယ်။ ဆရာမ ဘဝနဲ့ ပတ်သက်တဲ့ ဝတ္ထုတွေလည်း ရေးစေချင်တယ်။ နောက်ပြီး လုံးချင်းဝတ္ထုတွေ ရေးလို့ရှိရင် ဘဝအကြောင်းတွေ များများရေးပေးပါ။ ဝတ္ထုထဲက ဓာတ်ပုံက ဆရာမရဲ့ Photo လား။ ဖြစ်နိုင်ရင် ကျွန်တော့်ကို ဆရာမရဲ့ (ဘဝဒဿနလေးနဲ့ ဓာတ်ပုံတစ်ပုံလောက်ကို) ဆရာမ စေတနာကောင်းမယ်ဆိုရင် ခင်မင်စွာနဲ့ တောင်းခံပါတယ်။ စာပေလောကမှာ ထာဝရအောင်မြင်သူဖြစ်ပါစေလို့ ဆန္ဒပြုရင်း ...

Mg မင်းသူဆွေ
Eco Final Year

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မမ

မမရဲ့စာကို ရတဲ့အတွက် သမီးအရမ်းဝမ်းသာပါတယ်။ မမ တောင်ငူရောက်ရင် သမီးအိမ်ကို ဝင်လည်လို့ရပါတယ်။ ဝင်လည်ပါလို့လည်း ဖိတ်ခေါ်ပါတယ်။ မမရဲ့နာမည်က ဆုမြတ်မွန်မွန်ပဲလား။ အဲ့ဒီနာမည်က ကလောင်နာမည်လား ... ။ မမ ဘာမေဂျာနဲ့ ကျောင်းပြီးတာလဲ။ မမရဲ့စာတွေက သူများ စာရေးဆရာတွေနဲ့ မတူတော့ ဖတ်ရတာအဓိပ္ပာယ်ရှိတယ်။ သမီးအနေနဲ့က ဗဟုသုတရတယ်။ အတုယူစရာလည်းကောင်းတယ်။ မမရဲ့ ဝတ္ထုကျတော့ မိန်းကလေးတွေရဲ့ အပြုအမူ၊ အနေအထိုင်၊ စကားအပြောအဆိုကအစ အတုယူစရာကောင်းတယ်။ မမက သမီးကို 'လသုံးစင်းနှင့် ကနုန်ခြင်း' ဝတ္ထုကို မေတ္တာလက်ဆောင်ပေးပါလား။ သမီး အခုလိုတောင်းတာ မမ့မကြိုက်ရင် ဝယ်ပါမယ်။ သမီးတို့ဆီမှာ အဲ့ဒီစာအုပ်ကို ဝယ်လို့မရဘူး။ သမီး အခုလိုတောင်းတဲ့အတွက် စိတ်မဆိုးပါနဲ့လို့ တောင်းပန်ပါတယ်။

မဥမ္မာထွန်း



## အမှတ်တရအစီအစဉ်

မမွန်လေး

မမွန်လေးလို့ ခေါ်မယ်နော်။ မမွန်လေးရဲ့ ဝတ္ထုတွေက အရမ်းကောင်းပါတယ်။ ဘာမှပြောစရာမရှိဘူး။ မမွန်လေးက မိတ်ဆက်စာကို ရှေ့မှာရေးတာ ဖီးလ်ဖြစ်တယ်သိလား။ ရောင်စုံကြော်ငြာစာရွက်လေးတွေ ထည့်ပေးတာရောပေါ့ ... ။ ပရိသတ်ကို ဆွဲဆောင်နိုင်တယ်။ မမွန်လေး ညီမလေးတို့အမေက မမွန်လေးကို ချစ်တယ်တဲ့။ ဓာတ်ပုံတောင်းခိုင်းနေတယ်။ ညီမ အားနာလို့ မတောင်းချင်ဘူး။ ဒါပေမဲ့ လိုတော့လိုချင်တယ်။ မမွန်လေးက စိုးမြတ်သူဇာနဲ့ တူတယ်။ ဘာတော်လဲ။ မမွန်လေးက အရမ်းလှတယ်နော်။ မမွန်လေးရဲ့ မျက်နှာကို မြင်လိုက်ရတာနဲ့ ချစ်သွားအောင် ဆွဲဆောင်နိုင်တယ်။ မမွန်လေး ဆင်းရဲသားအခန်းလေး ရေးပေးပါလား။ မမွန်လေးကိုပဲ ညီမက စာစရေးဖူးတာပါ။

နှင်းဝေလှိုင် (ကန်စိမ်း)

www.burmeseclassic.com

www.burmeseclassic.com

# အမှတ်တရအစီအစဉ်

ဖော်လာပါ မမြတ်

မမြတ်ကို လေးစားအားကျလျက် ညီမလေး မိတ်ဆက်လိုက်ပါတယ်။ မမြတ်ရဲ့စာအုပ်ကို အရင်က မဖတ်ဖူးခဲ့ဘူး။ သူငယ်ချင်းကပြောလို့ ဖတ်ခဲ့တယ်။ အရမ်းကောင်းတာပဲ။ ဓာတ်သိမ်းက ရင်ထဲမှာ တစ်ခုခုကျန်ခဲ့သလိုပဲ။ နိုးလိုးနုလုကြီးဖြစ်နေတယ်။ အစ်မက အသစ်ဆိုပေမဲ့ စာအုပ်တွေက အရမ်းကိုအသက်ဝင်လွန်းတယ်။ အစ်မရဲ့စာအုပ်ကို တစ်ညတည်း (၃)အုပ်ဖတ်ခဲ့ဖူးတယ်။ အဆက်မပြတ်ချင်အောင်ကိုပဲ ဆွဲဆောင်မှုရှိလွန်းတယ် အစ်မရယ်။ အစ်မရဲ့ပြန်စာနဲ့ ဓာတ်ပုံကို မျှော်နေမယ်နော်။ အစ်မပို့ပေးမယ်လို့လည်း မျှော်လင့်လျက် အောင်မြင်မှုတွေဖြင့် ဘဝကို တည်ဆောက်နိုင်ပါစေ။

ညီမလေး

### ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝေနေကျသော တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# ဆုမြတ်မွှန်မွှန်

၏

နှလုံးသားတစ်ခုအရင်းပြု၍





(၁)

ကာဂျီးဟာ ကိုယ့်ရှေ့မှာ တရှုံ့ရှုံ့နှင့် ငိုနေသော နှင်းစုကိုကြည့်ကာ စိတ်ပျက်လက်ပျက်နှင့် ကိုယ်ပါရောငိုချင်စိတ် ပေါက်လာပါသည်။ ကိုယ့်ထက်ကြီးသော ကိုယ့်အစ်မမို့ ပြောဆိုရိုက် နှက်ပစ်လို့ကလည်း မရ။ အားပေးနှစ်သိမ့်ဖို့ကျတော့လည်း ကိုယ် တောင် ယဲ့ယဲ့ရှိတော့တာမို့ ဖြစ်လည်းမဖြစ်နိုင်။ နင့်မိုက်ပြစ်အကြောင်းကို နှင့်ဘာသာနင်ခံဆိုပြီးပစ်ထားခဲ့ရအောင်လည်း အဲလောက်ဥပေက္ခာ



www.burmeseclassic.com

www.burmeseclassic.com



တရားက မရှိလေရာ မတွေးနိုင် မအန်နိုင်ဖြစ်မှုသည် ကာဂျီး၏ဘဝ တွင် ဒါပထမဦးဆုံးတည်း။

ဦးနှောက်ဉာဏ်မရှိလိုက်လေခြင်းဟုသာ အထ ထပ်အခါခါ ရေရွတ်လျက် နှုတ်ဖျားကတော့ဖြင့် ဘာမှမပြောနိုင် တော့။ တကယ်လည်း နှင်းစုဟာ ဦးနှောက်ဉာဏ်နည်းတာပင် ကိုယ့်ထက်ကြီးသော အစ်မပင်ဖြစ်လင့်ကစား လှဖို့ပဖို့ ပျော်ဖို့ပါးဖို့ လောက်ကလွဲ၍ ကျန်တာစိတ်မဝင်စားခဲ့။ ညီမဖြစ်သော ကာဂျီး ကသာ ဟိုနေရာဆိုလည်းကိုယ်ပါ၊ ဒီနေရာဆိုလည်းကိုယ်ပါနှင့် နေရာတကာ ဂျိကာတစ်ကောင်ပမာ အသုံးကျခဲ့ရတာ။ မိဘရေ က ကာဂျီးဆယ်နှစ်သမီးနှင့် နှင်းစုဆယ့်နှစ်နှစ်သမီးလောက်မှ ဆုံးပါးသွားခဲ့ရာ အဒေါ်ဖြစ်သူ၏ ပြုစုစောင့်ရှောက်မှုများထဲမှ ကာဂျီးတို့ညီမနှစ်ယောက် လူဖြစ်လာခဲ့ရခြင်းပင်ဖြစ်လေသည် ဖေဖေနှင့်မေမေ ချန်ထားရစ်ခဲ့သော အမွေအနှစ်များစွာနှင့် လက် စီးပွားရေးလုပ်ငန်းများကို အန်တီမြိုင်က ဦးစီးရင်း ကာဂျီးတို့အ ဟာ မိဘမရှိသည်မှလွဲ၍ အားလုံးပြည့်စုံခဲ့သည်ဟု ပြောရပါမည်

နဂိုရုပ်ရည်လေးကလည်းရှိ၊ အလှအပကလည် ဝါသနာပါ၊ ပြင်တတ်ဆင်တတ်မှုနှင့် ပေါင်းလိုက်သောအခါ နှင် သီတာဆိုသော ကာဂျီးရဲ့အစ်မဟာ ယောကျာ်းလေးတိုင်းရဲ့ပါး များမှာ သတင်းမွှေးခဲ့တာပင်။ သို့သော် မာနကလည်းကြီးပြန်သေ သော နှင်းစုဟာ ဘယ်သူ့ကိုမှ လက်သင့်မခံခဲ့တာမို့ ကာဂျီးတ





မျိုး စိတ်အေးခဲ့ရတာပင်။ ကာဂျီးကတော့ အလှအပလည်း စိတ် မဝင်စား၊ စားဖို့အိပ်ဖို့လောက်သာ စိတ်ဝင်စားသော ပေါက်ကျော်မ တစ်ယောက်မို့ ကာဂျီးအနား ကပ်မဲ့သူလည်းမရှိ၊ ကိုယ့်အိမ်မှာက ယောကျာ်းသားရယ်လို့ စိတ်ချရတဲ့ဦးခမ်းလုံကြီးပဲရှိလေရာ ကာဂျီး တစ်ယောက်ဟာ ကားပြင်လည်းပါ၊ ကုန်ကားဆိုရင်လည်း တက် မောင်း၊ ဖေဖေငယ်စဉ်ကစီးခဲ့သည့် ဆိုင်ကယ်ကြီးဆိုလည်း တဖုန်း ဖုန်း တဒိုင်းဒိုင်းမြည်အောင် တက်စီးလို့စီး၊ စက်ဘီးနှင့်လည်း ဟိုပြေး ဒီပြေး နောက်ဆုံးရထားလုံးလည်း တက်မောင်းလို့မောင်းနှင့်အများ က အရှုံးပေးရလောက်အောင် ပွေလီသူတစ်ဦးတည်း။

နှင်းစုက ဖြူဖွေးဥနှစ်နေကာ ပုလဲလုံးလေးနှင့် တူ သလောက် ကာဂျီးကတော့ အကြောင်းမသိလျှင် မွေးစားသမီး လား မှတ်ထင်ရသည့် အိန္ဒိယမျက်နှာပေါက်နှင့် သွားဆင်နေပါ သည်။ မျက်လုံးပြူးပြူး၊ နှာခေါင်းချွန်ချွန်နှင့် ရယ်လိုက်လျှင် သွားဖြူ ဖြူလေးတွေ ထင်းခနဲပေါ်သွားတတ်သည့် ကာဂျီးတစ်ယောက် သည် Form တွေ ဘာတွေဖြည့်၍ ဗမာ, ဗုဒ္ဓဆိုလျှင် တချို့က မယုံ သင်္ကာနှင့်ကြည့်သည်ကို ရင်ဆိုင်ရတတ်သေးသည်။ နှင်းစုက ကာဂျီးထက်အရင် မန္တလေးတက္ကသိုလ်ကို ရောက်ကာ ဘွဲ့အရင်ရပါ သည်။ ကာဂျီးက ကွန်ပျူတာတက္ကသိုလ်ရသည်မို့ နောက်ဆုံးနှစ် ဖြေအပြီး ပြန်လာစဉ်မှာပင် နှင်းစုက ခရီးရောက်မဆိုက် ကာဂျီး ရင်ဝကို ဆီးကန်မည့် စကားနှင့်ရင်ဖွင့်တော့တာပင်။

www.burmeseclassic.com



"နှင်းစုရယ် ... မိုက်လိုက်တာဟယ် ... ကဲ ... ပြောပါဦး နင့်လူက ဘယ်သူလဲ ... နင်တို့ဖြစ်တာရော ကြာပြီလား"

"မနှစ်က စဖြစ်တာ ... တစ်နှစ်ကျော်ပြီ ..."

"သူက ဘယ်သူလဲ ..."

"သူက ဒီမြို့ကမဟုတ်ဘူး ... ရန်ကုန်က ..."

"ဘာ ... ရန်ကုန်က ရန်ကုန်နဲ့ပြင်ဦးလွင် ဘယ်လိုတွေ့ကြတာလဲ ..."

"သူက ဒီကိုအလုပ်ကိစ္စနဲ့လာတာ ... အဲဒီမှာ ငါနဲ့တွေ့တာ"

"တောက် ... နှင်းစုရယ် ... ငါ နင့်ကိုသာသတ်ပစ်ချင်တော့တာပဲ ... နင် အသုံးမကျလို့ ခုလိုဖြစ်တာ နင့်လူဆီ ဆက်သွယ်ပြီးပြီလား ... ပြောပြလေ ... သူ လုပ်ထားတဲ့ကိစ္စ သူ တာဝန်ယူရဲရမှာပေါ့ ..."

နှင်းစုက စကားဆက်မပြောတော့ဘဲ တဟီးဟီးငိုချလိုက်ပါသည်။ ပြီးတော့မှ ...

"ငါ အဲဒါတွေကို စဉ်းစားလို့မရတော့ဘူး ... သူက ပြီးခဲ့တဲ့ နှစ်လလောက်ထဲက နိုင်ငံခြားကိုထွက်သွားပြီ ... အဟင့်ဟင့် ... ဘယ်လို ဆက်သွယ်ရမှာလဲဟ ..."

ကာဂျီးသည် စကားပင် ဆက်မပြောနိုင်တော့အောင်ပင် ပါးစပ်အဟောင်းသားပွင့်သွားရကာ တော်တော်နှင့် ပြန်မပိတ်တော့ချေ။ နှင်းစုကိုသာ ယူကျုံးမရခြင်းများစွာဖြင့် ငေးကြည့်





ကာ ကိုယ်ပါရောငိုချင်စိတ်ကို မနည်းမျိုသိပ်ထားလိုက်ရပါသည်။ ကာဂျီးငိုလို့ဘယ်ဖြစ်ပါ့မလဲလေ။ ဒီအချိန်မှာ နှင်းစုက သူ့ဝေဒနာနှင့်သူ့အပူနှင့်။ ဘာကိုမှ စဉ်းစားရွေးချယ်နိုင်မှာ မဟုတ်။ ကာဂျီးကသာ ခေါင်းအေးအေးထားလျက် နှင်းစုအတွက် အင်း နှင်းစုရဲ့ဗိုက်ထဲကဟာလေးအတွက် စဉ်းစားပေးရမှာ ဖြစ်လေသည်။

"မဟုတ်ဘူးလေ ... သူ့လိပ်စာတွေဘာတွေ နင့်မှာရှိမှာပေါ့ ... အဲဒါ သူ့ဆီ ဆက်သွယ်ပြီးအကြောင်းကြားပေါ့ ... သူ ပြန်လာဖို့ခေါ်ပေါ့ ... မဟုတ်ဘူးလား ... နင့်ကို သူ တကယ်ချစ်ရင် နင်အရှက်တကွဲဖြစ်မဲ့ကိစ္စမျိုး သူ မလုပ်လောက်ပါဘူး ..."

"ငါ ... အားလုံးစဉ်းစားပြီးပြီ ... မဖြစ်နိုင်ဘူး ... သူက ပြန်လာလို့ မရဘူးဟ ... ဟိုမှာ တချုပ်နဲ့နှစ်ပြည့်အောင်နေရမှာ ... ပြီးတော့ ငါ့ကို ပြောသွားတယ် ... သူ ဟိုကအပြီးပြန်လာမှ လက်ထပ်မယ်တဲ့ ... လာတောင်းလိုက်မယ်တဲ့ ... အခု သူ့ကိုငါ ပြန်ခေါ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူးဟယ် ... သူလည်း ပြန်လာလို့မရဘူး ..."

"သေပါတော့ နှင်းစုရယ် ... နင် သိပ်မိုက်လှချည်လားဟင် ငါ့အစ်မတော်လှတော်လှနဲ့ ဖြစ်မဲ့ဖြစ်တော့လည်း အရှက်တကွဲဖြစ်ရမဲ့ ကိစ္စမျိုးပါလား ... ခေတ်ပညာတတ်မိန်းမတစ်ယောက်လုပ်နေပြီး နင် ဒီလောက်ညံ့ရလားဟယ်"



www.burmeseclassic.com

www.burmeseclassic.com



နှင်းစုကတော့ ဘာစကားမှမပြောနိုင်တော့ဘဲ ကာကျိုးပြောသမျှ ခေါင်းငုံ့ခံဖို့ ဆုံးဖြတ်ပြီး ဖြစ်လေသည်။ ကိုယ့်ထက်စာရင် ကာကျိုးက နားလည်သိမြင်တတ်သောသူတစ်ဦးမို့ ကာကျိုးဆီက အကြံဉာဏ်သည်သာ အကောင်းဆုံးဖြစ်မည်ဟု မျှော်လင့်မိပါသည်။ ကာကျိုးက ငယ်စဉ်ကတည်းကမှ နှင်းစုလိုမဟုတ်ဘဲ နေရာတကာ ဖင်ပေါ့ပေါ့နှင့်အနစ်နာခံတတ်သော သူတစ်ဦးမို့ အန်တီမြိုင်ကလည်း ကာကျိုးကို ပိုအားကိုးပါသည်။ နှင်းစုကတော့ မွေးကတည်းက ချူချာတာနှင့်မို့ အန်တီမြိုင်ရော၊ ကာကျိုးကပါ နှင်းစုကိုဆိုအလိုလိုက်ထားကြပါသည်။

အခုတော့ အလိုလိုက်ထားမှုကို အခွင့်ကောင်းယူကာ နှင်းစုမိုက်ခဲ့ပါသည်။ ဘယ်သူမပြု မိမိမှုမို့ 'ကို' ကိုလည်း နှင်းစု အပြစ်မတင်ချင်တော့။ ကိုက နှင်းစုကို တကယ်ချစ်မှန်း နှင်းစုသိပါသည်။ ဒီလိုအခြေအနေမှာ ကို ဘယ်နည်းနဲ့မှ ပြန်လာဖို့ မဖြစ်နိုင်တာကိုလည်း နှင်းစုက သဘောပေါက်လေရာ ကို့ကို စိတ်ညစ်စေမည့် နောက်ဆံတင်းစေမည့်အကြောင်းအရာတွေကိုလည်း မသိစေချင်တော့။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ နှင်းစုရဲ့ မေတ္တာတွေစစ်မှန်လျှင် ကိုနှင့်သာယာချမ်းမြေ့သောဘဝတစ်ခုကို တည်ထောင်နိုင်လိမ့်မည်ဟု နှင်းစုက ယုံကြည်လေသည်။

ကာကျိုးက နှင်းစုကို ဆို့နင့်စွာ ကြည့်ငေးလျက် ...

"ဒါဆို နင် ဘာလုပ်မှာလဲနှင်းစုရဲ့ ... နင့်ကူနဲ့ပတ်သက်ပြီး





အာမခံနိုင်တာ နင်ရှိလို့လား ... "

"ငါနဲ့ကို လက်ထပ်ထားတယ် ... ကို ပြန်ရောက်လာတဲ့အထိ ဒီကလေးကို ငါ ပြုစုစောင့်ရှောက်ရင်း စောင့်မယ်"

"နင့်မှာလက်ထပ်စာချုပ်ရှိတယ်ပေါ့ ... "

နှင်းစုက ခေါင်းညိတ်ပြသည်။ ကာကျိုးက တော်ပါသေးရဲ့ဆိုသောအတွေးကို တွေးလိုက်ရင်း ကလေးမွေးဖို့ ဆုံးဖြတ်ချက် ယတိပြတ်ချထားဟန်တူသော နှင်းစုကို မသက်မသာကြည့်လိုက်ရင်းမှ ...

"ပြင်ဦးလွင်မှာ တစ်သက်လုံးလူလေးစား အထင်ကြီးပြီး နေလာခဲ့တဲ့ အန်တီမြိုင်ရော ... ဆုံးသွားတဲ့ မိဘတွေရဲ့မျက်နှာရော နင်မထောက်ထားတော့ဘဲနဲ့ ဒီကလေးကို မွေးတော့မယ်ပေါ့ ... "

နှင်းစုက တစ်ချက်ရှိုက်လိုက်ရင်းမှ ...

"အဲဒါကို ငါ စိတ်ညစ်နေတာပေ့ါဟယ် ... ငါ ဒီကလေးကိုလည်း မဖျက်ချနိုင်ဘူး ... နင်တို့ အန်တီမြိုင်တို့အရှက်တကွဲဖြစ်မှာမျိုးလည်း ငါ မလိုလားဘူး ... ငါ ဘာလုပ်မလဲ ကာကျိုးရယ် ဟင် ... "

ကာကျိုးက ... ထိုင်ရာမှမတ်တတ်ထရပ်လိုက်ရင်း ပြတင်းပေါက်မှတစ်ဆင့် ဟိုးရှမ်းရိုးမတောင်တန်းကြီးတွေကို လှမ်းငေးကြည့်လိုက်ပါသည်။ ဩော် အေးချမ်းသာယာလှတဲ့ ကိုယ့်မြို့



www.burmeseclassic.com

www.burmeseclassic.com



လေးကို ပြန်ရောက်လို့ စိတ်အေးချမ်းသာရမလား မှတ်ပါတယ် အပူတွေနှင့် ပါလားနော်။ သွေးဆိုတော့လည်း ကာဂျိုးတစ်ယောက် ပစ်မထားနိုင်တော့ပါ။ နဂိုကမှ ချူချာလှသော နှင်းစုတစ်ယောက် စိတ်ဆင်းရဲဒုက္ခတွေကိုလည်း မရစေချင်တော့ပါ။ နှင်းစုကို ကာဂျိုး စောင့်ရှောက်ရတော့ပါမည်။

"ဒီကလေးကို နင် ရန်ကုန်မှာသွားမွေးရမယ် နှင်းစု ... "


နောက်ပြဿနာ နောက်မှရှင်းဖို့ကြိုးစားကာ လောလောဆယ်အတွက် အကောင်းဆုံး အခြေအနေကို ကာဂျိုး ရွေးချယ်လိုက်ပါသည်။

❖

ဝေမျှတာ၊ အကြံပြုတာ၊ မိတ်ဆက်တာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







(၂)

အားလုံးအတွက် အကောင်းဆုံးဖြစ်မည့် ကာဂျိုးရဲ့ ဆုံးဖြတ်ချက်ကို အန်တီမြိုင်ကလည်း နားလည်လိုက်လျှောကာ ခွင့်ပြုခဲ့ပါသည်။ ဒီမြို့မှာတော့ နှင်းစုဘယ်လိုမှ ဆက်နေ၍ မဖြစ်နိုင်တာ အန်တီမြိုင်လည်း အသိပင်။ ဆက်နေနိုင်သည့် သတ္တိလည်း နှင်းစုမှာ မရှိဘူးဆိုတာ ကာဂျိုးသိနေလေသည်။ ဒါကြောင့် မိသားစုနေရာမှာ ထားရသည့် အန်တီမြိုင်နှင့် တိုင်ပင်ကာ နှင်းစုကို ရန်ကုန်မှာပင်

www.burmeseclassic.com



မီးမွှားဖို့ ဆုံးဖြတ်ခဲ့တာပင်။ သာမန်တောရွာလေးမှာ သွားမွေးဖို့ ဆိုတာလည်း နှင်းစုရဲ့ကျန်းမာရေးအရ ဘယ်လိုမှ မဖြစ်နိုင်လေရာ အစစအရာရာအဆင်ပြေလှမည့် ရန်ကုန်ကိုသာ ကာကျီးက ရွေးချယ်လိုက်ခြင်းဖြစ်လေသည်။ ရန်ကုန်မှာ အသိအကျွမ်းလည်းမရှိ၊ သိပ်စပ်စပ်စုစုလည်း မရှိကြဘဲ ကိုယ့်ဘာသာကိုယ် သီးသန့်နေသူတွေသာ များပြားလေရာ ရန်ကုန်သည် နှင်းစုအတွက် အသင့်တော်ဆုံး အရပ်ဖြစ်ပါလိမ့်မည်။

ကာကျီးတို့ကို ဦးခမ်းလုံက ကားမောင်းပို့ဖို့ စီစဉ်သော်လည်း ကာကျီးက လက်မခံပါ။

"ပေါ်လူးမ်(ဦးလေးကြီး) လိုက်မပို့နဲ့ အန်တီမြိုင့်နားမှာပဲ နေခဲ့ပါ ... ကာကျီးဘာသာ မောင်းသွားမယ် ရတယ်"

အန်တီမြိုင်ကပါ လှေကားထက်မှ ဆင်းလာရင်း ဝင်ပြောလေသည်။

"ဟုတ်တယ် ပေါ်လူးမ်ရေ ... ကာကျီးက စိတ်ချရပါတယ် နေပါစေ ..."

ဦးခမ်းလုံနှင့် ဒေါ်ဆိုင်နွမ်းတို့လင်မယားမှာ သားသမီးလည်း မရှိကြပဲ ကာကျီးတို့ မိသားစု၏ ကျေးဇူးခံ ကျေးဇူးစားများလည်းဖြစ်ကာ ကာကျီးနှင့်နှင်းစုကိုလည်း သားသမီးအရင်းတမျှ ချစ်ခင်သူများ ဖြစ်ပါသည်။ အခုချိန်မှာလည်း ကာကျီးတို့အိမ်တွင်း ရေးကို အတိအကျမသိရကား အရေးပါသော ဖြစ်ရပ်တစ်ခု ဖြစ်ပွား





နေမှန်းသိရကာ မျက်ကလဲဆန်ပြာ ဂရုစိုက်ကြပါသည်။ ကာကျီးကိုယ်တိုင်လည်း ချစ်ခင်ရသော အန်တီမြိုင်၊ ဦးခမ်းလုံနှင့် ဒေါ်ဆိုင်နွမ်းအပါအဝင် ပျော်စရာကောင်းသော ခြံကျယ်ကြီးရယ် အေးချမ်းသာယာလှပသော ကိုယ့်မြို့လေးရယ်ကို ခွဲခွာရမှာမို့ စိတ်မကောင်းချေ။ သို့သော် ကိုယ်ကဝမ်းနည်းပြနေလျှင် နှင်းစုရော အန်တီမြိုင်ပါ ပိုဝမ်းနည်းတော့မှာမို့ ကာကျီးက ရွှင်ရွှင်လန်းလန်းပဲ နေပါသည်။

"ကာကျီးရယ် သမီးရှိနေလို့သာပါပဲ ... အန်တီမြိုင်တစ်ယောက်တည်းသာဆိုရင် ဘာဆုံးဖြတ်လို့ ဆုံးဖြတ်ရမှန်းကို သိမှာမဟုတ်ဘူး ..."

"အင်း ကာကျီးလည်း စိတ်ညစ်မိတာပါပဲ ... ဒါပေမဲ့ ဒီအချိန်မှာ နှင်းစုအတွက် အရေးကြီးတယ်မလား ... ကာကျီးတစ်ခု စဉ်းစားမိတယ် ... အခုချိန်မှာ နှင်းစုရဲ့ကိုယ်ဝန်က မသိမသာသေးဘူးလေ ... ဒီမှာပဲ ခဏနေခိုင်းထားလိုက်ဦးမယ်၊ ကာကျီး အရင်ရန်ကုန်ဆင်းပြီး အခန်းတွေဘာတွေကြည့်ပြီး စိတ်ကြိုက်ရမှ ပြင်ဆင်ပြီးမှ နှင်းစုကို လာပြန်ခေါ်လိုက်မယ်လေ ... နို့မို့ဆို ဟိုမှာ ဘာမှမစီစဉ်ရသေးဘဲနဲ့ တန်းသွားရင် ကသီကလင်ဖြစ်နေမှာစိုးလို့ ..."

"အင်း ဒါလည်းဟုတ်သားပဲ ... ကာကျီးလေး ပင်ပန်းနေမှာပေါ့ ..."

အန်တီမြိုင်က ကာကျီးရဲ့ဆံပင်လေးတွေကို သပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ရင် ကြွင်နာစွာဆိုလေသည်။ ကာဂျိုးက အန်တီမြိုင့်ကို ပြန်လည် နှစ်သိမ့်ပြုံးပြလိုက်ရင် ...

"မပင်ပန်းပါဘူး အန်တီမြိုင်ရယ် ... စိတ်ချပါ ... ကာဂျိုး ကျွမ်းပါတယ် ... အန်တီမြိုင်သာ ကျန်းမာရေးကို ဂရုစိုက် နော် ... စိတ်ချမ်းသာအောင်နေ ... ဘာမှမပူနဲ့သိလား... ကိုယ့်စိတ်ချမ်းသာဖို့က အရေးကြီးဆုံးပဲ တရားနဲ့သာနေ နော် ... "

ကိုယ့်ကိုပင် တရားပြန်ချနေသော တူမလေးကို ကြည့်ကာ ဒေါ်အေးအေးမြိုင်က ပြုံးချင်သွားပါသည်။ နှင်းစုရဲ့ ပြဿနာကို ကြားသိသိခြင်း စိတ်ထိခိုက်ခံစားသွားရသည့် ကိုယ့်ကို ကာဂျိုးကပင် အားပေးဖျောင်းဖျခဲ့တာ ဖြစ်သည်။ ဘာမှ စိတ်မပူဖို့ အားလုံးအတွက် သူ အကောင်းဆုံးလုပ်ပေးဖို့ ကတိပေးခဲ့တာ ဖြစ် လေသည်။ အကြောင်းမသိလျှင် ကာဂျိုးလေးဟာ ကလေးစိတ် မကုန်သေးသော ကောင်မလေးတစ်ဦးဟု ထင်စရာရှိသော်ငြား လည်း တကယ်တမ်းမှာ ဘက်စုံထောင့်စုံကတော်သောမိန်းကလေး တစ်ဦး ဖြစ်ပါသည်။ နေရာတကာမှာ အားကိုးရလွန်းလို့ နှင်းစုထက် ပင် ပိုတွယ်တာသယောင် ရှိခဲ့လေသည်။

မသိလျှင် မွေးစားထားတာလားဟု အမေးခံရသည့် ကာဂျိုးဟာ မိဘနှစ်ပါးနှင့်ရော အဒေါ်၊ အစ်မဖြစ်သူများနှင့် တစ် စက်လေးမှ မတူဘဲ ဝါဝင်းဝင်းအသားအရေနှင့် အိန္ဒိယမင်းသမီး





လေးပမာ သွက်သွက်လက်လက်နှင့် အာဇ္ဇာဝွန်းအရှင်သူလေး တစ်ဦး ပင်။

ကာဂျိုးဆိုလျှင် အားလုံးက ချစ်ခင်ကြသည့်အတွက် လူချစ်လူခင်လည်း အလွန်ပေါလှပါသည်။ မာန်မာနမရှိဘဲ လူတိုင်း အပေါ် ဖော်ရွေသဘောကောင်းသည့် ကာဂျိုးဟာ နှင်းစုနှင့်တော့ စရိုက်ချင်း၊ စိတ်ဓာတ်ချင်း တခြားစီပင် ဖြစ်လေသည်။

"ကာဂျိုးကို အန်တီမြိုင် ယုံပါတယ် သမီးရယ် ... ဖြစ်လာမှ တော့ ဘယ်သူ့ကိုမှ အပြစ်တင်မနေတော့ပါဘူး၊ အကောင်း ဆုံးကို ဖန်တီးပေးကြတာပေါ့ ... "

"အင်း ... လူတွေက မေးရင်တော့ ကာဂျိုးတို့ညီမ ရန်ကုန် မှာ သင်တန်းတွေသွားတက်တယ်လို့ ပြောလိုက်ပေါ့ ... "

အန်တီမြိုင်က ခေါင်းညိတ်ကာ ပြုံးလိုက်ပါသည်။ နဂိုထဲကမှ နှင်းစုဟာ မိဘလက်ငုတ်စီးပွားရေးလုပ်ငန်းတွေကို ဝါသနာမပါတာလေ။ ကာဂျိုးကသာ ပညာရေးဆိုလည်း မလစ် ဟင်းစေရ၊ အိမ်ပြန်လာလျှင်လည်း အလုပ်တွေထဲ ပြေးပြေးလာကာ ကူညီနေကျဖြစ်သည်လေ။ အင်း အခုချိန်တော့ ကာဂျိုးစီစဉ်ထား သမျှဟာ အကောင်းတွေချည်းပါပဲလေ။ အလှအပကို ဝါသနာပါ လွန်းသော နှင်းစုက အလှပြင်သင်တန်းတက်နေကာ ပညာရေး ဘက်ကို ဝါသနာထုံသော ကာဂျိုးကိုတော့ အင်္ဂလိပ်စာသင်တန်း၊ စီးပွားရေးပညာစာရင်းကိုင်သင်တန်းတွေ တက်နေသည်ဟု ပြောရ



www.burmeseclassic.com

www.burmeseclassic.com



တော့မှာပါပဲ။ လောလောဆယ်မှာတော့ ဤနည်းလမ်းသည်သာ မိမိတို့အတွက်၊ နှင်းစုအတွက် အဆင်ပြေနိုင်သည်လေ။

နှင်းစု နှင်းစုရှေ့မကြည့် နောက်မကြည့်နှင့် မိုက်ခဲ့သမျှ ကိုယ်နှင့်ကာကျိုးက ခါးစည်းခံရပေသည်။ တကယ်ဆိုလျှင် ကာကျိုးတစ်ယောက် သူ ချစ်သောမြို့လေးကို မခွဲချင်မှန်း သိနေပါသည်။ သို့သော်ငြားလည်း အကောင်းဆုံးအတွက် ကာကျိုးစိစဉ်သွားနိုင်ခဲ့လေသည်။ အန်တီမြိုင်က ကာကျိုးကို ရင်ခွင်ထဲထည့်ကာ ထွေးဖက်ထားပါသည်။ ဒီမြင်ကွင်းကို နှင်းစုက အိမ်အပေါ်ထပ်မှကြည့်ကာ မျက်ရည်တွေ တွေတွေကျနေပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







(၃)

ရန်ကုန်ကို ကာကျိုးတစ်ယောက်တည်း ကားနှင့်ဆင်းသွားခဲ့ပါသည်။ ကာကျိုးက ရှစ်တန်းထဲက ကားမောင်းတတ်နေတာ ဆယ်တန်းဖြေအပြီးမှာတော့ မန္တလေးနှင့်ပြင်ဦးလွင်၊ တစ်ခါတလေ လားရှိုးမှူဆယ်ဘက်တွေထိပါ မောင်းနေကျဖြစ်၍ မြေပြန့်လမ်းတွေကိုတော့ ပျင်းသည်ဟု ပြောရပါမည်။ ကားဘီးပေါက်တာတွေ၊ ကားပျက်တာတွေကိုလည်း ကာကျိုးကမမှု။ ကာကျိုးမှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည့်၊ ရဲရင့်သည့်စိတ်အပြည့်ရှိနေလေရာ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ခရီးအဝေးကြီး သွားရခြင်းအပေါ် ဘာစိုးရိမ်စိတ်မှ မရှိဘဲ သက်သောင့်သက်သာ အေးအေးဆေးဆေးပင် ရှိလေသည်။ မနက်အစောကြီးထဲက ခရီးစထွက်လာသော ကာဂျီးဟာ ထမင်းစားတစ်နေရာပဲ နားကာ ထမင်းဆိုင်မှပင် အန်တီမြိုင့်ထံ ဖုန်းဆက်လိုက်ပါသေးသည်။ အဲဒီနောက် အရှိန်ကောင်းကောင်းဖြင့် ခရီးဆက်ခဲ့ပြီး ညနေစောင်းမှာပင် ပဲခူးရောက်လာခဲ့ပါသည်။

ပဲခူးနှင့်ရန်ကုန်က သိပ်မဝေးတော့ပြီမို့ စိတ်ချလက်ချ ဖြစ်သွားပါသည်။ အင်း ပဲခူးမှာပဲ အိပ်ရင်ကောင်းမလား။ ရန်ကုန်ကို ဝင်ရင် မှောင်လောက်ပြီ။ မရောက်တာကြာပြီမို့ ရန်ကုန်အဝင်မှာ လမ်းတွေမှားမှာကို ကာဂျီးက စိုးရိမ်မိလေသည်။ မနက်ခင်းလင်းလင်းချင်းချင်းမှ ရန်ကုန်ကို ထ,လာတာပဲ ကောင်းပါတယ်ဟု ဆုံးဖြတ်ရမလို တစ်ခါတည်း ရန်ကုန်ထိ ဒိုးရမလို၊ ဒိုးရင်လည်း ကိုယ်က ညရောက်မှာမို့ လမ်းမှားမှာလည်း စိုးရိမ်နေမိကာ စဉ်းစားရခက်နေစဉ်မှာပင် လမ်းဘေးမှာ ရပ်ထားသော ကားတစ်စီးက လူတစ်ယောက်ဟာ ကိုယ့်ကားကို တားနေသည်ကို သတိပြုမိလေသည်။ အင်း အလုပ်ကတော့ ပိုပြီ။ ညနေစောင်းစောင်း နေဝင်တော့မည်။ ကိုယ်ကလည်း မိန်းမသားတစ်ယောက်တည်း ရပ်ပေးသင့် မပေးသင့် စဉ်းစားနေစဉ်မှာပင် မွေးရာပါ ပင်ကိုယ်ကူညီချင်စိတ်ဟာ ဘရိတ်ကို အလိုလိုနင်းပြီးသား ဖြစ်နေလေသည်။







ကားသွားရင်းမှနေ 'ဖောင်း'ဟူသော အသံကျယ်ကြီးကြောင့် ကားဘီးပေါက်သွားမှန်း သိလိုက်ရလျှင် ညီမေတစ်ယောက်ကဖြင့် စိတ်ညစ်ညူးသွားရပါသည်။ တစ်နေ့ခင်းလုံးပင်ပန်းသမျှ အတိုးချ၍ ရန်ကုန်ရောက်မှ အနားယူမည်ဟု ဆုံးဖြတ်ထားလေရာ ကားဘီးပေါက်သွားသည့်အတွက် အ်တော်လေး စိတ်အနှောင့်အယှက်ဖြစ်သွားရလေသည်။ ကားမောင်းသည့် ဥက္ကာက



www.burmeseclassic.com

www.burmeseclassic.com



တော့ဖြင့် ထာဝစဉ် ချာလီချက်ပလင်မျက်နှာကို မပြောင်းလဲဘဲ ကားကို စက်သပ်ရပ်လိုက်ရင်း ...

"ကဲ ... ကိုယ့်ဆရာ ညီစေမင်းရေ ... ဆင်းတော်မူပါပြီး ဘုရား ... "

"ဘာလဲ ငါပါ ကားဘီးကူလဲပေးရဦးမှာလား ... "

ကိုယ့်ရဲ့ဘုကျကျအပြောကို ဥက္ကာက ရယ်သွမ်းသွေးလိုက်တာကို မသိချင်ယောင်ဆောင်နေလိုက်လေသည်။ ကိုယ်နှင့်ဥက္ကာဟာ ညီအစ်ကိုနှစ်ဝမ်းကွဲခန့် တော်စပ်ကာ ဥက္ကာက ကိုယ့်ရဲ့ဒရိုင်ဘာဆိုလည်းဟုတ်၊ personal secretary ဆိုလည်း ဟုတ်ပါသည်။ ကိုယ်ရေးကိုယ်တာ စက္ကထရီဖြစ်၍ ရုံးပိုင်းမှာတော့ သိပ်အကျိုးမဝင်သော်ငြား ဥက္ကာဆိုလျှင်ဖြင့် ရုံးပိုင်းရော၊ စက်ရုံပိုင်းကပါ ဝန်ထမ်းတွေပါ မသိသူမရှိရလေအောင် ဥက္ကာရပ်ကား ရွှေးရှာပါပင် ထာဝစဉ် ပြုံးဖြဲနေသောမျက်နှာကို ပိုင်ဆိုင်ကာ အရှုတ်အနောက်ကလည်း အမြဲပြောတတ်၍ ဥက္ကာရောက်သွားသောနေရာတိုင်း ဗွဲစည်သွားရသည်ချည်းပင်။

ကိုယ်ကတော့ ဥက္ကာနှင့်ဆန့်ကျင်စွာပင် တစ်နေ့တစ်ခါတောင် ဟက်ဟက်ပက်ပက်ရယ်ဖူးပါသလားဆိုတာ အတော်ကို စဉ်းစားရမည့်ကိစ္စဖြစ်လေသည်။ နေရာတကာ တိကျမှုကြိုက်သော၊ ထက်ထက်မြက်မြက်မှုကြိုက်သော ညီစေမင်းနှင့်ရွှတ်နောက်နောက်နိုင်လှသော ဥက္ကာတို့အတွဲကိုမြင်လိုက်လျှင် အားလုံးအံ့ဩရစမြဲပင် ဖြစ်လေသည်။





ညီစေမင်းက ကားပေါ်မှဆင်းလိုက်ကာ စိမ်းမြနေသော စပါးခင်းကြီးကိုကြည့်လျက် ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးတို့ကို အားပါးတရ ရှူသွင်းလိုက်ကာ သူလည်းလန်းဆန်းသွားရပါသည်။ အင်း လက်ဆတ်သန့်ရှင်းလိုက်တာကွာ။ ကိုယ့်မှာတော့ တစ်နေ့နေ့အလုပ်ထဲ၊ ရုံးထဲ၊ မွန်းကြပ်တဲ့မြို့ပြထဲမှာ နေရတာ ဒီလိုသဘာဝပတ်ဝန်းကျင်သစ်ကို အလွန်အမင်းတောင့်တမိတော့ပါပဲ။ တစ်ခါတလေကျရင် ရှိသမျှအလုပ်တွေအားလုံးကို ပစ်ထားပစ်ခဲ့ပြီး အေးအေးချမ်းချမ်း နေရာလေးတစ်ခုမှာ သုံးလေးလလောက်ကို သွားအပန်းဖြေပစ်ချင်တော့တာပါပဲ။ အကြောင်းမသိသူတွေကတော့ ကိုယ့်ကိုအားကျအထင်ကြီးကြမှာ ဖြစ်ပေမဲ့ တစ်နေ့ တစ်နေ့ဦးနှောက်စားရဖန်များလာသောအခါ တစ်ခါတစ်ရံမှာ Stress တွေစီးလာရကာ မွန်းကြပ်လာရပါသည်။

အင်း ကိုစေတစ်ယောက်ပဲ ကောင်းတယ်။ ဘာအပူအပင် ဘာသောကမှမရှိ၊ နေချင်သလိုနေ စားချင်သလိုစား သူထင်ရာ သူလုပ်တတ်သော သူတစ်ယောက်ပင်။ ကိုစေမင်းနှင့်ညီစေမင်းဆိုသော ညီအစ်ကိုကား အကြောင်းမသိလျှင် ညီစေကိုသာ အကြီးထင်ကြပါသည်။ ကိုစေမင်းကာ အစ်ကိုဖြစ်သည့်တိုင် ဘာမှအလေးအနက်မထားဘဲ လွတ်လွတ်လပ်လပ်နေတတ်သူတစ်ဦးဖြစ်ပါသည်။

ကိုစေကား လူငယ်ပုံစံဆန်လျက် ညီစေသည် ရင့်



www.burmeseclassic.com

www.burmeseclassic.com



ကျက်သောစုံစံရှိပါသည်။ အလုပ်ကို နိုင်းမလုပ်တတ်သော ကိုစေကား ပြင်ဦးလွင်ကို မကြာခဏသွားနေရာမှ တစ်နှစ်ကျော်ခန့်ရှိလာမှပင် လက်ထပ်ဖို့အရေး တင်ပြလာသည့်အတွက် ဖေဖေက အမေရိကားသို့ အလုပ်သင်ပညာသင်အဖြစ် အမြန်စေလွှတ်လိုက်ရသောသူလည်းဖြစ်လေသည်။ ဒီတစ်ခါတော့ ကိုစေကလည်း ငြင်းဆန်ခြင်းမပြုဘဲ အသာတကြည်ပင် ထွက်သွားခဲ့ပါသည်။ သို့သော် ပြန်လာလျှင်ကား ကိုစေမိန်းမအရင်ဆုံးယူမည်ဆိုတာ ညီစေက ကြိုသိနေခဲ့လေသည်။

ဥက္ကာရဲ့စကားသံက ... ညီစေ့အတွေးစကို ဖြတ်တောက်ပစ်လိုက်လေသည်။

"ညီစေ ငါ့ကိုတော့ ကွိုင်မပူနဲ့ ... ကားဘီးလဲဖို့ ကျိုက်ပါမလာဘူး ..."

ဥက္ကာစကားကြောင့် ညီစေတစ်ယောက် ပို၍စိတ်ညစ်သွားရပါသည်။ ပါးစပ်ကလည်း ဥက္ကာကိုအပြစ်တင်ဖို့ နှုတ်ခမ်းအဟမှာပင် သူ့သဘောကို ငယ်စဉ်ကတည်းကမှ နောကြေလာသော ဥက္ကာကား ကြိုတင်၍ပင် ...

"ငါ့ကို အပြစ်တင်ဖို့စိတ်မကူးနဲ့ ... မနေ့က ဘိုးတော်ကားကိုမောင်းတဲ့ကိုရွှေးနိုင်ဘီးပေါက်လို့ ကျိုက်ငှားသွားတာ ... ပြန်မပေးဘူးနေမှာပေါ့ ..."

"ဘာပြန်မပေးရမှာလဲ ... မင်းတောင်းပေါ့ ... မင်းကို သေ





ချာပြောတယ် ... အစစအရာရာ အပြည့်အစုံစီစဉ်ပါဆိုမှပဲ"

"ညီစေမင်းရေ ... မနေ့ညနေက ကျွန်တော်မျိုး စက်ရုံကိုသေရေးရှင်ရေးပြေးရသလေ ... မေ့နေလားကွယ့် ... အဲလောက် အသေးစိတ်လည်း ကြည့်မနေနိုင်တော့ဘူးလေဟယ် ... ခရီးတွေလည်း ဒီလောက်သွားနေတာ တစ်ခါမှလည်း မပေါက်ဖူးပါဘူး ... တခြားဆီ၊ ရေ၊ လေ၊ ဝိုင် အပြည့်အစုံဖန်တီးခဲ့ပါတယ် ဘုရား ... တိုယိုတာကုမ္ပဏီရဲ့ နောက်ဆုံး မိုဒယ် လင်ခရူဇာမှာလည်း တစ်ခါတလေတော့ ဒီလိုဖြစ်တတ်မှာပေါ့ ဘုရား ..."

အခက်အခဲတွေ့နေချိန်မှာတောင် တစ်စက်လေးမှ စိတ်ညစ်ညူးဟန်မရှိသော ဥက္ကာကို ညီစေက ရှုတင်းတင်းပင် ကြည့်ကာ ဘာမှမပြောသာတော့။ တစ်ခါတလေတော့လည်း ဥက္ကာလိုစိတ်ဓာတ်မျိုး ရချင်ပါသည်။ လောကကြီးကို အကောင်းမြင်နှင့်ဟာသရှုထောင့်မှ ကြည့်တတ်ခြင်းသည် ကိုယ်ရောစိတ်ပါ သက်သာမှုအပြည့်ရှိလေသည်။ ကိုယ်ကတော့ အဲလိုစိတ်မျိုးလည်း မွေးနိုင်မည် မထင်ပါ။ ဒါပေမဲ့ အဲလိုစိတ်ဓာတ်မျိုးအပြည့်အဝရှိနေသော ဥက္ကာတစ်ယောက် ကိုယ့်အနားမှာ ရှိနေတာကို တော်တော်အပန်းပြေလှပါသည်။

"ကဲ ... ညီစေ ... စိတ်လည်း သိပ်ရှုပ်မနေနဲ့ ပြန်မှာပြည်



www.burmeseclassic.com

www.burmeseclassic.com



သားတွေက ကူညီတတ်ပါတယ် ... ပထမဆုံးစလာတဲ့ ကားတစ်စီးကိုတင် စတားပြမယ်ကွာ ... လုံးဝအကူအညီ ပေးစေရ ကဲ ... ဦး၄ ... မဏိမေခလာနတ်သမီးကြွ"

ပြောင်တိပြောင်စပ်မျက်နှာပေးဖြင့် မျက်လှည့်ဆရာ ပုံစံမျိုးလုပ်ပြနေသော ဥက္ကာကိုကြည့်ကာ ဒီတစ်ခါတော့ ညီစောက တဟင်းဟင်းနှင့် ရယ်ချလိုက်ပါသည်။ ဒီလိုမရယ်ဖြစ်တာတောင် ကြာပြီလေ။ ဒါကြောင့် မေမေကပြောတာ။ သားရယ် အရယ်ပြုံး လေးများ ထားစမ်းပါဦးတဲ့။ ရယ်ချင်ပါတယ် မေမေရယ်။ သားကို ရယ်အောင် လုပ်ပေးနိုင်တဲ့သူ မရှိသေးလို့ပါ။

ထိုစဉ်မှာပင် အဝေးမှ ပြင်းပြင်းမောင်းနှင်လာသော ကားတစ်စီးကို သူရော ဥက္ကာရောပါ တွေ့မြင်လိုက်ရပါသည်။ ကားက Hilux Surf စိမ်းပြာရောင်ဖြစ်ကာ ခရီးကြမ်းနှင်လာပုံရ၍ တစ်ကားလုံး ဖုန်များပေပွနေပါသည်။ ခပ်ဝေးဝေးမှပင် ဥက္ကာက ကိုရီးယားစတိုင်ရော ဂျပန်စတိုင်ရော ပေါင်းကာ ခါးကျိုးမတတ် ဦးညွှတ်တားနေသည်မို့ ထိုကားက အရှိန်တုံ့သွားရကာ တဖြည်းဖြည်းနှေးလာပြီး သူတို့အနားအရောက်မှာ လုံးဝရပ်တန့်သွားပါ သည်။ ကားမှန်ကိုချလိုက်စဉ်မှာပင် မြူးကြွပေါက်ကွဲသော ဂီတ သံစဉ်တချို့က အရင်ပေါက်ထွက်လာကာ မဖျော်လင့်ထားသည့် မျက်နှာလေးတစ်ခုပေါ်လာပါသည်။





ကားထဲက အိန္ဒိယမင်းသမီးလေးက ဥက္ကာကိုပြုံးစစ ဖြင့် မေးဆတ်ပြလေသည်။


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ကားရပ်သင့် မရပ်သင့်ကို ကာကျိုးက ဆုံးဖြတ်နေစဉ်မှာပင် ကိုယ့်ကို ရှိခိုးဦးတင်မတတ် တားနေသည်ကတစ်ကြောင်း၊ တားနေသောကားဟာလည်း အခြေခပ်မြင့်မြင့်ထဲကသာ စီးနိုင်သည် လင်ခရူဇာဖြစ်နေတာကတစ်ကြောင်း နောက်ဆုံးအကြောင်းကတော့ဖြင့် ကားတားသည့်လူရော၊ တစ်ဘက်မှာရပ်နေသည့်လူရောဟာ မွန်ရည်သပ်ရပ်သည့်ပုံစံတွေ ဖြစ်နေတာကြောင့်ပင် ကား





ရပ်ကာ မှန်ချလိုက်ပါသည်။ အရင်ဆုံး မြင်ကွင်းထဲကို ဝင်ရောက်လာသည်က မစ္စတာဘင်း(န်)ပုံသဏ္ဍာန်အဆင်းရှိသော ပုဂ္ဂိုလ်ရဲ့ စပ်ဖြဲဖြဲမျက်နှာပင်။ မိန်းကလေးတစ်ယောက်တွေ့ရ၍ မျက်နှာလိုမျက်နှာရ မျက်နှာရှုးထချင်သောမျက်နှာမျိုးမဟုတ်ဘဲ အလိုလိုကိုရယ်ချင်စရာပေါက်နေသော လူပျော်တစ်ဦးရဲ့ပုံပင်။

ကာကျိုးက ပြုံးစစနှင့်ပင် မစ္စတာဘင်း(န်)ကို မေးဆတ်လိုက်ပြလိုက်ပါသည်။ ပြီးတော့တာနှင့် ကက်ဆက် volume ကို အသံတိုးလိုက်လေသည်။

"ဒီလိုပါ ညီမလေး ... အစ်ကိုတို့ ကားဘီးပေါက်သွားလို့ ဂျိုက်လည်းပါမလာဘူး ... အဲဒါ ညီမလေးမှာ ဂျိုက်ပါရင် ခဏငှားပါလို့ မေတ္တာရပ်ခံပါတယ် ..."

မစ္စတာဘင်း(န်)စကားကြောင့် ကာကျိုးက မျက်ခုံးနှစ်ဖက်မြင့်တက်သွားပါသည်။ ဂျိုက်တဲ့။ ဘယ်လိုလုပ်ရမလဲ။ ကိုယ်ကလည်း ခရီးဆက်ဦးမှာ။ ဂျိုက်ထောက်ပြီး ကားဘီးလဲတာမျိုးဟာ အနည်းဆုံး ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက်ကြာတာပင်။ သူတို့နှင့်လည်း သိတာမဟုတ်။ ထားခဲ့ရအောင်လည်း ရှေ့ဆက် ပတ်သက်စရာလည်းအကြောင်းမရှိ။ လာပေးခိုင်းရအောင်လည်း ကိုယ့်မှာက ဘာလိပ်စာမှ အတည်တကျရှိတာမဟုတ်။

သူတို့ ဘီးလဲတာ ကိုယ်က စောင့်ယူသွားရအောင်လည်း ယောက်ျားသားနှစ်ဦးတည်းနှင့် ကိုယ်နှင့်က သူစိမ်းတစ်ရုံဆံ



www.burmeseclassic.com

www.burmeseclassic.com



တွေ။ မကြာမီလည်း နေဝင်တော့ပေမည်။ အင်း ခက်တော့နေပြီ။ လွယ်အောင် ဘယ်နဲ့လုပ်ရပါ့နော်။ ကူညီကလည်း ကူညီချင်ပါသည်။ ကာဂျီးကိုယ်ချင်းစာမိနေလေသည်။ ကာဂျီးက နေရာတကာ ကိုယ်ချင်းစာကြည့်တတ်သည့်စိတ် ရှိလေသည်။ ဘယ်သူ့ကိုမဆို ဩော် သူ့နေရာမှာ ငါသာဆိုရင်ဟူသော အတွေးလေးနှင့် အဆုံးသတ်ကျ ကာဂျီးက အကူအညီပေးမိလိုက်တာပင်။

ကာဂျီးရဲ့ချီတုံ ချတုံဖြစ်နေရှာသောအတွေးကို မစ္စတာဘင်း(န်)က ရိပ်မိဟန်ဖြင့် ...

"ညီမလေးမှာ အရမ်းအခက်အခဲရှိနေလား ... အစ်ကိုတို့ကိုတော့ ယုံပါ ... တအား ခက်ခဲနေရင်တော့ ရပါတယ် ... ဆက်သွားပါ ... "

အင်း စာလိုက်ဦးမယ် ကိုယ်ချင်းကတော့။ သူတို့ကြည့်ရတာလည်း သိက္ခာသမာဓိရှိမည့်ပုံတွေမို့ ကာဂျီးက ပြုံးကာကားပေါ်က ဆင်းလိုက်ပါတော့သည်။ အမလေး မစ္စတာဘင်း(န်)ရဲ့တစ်ဖက်ကလူကတော့ ရှိသင့်တာထက်တောင် လွန်နေသည့် သိက္ခာတွေနဲ့။ ရုပ်လက်တို့အပြာရောင်မှာ နက်ခ်တိုင်အနက်စည်းထားကာရှူးနှင့်စမတ်ကျသောဘောင်းဘီဖြင့် အတော်ကြီးအထက်တန်းကျ သပ်ရပ်ချောမောနေတာကိုတော့ သတိထားမိလေသည်။ အင်း ချောလိုက်တာ။ အခုမှ ရေချိုးပြီးလာလား ထင်ရအောင် လတ်ဆတ်ဝင်းဖန့်နေလိုက်တာ။ အရပ်အမောင်း၊ ကိုယ်ဟန်အနေ





အထားကအစ အတူးပြေပြစ်သော ထိုအမျိုးသားဟာ အေးဆေးတည်ငြိမ်လွန်းသော အမူအရာကြောင့်လည်း ပိုပြီး ကြည့်ကောင်းနေတာ ဖြစ်နိုင်ပါသည်။

ကာဂျီးက နောက်ခန်းထဲမှ ဂျိုက်ကိုထုတ်ယူကာ မစ္စတာဘင်း(န်)ကို ကမ်းပေးလိုက်ပါသည်။

မစ္စတာဘင်း(န်)က တရိုတသေပင် လှမ်းယူကာ

"ကျေးဇူးတင်ပါတယ် ညီမလေး ... ဒါနဲ့ ညီမလေးက ရန်ကုန်သွားမှာလား ... ခရီးဖင့်နေမှာစိုးရင် ထားခဲ့ပါ ... လိပ်စာပေးခဲ့ပေါ့ ... အစ်ကို ဆက်ဆက်လာပို့ပေးပါ့မယ်"

ကာဂျီးက ခေါင်းလေးငုံ့ကာ ရယ်လိုက်ရင်း ...

"ရပါတယ် ... စောင့်ယူသွားပါ့မယ် ... အေးဆေးလုပ်ပါ"

"ဘာလဲ ... စိတ်မချလို့လား ... အစ်ကိုတို့ကို မယုံလို့လား"

ကာဂျီးက ဟက်ခနဲထပ်ရယ်ရင်း ခေါင်းလေးကို ခပ်ဖြည်းဖြည်းယမ်းကာ ...

"မဟုတ်ပါဘူး ... ပေးစရာ လိပ်စာမရှိလို့ပါ ... "

ကောင်မလေးရဲ့စကားကြောင့် ဥတ္တာအပြင် မသိမသာနားစွင့်နေသော ညီစေမင်းပါ အနည်းငယ် အံ့အားသင့်သွားပါသည်။ ကောင်မလေးဟာ တစ်ယောက်တည်းကားမောင်းလာသော်ငြားလည်း စိုးရိမ်ကြောက်လန့်ပုံလည်းမရှိ၊ တရားလွန် ပျော်လပ်နေသောဟန်လည်းမရှိဘဲ မိကောင်းဖခင်သားသမီးတစ်ဦးမှန်း



www.burmeseclassic.com

www.burmeseclassic.com



မြင်တာနှင့်ပင် သိအသာပါသည်။ မောင်းလာသောကားအမျိုးအစားရယ်၊ ဝတ်စားဆင်ယင်ပုံရယ်ဟာလည်း အဆင့်အတန်းမြင့်မြင့်ထဲက ဖြစ်လေရာ လိပ်စာမရှိဘူးရယ်လို့သော အဖြေကို အနည်းငယ် နားဆန်းသွားပါသည်။ သို့သော် ဖြစ်နိုင်ချေရှိသော အဖြေကို ဥက္ကာက ချက်ချင်းတွေးမိစွာဖြင့် ...

"ဪ ရှည့်သည်ပေါ့ ဟုတ်လား ..."

"ဟုတ်ကဲ့ ... ရပါတယ်လေ ... အစ်ကိုတို့ အေးဆေးသာ လုပ်ပါ ... ကာဂျိုးစောင့်ပါမယ် ..."

ကောင်မလေးက သွက်သွက်လက်လက်ပင် ပြောပြီး ခေါင်းအသာညိတ်ပြကာ လမ်းတစ်ဖက်ရှိ လယ်ကွင်းတွေဘက်သို့ လျှောက်ထွက်သွားပါသည်။ ဥက္ကာက မျက်ခုံးပင့်ကာ ပန်းပါတွန့်ပြလိုက်ရင်း ...

"တွေ့တယ်မလား ... မေခလာက သဘောကောင်းတယ်၊ ကေနွှာအိန္ဒိယမေခလာနဲ့တူတယ်နော် ... အဟား ဟား"

ဥက္ကာက ပြောလည်းပြောရင်း ကားဂျိုက်ထောက်ကာ ဘီးလဲဖို့ပြင်ဆင်ပါသည်။ ညီစေက ကားနောက်မှာ ချိတ်ထားသော စပါယ်ယာဘီးကို ဖြုတ်ပေးရင်း လယ်ကွင်းတွေကိုငေးမောနေသော ကာဂျိုးဆိုသည့် ကောင်မလေးကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ ဝိုင်းစက်ကြည်ရွှန်းကာ ကော့ဖြူးနေသော မျက်တောင်ရှည်ရှည်နက်နက်နှင့် မျက်ဝန်းတစ်စုံကတင် အတော်လေး





လှပအသက်ဝင်နေပါသည်။

ဒါကိုမှ ရှည်လျားပြီး အဖျားလေးချွန် ဆင်းလာသော နှာတံချွန်ချွန်လေးကိုအားဖြည့်လိုက်သောအခါကောင်မလေးက တော်တော်ကြည့်ကောင်းသွားပါသည်။ ဥက္ကာကို လှစ်ခနဲရယ်ပြလိုက်စဉ်မှာ ဖွေးခနဲထွက်ပေါ်လာသော သွားတန်းဖြူဖြူလေးတွေကြောင့် ကောင်မလေးသည် အိန္ဒိယမင်းသမီးလေး့ပမာ ချောမောသက်ဝင်နေပါတော့သည်။ ကုပ်ပေါ်မှာဝဲနေသည့် ဆံပင်တိုအုပ်အုပ်လေးတွေကြောင့် ပို၍နုနယ်ချစ်စဖွယ်ကောင်းသွားပါသည်။ အနက်ရောင် စပို့ရှပ်လက်စကနှင့် ကာကီရောင်ဘောင်းဘီရှည်ဝတ်ဆင်ထားကာ ဘာမှပြင်ဆင်ချယ်သမှုမရှိဘဲနှင့်ကို ကာဂျိုးဆိုသူလေးဟာ ကြည့်ကောင်းလွန်းလှပါသည်။

ခပ်ဝေးဝေးက အိပ်တန်းတက်ဖို့ပြန်လာသော ငှက်အုပ်ကြီးကို တမေ့တမောလိုက်ငေးနေသော ကာဂျိုးဟာ ဘယ်အရပ်ကများ တစ်ကိုယ်တော်လွင့်လာပါသလဲကွယ်။ ရန်ကုန်ကို တစ်ဦးတည်းဆင်းလာသော သူမလေးဟာ အပျော်အပါးအလည်အပတ်နှင့်လာပုံလည်း ဟုတ်ပုံမရ။ တစ်ခုခုကို တွေးဆငေးမောနေဟန်ရှိသော ကာဂျိုးမှာ ဘာတွေများ အရေးပါတဲ့ကိစ္စတွေ ရှိနေပါလဲ။ သူ စိတ်ဝင်စားလာပါသည်။

ကားဘီးကနပ်တွေကို ဖြုတ်နေသော ဥက္ကာက သူ



www.burmeseclassic.com

www.burmeseclassic.com



ကို မော်ကြည့်ရင်း ...

"စိတ်ဝင်စားနေလား ကိုယ့်ဘော့စ်ရဲ့ ... "

"မဝင်စားပါဘူးကွာ ... မင်းသာ မြန်မြန်လုပ်ပါ ... ဟိုမှာ စောင့်နေရတာ အားနာဖို့ကောင်းတယ် ... "

"သူက ပြောပြီးပြီလေ ... အေးဆေးလုပ်ပါတဲ့ ... သူလည်း ရန်ကုန်သွားမှာပဲဟာ တူတူပေါ့ ... အဖော်တောင်ရသေး သူ့ကြည့်ရတာ ခရီးဝေးက လာပုံပေါက်တယ်နော် ... ဟို ရောက်မှ တည်းစရာရှာမဲ့သဘောရှိတယ် ... မင်းနည်းနည်း ပါးပါးမေးကြည့်ပါလား ... "

"မမေးချင်ပါဘူးကွာ ... ဟိုမှာ တွေးနေတာ အတွေးပျက် သွားလိမ့်မယ် ... "

"စိုးတယ်ပေါ့ ... အို ... စိုးရိမ်မိတယ် ဂျီးရယ် ... ဒီလိုပေါ့ ဟုတ်လား ... "

ဥက္ကာစကားကို ညီစေက ခပ်ဟက်ဟက်ရယ်မောကာ ငြိမ်နေလိုက်ပါသည်။ ဥက္ကာကလည်း ပြောင်းလဲနေသော ညီစေ့ကိုကြည့်ကာ လူပီသလာပြီ၊ အင်း- ယောက်ျားပီသလာပြီဟု တွေးမိလေသည်။ ဒီလိုမျိုးဆိုတာ ဖြစ်ခဲပါ့ဘိ၊ ဖြစ်ကိုမဖြစ်တာ တစ်နေ့တစ်နေ့ အလုပ်တွေကြားထဲမှာ ခေါင်းပုံနှစ်နေသော ညီစေ မင်းဟာ ဘယ်မိန်းကလေးကိုမှလည်း စိတ်မဝင်စား၊ ဘယ်သူ့မှ





ည်း လှတယ် ပတယ်ဟူသော ခံစားချက်လည်းမရှိနှင့် အကြောင်း သိသူများဆိုလျှင် ခြောက်များနေလားဟု အထင်မှားလောက်စရာ ပါသည်။

ကျောင်းတစ်ဖက်နှင့်ပင် လုပ်ငန်းခွင်ထဲ ဝင်လေ့ ာနေပြီမို့ ကျောင်းတက်စဉ်ကာလများမှာလည်း အချစ်ဆိုတာ ူး။ ဖြစ်ဖြစ်မြောက်မြောက် ရည်းစားပင် မရှိခဲ့။ သို့သော် ကိုယ့် ကာ အခေမဟုတ်ချောဘဲ ရုပ်ဖြောင့်သောသူဖြစ်လေရကား ဝိုင်း းလည်နေသော မိန်းမများကိုလည်း ရှိသည်ဟုတောင် မထင်မှတ် မိန်းကလေးဘက်ကများ စတင်ကာ ရေလာဖို့မြောင်းဖော်နေပြီ ဆိုလျှင် ပို၍အထင်တသေးဖြစ်သွားရတော့ကာ လုံးဝကိုအဆက် အဆံမလုပ်တော့။

တကယ့်ကို ဘုရားဖြစ်မဲ့ အုတ်နီခဲဟုပင် တင်စား ရပါသည်။ ညီစေ့ မမေအန်တီဖြူကဆိုလျှင် ညီစေ့ကို မိန်းမမှရပါ့ လားဟု အစိုးရိမ်ကြီးစိုးရိမ်ကာ သူ့သားသဘောကျမည့် ချွေးမကို ရှာဖွေရတာလည်း အလုပ်တစ်လုပ်ပင်။ ကိုစေကတော့ဖြင့် ရှမှာကို ပင်နေရကာ လေးလေးက နိုင်ငံခြားကို အမြန်စေလွှတ်လိုက်ရ သောသူပင် ဖြစ်ပါသည်။

အင်း ညီစေ ဒီလောက်လှုပ်လာပုံကို အန်တီဖြူမြင် ချင်စမ်းပါဘိနော်။

"ပြီးမှ ငါမေးလိုက်မယ်လေ ... ဗစ်တီး(သမီး) ... ဘုံ့ဘောက



www.burmeseclassic.com

www.burmeseclassic.com



လာသလားလို့ ဟား ဟား ... ”

“မနောက်စမ်းပါနဲ့ကွာ ... တော်ကြာ ငါတို့ကို တစ်မျိုးထင်သွားဦးမယ် ... ”

“အေးပါ ... အေးပါ ... ဒါပေမဲ့ ငါ မေးဦးမှာပါ ... ”

သူတို့ ဘီးလဲပြီးခါနီးတော့မည့်အချိန်မှာပင် ကာကျိုးက အနားသို့ ပြန်ရောက်လာပါသည်။ ညီစေက ကိုယ့်အနားသို့ ရောက်လာသော ကိုယ်ထက်ငယ်ပုံရမည့် ကောင်မလေးကို ပြုံး၍ ပိုက်ရင်း ...

“ပြီးတော့မှာပါ ဒါထက် ဒီကညီမက ဘယ်ကလာတာလဲ”

“ပြင်ဦးလွင်ကပါ ... ”

“ဟာ ... အဝေးကြီးကလာတာပဲ ... တစ်ယောက်တည်း မောင်းလာတယ်ဟုတ်လား ... ”

“ဟုတ်ပါတယ် ... အစ်ကိုတို့ကရော ဘယ်သွားမှာလဲဟင်”

“ဩော် ... ကိုယ်တို့က ရန်ကုန်ကိုပါ ... ညီမလေးကလည်း ရန်ကုန်ကိုပဲလား ... ”

ကာကျိုးက ခေါင်းညိတ်ပြလေသည်။

“ရန်ကုန်မှာ အသိအကျွမ်းမရှိဘူးလား ... ဘယ်မှာတည်းမှာလဲ ... ဟိုတစ်မျိုးမထင်နဲ့နော် ... နယ်က တစ်ယောက်တည်းလာတာမို့ မေးမိတာပါ ... ”

“ရပါတယ် ... လောလောဆယ် ကာကျိုးဟိုတယ်တစ်ခုမှာ





ပဲ တည်းလိုက်မယ် ... ကာကျိုးက ရန်ကုန်ကို အိမ်လာငှား တာပါ ... ဟို ကျောင်းတက်ဖို့လေ ... အဲဒါ အိမ်လာငှားတာ အဟင်း ဟင်း ... ”

“ဩော် ... လူကြီးတွေ ဘာတွေ မခေါ်ခဲ့ဘူးလား ... တစ်ယောက်တည်းရယ် ... ”

“ကာကျိုးမှာ မိဘတွေ မရှိတော့ပါဘူး ... ”

တိုးသက်သွားကာ ချက်ချင်းဆိုသလို ရွှင်လန်းနေရာမှ ညှိုးနွမ်းသွားသောမျက်နှာလေးကိုကြည့်ကာ ညီစေတစ်ယောက် အတော်ကြီး အားနာသွားကာ ကာကျိုးအပေါ်မှာလည်း အလွန်အမင်း ကရုဏာသက်သွားမိပါသည်။ ကြည့်ပါဦး ဒီလောက်နုနယ်ချစ်စရာကောင်းသည့်ကောင်မလေးမှာ မိဘတွေ မရှိတော့ဘူးတဲ့။ ကိုယ့်မှာတောင် အလွန်အမင်းချစ်ခင်လေးစားရသည့် မိဘနှစ်ပါးစုံညီစွာဖြင့်ရှိကာ မိသားစုပျော်ပျော်ရွှင်ရွှင်ရှိသည့်ဘဝ။ ကာကျိုးဆိုသော ကောင်မလေးမှာ မိဘတွေရှိတော့ဘူးဆိုတာ သိရ၍ ညီစေနှင့် ဥက္ကာတို့မှာ သနားကရုဏာသက်သွားရသလို ချက်ချင်းဆိုသလိုပင် ညီမရင်းတစ်ဦးပမာ ချစ်ခင်နှောင်တွယ်သွားမိပါသည်။

ဥက္ကာက ကားဘီးလဲပြီးသွား၍ ဂျိုက်ကိုမကာ ကာကျိုးကားနောက်ခန်းထဲသို့ ပြန်ထည့်ပေးလိုက်ပါသည်။

“ညီမလေးက ဘယ်ဟိုတယ်မှာ တည်းမှာလဲ ... ”

“ရပါတယ် ... အဆင်ပြေရာပေါ့ ... မြို့ထဲနဲ့နီးနီးနားနားပဲ



www.burmeseclassic.com

www.burmeseclassic.com



တည်းချင်တယ် ... အင်း ... အစ်ကိုတို့ သွားရင်လည်း သွားလေ ... ရပါတယ် ... ”

“ဟင် ... ညီမလေးက မလိုက်ဘူးလား ... ရန်ကုန်သွားမှာဆို ... ”

ကာဂျီးက ခေါင်းလေးကုတ်ကာ ရှက်ရယ် ရယ်လိုက်ရင်း ...

“မှောင်နေပြီ အစ်ကိုရဲ့ ... ကာဂျီး ရန်ကုန်မရောက်တာကြာပြီ ... လမ်းတွေသိပ်မမှတ်မိတော့ဘူး ... ဒီည ပဲခူးမှာပဲ အိပ်ပြီး မနက်မှ သွားတော့မယ် ... ”

ဪ ... ဟူသောစကားကို စိတ်ထဲမှပင် ရေရွတ်ကာ ညီစေမင်းက ကာဂျီးကိုသာ ကြင်နာစွာ ငေးစိုက်နေမိပါသည်။ ကိုယ့်ကို ကူညီခဲ့သော်လည်း အကူအညီတစ်ခုမှ ပြန်မတောင်းရှာဘဲ သူ့ဘာသာ အဆင်ပြေမဲ့နည်းလမ်းကို ရှာကာ ကိုယ့်အားကိုယ်ကိုးတတ်သည့် စိတ်ဓာတ်ရှိသော ကောင်မလေးကို ညီစေက ကျိတ်၍ အမှတ်ပေးမိပါသည်။ တကယ်ဆို ကိုယ့်ကားနှင့်ရန်ကုန်ထိ လမ်းကြုံရှာသားပဲ။ ပြီးတော့ ကိုယ့်ကိုလည်း အကူအညီတောင်းလျှင် ရပါလျက်နှင့် ဘယ်သူ့ကိုမှ ဒုက္ခမပေးချင်တတ်သော၊ ဘာမဆို ကိုယ့်စွမ်းကိုယ်စနှင့်သာ ရင်ဆိုင်ဖြေရှင်းလိုစိတ်ရှိသော ကာဂျီးကို လေးလည်း လေးစားကာအထင်ကြီးမိသွားပါသည်။ ငယ်ရွယ်သလောက် နားလည်သိမြင်ကာ ထက်မြက်သူတစ်ဦးပင်။





ဥက္ကာက မချင့်မရဲ ဖြစ်သွားကာ ...

“ဟာ ... ရတယ်လေ ... အစ်ကိုတို့ ကားနောက်က လိုက်ခဲ့ပေါ့ ... ဘာအားနာစရာရှိလို့လဲ ... ဟိုတယ်ရှေ့ထိ ပို့ပေးမယ်လေ ... အင်း ပို့ပေးစရာတောင် မလိုပါဘူး ... အဲဒီရှေ့က ဖြတ်ရမှာပဲ ... ညီမလေး မီကာဆာဟိုတယ်သိတယ်မလား ... အဲဒီမှာ တည်းမလား ... ဒါမှမဟုတ် မြို့ထဲမှမြို့ထဲကြိုက်ရင် ထရိတ်ဒါးစ်ရှိတယ် ... မိုလ်ချုပ်ဈေးနဲ့နီးတယ် ... နောက် အဲဒီနားမှာပဲ စင်ထရယ်ရှိတယ် ... ကြိုက်ရာပြော ... ”

“ရတယ် ... မရမ်းကုန်းက မီကာဆာမဟုတ်လား ... အဲဒီမှာပဲ တည်းမယ် ... ဟို ... အဲဒီရောက်အောင်ကို ကာဂျီး မသွားတတ်တော့လို့ ... ”

“ဪ ... ဒါများ ပြောပေါ့ ညီမလေးရယ် ... အင်း စကားပြောနေရတာနဲ့ ကျေးဇူးတင်စကားတောင် မပြောဖြစ်ဘူး၊ ကျေးဇူးအလွန် အင်မတန်မှ တင်ပါတယ် ... အစ်ကိုတို့ကိုလည်း မှတ်ထားပေါ့ ... အကူအညီလိုရင်လည်းတောင်း ... ရှေ့ ... ဒီမှာ Visiting Card အစ်ကို့နာမည်က ဥက္ကာမင်းတဲ့ သူက ညီစေမင်းတဲ့ ... သူနဲ့အစ်ကိုနဲ့က အမျိုးတော်တယ် ဟဲ ... ဟဲ ... ”

ကာဂျီးကပြုံးရယ်ကာ လိပ်စာကတ်လေးကို လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ယူလိုက်ရင်း နားထဲမှာ ညီစေမင်းဟူသော အသံကို ထပ်ခါတလဲလဲ ပြန်ကြားနေမိပါသည်။ ညီစေမင်းတဲ့။ ဒီနာမည်မျိုးဟာ နှစ်ယောက်မရှိနိုင်သော ရှားပါးအမည်တွေပင် ဖြစ်ပါသည်။ ဘုရား ဘုရား ရှင်ဟာ ကိုစေမင်းရဲ့ညီများလားဟင်။ ကာဂျီးသည် ဖွင့်ဟမေးလိုက်ချင်စိတ်ကို ဖွတ်အတင်းချိုးနှိမ်ထားကာ လိပ်စာကတ်ပြားလေးကို ကျစ်ကျစ်ပါအောင် ကိုင်ရင်း ကားပေါ်တက်လိုက်ပါသည်။

တကယ်လို့ ညီစေမင်းဟာ ကိုစေမင်းရဲ့ညီဖြစ်နေခဲ့ရင် ကာဂျီးသည် အင်မတန်တိုက်ဆိုင်လှသည့် ကံကြမ္မာကို အကြီးအကျယ် အံ့အားသင့်ရပါတော့မည်။ နှင်းစုရေ ငါတော့ ... ရန်ကုန်ကိုမရောက်ခင်မှာဘဲ အံ့သြဆန်းကျယ်မှုတွေနှင့် စတင်ကြုံတွေ့နေရပြီဟေ့။ အင်း ကာဂျီးတော့ ဘာမှမတွေးတတ်တော့အောင်ပါပဲနော်။ ညီစေမင်းဟာ နှင်းစုရဲ့ မတ်တော်မောင်လောင်းဆိုတာ သေချာသလောက်နီးနီးကို ရှိနေခဲ့တာလေ။

ကိုစေမင်းရဲ့ညီမှန်း သေချာသွားခဲ့ရင် ကာဂျီး ဘာလုပ်ရပါတော့မလဲ။ ကိုစေမင်းကိုပဲ အမေရိကားက ပြန်ခေါ်ခိုင်းရမှာလား၊ ဒါမှမဟုတ် ကိုစေမင်းတို့ အသိုင်းအဝိုင်းကိုပဲ လက်ထပ်စာချုပ်သွားပြကာ နှင်းစုကို ချွေးမတစ်ယောက်အဖြစ် လက်ခံခိုင်းရမှာလား။ ကိုယ် နဂိုစီစဉ်ထားတဲ့အတိုင်းပဲ ဆက်လုပ်ရတော့မှာလား။ မစဉ်းစားတတ်တော့ပါဘူးကွာ။ အကောင်းဆုံးကတော့ ဒီအဖြစ်အပျက်တွေကို ညီစေမင်းဆိုသည့် ခပ်ချောချောပုဂ္ဂိုလ်ကြီးကို





သိစေချင်တော့တာပါလေ။ အနေတည်လှမည့် ထိုလူကြီးကို ကာဂျီး ကြောက်ပါရဲ့နော်။

ကာဂျီးက ပခုံးလေးကို အသာတွန့်ရင်း ကိုယ့်ရှေ့က မောင်းနေသည့် ကားပေါ်က ညီစေမင်းဆိုသည့် ပုဂ္ဂိုလ်ကြီးကို စိတ်ကူးထဲမှ လှမ်းငေးနေလိုက်ပါသည်။ တဖြည်းဖြည်းနှင့် ရန်ကုန်ဆင်လာခဲ့ပြီမို့ ယာဉ်တွေရှုပ်လာကာ ကာဂျီးတစ်ယောက်ညမှောင်ချာပင် ရှေ့ကားကိုလည်းကြည့်ရင်း၊ လမ်းတွေကိုလည်း သေချာမှတ်သားရင်း အားလုံးကို ခေတ္တမေ့သွားပါသည်။ မရမ်းကုန်းမီကာဆာ ဆိုတယ်ရှေ့သို့ ရောက်သောအခါ ရှေ့ကားက ရပ်သွားရင်း ကားပေါ်မှ ကိုဥက္ကာဆိုသူက ဆင်းလာပါသည်။

"ရရဲ့လား ကာဂျီး ... အစ်ကိုတို့ ဆင်းပြောပေးရဦးမလား"

"ရပါတယ်အစ်ကို ... ကျေးဇူးပဲ ... အများကြီးတင်တယ်နော် ..."

"ဟာ ... တို့က တင်ရမှာပါ ... ဒီမှာ အစစအရာရာ အဆင်ပြေပါတယ် ... အင်း ကာဂျီးက အိမ်တွေငှားမယ်ဆိုတော့ အသိအကျွမ်းလည်း မရှိနဲ့ ... အဆင်ပြေပါ့မလား ... ရလား ဘာကူညီရဦးမလဲ ..."

ကာဂျီးက သွားဖြူဖြူလေးများပေါ်အောင် ပြုံးလိုက်ရင်း ...

"ရပါတယ် ... ကာဂျီး အကျိုးဆောင်လုပ်ငန်းတစ်ခုခုနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်လိုက်ပါမယ် ... စိတ်မပူပါနဲ့ ...”

“ကောင်းပြီလေ ... အကူအညီလိုတာရှိလည်း ပြောပေါ့

ဒါဆို သွားမယ်နော် ...”

ကာဂျီးက ခေါင်းဆတ်ပြလိုက်ရင်း ဉက္ကာတို့
ထွက်သွားသည်ကို လက်ပြနှုတ်ဆက်ပြီးမှ ဟိုတယ်ဝန်းအတွင်း
ကားမောင်းဝင်ခဲ့ပါသည်။ ကားကို ဟိုတယ်ဝန်ထမ်းတစ်ဦးအ
သိမ်းခိုင်းလိုက်ပြီးမှ သော့ယူကာ ရီဆက်ရှင်သို့ လျှောက်လာခဲ့
သည်။ Middle Class ထဲမှ Single room တစ်ခန်းယူကာ အခန်း
တက်လာခဲ့ပါသည်။ တစ်နေကုန် မောင်းနှင်လာရ၍ နွမ်းနယ်
ခြေတွေလက်တွေ ညောင်းညာကိုက်ခဲမှုကို ရေနွေးနှင့် ရေစိမ်ချိုး
မှ အဝတ်အစားလဲကာ အောက်ထပ်စားသောက်ခန်းထဲသို့ ပြန်ဆင်း
လာကာ ညစာ စားရပါသည်။ စားပြီးတော့တာနှင့် ဗိုက်လေးတ
ရယ်၊ ပင်ပန်းမှုဒဏ်ရယ်ပေါင်းကာ ကာဂျီးတစ်ယောက်ကား
လှသည့် မွေ့ရာကြီးပေါ်၌ ချက်ချင်းဆိုသလိုပင် အိပ်မောကျ
သွားခဲ့ပါလေသည်။







ညီစေပေါ့ အိမ်ပြန်ရောက်သောအခါ ညကိုးနာရီခွဲခန့်
ရှိနေပေပြီ။ ဉက္ကာက ကားသိမ်းနေတုန်း ညီစေက အိမ်ထဲဝင်လာခဲ့
သည်။ မေမေက ညေ့ခန်းမှာထိုင်ကာ ညီစေ့ကိုစောင့်နေပါသည်။
ညီစေ့ကို မြင်သောအခါ ထိုင်ရာမှ ထလာရင်း ...

“သား ပင်ပန်းလာပြီလား ... နည်းနည်းနောက်ကျတယ်
နော် ...”



www.burmeseclassic.com

www.burmeseclassic.com



ညီစေက ခေါင်းညိတ်ပြရင်း မေမေ့ဘေးမှာ ဝင်ထိုင်လိုက်ပါသည်။

"ပဲခူးက ခြောက်နာရီကျော်မှ ထွက်တာမေမေ ... ဒီကြားထဲ ကားက ဘီးပေါက်နေသေးတယ်လေ ... ကိုမျိုးနိုင်က ဂျိုက်ငှားပြီး ပြန်မပေးတော့ ... နည်းနည်းစိတ်အနှောင့်အယှက်ဖြစ်ရသေးတယ် ... "

"သြော် ... မျိုးနိုင်ကလည်း အမေ့မေ့အလျော့လျော့ ဒါနဲ့ အဆင်ပြေသွားတယ်မလား ... "

"ပြေပါတယ် ... ကားတစ်စီးဆီက အကူအညီရတယ်"

ဘာကြောင့် ကာဂျီးကို အမှတ်တရရှိနေဆဲဆိုတာကို ညီစေ မတွေးတတ်သေးပါ။ သူတို့ကား ပျောက်ကွယ်သည်အထိ လက်ပြကျန်ရစ်သော ကာဂျီးရဲ့ပုံရိပ်လေးကို ယခုထိတိုင် မျက်စိထဲမှ မထွက်နိုင်သေးပေ။ ထိုစဉ်မှာပင် ကားသော့ကို ပစ်မြှောက်ကစားရင်း ဥက္ကာက အိမ်ထဲဝင်ရောက်လာပါသည်။

"မေကြီးရေ ... သားဗိုက်ဆာပြီဗျ ... အင်း ညီစေကတော့ မဆာဘူးထင်တယ် ... "

"သားက ဘာတွေစားလာလို့လဲ ... "

"ဟာ ... ဘာမှမစားပါဘူး အလကား ... မေမေကလည်း ဒီကောင့်အကြောင်း သိရဲ့သားနဲ့ ... "

"အင်း ပြီးမှ လာမပြောနဲ့နော် ... ပြီးမှ အကြောင်းသိမယ်"





ညီစေက ထိုင်ရာမှထကာ ဥက္ကာကို တစ်ချက်တွန်းဝစ်ခဲ့ရင်း အပေါ်ထပ်တက်လာခဲ့ပါသည်။ အောက်ထပ်မှာ ဥက္ကာရဲ့ အသံကျယ်ကျယ်က လွှင့်ပျံ၍ ကျန်ခဲ့လေသည်။ အင်း ဥက္ကာတစ်ယောက်တော့ဖြင့် မျောက်အုန်းသီးရသွားသလို ဖြစ်တော့မှာကို ညီစေက ကြိုသိနေပေသည်။ ကားပေါ်မှာတုန်းက မနက်ဖြန်မနက်ကျရင် ကာဂျီးကိုသွားတွေ့ပြီး အကူအညီပေးဖို့ ဥက္ကာကိုပြောခဲ့မိလေသည်။ ဥက္ကာရဲ့ ပြူးကျယ်ဝိုင်းစက်သွားသော မျက်လုံးတွေကို ပုံရိပ်ထဲမှ မထွက်ဘဲ ရယ်ဟဟဖြစ်သွားသည့် နှုတ်ခမ်းကလည်း ကိုယ့်ကိုလှောင်ပြောင်လိုမှန်း ညီစေက ရိပ်မိနေပေမဲ့ မတတ်နိုင်တော့။ ညီစေသည် ကာဂျီးဆိုသော ကောင်မလေးကို အမှန်တကယ်ပင် ခင်မင်သွားခဲ့မိပါသည်။ စိတ်ရင်းကောင်း၍ ရိုးသားဖော်ရွေမှုဟာ မျက်နှာမှာ ထင်ဟပ်နေသော ကာဂျီးနှင့်ရှေ့ဆက်၍ ရင်းနှီးပတ်သက်မှု ရယူလိုပါသေးသည်။ ကိုယ်တွေ့ဆုံပတ်သက်ခဲ့ဖူးသော မိန်းကလေးများနှင့် ကာဂျီးက တစ်မျိုးတစ်ဘာသာ ကွဲထွက်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com





ညက ပင်ပင်ပန်းပန်းနှင့်အတော်လေး နှစ်ခြိုက်အိပ်မောကျသွားခဲ့သော ကာဂျိုးဟာ မနက်ကိုးနာရီမှပင် အိပ်ရာမှနိုးပါသည်။ နာရီကိုတစ်ချက်ကြည့်လိုက်ပြီး မထသေးဘဲ ဆက်နှပ်နေမိလေသည်။ အင်း ညကတော့ ဆာဆာနှင့်အဝတီးပစ်လိုက်ကာ မောမောနှင့်အိပ်ပျော်သွားခဲ့ရ၍ ဘာမှကို မစဉ်းစားနိုင်တော့။ အခုတော့ ရှင်ရှင်လန်းလန်းနိုးလာပြီမို့ ညက အဖြစ်ကို တရေးရေးပြန်မြင်





ယောင်လာပါသည်။ ညီစေမင်းဆိုသော လူချောကြီးကို ကာဂျိုးသတိရမိပါသည်။ အင်း မစ္စတာဘင်းနဲ့ကတော့ နောက်ကပဲပေါ့နော်။ တိုက်တိုက်ဆိုင်ဆိုင်ဖန်တီးလာသော ကံကြမ္မာကို ကျေးဇူးတင်ရမှာလား ဒါမှမဟုတ် ရှောင်ဖယ်သွားရမှာလားဆိုတာတော့ ကာဂျိုးမတွေးတတ်သေးပါချေ။ ကပါလေ လောလောဆယ် ဘာမှတွေးတာပဲကောင်းပါတယ်။ လုပ်စရာရှိတဲ့အလုပ်ကို အရင်ဆုံးမြန်မြန်လုပ်ရတာပေါ့။ အပျင်းကြီးနေလို့ မဖြစ်သေးပါဘူးနော်။

ကာဂျိုးက Air-con Speed ကို Remote ဖြင့် လျှော့လိုက်ပြီး စောင်ပုံအောက်မှ ထွက်လာကာ ခုတင်ဘေးမှာရှိသော ဖုန်းပြားလေးကို ကောက်မကာ ရီဆက်ရှင်ကို ခေါ်လိုက်ပါသည်။ တစ်ဘက်မှ နှုတ်ဆက်စကားသံကို ပြန်နှုတ်ဆက်လိုက်ပြီး ...

"တို့ကို ပြင်ဦးလွင်က နံပါတ် ( ... )နဲ့ contect လုပ်ပေးပါနော် ... "

"ဩော် ... ဟုတ်ကဲ့ ... ခဏစောင့်ပါရှင် ... "

ငါးမိနစ်ခန့်အကြာမှာပင် ပြင်ဦးလွင်ဖုန်းနှင့် ကာဂျိုး contect ရသွားပါသည်။

"အန်တီမြိုင်လား ကာဂျိုးပါ ... ကာဂျိုးရန်ကုန်ကိုမနေ့ညကရောက်တယ် မီကာဆာမှာ တည်းတယ် ... အခု အဲဒီက ဆက်နေတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... လမ်းမှာ အားလုံးအဆင်ပြေတယ်မလား"

အင်း အန်တီမြိုင့်ကို ဟိုကိစ္စပြောလိုက်လျှင် ကောင်းပါ့မလား။ အို သေဖြင့်မသေချာသေးဘဲနဲ့ တော်ပါပြီလေ။ ကာဂျီးက မပြောတော့ဖို့ ဆုံးဖြတ်လိုက်ရင်း ...

"ပြေပါတယ် ... ဘာမှမဖြစ်ဘူး ... အခုမှ ကာဂျီးအိပ်ရာကနိုးတာ ... ပြီးတာနဲ့ အခန်းငှားဖို့ စုံစမ်းတော့မယ်လေ ... အရင်ဆုံး Yellow Book (အဝါရောင်လမ်းညွှန်)ထဲကတစ်ဆင့် ဖုန်းနဲ့မေးကြည့်လိုက်မယ် ..."

"ကောင်းပါတယ် ... ကာဂျီးဘာသာ ကြည့်ကျက်ပြီး စီစဉ်ပါ ... တိုက်ခန်းကို သိပ်အမြင့်တွေ မငှားနဲ့နော် သမီး"

"သဘောပေါက်ပါတယ် ... ပထမလွှာလောက်ဆို ရတယ်မလား ..."

"အေး ... ရပါတယ် ... အဲလောက် လှေကားကတော့ အိမ်မှာတောင် တက်သေးတာပဲ ... အေး ... အေး ... အဆင်ပြေအောင်သာ စီစဉ်လိုက် သမီးရေ ... ဩော် ... ရော့ ဒီမှာ နှင်းစုကပြောဦးမယ်တဲ့ ..."

နှင်းစုအသံက ဖုန်းလိုင်းထဲ ဝင်ရောက်လာပါသည်။

"ကာဂျီးရယ် နှင်လည်း ငါ့အတွက်နဲ့ ပင်ပန်းနေရပြီနော်"

"ဒါတွေ မပြောပါနဲ့ဟာ ... ဘာမှ မပင်ပန်းဘူး ... ကိုယ့်ကားနဲ့ကိုယ်သွားတာ နှင်သာကျန်းမာအောင်နေ ... ငိုမနေနဲ့နော် ... ဩော် ... ဒါနဲ့ နှင့်ကိုမေးရဦးမယ် ..."

"ဘာမေးမှာလဲ မေးလေ ..."

"ကိုစေမင်းမှာ ညီတွေဘာတွေရှိလား ..."

"ညီတစ်ယောက်ရှိတယ် ... တစ်နှစ်ပဲကွာတယ်တဲ့ ... ဘာလို့လဲဟင် ..."

"ဘာမှမဖြစ်ပါဘူး သူ့နာမည် နှင်သိလား ..."

"သိတယ် ... ညီစေမင်းတဲ့ ..."

ဩော် တကယ်ပဲ သေချာသွားခဲ့ပြီ နှင်းစုရေ။ ငါမနေ့က မရည်ရွယ်ဘဲ တွေ့ဆုံကူညီလိုက်မိသူဟာ နှင့်ချစ်သူ ကိုစေမင်းရဲ့ညီ၊ ညီစေမင်းတဲ့လေ။ ဒီအကြောင်းတွေကို နှင်သိရင် ဘယ်လိုဆုံးဖြတ်ဦးမှာလဲ နှင်းစုရေ။ ဘာပဲဖြစ်ဖြစ် နှင့်ကိုပြောပြဖို့ ငါ့မှာတာဝန်ရှိပါတယ်လေ။ နောက်များမှပေါ့။

"နှင် ဘာလုပ်မလို့လဲ ကာဂျီး ..."

"ဘာမှ မလုပ်ပါဘူး ... မေးကြည့်တာပေါ့ ... ဘာလဲ သတိရသွားလို့လား ... အဟား ... ဟား ... ကဲပါ ငါ ဖုန်းချတော့မယ် ... ငါ အိမ်ကိစ္စ စုံစမ်းရဦးမယ် ဒါပဲနော် ..."

ကာဂျီးက အရင်ဦးအောင် ဖုန်းချလိုက်ကာ စကားစ ဖြတ်ပစ်လိုက်ပါသည်။ ထိုစဉ်မှာပင် ဖုန်းခေါ်သံက ထပ်မံထွက်ပေါ်လာလေသည်။ ကာဂျီး ကောက်နားထောင်လိုက်တော့ ရီဆက်ရှင်မှ ကာဂျီးထံ ခညွှသည်ရောက်နေ၍ ဆတ်သွယ်ပြည့်ဖုန်း







www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေပါသည်။ ကာရိုးက အမြန်ဆောခဲ့မည့်အကြောင်း ပြန်ပြောရင်း ရေချိုးခန်းထဲဝင်ကာ မျက်နှာသစ်၊ သွားတိုက်ရင်း ကိုယ့်ဆီလာသောဧည့်သည်က ဘယ်သူဖြစ်နိုင်မလဲဆိုတာ စဉ်းစားခန့်ဝင်လာပါသည်။ အင်း ရန်ကုန်မှာလည်း ကာရိုးရဲ့အသိမိတ်ဆွေတွေ တစ်ဦးမှ မရှိပါဘူးနော်။ ကာရိုးဆီလာသောဧည့်သည်ဟာ ဘယ်သူများဖြစ်မလဲ။

ကာရိုး ဒီမှာတည်းနေတာကို သိမည့်သူများဟာ မနေ့က ဆုံတွေ့ခဲ့ရသည့် ညီစေမင်းနှင့်မစ္စတာဘင်နိတို့သာ ရှိပါသည်။ ဒါဆို ဧည့်သည်များဟာ ဒင်းတို့ပဲပေါ့။ ဘာလာလုပ်တာပါလဲ လူစိမ်းများရယ်။ အမှတ်တမဲ့ကူညီခဲ့ဖူးတဲ့ ကာရိုးကို နောက်ထပ်တစ်ခါ ဆုံဆုံစည်းစည်း ဟိုတယ်ရာရောက်လာတွေ့တာ ဘာအကြောင်းများပါနဲ့လဲရှင်။ စိတ်ဝင်စားစရာမကောင်းသည့် မျက်လုံးပြူးပြူးနှင့် ကုလားမလေးပုံသဏ္ဌာန် ကာရိုးကို ထပ်မံအကူအညီတောင်းဦးမလို့များလားနော်။ အင်း သိပ်တော့မဖြစ်နိုင်ပါဘူး။ ကူညီချင်းကူညီ ပုဂ္ဂိုလ်ကြီးတို့ကသာ ကူညီရမှာပေါ့နော် ...။ ကဲ ကာရိုးဘာရှိးမှ မထုတ်ဘဲနဲ့ ဆင်းလာခဲ့ပြီ။ အဝတ်အစားတော့ လဲခဲ့တာပေါ့လေနော်။







ရှိဆပ်ရှင်က ဆိုဖာပေါ်မှာထိုင်ရင်း ညီနှစေတစ်ယောက် လက်ဖဝါးအချင်းချင်းကို ပွတ်သပ်ကာ ရင်တွေလည်းခုန်နေတာကို ကိုယ့်ဘာသာပင် အတိုင်းသားပြန်ကြားနေရပါသည်။ အင်း ဥက္ကာတစ်ယောက်တောင် ကြားသွားပြီလား မသိပါဘူး။ကျွ ဒ်မယ် ဒင်းက ကိုယ့်ကိုများတောင် လက်ဝါးတစ်ဖက်ကာပြီကာ ခေါင်းညိတ်ပြီး အားပေးသလိုပြုံးပြနေသေး။ အတွေ့အကြုံမရှိသေး

www.burmeseclassic.com



သော ချာတိတ်ပေါက်စတစ်ယောက်ကို နှစ်သိမ့်သလိုမျိုးနှင့် ညီစေက ဥက္ကာကို ရှုံ့တည်တည်ကြည့်ကာ ကာဂျီးဆင်းလာမည့်လှေကားဆီကိုသာ အာရုံပြန်ပို့ထားလိုက်လေသည်။ အမြန်ဆုံးလာခဲ့ပါမယ်တဲ့။ ကြည့်ရတာ ပင်ပင်ပန်းပန်းနှင့် အိပ်ရာက မနိုးသေးတာပင်ဖြစ်ပါမည်။ ဩော် တတ်လည်းတတ်နိုင်ရှာတဲ့ ကလေးမ။

ပြင်ဦးလွင်ကနေ ရန်ကုန်ထိ တစ်ယောက်တည်းကားမောင်းလာဝံ့သော သူမရဲ့ သတ္တိနှင့်ထက်မြက်မှုကိုတော့ ကိုယ်က တကယ့်ကိုပင် အသိအမှတ်ပြုရပါသည်။ ကိုယ်တို့လိုယောကျ်ားသားတွေတောင် ဟိုင်းဝေးခရီး မောင်းရလျှင် ညောင်းညာကိုက်ခဲပင်ပန်းရတာအလွန်ပင်။ဒါတောင် ယောကျ်ားသားများက အညောင်းပြေအညာပြေ ဝီစကီငုံခွင့်၊ ဘီယာလွေးခွင့်၊ တချို့ယောကျ်ားသားများဆိုလျှင် massage လုပ်ကာ အပန်းဖြေသည့်နည်းတွေ ရှိကြပါသည်။ ကာဂျီးလို ကောင်မလေးမျိုးကတော့ အဲဒါတွေအစား ရေနွေးနွေးနှင့်ရေချိုးကာ အပြည့်အဝ အိပ်စက်ခွင့်သာရှိပါလေမည်။ အင်း နေ့ခင်းဘက်ထိများကလေးမက အိပ်ဖို့ စိတ်ကူးထားရင် ကိုယ်တို့ကြောင့်ဖြင့် အိပ်ရေးပျက်ရချည်ရဲ့။

ကာဂျီးအတွက် အစမှအဆုံး စာစာနာနာ တွေးပေးမိနေသော ညီစေဟာ ကာဂျီးတစ်ယောက်လှေကားမှ လှမ်းဆင်းလာသည်ကို မြင်လိုက်ရကာ ဘေးနားမှာရှိသော ဥက္ကာကိုလည်း အဆင်သင့်လက်တို့ပြီးသား ဖြစ်နေလေသည်။ အားကိုးရသော





ဥက္ကာဟာလည်း မျက်နှာကို ထာဝစဉ်ပြုံးသည်ထက် ပိုပြုံးထားပါသည်။

အခုမှ အိပ်ရာနိုးကာစ ဖြစ်ဟန်တူသည့် ကာဂျီးမျက်နှာလေးက အိပ်ရေးဝထားဟန်ဖြင့် မို့ဖောင်းကာ ပိုချစ်စရာကောင်းနေပါသည်။ ဆံပင်တိုလေးများကား ခေါင်းပင် ဖြီးခဲ့ဟန်တူဘဲ လက်နှင့်သာ တစ်ချက်နှစ်ချက် သပ်လာသည့်ပုံ။ သူတို့ကိုမြင်သောအခါမှာ သိပ်၍အံ့သြသွားဟန်မရှိဘဲ အမြဲတောက်ပနေသည့် အပြုံးတစ်ခုနှင့် 'ရောက်နေတာကြာပြီလား'ဟုပင် စတင်နှုတ်ခွန်းဆက်ကာ သူတို့နှင့် မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်လေသည်။

ဥက္ကာက စတင်ကာ တစ်စက်လေးမှရှိန်နေဟန်အနေခက်ဟန်မရှိလေဘဲ ...

"အိပ်ရေးပျက်သွားလား ... ညီမလေး ..."

"မပျက်ပါဘူး ... ကာဂျီး နိုးနေပါပြီ ... အစောနတင် အိမ်နဲ့ဖုန်းပြောဖြစ်သေးတယ်လေ ... ဒါနဲ့ အစ်ကိုတို့ကို ဘာအကူအညီပေးရဦးမလဲ ..."

ကာဂျီးရဲ့ အရွှန်းဖောက်စကားကို ပထမတော့ သူတို့နှစ်ဦးလုံး ကြောင်သွားရကာ ချက်ချင်းပင် ဥက္ကာက တုံ့ပြန်စကားဆိုနိုင်ပါသည်။ အင်း မင်းမဆိုးဘူးဘဲ ကာဂျီးရယ်။ တစ်ဖက်လူ အနေမခက်ရလေအောင် စကားအရာမှာ ပါးနပ်ပါပေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟား … အစ်ကိုတို့က အကူအညီပေးမလို့ပါဗျာ … ကာဂျိုး တစ်ယောက် အဆင်မှပြေပါ့မလားလို့ရယ် … နောက် မိန်းကလေးတစ်ယောက်တည်း အိမ်ငှားရတာ အဆင်မပြေ မှာစိုးတာရယ်တွေကြောင့် လာမေးတာပါ … "

"ရပါတယ် … ကာဂျိုးအားလုံးအဆင်ပြေပါတယ် … အိမ် ငှားဖို့ကလည်း Yellow Book ထဲကတစ်ဆင့် ဖုန်းနဲ့ conta လုပ်ကြည့်မှာပါ … အခုလို ဂရုတစိုက်နဲ့လာမေးတဲ့ အစ်ကို တို့ကိုလည်း ကျေးဇူးတင်ပါတယ် … "

ဩော် … အကူအညီတွေကို တကယ်ပဲ လက်မ ချင်ဘူးလား ကာဂျိုးရယ်။ အပြုံးလေးတစ်ခုနှင့်တင် လှလှပပ ငြင်း ဆန်ပစ်တော့တာပဲလား။ အင်းလေ … အခုမှတွေ့တဲ့ သူစိမ် ယောက်ျားလေးတွေရဲ့ အကူအညီကို ချက်ချင်းကောက်ငင်း မယူတ သဘာဝတော့ကျပါတယ်လေ။ ကာဂျိုးမို့သာ လူလူချင်းလေးတေ ခင်မင်သောအားဖြင့် ချိုသာယဉ်ကျေးစွာ လက်ခံတွေ့ဆုံနေတာ ဖြစ်နိုင်ပါတယ်။

တော်တန်ရုံဟာမျိုးဆိုလျှင်တော့ တစ်ခါလေးတွေ့ ဖူးတာနှင့် ဘာလဲ၊ ဘာကြောင်တာလဲ၊ ဘာလာပတ်သတ်တာလဲ ထင်မည်မလွဲ။ သို့မဟုတ်ပါကလည်း ကိုယ်တို့လိုလူမျိုးတွေရဲ့ အကူ အညီကို မတောင်းခင်ကပင် လိုက်လိုက်လဲလဲကူညီပါရစေဆိုသော မဒီငယ်လေးများရဲ့ ပုံအရဆိုလျှင် ဒီလိုလေးသာ လမ်းကြောင်းလိုင်





ဆိုက်ဆိုက်ကိုပါလာမှာ မလွဲစေရ ဆိုတာမျိုးတွေလည်း ရှိလာနိုင် လေသည်။

ဘယ်လိုလုပ်ရမလဲ ကာဂျိုးရယ်။ ကိုယ်က မင်းနဲ့ ဆက်လက်ပတ်သက်ဖို့ဆန္ဒတွေ အများကြီးရှိသေးတယ်လေ။ ရင်းနှီး ခင်မင်ခွင့်တော့ ပေးသင့်တာပေါ့ တောင်လှေကားမြို့သူရယ်။

"ဩော် Yellow Book ဆို လှန်ရှာဖွေရ ကြာနေမှာပေါ့ … အစ်ကိုတို့အသိ အကျိုးဆောင်တစ်ယောက်ရှိတယ် … အစစအရာရာ စိတ်တိုင်းကျဖြစ်ရမှာပါ … အစ်ကို လိပ်စာ ပေးမယ် … သူနဲ့ ဆက်သွယ်လိုက်ပေါ့ … "

မစ္စတာဘင်းနဲ့ရဲ့အကြံဉာဏ်က လျော်ကန်သင့်မြတ် လှပေမဲ့ ကာဂျိုးက တစ်ချက်တည်းနှင့်ပင် ဦးနှောက်ထဲမှ ဖယ်ထုတ် ပစ်လိုက်ပါသည်။ ဘယ်နည်းနဲ့မှမဖြစ်နိုင်ပါဘူး ကိုရှပ်ပြောင်ရယ်။ ကာဂျိုးဟာ ကျောင်းလာတက်မဲ့သူတစ်ယောက်လည်း အမှန် တကယ် မဟုတ်ရပါဘူး။ လူသိမခံဝံ့တဲ့ကိစ္စတစ်ခုကို ရက်လရှည် ရှား အကောင်အထည်လာဖော်မှာမို့ ဥက္ကာရဲ့အသိ ပွဲစားနှင့်လည်း အလုပ်လုပ်၍ဖြစ်မည် မဟုတ်ပါလေ။

ကိုယ့်ကို ရှေ့ဆက်ပတ်သက် ဆက်နွယ်လာတော့ ည့်အနှီပုဂ္ဂိုလ်များဟာ ဘယ်နည်းနဲ့မဆို ထိုပွဲစားထံမှ အိမ်လိပ်စ ကို ရယူသွားနိုင်ကာ တစ်နေ့မဟုတ် တစ်နေ့တော့ … ယခုပင် ပိုတယ်ရာရောက် မဟုတ်တော့ဘဲ အိမ်တိုင်ရာရောက် ပေါက်



www.burmeseclassic.com

www.burmeseclassic.com



ချလာနိုင်သည်ကို ပုဏ္ဏားမလေး ကာဂျီးက အတတ်ကြိုသိနေပါ
တယ်ရှင်။ အဲဒီအခါမှာ နေ့စေ့လစေ့ မဟုတ်တောင် အတော်အတန်
ရုပ်လုံးပေါ်နေမည့် ကိုယ်ဝန်သည်မိန်းမသားတစ်ဦးကို ကာဂျီးဟာ
ဘယ်လိုခေါင်းစဉ်အောက်မှာ ဆွဲထုတ်ပြရပါမလဲရှင်။

နှင်းစုကို ကျန်းကျန်းမာမာနှင့် မီးဖွားဖို့ကလွဲ၍
ကျန်သည့်ကိစ္စကို မစဉ်းစားရသေးသော၊ လူသိမခံဝံ့သေးသော
အဖြစ်အပျက်များနှင့် စီရစဉ်ရကြံဖန်နေရသည့် ကာဂျီးရဲ့အဖြစ်ကို
ကာဂျီးသာလျှင် သိပါသည်။ ကဲ ... ကာဂျီးကိုမျှော်လင့်ချက်
တောက်ပနေတဲ့ မျက်ဝန်းတွေနဲ့ကြည့်မနေစမ်းပါနဲ့ ကိုလူချောရယ်။
ကာဂျီးလည်း ရှင့်ကို စိတ်ဝင်တစားနဲ့ ခင်မင်ချင်ပါတယ်။ သို့သော်
ငြားလည်း အင်း မေးချင်စမ်းတယ် သိလား။ ရှင့်အစ်ကိုရဲ့ ရင်သွေး
လေး၊ ရှင့်တူလေးကို မွေးဖွားမဲ့ ရှင့်မရီးရဲ့ညီမမှန်း ကာဂျီးကို သိသွား
ခဲ့ရင် ရှင် ဘယ်လိုနေမလဲဟင်။ ညီစေမင်းဆိုတဲ့ လူကြီးရယ်
ကာဂျီးကို မပတ်သက် ပါနဲ့တော့လားရှင်။

"ရပါတယ် အစ်ကို ... ဟို ... ဘယ်လိုပြောရမလဲ မသိဘူး
ကာဂျီးကိုလေ ဘာမှမကူညီပါနဲ့ ရပါတယ် ... အစ်ကိုတို့
ကာဂျီးညီခဲ့တာလည်း ဘာမျှော်လင့်ချက်နဲ့မှ မဟုတ်ပါဘူး
ကာဂျီးနေရာမှာ ဒီပြင်လူဆိုရင်လည်း ဒီလိုပဲကူညီမှာပါ
ဒါ ဒီလောက် respond လုပ်စရာ မလိုပါဘူးရှင် ... ကာဂျီး
ဘာသာ အားလုံးလုပ်တတ်ပါတယ် ... "





အပြီးတစ်စက်မှ မပျက်ရလေဘဲ အလှပဆုံးစကား
တွေနှင့် ငြင်းဆန်သွားသော ကာဂျီးကိုကြည့်ကာ ဥက္ကာတစ်
ယောက် ဘာဆက်ပြောရမှန်းမသိတော့အောင် ဖြစ်သွားရသလို
ညီစေမင်းကလည်း သဘောပေါက်သွားပါသည်။ ဒီလောက် ငြင်း
ဆန်နေရင် ကိုယ့်ဘက်က အလိုက်သိရပါတော့မည်။ ဒီ့ထက်ရှေ့တိုး
ရင်လည်း တစ်ယောက်တည်းသမား မိန်းမငယ်လေးအပေါ်မှာ
ထိပါးစော်ကားသည့်သဘောသို့ သက်ရောက်သွားတော့မည်လေ
ကာဂျီးရယ် ...။ သဘောကောင်းဖော်ရွေတတ်တဲ့ မင်းရဲ့စိတ်ထား
လေးထဲမှာ ခေါင်းမာခြင်းတွေလည်း ပါတာပဲလား

ဥက္ကာက နောက်ဆုံးကျည်ဆန်ကို ထုတ်သုံးလိုက်ပါ
တော့ပြီ။

"အင်းလေ ... ဒါဆိုလည်း ပြီးတာပါပဲ ... အစ်ကိုတို့က
ညီမလေးကို ကိုယ့်ညီမရင်းတစ်ယောက်လို ခင်မင်လို့ လို
အပ်တာကူညီရအောင် မေးတာပါ ... ညီမလေးက နယ်က
လာတာ ... ပြီးတော့လည်း တစ်ယောက်တည်းဆိုတော့
အဲဒါကြောင့်ပါလေ ... "

"ဟုတ်ကဲ့ ... ကာဂျီး ကျေးဇူးတင်ပါတယ် ... ရပါတယ်
အစ်ကို ... "

"အင်းလေ ... ဒါနဲ့ ကာဂျီး Breakfast မစားရသေးဘူးနဲ့တူ
တယ် ... လာလေ အစ်ကိုတို့လည်း မစားရသေးဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သွားစားရအောင် ... ဒီဟိုတယ်မှာပဲ စားမှာပါ ... ”

ဒီတစ်ခါတော့ ငြင်းဆန်နေ၍ မကောင်းတော့မှန်း ကာဂျီးက ရိပ်မိကာ ပြုံးရင် ခေါင်းညိတ်ပြကာ စားသောက်ခန်းမကို ကိုယ်တိုင်ပင် ဦးဆောင်ခေါ်လာခဲ့ပါသည်။ သုံးဦးသားလုံး ဒင်ဆမ်းစားကြရင်း ဥက္ကာက စကားကိုပြန်၍ စပါသည်။ ညီစေ ာတော့ စကားသိပ်မပြောလှဘဲ ခပ်ဆိတ်ဆိတ်နှင့်ပင် ဒင်ဆမ်းကိုသာ ငုံ့စားရင်း တစ်ချက်တစ်ချက် ကာဂျီးကို လှမ်းကြည့်တတ်လေသည်။ ကိုညီစေရယ် ကာဂျီးကို နားလည်ပေးပါရှင်။ ကာဂျီးမှာလည်း ကာဂျီးအကြောင်းနဲ့ ကာဂျီးပါ။

“ကာဂျီးက ပြင်ဦးလွင်သူအစစ်ပဲပေါ့ ... ”

“အစစ်ပါ ... မွေးကတည်းက အဲဒီမှာပဲ ... ”

“ဩော် ... စပ်စုတယ်တော့ မထင်နဲ့နော် ... ကာဂျီးက မိဘတွေမရှိတော့ဘူးဆိုတော့ ဘယ်သူနဲ့နေတာလဲ ... ”

“အန်တီနဲ့ပါ ... ”

အင်တာဗျူးဖြေနေသလား ထင်ရအောင်ပင် ဥက္ကာက အမေးသမားဖြစ်ကာ ကာဂျီးကတော့ အဖြေသမားသက်သက် ဖြစ်နေပါသည်။

“ကာဂျီးက လူမျိုးခြားနဲ့တူတယ်နော် ဟုတ်လား ... ”

ကာဂျီးက ဒီတစ်ခါတော့ အသံထွက်အောင်ပင် တခစ်ခစ်ရယ်မောလိုက်ကာ ခေါင်းယမ်းပြလိုက်ပါသည်။ အင်း





ကိုယ့်ကိုတွေ့တဲ့သူတိုင်းကတော့ ဒီလိုပဲထင်ကြတာပဲလေ။တကယ်လည်း ကိုယ့်ရုပ်က မြန်မာမလေးတစ်ဦးဟု ထင်စရာမရှိဘဲ အိန္ဒိယရုပ်ရှင်ကားများထဲမှ ကုလားမင်းသမီးများနှင့် သွားဆင်နေတာလေ။ တော်သေးတာပေါ့နော်။ ရုပ်ကြီးတအား မဆိုးလို့။

“မဟုတ်ပါဘူး ... ဗမာ ... ဗုဒ္ဓပါပဲ ... ဘာလို့မှန်းမသိဘူး၊ လူတိုင်းက ကာဂျီးကို အဲလိုပဲ, ထင်တယ် ... အင်းလေ ကာဂျီးကလည်း တကယ်ပဲ အိန္ဒိယဆင်တွက်နေတာကိုး”

“ကာဂျီးက ကို့(ချ်)ကို့(ချ်)ကိုသားဟဲဆိုတဲ့ အိန္ဒိယရုပ်ရှင်ထဲက မင်းသမီးနဲ့တူတယ် ... အဲ ... အဲဒီမင်းသမီးနာမည်ကလည်းကာဂျီးဆိုပဲ ... ”

“အင်း ... ဟုတ်တယ် ... ကာဂျီးကိုကျတော့ ဒီနာမည်ကို အိမ်မှာ နို့လာလာပို့တဲ့ ကုလားမကြီးက ပေးတာ ... အဲဒါ ခုထိ တွင်သွားတော့တာပဲ ... ကာဂျီးက တနလာသမီးဆိုတော့ နေ့နံလည်းသင့်နေတာနဲ့ ဒါပဲခေါ်ကြတာပဲ၊ ကာဂျီးကလည်း ကြိုက်ပါတယ် ... နာမည်နဲ့လူနဲ့လိုက်လို့ ဟားဟား ... ”

နို့ပို့တဲ့ကုလားမကြီးပေးသော နာမည်ကိုလည်း သဘောတကျနှင့် နှစ်သက်ပြန်သေးသော ကာဂျီးရဲ့စိတ်ထားလေးကိုရော သူ့ဘာသာသူ သဘောတကျနှင့်ဟက်ဟက်ပက်ပက် ပြန်ရယ်နေပြန်တော့သော ဝင်းဖန့်နေသည့် ကာဂျီးရဲ့မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



ရော တစိမ့်စိမ့်ငေးကာ ရုတ်တရက်ကာဂျီးက သူ့ဘက်ကြည့်လာ၍ ညီစေတစ်ယောက် သူခိုးလူမိသွားပါသည်။ ဒါပေမဲ့ ကာဂျီးက သူ့ကိုကြည်ကြည်လင်လင်ပဲ ပြုံးပြလာကာ ...

"ဒီက အစ်ကိုက ဗိုက်အရမ်းဆာနေတယ်နဲ့တူတယ် ... စကားကို ဝင်မပြောတော့ဘဲ အစားပဲ စားနေတော့တာပဲ"

ခေါင်းလေးအငုံ၊ အစောင်းနှင့်နှုတ်ခမ်းအပွင့်အပိတ်အတိုင်းမှာ အပြုံးချိုချိုတစ်ခု အမြဲတမ်းပါဝင်တတ်တော့ကာ ရင်းရင်းနှီးနှီး စကားတွေဆိုလာသော ကာဂျီးကို ညီစေက ပြန်လည်ပြုံးပြလိုက်ပါသည်။ အင်း အဲဒီလိုတွေ မပြောစမ်းပါနဲ့ ကာဂျီးရယ်။ ချစ်စရာကောင်းတဲ့ အပြုအမူတွေနဲ့ မဖမ်းစားစမ်းပါနဲ့။ ပြီးတော့ မင်းက အဝေးကိုထွက်သွားဦးမှာပါ။

"အစ်ကိုတို့က ဘာအလုပ် လုပ်သလဲဟင် ... "

ဩော် ... ခုမှပဲ မေးဖော်ရတော့လား၊ စိတ်ဝင်တစားနဲ့မေးတဲ့အတွက် ကျေးဇူးတင်ရမလိုပင်။

"Sun Rise company က ကိုယ့်မိဘတွေလုပ်ငန်းပေါ့ ... ကိုယ်က အဲဒီမှာ MD ပါ ... သိလား ကာဂျီး ... "

"အင်း Sun Rise ပရိဘောဂစက်ရုံကိုတော့ သိတယ် တူတူပဲလားဟင်"

"ဩော် ... တူတူပဲ အဲတူတူပါပဲ ... ကာဂျီးက ဘယ်ဆိုးလို့လဲ ဒါတွေလည်း သိတာပဲလား ... "





"အင်း ... သိတာပေါ့ နာမည်ကြီးပဲဟာကို ... ဒါကို အစ်ကိုတို့က ဘော်ဇာကြီးတွေပေါ့ ... "

"မဟုတ်ရပါဘူးကွာ ... ဒါနဲ့ ကာဂျီးက ရန်ကုန်မှာ ဘာကျောင်းတက်မှာလဲ ... Toffel တွေ ဘာတွေဖြေမလို့လား၊ ဆန်းတန်းအောင်ပြီးတော့ Universty တွေဘာတွေရော မတက်ဘူးလား"

အင်းကာဂျီးဟာ ကိုယ်ပြန်ဖြေမည့်အဖြေဟာ လွတ်ကင်းမှုမရှိ၊ ရှိကို တဒက်ဒက်နဲ့ဆင်ခြင်တွက်ချက်ရင်း ကိုယ့်ဘာဝကိုလည်း နည်းနည်းစိတ်ညစ်လာပါသည်။ စိတ်ညစ်တယ်နော် ကာဂျီးဟာ ဘယ်တုန်းကမှ ဒီလိုဦးနှောက်စားခဲ့တဲ့ အလုပ်မျိုးတွေ လုပ်ခဲ့တာ မဟုတ်ဘူး၊ တအီးအီး တအဲအဲမဖြစ်စေရန် ခပ်မြန်မြန်ပင် စဉ်းစားရကာ။

"ကာဂျီးက ... ဟို ကွန်ပျူတာတက္ကသိုလ်က Final ဖြေပြီးပြီ၊ အဲဒါ ဒီမှာ English နဲ့ပတ်သက်တာလေး ဘာလေး လေ့လာမလို့ပါ ဒါလောက်ပါပဲ"

"ဟာ ကာဂျီးက တော်တာပေါ့၊ ဘွဲ့တောင်ရတော့မှာပဲ၊ အင်္ဂလိပ်စာသင်ပြီး နိုင်ငံခြားထွက်တော့မလို့လား"

ညီစေကတော့ ... စိုးရိမ်တကြီးမေးလိုက်တာကို ကာဂျီးက နှာခေါင်းလေးရှုံ့ရင်း ... တဟင်းဟင်းနှင့်ရယ်ပါသည်။ မတတ်နိုင်ဘူး မကာဂျီးရေ။ ခင်ဗျားဟာ ဗုဒ္ဓဘာသာမြန်မာအမျိုး



www.burmeseclassic.com

www.burmeseclassic.com



သမီးလေးတစ်ဦးဆိုတာ လုံးဝသေချာသွားပြီးတဲ့နောက်မှာ ခင်ဗျား နဲ့ကျုပ်ကြားမှာ ဘာမှကွာဟချက် ကြီးကြီးမားမား မရှိတော့ဘူး လေဗျာ။ ရန်ကုန်မှာနေပြီး သင်တန်းတက်ဦးမဲ့ ခင်ဗျားလေးနဲ့ရှေ့ လျှောက်ပတ်သက်ဖို့လည်း အလားအလာတွေရှိနေတာကြောင့် ဒီ့ထက်နှောင်တွယ်မှုတွေ ပိုသွားမှ ခင်ဗျားလေးက ကိုယ့်တိုးတက် ရာ တိုးတက်ကြောင်းအတွက် နိုင်ငံခြားကို ထွက်မသွားဘူးလို့ မပြောနိုင်ဘူးလေဗျာ။ အခုတောင် ဝေးကွာသောအရပ်ကနေ ရန်ကုန်မြေအထိ တစ်ဦးတည်း ရဲရဲဝံ့ဝံ့ခြေချလာဝံ့သေးတာပဲ။

"မထွက်ပါဘူး အစ်ကိုရယ် ... ရန်ကုန်မှာတောင် နေချင် တာမဟုတ်ဘူး ... ကာဂျီးက. ကိုယ့်မြို့ကိုယ်ပဲပျော်တယ်၊ ချစ်တယ် ... မန္တလေးမှာ ကျောင်းတက်တာတောင် တစ် ပတ်တစ်ခါ မပြန်ဘဲ မနေနိုင်ဘူး ... အဲလောက်ထိ ..."

ကာဂျီးကွဟု စိတ်ထဲမှ တီးတိုးအော်ဟစ်လိုက်ရင်း နှုတ်ခမ်းကတော့ အသာပြုံးနေလိုက်ပါသည်။ အင်း ရန်ကုန်မှာတော့ နေချင်ပါ ကာဂျီးရယ်။ အနေမွန်းကြပ်မဲ့နေရာမှာ မထားပါဘူးကွာ။ ခြံအကျယ်ကြီးနဲ့ ထားမှာပါ။ အမလေး ငါ့နှယ်နော် နှုတ်ခမ်းနာ အတွက် ဆေးတောင် ဝယ်ထားတဲ့သဘော ဖြစ်နေပါပြီ။ တည့်ပါ့ မလားဆိုတဲ့ အတွေးကိုတောင် မတွေးတော့ဘဲ နှုတ်ခမ်းနာဖြစ်လာ ရင် လိမ်းမဲ့ဆေးကိုပါ ကြိုတင်ဝယ်ထားမိသလို ဖြစ်နေပါပြီ။

ဥက္ကာက ကုန်သွားသော ကာဂျီးရဲ့ကော်ဖီခွက်ထဲ





ကို ကော်ဖီထပ်ငှဲ့ပေးရင်းမှ ...

"နောက်ဆို ပြင်ဦးလွင်ကို့လာလည်ရင် ပူစရာမလိုတော့ဘူး ပေါ့ ... ကာဂျီးတို့မြို့က အရမ်းသာယာပြီး နေချင်စရာ ကောင်းတယ်နော် ... ဘယ်လိုလဲ ဖိတ်မှာလား ..."

"ဖိတ်ပါတယ်နော် ..."

ပြင်ဦးလွင်။ အဲဒီမြို့ကို ကိုစေတစ်ယောက် အလုပ် ကိစ္စနှင့်ပတ်သက်၍ မကြာခဏဆိုသလို သွားရပါသည်။ တစ်ခါသွား လျှင် နှစ်ပတ်သုံးပတ်ခန့် ကြာတတ်ပါသည်။ နောက်တော့ အစက မသွားချင် အင်တင်တင်ဖြစ်ခဲ့သည့် ကိုစေဟာ ကြာလာတော့ ဟိုက ရာသီဥတုအရမ်းကောင်းတယ်၊ အရမ်းသာယာတာပဲ ...။ အစား အသောက်တွေလတ်ဆတ်တယ်၊ ရန်ကုန်နဲ့များတခြားစီပဲ၊ အဲဒီမှာ တောင် အခြေချရင် ကောင်းမလားဆိုသော လေသံတွေပစ်လာ ကာ ကိုစေ့ရဲ့ပုံမှန်မဟုတ်သော အခြေအနေတစ်ခုကို လှမ်းထောက် လိုက်တော့ ကိုစေတစ်ယောက် ပြင်ဦးလွင်သူတစ်ဦးနှင့် ချစ်ကျွမ်း ဝင်နေပြီဟု သိခဲ့ရတာပင်။

အဲ့ဒီနောက်မှာတော့ ဖေဖေက ကိုစေ့ကို အမေရိ ကားရှိ စက်ရုံတစ်ရုံမှာ စာချုပ်နဲ့ကို နှစ်နှစ်ပညာသင်အဖြစ် အလုပ် စေခိုင်းခဲ့တာပင်။ ကိုစေတစ်ယောက် နှစ်နှစ်ပြည့်ဖို့ အကြီးအကျယ် ဆုတောင်းနေမည်ဟု ညီစေမင်းကသိနေပါသည်။ ကိုစေ့ကောင်မ လေးကလည်း ပြင်ဦးလွင်ကပဲဆိုလျှင် ကာဂျီးသိချင်သိနိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာ အဲဒါမှ ကွိုင်။ ကိုစေ့ကောင်မလေးရဲ့နာမည်အပြည့်အစုံကို ညီစေမသိပါ။ ကိုစေပြောပြောနေသော 'နှင်းက၊ နှင်းကို၊ နှင်းနဲ့' ဆိုတာတွေသာ ကြားရဖန်များလျက် ကိုယ့်အလုပ်နဲ့ကိုယ် မေးလည်း မမေးမိပါချေ။ နှင်းတစ်လုံးနှင့်ကတော့ ကာဂျီးဘယ်လိုမှ သိနိုင်မှာ မဟုတ်ချေ။

"ဖိတ်ပါတယ်နော်သာပြောတာ ... ကာဂျီးကြည့်ရတာ လာလည်ရင် ရှောင်နေမဲ့ပုံကြီးနဲ့များ လာရမဲ့လိပ်စာကျတော့ မပြောဘဲနဲ့ ... "

"သြော် ... ပြောပါတယ် ... ပြောလည်း ကာဂျီးက အိမ်မှာမှ မရှိတာ ... ရန်ကုန်မှာ ကြာဦးမှာလေ ... ကာဂျီးတို့နေတာ နန်းမြိုင်ဟိုတယ်နားမှာပါ ... ကာဂျီးဆို မသိတဲ့သူ မရှိဘူးဘဲ ... "

"ယုံပါတယ် ... ယုံပါတယ် ... ကဲ ... ကာဂျီးလည်း အလုပ်ရှိဦးမှာပေါ့ ... ညီစေရေ ဒိုးရအောင် ဒါနဲ့ ကာဂျီးဘယ်တော့ ပြန်မှာလဲ ... "

ဥက္ကာက တစ်ချက်ဖမ်းထောက်လိုက်သော်လည်း အချိန်ပြည့် သတိဆွဲထားသည့် ကာဂျီးက ...

"အခန်းရရင် ပြောင်းမှာ မပြန်တော့ဘူး ... "

ညီစေက ထိုင်ရာမှထရပ်လိုက်ကာ ကာဂျီးကို မျက်လုံးများဖြင့် အသံတိတ်နှုတ်ဆက်လိုက်ပါသည်။ ကာဂျီးကလည်း





ပြုံးရင် ခေါင်းအသာညိတ်ပြလိုက်ပါသည်။ ဥက္ကာက ဘီလ်ရှင်းဖို့ ကြိုးစားသော်လည်း ကာဂျီးက အခန်းခနှင့်ပေါင်းရှင်းမည်ဟု ဆိုသဖြင့် နှုတ်အတင်း မရှင်းဖြစ်တော့။

ကာဂျီးက ညီစေတို့ကို တံခါးပေါက်နားအထိ လိုက်ပို့ကာ လက်ပြရင်း ကိုယ့်အခန်းဆီသို့လျှောက်လာကာ တစ်စုံတစ်ခုကို ဆုံးဖြတ်ချက်ချပြီး ဖြစ်ပါသည်။ မနက်ဖြန်မနက်ကစပြီး မိကာသာက ပြောင်းကာ ကာဂျီးခြေရာဖျောက်ပါတော့မည်။ ဒီပုံအတိုင်းဆိုလျှင် နောက်နေ့များမှာလည်း ညီစေတို့ရောက်လာနိုင်သည်လေ။ ကြာလာရင် ကိုယ်လည်း ဒီ့ထက်ဟန်ဆောင်နိုင်မှာလည်း မဟုတ်တော့။ အချိန်တိုအတွင်းမှာ ကာဂျီးဟာ ညီစေမင်းဆိုတဲ့လူတစ်ယောက်ကို တွယ်တာရစ်ချင်နေပြီလေ။ သူသည်လည်း ကိုယ့်ကိုတစ်မျိုးလေးပဲဟု သိသော်ငြား ကာဂျီး ရင်မဆိုင်ချင်၊ ရင်မခုန်ချင်တော့ပါရှင့်။ ကာဂျီးတစ်ယောက် အရောင်ဖျောက်ရှောင်တိမ်းမှာမို့ အခု တွေ့ဆုံခြင်းဟာ နောက်ဆုံးတွေ့ဆုံခြင်းဟု တွေးလိုက်မိကာ ခမ်းနည်းသွားရလေသည်။ အင်း တစ်နေ့နေ့တစ်ချိန်ချိန် တစ်နေရာရာမှာတော့ ကာဂျီးတို့ ပြန်ဆုံစည်းကြသေးတာပေါ့။

www.burmeseclassic.com





(၅)

နောက်တစ်နေ့မနက် ခြောက်နာရီခန့်မှာပင်ကာကျိုး ဟိုတယ်မှ ပြောင်းပါသည်။ မနေ့က စကားပြောဆိုအဆင်ပြေသွားသည့် တိုက်ခန်းကို ပြောင်းလိုက်တာပင်။ တိုက်ခန်းက မြေညီထပ်ဖြစ်ကာ ကာကျိုးနှင့်နင်းစုနှစ်ယောက်အတွက်တော့ အတော်တန်ကျယ်လွင့်ပါသည်။ အနီးအနားမှာ စတိုးဆိုင်၊ အခွေဆိုင်၊ စားသောက်ဆိုင်များရှိကာ တအားကြီးလည်း လူမရှုပ်၊ သွားရေးလာ





ရေးလည်း အဆင်ပြေလှသော လမ်းသွယ်တစ်ခုထဲမှ တိုက်ခန်းဖြစ်ကာ ဆူညံသံတွေ ဘာတွေလည်း သိပ်မကြားရ၍ အတော်စိတ်ကျေနပ်မှုရှိသွားပါသည်။ တိုက်ခန်းပိုင်ရှင်ဟာ နိုင်ငံခြားမှာ အလုပ်သွားလုပ်တာမို့ သူ့ရဲ့ပစ္စည်းပစ္စယ၊ ပရိဘောဂများ Air Con, TV Set တစ်စုံ၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ တယ်လီဖုန်းတို့ကို အခန်းငှားသူက သုံးခွင့်ရပါမည်။

ပစ္စည်းတွေက အကောင်းစားတွေမို့ စိတ်ချရသော မိသားစုမဟုတ်သောသူများကိုသာ ငှားစေချင်၍ ဤအခန်းကို ကာကျိုးရရှိခြင်းဖြစ်လေသည်။ မိန်းကလေးနှစ်ဦးနေမှာမို့ လက်ခံခဲ့ခြင်းဖြစ်သော်လည်း ဈေးကသိပ်မသေးလှ။ မတတ်နိုင်ဘူးလေ။ ကာကျိုးက ဒေါင်ကျကျ ပြားကျကျ ဘာမဆိုရသော်လည်း နင်းစုအတွက် စဉ်းစားပေးရတာပဲဥစ္စာ။ နင်းစုက မယ်နလေ။ ဘာမှမရှိသော Hall type မှာ နေချင်မှာမဟုတ်။ ကာကျိုးကိုယ်တိုင်ကလည်း ဘာမှပြောစရာမရှိအောင် သင့်လျော်ကောင်းမွန်နေသော လူသုံးဆောင်ပစ္စည်းတွေလည်း အစုံအလင်ပါဝင်နေသော ဤတိုက်ခန်းလေးကို လက်လွှတ်မခံနိုင်တော့တာ။

ကိုယ့်ဘာသာဆိုလျှင် အိုးခွက်ပန်းကန်၊ မီးဖို ဘာညာကအစ ဝယ်နေရဦးမှာ။ ပြီးတော့ အေးမြတဲ့ဒေသမှာ နေလာသူတွေပီပီ ရန်ကုန်ရဲ့အပူဒဏ်ကိုလည်း Air Con နဲ့ ကာကွယ်မှ ဖြစ်ဦးမှာ။ VCD လေး ဘာလေး၊ စလောင်းလေးကလည်း မကြည့်ဘဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



နေနိုင်တာလည်းမဟုတ်။ ထပ်ဝယ်ပြီး ထည့်ထားမယ်ဆိုပါကလည်း နောင်ဒါတွေက ပိုနေဦးမှာပဲ။ ကဲ ဤမြှ အဆင်ပြေကောင်းမွန်နေသော အခန်းတစ်ခန်းကို ကာကျိုးက ချက်ချင်းပင် တက်နေလိုက်တော့တာပေါ့နော်။ ကာကျိုးက တိုက်ခန်းမှ ဖုန်းနှင့်ပင် ပြင်ဦးလွင်ကို လှမ်းဆက်လိုက်ပါသည်။

"ဟယ်လို ... ဩော် နှင်းစုလား ... ငါပါ ... အေး အခန်းရပြီ ... အမလေး ရှယ်ပဲ ... အခု အဲဒီအခန်းကနေ ဆက်နေတာပဲ ... အေးပါဟယ် ... ဖုန်းရော T.V ရော၊ ရေခဲသေတ္တာရော ... အဝတ်လျှော်စက်ရော ... အကုန်ပါတယ် ... အေး ... နိုင်ငံခြားမှာတဲ့ ... အင်း ... နီးတယ် ... လူလည်း သန့်ပါတယ် ... အေး ... ငါ သပြေအကျိုးဆောင်လုပ်ငန်းကတစ်ဆင့် ငှားလိုက်တာ ... ကြီးတာပေါ့ ကြီးလည်း ... မတတ်နိုင်ပါဘူး ... အဆင်ပြေဖို့လိုတာပဲ ... အေး ... မြေညီထပ်ပဲ ... အေး ... ငါ မနက်ဖြန်တက်လာခဲ့တော့မယ် ... အန်တီမြိုင့်ကို ပြောလိုက်ဦး ဒါပဲနော် ... "

ကာကျိုးက ဖုန်းချလိုက်ပြီး မွေ့ရာပေါ် ပစ်လှဲလိုက်ပါသည်။ အင်း ကိုညီစေမင်းရေ နောက်တစ်ခေါက်များ ထပ်ရောက်ဖြစ်သေးလားရှင်။ ကာကျိုးကတော့ သံယောဇဉ်မပြတ်နိုင်စွာနဲ့ပဲ ရီဆပ်ရှင်ကို မှာခဲ့ပါသေးတယ်။ ကာကျိုးကိုလာမေးရင် အခန်းရသွားလို့ အဲဒီကိုပြောင်းသွားပါကြောင်း၊ တစ်နေ့နေ့မှာ လာလည်ပါဦးမယ်





ဆိုတဲ့အကြောင်းပေါ့နော်။ အခုမှ စတင်နှောင်ဖွဲ့ကာစဖြစ်တဲ့ သံယောဇဉ်ကြိုးလေးကို ကာကျိုးကတော့ (မဖြတ်ချင်လှပေမဲ့) ရက်စက်စွာနဲ့ ဖြတ်ပစ်ခဲ့ရပြီ ညီစေရေ။ တစ်နေ့မှာ ရှင်နဲ့ကာကျိုး ပြန်ကိုဆုံဆည်းရဦးမှာပါ။ ကာကျိုးကတော့ လုံးဝကို ယုံကြည်နေပါတယ်ရှင်။ ကံကြမ္မာကို ကြိုတင်မြင်နိုင်စွမ်းမရှိတဲ့အတွက် ရှင်နဲ့ကာကျိုးကြားမှာ ပြောင်းလဲမသွားပါစေနဲ့လို့ ဆုတောင်းရမှာပါပဲ။

ကာကျိုးတို့မှာ ဒီထက်မကပတ်သက်စရာအကြောင်းတွေ အများကြီးရှိသေးတယ်လေ။ အခုလောလောဆယ်မှာတော့ ကာကျိုး အဝေးကပဲ သတိရနေပါ့မယ် ညီစေမင်းရယ်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် တဖုတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





(၆)

မီကာဆာဟိုတယ်အတွင်းမှ ပြန်ထွက်လာသော ကားပေါ်မှာ ညီစေမင်းတစ်ယောက် စိတ်အားလျော့စွာ ပါလာပါ သည်။ ဥက္ကာက ကားမောင်းနေရင်းမှ ညီစေ့ဘက်ကို တစ်ချက်ငွေ့ ကြည့်ရင်း ...

"အဲလောက်လည်း စိတ်ညစ်မနေပါနဲ့ကွာ ... သူလာလှည့် မှာပါတဲ့ ... "





"မင်းက ထင်လို့လား ... "

"အင်း ... သိပ်တော့လည်း မထင်ချင်ပြန်ဘူး ... ကောင်မလေးကြည့်ရတာ တစ်ခုခုကြောင့် ငါတို့ကိုရှောင်ချင်တာမျိုး ဖြစ်ရမယ် ... သူ ခင်တာတော့ ခင်ပါတယ် ... "

"မသိပါဘူးကွာ ... ပြောတတ်တော့ဘူး ... ခြေရာကို ဖျောက်သွားတော့တာပဲ ... ဘယ်မှာများအခန်းရသွားပြီလဲ မသိဘူး ... တကယ်ဆို သူ အဲ့ဒီလိပ်စာပေးခဲ့ဖို့ ကောင်းတာပေါ့ ... "

"မင်းကလည်းကွာ ... အဲလိုတော့ ပေးမလား ... ကာဂျီးက ပွင့်လင်းပေမဲ့ မရဲတင်းဘူးလေ ... တို့လိပ်စာ သူ့မှာရှိတာပဲ၊ သူ ဆက်သွယ်ချင် ရတာပဲဟာ ... "

"ဆက်သွယ်မယ် မထင်တော့ပါဘူးကွာ ... "

ညီစေက စိတ်ပျက်လက်ပျက်နှင့်ပင် ကားပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ ငေးကာနေပါသည်။ ကိုယ့်ဘဝမှာ အချစ်ဆိုတာကိုလည်း မှယ်မယ်ရရ ကြုံဖူးခဲ့တာမဟုတ်။ မိန်းကလေးပေါင်းများစွာတို့ကိုလည်း စိတ်ဝင်စားခဲ့တာမဟုတ်။ အဲ့ဒီကိစ္စဟာ စိတ်ဝင်စားစရာကောင်းသောကိစ္စမဟုတ်လို့ကို သတ်မှတ်ထားတော့တာ။ အမှတ်မထင် ကာဂျီးနှင့်ဆုံဆည်းခဲ့ပြီးသော နောက်ပိုင်းမှာ ဘာကြောင့်မှန်းမသိ ကာဂျီးနှင့်ဆက်လက်ပတ်သက်ချင်စိတ်များ ဖြစ်ခဲ့သည်မှာ ဥက္ကာပင် အံ့သြခဲ့ရသည်အထိ။ သူကိုယ်တိုင်

www.burmeseclassic.com



လည်း ကိုယ့်ဘာသာ မယုံကြည်စွာနှင့် အံ့သြရတာပင်။ ကာဂျီးလို
သူ ဘာကြောင့် ဒီလောက်မြန်မြန်ဆန်ဆန် ရင်းနှီးနှောင်တွယ်သွား
လဲဆိုတာကို အဖြေရှာကြည့်လျှင် ကာဂျီးရဲ့ဖြူစင်လွန်းသော စိတ်
ထားလေးကြောင့်ပင် ဖြစ်ပါမည်။

အဲဒီနောက်တွေမှာတော့ သူများနှင့်မတူ တမူ
ထူးခြားနေသည့် ကာဂျီးရဲ့ချစ်စဖွယ်မျက်နှာလေး၊ စကားပြောလျှင်
ခေါင်းလေးငုံ့ကာ စောင်းကာနှင့် သွက်သွက်လက်လက်ပြောတတ်
တဲ့ပုံစံလေး၊ ကိုယ့်အားကိုယ်ကိုးတတ်သော စိတ်ဓာတ်လေး၊ ဘာ
မဆို သိလွယ်တတ်လွယ်တတ်မည့်ပုံစံလေးတွေကို နှစ်မြိုက်သဘော
ကျခဲ့ရပါသည်။ ကိုယ့်ထက်နှစ်နှစ်၊ သုံးနှစ်ခန့်ငယ်လောက်မည့် ချစ်
စဖွယ်ကောင်မလေးမို့လည်း စိတ်ဝင်တစား ဖြစ်ခဲ့ရပါသည်။

အခုတော့ ကာဂျီးက ကိုယ်ရောင်ဖျောက်ကာ ထွက်
သွားခဲ့ပြီလေ။ အင်း နှစ်ကြိမ်သာ ဆုံခဲ့ဖူးလိုက်တဲ့ ကာဂျီးကို ဒီ
လောက်နှောင်တွယ်သွားမိတာ ရှေးရေစက်ပဲ ထင်ပါရဲ့။

"မင်း ... ကာဂျီးကို ချစ်နေမိပြီလား ညီစေ ... "

"အင်း ... ဘယ်လို ပြောရမှန်းတောင် မသိပါဘူးကွာ ...
ငါ ဘယ်မိန်းကလေးကိုမှ ဒီလိုမဖြစ်ဘူးတာတော့ အမှန်
တော်ပါပြီကွာ ... ကိုယ်က တွေ့မယ်ကြံတော့လည်း သူ
ရှောင်သွားပြန်ရော ... "

"သူ့မှာလည်း အကြောင်းရှိလို့နေပါလိမ့်မယ် ... မင်းတို့ချ





ဖူးစာပါရင် တစ်နေ့နေ့ပြန်ဆုံကြဦးမှာပေါ့ ... "

"အေး ... အဲဒီတစ်နေ့ကိုပဲ စောင့်နေလိုက်တော့မယ်ကွာ"

"အဲဒီတစ်နေ့ကလည်း ဘယ်တော့မှ ရောက်မယ်မသိဘူး၊
ဒီတစ်ခါတွေ့လို့ကတော့ မင်းတစ်ခါတည်းသာ ဖွင့်ပြော
လိုက်တော့ ... သူ ရန်ကုန်မှာ နေရမှာဆိုရင် တွေ့နိုင်ဖို့
နီးစပ်ပါတယ် ... တစ်ခါတစ်ရံမှာ မမျှော်လင့်ဘဲ ပြန်ဆုံတတ်
တာမျိုးတွေလည်း ရှိတာပါပဲ ... "

ဥက္ကာစကားအတိုင်းသာ ဖြစ်ပါစေလို့ ဆုတောင်းရ
တော့မှာပါပဲ ကာဂျီးရေ။ ကိုယ်ကတော့ မင်းကို စောင့်နိုင်တဲ့အချိန်
အထိ စောင့်ဦးမှာပါ။ ကိုယ့်ရဲ့စိတ်တံခါးပေါက်ကို ပထမဆုံး ဖွင့်လှစ်
သွားနိုင်တဲ့မင်းကို ကိုယ့်ရင်ထဲမှာ နေရာလေးတစ်ခု ခိုင်ခိုင်မာမာ
ပေးထားလိုက်ပါတယ် ကာဂျီးရေ။ အဲဒီနေရာလေးကို မင်းအတွက်
သပ်သပ်ဖယ်ထားပါ့မယ်။ ကိုယ့်အပေါ်မှာလည်း နှစ်လိုတတ်တဲ့
မင်းမျက်ဝန်းလေးတွေကို အပြန်ပြန်အလှန်လှန်သတိရရင်း ရန်ကုန်
မြို့ကျဉ်းကျဉ်းလေးမှာ မင်းနဲ့ပြန်ဆုံတွေ့ဖို့ရယ် ဒါမှမဟုတ် တစ်နေ့
နေ့ ကိုယ့်ဆီအရောက်လာခဲ့ပါဦးမယ်ဆိုတဲ့ မင်းစကားလေးရယ်ကို
သာ မျှော်လင့်ချက်အဖြစ် မွေးမြူထားရင် မင်းနဲ့ပြန်လည်ဆုံဆည်း
မယ့် တစ်နေ့ကို ကိုယ်အပြင်းအထန်နဲ့စိတ်ရှည်လက်ရှည် စောင့်နေ
မယ် ကလေးရယ်။

ဒီတစ်ခါပြန်ဆုံရင်တော့ ကိုယ့်အနားက ထွက်သွား ဖို့ မစဉ်းစားပါနဲ့တော့ ကာဂျီးရယ်။ မင်းမှာ ဘာပြဿနာတွေ ရှိရှိပါ။ ကိုယ် မင်းဘေးက ရပ်တည်ဖို့က မင်းအတွက်ဆို အမြဲတမ်း အဆင်သင့်လေ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







## (၇)

အခန်းလေးကို သဘောတကျနှင့်လှည့်ပတ်ကြည့်ရှု နေသော နှင်းစုကို ကာဂျီးက ဆိုဖာပေါ်ကနေ လှမ်းကြည့်ရင်း စကားတစ်ခွန်းပြောဖို့ အားယူနေပါသည်။ ပြောသင့်လား၊ မပြော သင့်လား စဉ်းစားခဲ့တာပင် ကြာရှည်နေပြီလေ။ နောက်ဆုံးတော့ နှင်းစု သိသင့်သည်ဟု ဆုံးဖြတ်ကာ ကာဂျီးက နှင်းစုကို လှမ်းခေါ်လိုက် လေသည်။

www.burmeseclassic.com



"နှင်းစု ..."

ကာဂျိုးခေါ်သံကြောင့် နှင်းစုက ကျောပေးနေရာမှ ခေါင်းလှည့်ကြည့်ကာ မေးဆတ်၍ ဘာလဲဟုထူးသည်။

"နှင့်ချစ်သူ ကိုစေမင်းရဲ့ညီ ညီစေမင်းနဲ့ငါ မိတ်ဆွေတွေဆိုရင် နင်ဘယ်လိုနေမလဲ ..."

"ဘာရယ် ... ဘယ်လို"

နှင်းစုက အံ့အားသင့်သွားသောပုံစံကို မပြင်နိုင်ခွာ နှင့် ကာဂျိုးအနားရောက်လာကာ ဘေးနံမှာဝင်ထိုင်ရင်း ကာဂျိုးလက်ကိုဆွဲကာ ...

"နင်နဲ့ညီစေမင်းနဲ့က မိတ်ဆွေတွေ ဟုတ်လား ... ဘယ်တုန်းက ဘယ်လိုခင်သွားတာလဲဟင် ... မြန်မြန်လုပ်လား"

"ငါ ရန်ကုန်ကို စဆင်းလာတော့ ... ပဲခူးအဝင်မှာ သူတို့ကား ဘီးပေါက်နေတာလေ ... ငါ့ကားကို တားတာ ... သူတို့မှာ ဂျိုက်မပါလာလို့ ဂျိုက်ငှားပါတဲ့ ... အဲ့ဒါနဲ့ ငါလည်း ဂျိုက်ငှားလိုက်တယ် ... ရန်ကုန်ကိုလည်းအဝင်မှာ သိပ်မမှတ်မိတော့တာနဲ့ သူတို့ကပဲ ငါ့ကို မီဆာကာထိ လိုက်မောင်းပို့ခဲ့တာ ... အဲဒီမှာမှ ငါ ညီစေမင်းမှန်းသိတော့တာပဲ၊ နောက်နေ့ နှင့်ဆီဖုန်းဆက်တော့ သေချာအောင်မေးကြည့်တာ ..."

"ဟင် ... ဒါဆို နင့်ကိုရော ... သူ သိလား"





"ကာဂျိုးလို့ပဲ သိတယ် ... နောက်နေ့ကစပြီး ငါလည်း ဒီကို ပြောင်းတော့တာပဲ ... ခုတော့ သူတို့နဲ့အဆက်အသွယ်မရှိတော့ဘူး ... သူတို့လိပ်စာတော့ရှိတယ် ... ဒါနဲ့နင့်လူတို့အသိုင်းဝန်းက တော်တော်ချမ်းသာတာပဲနော် ... Sun Rise ကတဲ့ ... အင်း ဒီကလေးမွေးပြီးရင် နင် ဘာဆက်လုပ်ဖို့ စိတ်ကူးထားလဲ ..."

ကလေးအကြောင်းပြောလျှင် မျက်ရည်စို့လာတတ်သော နှင်းစုက ...

"မသိပါဘူးဟာ ... ငါတော့ စိတ်ညစ်တာပဲသိတယ် ..."

အင်း ပြောလိုက်ရတော့ မကောင်းဘဲရှိတော့မယ်။ အစတုန်းကဖြင့် ဘာလုပ်ရင် ဘာဖြစ်မယ်ဆိုတာ ကြိုတင်တွေးတော ကား·ခဲ့ပါလား။ ဒါဆို ခုလို စိတ်ဆင်းရဲစရာတွေ ဘာမှကြုံခဲ့ရမှာကို မဟုတ်။ ခုတော့ လူကြားလို့မှ မကောင်းမဲ့ ကိစ္စရပ်ကြီးနဲ့။ စိတ်ညစ်လည်း သေသာသေလိုက်တော့ နှင်းစုရေ။

ကာဂျိုးက စိတ်ထဲကတော့ဖြင့် ပယ်ပယ်နယ်နယ် ကျိန်ဆဲပစ်လိုက်ကာ နှုတ်ဖျားကတော့ဖြင့် ထုတ်မပြောတော့ပါ။ ဒါပေမဲ့လည်းလေ ဖြစ်သမျှအကြောင်း အကောင်းလို့မှတ်ရတယ် ဆိုပေမဲ့ ဘယ်ဘက်ကပဲတွေးတွေး အကောင်းမဟုတ်တဲ့ကိစ္စကြီးကို ဘယ်လိုလုပ်ပြီး စိတ်ဖြေကျေနပ်နိုင်ပါတော့မလဲ။ ဒါကြီးသာ ဖြစ်ခဲ့ရင်ဟုသောအတွေးကို ကာဂျိုးစိတ်ညစ်သည့်အခါတိုင်း တွေးမိခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပင်။ နှင်းစုကိစ္စနှင့်ပတ်သက်ပြီးတော့ ကာဂျီးလည်းစိတ်ဆင်းရဲခဲ့ရပါသည်။ မိန်းမသားတွေချည်းနေနေရသဖြင့် ပတ်ဝန်းကျင်ရဲ့ အကဲ့အရဲ့ကိုခံရမှာလည်း သေမလောက်ကြောက်တာပင် ...။ ဒါကြောင့် နှင်းစုပြဿနာကို ကာဂျီးက ကာယကံရှင်ထက်ပင် လူသိမှာ ပိုစိုးရိမ်လေသည်။

"စိတ်ညစ်မနေနဲ့နှင်းစု ... လောလောဆယ် နင် ဒီကလေးကို ကျန်းကျန်းမာမာနဲ့ မွေးနိုင်ဖို့က အရေးကြီးတယ် ... အဲဒါ ခေါင်းထဲမှာတွေး ... ကျန်တာ ဘာမှစဉ်းစားမနေနဲ့ ... ကဲ ... ထမင်းစားတော့မယ်မလား ... ငါ သွားခူးလိုက်ဦးမယ် ... "

"ဟယ် ... ငါပါလုပ်မှာပေါ့ ကာဂျီးရယ် ... နင်ကလည်း အဲလောက်လည်း မလိုသေးပါဘူး ... "

"ဟာ ... နင့်ဗိုက်ကြီးနဲ့ ငြိမ်ငြိမ်နေစမ်းပါ ... ငါဘာသာလုပ်ပါ့မယ် ... "

"အမလေးဟယ် ... ဗိုက်ကခုမှ သုံးလပဲရှိသေးတာပါ ... ရပါတယ်ဟယ် ... မလှုပ်မယှက်ကြီးနေမှ မကောင်းတာ ကဲ ... ဖယ်ပါ ... နင့်မှာ ချက်ရပြုတ်ရ လျှော်ရဖွပ်ရ၊ ဈေးဝယ်ရနဲ့ ဒီထမင်းလေးခူးတာတော့ ငါ လုပ်ပါရစေဟယ်"

နှင်းစုက ခွတ်အတင်းပြောနေသဖြင့် ကာဂျီးက ဆက်မပြောသာတော့ဘဲ လွှတ်ပေးလိုက်ပါသည်။ အင်း နှင်းစုရယ်





စောစောစီးစီးထဲက သိတတ်နေရင် ဘယ်လောက်ကောင်းမလဲ နော်၊ အခုတော့။

ကာဂျီးဟာ စပန့်ချ်ဂါဝန်ရှည်လေးမှာ အနည်းငယ် ထုံးထွက်နေသော ဝမ်းဗိုက်ပြင်ပူပူလေးနှင့်ထမင်းစားပွဲကို ပြင်ဆင်နေသော အစ်မဖြစ်သူနှင်းစုကိုကြည့်ကာ မျက်ရည်လည်ဝမ်းနည်းသာရပါသည်။ နှင်းစုရယ်၊ နင် ကံဆိုးတယ်ဟယ်။ တကယ့်ကို နှင့်ရုပ် နင့်ရည်၊ နင့်ပညာအရည်အချင်း၊ ဂုဏ်သိက္ခာတွေနဲ့ ခမ်းနားတဲ့ မင်္ဂလာပွဲတစ်ခုကို ဆင်နွှဲပြီး လူတကာငေးမောအားကျတဲ့ဘဝကို ပိုင်ဆိုင်နိုင်ရမှာ။ ခုချိန်မှာလည်း နင့်ဘေးမှာ ခင်ပွန်းသည်နဲ့ ပျော်ပျော်ရွှင်ရွှင်ကြည်နူးနေရမှာ။ အခုတော့ မိန်းကလေးတစ်ယောက်ရဲ့ဘဝမှာ တစ်သက်မှာတစ်ခါသာ ကြုံခွင့်ရတဲ့ မင်္ဂလာပွဲကြီးဆိုတာလည်းဝေးစွ။ အနားမှာ ခင်ပွန်းသည်ကိုတောင် လက်ကြီးထိုးပြစရာမရှိတဲ့အဖြစ်မျိုးကို နင်ရောက်ရတယ်နော်။ ယောက်ျားတစ်ယောက်ကို အဲလောက်ကြီး ပေးဆပ်ချစ်ခဲ့ပြီးတော့ နင် ပြန်ရခဲ့တဲ့အရာတွေကတော့ ဝမ်းနည်းခါးသီးစရာတွေချည်းပဲလား နှင်းစုရယ်။

"ကာဂျီးရေ လာ ... ရပြီ ... စားရအောင် ... "

နှင်းစုအသံကြောင့် ကာဂျီးက ဝဲတက်ကာကျလုနီးတော့မည့် မျက်ရည်စများကို ပုတ်ထုတ်ပစ်လိုက်တော့ကာ ထလိုက်ပါသည်။ ငါ့မျက်ရည်တွေကို နင်မြင်လို့မဖြစ်ပါဘူး နှင်းစုရယ်။ နင့်



www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်ရှောက်ဖို့ ငါ့မှာတာဝန်တွေ ရှိသေးတယ်လေ။ ဘာရယ် မဟုတ်ဘဲ ကာကျိုးက ညီစေမင်းကို သွားသတိရမိလေသည်။ ဩော် အံ့ဩစရာကောင်းတဲ့ တိုင်ဆိုင်မှုပဲနော်။

ကာကျိုးက ထမင်းစားပွဲမှာဝင်ထိုင်လိုက်ရင်း ထမင်းတစ်ဇွန်းကို ပါးစပ်ထဲသွင်းရင်းမှ ...

"ဟယ် ... ဒီနေ့ လကုန်ရက်ပဲ ... နှင် ဝ.၀ နဲ့ ပြရမှာမလား။ အရင်တစ်ပတ်က ဘယ်နှစ်နာရီချိန်းထားတာလဲ ..."

"သုံးနာရီမှပါ ... ဟုတ်ပါရဲ့ ... ငါလည်းမေ့နေတာနဲ့"

"ဒါပဲ ... မေ့မနေနဲ့ဦး ... ဆေးတွေရော မှန်မှန်သောက်ရဲ့လား ..."

"သောက်ပါတယ် ..."

"ကော်ဖီတွေလည်း နင်းကန်သောက်မနေနဲ့ဦး ... နင့်နှလုံးက ရတာမဟုတ်ဘူး ... ဂျေပ်သီးတွေ အချဉ်အငံတွေလည်း မစားနဲ့နော် ... ဟဲ့ ... လက်ကပြောရင်းဆိုရင်း ဘာလို့ ဂျေပ်သီးတွေစားနေရတာလဲ ... နှင်းစုနော် ... ငါ ခေါက်လိုက်မှာ ..."

"ကာကျိုးရယ် ... နင်စားခိုင်းတဲ့ဟာတွေက ဖြူလျော်လျော် ပျော့လော့ရွတ်တွေ ... ဖါ တစ်သက်လုံးက ချဉ်ငံစပ်တွေစားလာတာပါဟဲ့ ... ဒီလောက်လေးနဲ့ ဘာမှမဖြစ်ဘူး ..."

"အမလေး ... ဖြစ်တာပေါ့ ... မစားနဲ့ ... ကလေးကို သွား





ထိခိုက်လိမ့်မယ် ... ငါ အကောင်းပြောနေတာ ... နင် ကိုယ်ဝန်ဆောင်လက်စွဲစာအုပ်ဖတ် ကြားလား ... အခန်းထဲ ပဲအောင်းနေပြီး အခွေတွေပဲ နင်းကန်ကြည့်မနေနဲ့ ... လမ်း လေးဘာလေးထွက်လျှောက်ဦး ..."

အမလေး ကာကျိုးတစ်ယောက်ဟာနော် သူကိုယ် တိုင် ကိုယ်ဝန်ဆောင်ဖူးတာကျနေတာပဲ။ ဟိုဟာမစားရ၊ ဒီဟာ စားရ၊ ဒီဟာစား၊ ဒီဟာသောက်၊ ဆေးမှန်မှန်သောက်ရဲ့လား၊ ချိုးရင် ကြာပြန်ပြီ၊ ဟော ညနေဘက်ကြီး ခေါင်းလျှော်ပြန်ပြီ၊ ဆရာဝန်ဆီ သွားဖို့ အလေးအပင်မ,မဖို့ အို စုံစီနဖာပင် နှင်းစုကို ဆရာလုပ်တတ်သဖြင့် နှင်းစုတစ်ယောက် စိတ်ပင်ညစ်လာရပါ သည်။ ကိုယ့်ကို ဂရုစိုက်သည်ဟု သိသော်ငြားလည်း တအားကို ချုပ်နေလွန်းတော့ကား နေရတာ အသက်ရှူပင် မဝချင်တော့ သလို ဖြစ်လာပါသည်။

ကိုယ်ဝန်ဆောင်သည် မိခင်လောင်းများအတွက် ရေးထားသော စာအုပ်တွေဆိုလျှင်လည်း မလွတ်တမ်းဝယ်လာ သော သူကိုယ်တိုင် တစ်အုပ်လုံးကို ဖင်ပြန်ခေါင်းပြန်ဖတ်၊ ပြီးတော့ စာထဲကအတိုင်း နှင်းစုကို တစ်သဝေမတိမ်းခိုင်း တစ်နေ့တစ်နေ့ ချိန်ဇယားနဲ့ပါ စားသောက်နိုင်း၍ အရင်က နေချင်သလိုနေ စားချင်သလိုစားခဲ့သော နှင်းစုမှာ စိတ်ဓာတ်တွေ အကြီးအကျယ် ကျနေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေ ကိုယ့်မှာ ချဉ်ခြင်းတက်၍ ကြိုက်တတ်သည့် အစားအသောက်လေးများ မစားပါနှင့် ပွက်လောထ အောင် အော်တော့ကာ အဲဒီအစားအသောက်တို့ကို ဆွဲယူသိမ်း ဆည်း လွှင့်ပစ်တော့တာ။ ပြီးတော့ နေ့ခင်း အခွေလေးဘာလေး ကြည့်နေရင်ပဲဖြစ်ဖြစ်၊ ဝတ္ထုလေးနှင့်နှပ်နေရင်ပဲဖြစ်ဖြစ် နွားနို့တစ် ခွက်၊ ငှက်ပျောသီးတစ်လုံးနှင့်ရောက်ရောက်လာကာ ဖွတ်အတင်း ကျွေးပြီးတာနှင့် အိပ်ချိန်ရောက်ပြီ အိပ်တော့ဆိုကာ ကြည့်နေတဲ့ ရုပ်ရှင်ကား ပိတ်ပစ်တာတို့၊ ဝတ္ထုကို ဆွဲယူကာ ဖွက်ပစ်တော့တာမျိုး တွေနှင့် မအိပ်ချင်သည့်မျက်လုံးကိုလည်း ဖွတ်မှိတ်အိပ်ခိုင်းတော့ တာပင်။

တစ်နေ့ တစ်နေ့ နှင်းစုမှာ သူ့ရဲ့အချိန်ဇယားကြီးထဲ မှာ လည်ပတ်နေရသဖြင့် ကိုယ်ဝန်သည်စက်ရုပ်ကြီးနှင့်ပင် တူလှ ပါသည်။ သူကတော့ တစ်အိမ်လုံးရှိသမျှအလုပ်တွေ ဒိုင်ခံလုပ်တော့ တာပင်။ နှင်းစုမှာသာ ဘာမှမလုပ်ရ၊ မကိုင်ရဖြင့် ကြာလာတော့ ကာဂျီးရဲ့ အချိန်ဇယားကြီးအောက်မှာ ခြံသွင်းကာ အဆီစုထား သော ပီကင်းဘဲတွေလို ဝတုတ်လာပါတော့သည်။ အချက်အပြုတ် လည်း ကောင်းလှသော ကာဂျီး၏အရသာရှိလှသောဟင်းတွေ လည်း တစ်နေ့တစ်မျိုး မရိုးအောင် ချက်ကျွေးနေသေး၍ အားဆေး တွေတန်ခိုးနှင့် နှင်းစုကလည်း စားနိုင်သောက်နိုင်နေပေရာ ကာဂျီး ကဝလာသောနှင်းစုကိုကြည့်ကာသဘောတွေကျနေတတ်လေသည်။





"ကောင်းတယ် ... မိခင်းလောင်းဆိုတာ ဒီလိုဝဝဖြိုးဖြိုးမှ လှတာ ... ပိန်တိပိန်ညှောင်ဆိုရင် ဘယ်လိုလုပ်လှမှာလဲ၊ ဒါမှ နင့်ဗိုက်ထဲက ကလေးကလည်း ဝတုတ်ကြီးလာမှာ"

"အေးပါ ကာဂျီးရယ် ... ဒါနဲ့ နင်က ဘာလေးလိုချင်လဲ ဟင် ... "

"အမလေး ... ငါ့များ သူ့ယောက်ျားမှတ်နေလား ... အင်း ဘုရားပေးတာပဲပေါ့ ... ဒါပေမဲ့ ငါက ယောက်ျားလေးလို ချင်တယ် ... "

နှင်းစုက ဖြုံးဖြုံးလေးရေရွတ်လိုက်သည်မှာ ...

"အင်း ... ကိုကလည်း ယောက်ျားလေးမွေးပေးဖို့ တစ်ခါ ပြောဖူးတယ် ... ယောက်ျားလေးမွေးမှာမို့လား မသိဘူး... ငါလေ စစ်ကားတို့ ... ဘောလုံးပွဲတို့ ... လက်ဝှေ့ပွဲတို့တွေ ချည်းပဲ ကြည့်ချင်နေတော့တာပဲ ... "

နှင်းစုစကားကြောင့် ကာဂျီးက မျက်လုံးပြူးသွား ရှင်း ...

"အမလေး ... လက်ဝှေ့ပွဲတွေ ဘာတွေသွားမကြည့်နဲ့နော်၊ ကလေးက ထိုးချင်သတ်ချင်တဲ့စိတ်တွေ ပါလာဦးမယ် ... ဘောလုံးပွဲကြည့်ရင်လည်း ဘက်ခမ်းတို့၊ အိုဝင်တို့ကိုပဲကြည့် ရိုလ်နယ်ဒိုတော့ မကြည့်နဲ့ ... "

"အမလေး ကာဂျီးရယ် ... နင့်မလဲ ဟား ဟား ဟား"

www.burmeseclassic.com



"ဟုတ်တယ် ... အကောင်းပြောတာ ... ကဲ ... ကဲ စား
ရင် ပန်းကန်ပေး ဆေးမလို့ ... "

"အို ရပါတယ် ... ပေးစမ်းပါ ... ငါဘာသာဆေးပါ့မယ်"

"လုပ်မနေစမ်းပါနဲ့ဟာ ... သွား ... အဝတ်အစားလဲ
ဆေးခန်းသွားရဦးမှာ ... "

"ဟင် ... ဆေးခန်းက သုံးနာရီမှလေ ... ခုမှ ဆယ့်တစ်
ခွဲပဲ ရှိသေးတာ ... "

"ဩော် ... ငါက နင့်ကိုမိုလ်ချုပ်ဈေး ပို့ပေးမလို့ဟဲ့ ...
နင်လမ်းလျှောက်ပြီးသားလည်းရ ... နင့်ဝါသနာအရ
လည်း သွားပြီးသားရပေါ့ ... "

"အေး ... ဟုတ်သားပဲ ... ဟာ ... ဒါပေမဲ့ ငါ အင်္ကျီ
လေးတွေဝတ်လို့မှ မရတော့တာပဲ ကာဂျီးရ ... "

နှင်းစုက သူ့ရဲ့ဗိုက်ပူပူလေးကိုပုတ်ပြကာ ရှုံ့မဲ့
ပြောလိုက်လျှင် ကာဂျီးက သဘောတကျနှင့်ပင် အော်ရယ်လို
သည်။

အင်းလေ ... ဟုတ်သားပဲ။ အခု ခေတ်စား
ဖက်ရှင်အင်္ကျီလေးတွေက တိုတိုကျပ်ကျပ်လေးတွေ ဥစ္စာ။ မ
ကလည်း ဒီလိုလေးတွေပဲ ဝတ်တာပဲကိုး။ အခုလို မိခင်လေ
ဘဝအပြင် အရင်ကထက် များစွာဝဖြိုးနေသော နှင်းစုဟာ အဲဒီ
တွေနဲ့ ဘယ်လိုလုပ် တော်ဆံ့တော့မှာလဲလေ။ ဟား ဟား





ကြိုက်မလေး မရွှေနှင်းစုတို့တော့ ခက်ချေပြီပေါ့။

"ဒီပုံနဲ့က ပိုလှပါတယ် နှင်းစုရဲ့ ... ဘာလဲ အင်္ကျီမဝယ်ရ
တော့တာနဲ့ ဈေးမသွားတော့ဘူးလား ... အဲဒါလိုဆိုလည်း
ရွှေပုစွန်မှာ အအေးသောက်ပြီး သမ္မတမှာ ရုပ်ရှင်ကြည့်ကြ
မလား ... "

"အေး ... အဲဒါက ဖွတ်တယ် ... အဲဒါပဲလုပ်မယ်"

လိုချင်တာရသွားသောကလေးတစ်ယောက်လို
နှင်းစုက အခန်းထဲဝင်သွားသည်ကို ကာဂျီးကငေးကြည့်ကျန်ရစ်ပါ
သည်။ နှင်းစုတစ်ယောက် အိမ်ထဲမှာနေလျှင် ဝမ်းနည်းစရာတွေ
ချည်း တွေးမိနေမှာစိုး၍ နှင်းစုကို စိတ်အပြောင်းအလဲဖြစ်ဖို့ ကာဂျီး
က အမြဲစဉ်းစားရပါသည်။ အတိတ်ကိုမေ့ထားပြီး လက်ရှိပစ္စုပ္ပန်မှာ
ပျော်နေနိုင်ဖို့ အရေးကြီးသည်လေ။ ဒါမှ နှင်းစုတစ်ယောက် စိတ်
ချမ်းသာစွာနှင့် ကျန်းမာစွာ မီးဖွားနိုင်မှာကိုး။



www.burmeseclassic.com

www.burmeseclassic.com





"ဟော့ကောင် ညီစေ ... သမ္မတမှာ ရုပ်ရှင်ဝင်ကြည့်ရအော
ကွာ ... "
"ဟာ ... မကြည့်ချင်ပါဘူး ... မင်းနှယ်ကွာ ... ရုပ်
ယှက်ယှက် ... "
"ဟ ... ဘာရှုပ်ယှက်တာလဲ ... မင်းကလည်း ဒါပြီး
အိမ်ပြန်တော့မဲ့ဟာကို ... ကားကောင်းတယ်ကွာ ...





လာပါ ကြည့်ရအောင်ပါ ... "
"မကြည့်ဘူးဟေ့ ... မင်းဘာသာကြည့်ချင်ရင် ဆင်းနေခဲ့၊ ပြီးမှ Taxi နဲ့ ပြန်လာခဲ့ ဟုတ်ပြီလား ... "

ညီစေ့စကားကို အတော်ကြီးခံရခက်သွားဟန်တူသာ ဥက္ကာက တက်တစ်ချက်ခေါက်လိုက်ရင်း ...

"ဒီနေရာမှာ ကာဂျီးသာဆို မင်းကြည့်မှာမလား ... "
"ကာဂျီးဆိုလည်း မကြည့်ဘူးကွာ ... ဘာဖြစ်လဲ"
"အေးပါ ... အခုနေများ ကာဂျီးကိုတွေ့ရင်တော့ ခြေသလုံးလိုက်ဖက်ပြီး ဆွဲထားမဲ့အကောင်က ... ဟာ ... ဟင် ဟိုမှာ ကာဂျီးမဟုတ်လား ... "
"ဟား ... ဟား ... ဟား မင်းနှယ်ကွာ ... ကလေးကလားအလုပ်ကလည်း လုပ်တုန်းပဲကိုး ... အေး ... ကာဂျီးဆိုလည်း မင်းဘာသာပဲ အဝကြည့်လိုက်တော့ ... "
"ဟာ ... ငါတကယ်ပြောနေတာ ... ဟော့ကောင် ... ပြီးမှ နောင်တမရနဲ့ ကြည့်စမ်းပါဆိုကွာ ... "
"မကြည့်ဘူးကွာ ... ကားမောင်းနေတယ် ... "

ဒီလို ခံရဖန်က လေးခါလောက်ရှိခဲ့ပြီဖြစ်ရာ ဒီတစ်ခါတော့ ညီစေက ယောင်လို့မှုပင် လှည့်မကြည့်တော့။ ဒီလိုနည်းနှင့် ဥက္ကာက ကိုယ့်ကိုနှပ်ပေါင်းများနေပြီလေ။

ဥက္ကာကတော့ သမ္မတရုပ်ရှင်ရုံရှေ့မှာ တကယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသောကာဂျီးကို တမေ့တမောပင်ကြည့်ကာ လက်ကလည်း တရစပ်ပင် ညီစေ့ကို ပုတ်ခေါ်နေပါသည်။ ထိုအချိန်မှာပင် ကံကောင်းထောက်မစွာ ကားက ပွိုင့်မိသွားပါသည်။ ဟာ ခွင်ပဲ။ ဟင် ကာဂျီးက ကားအဖြူတစ်စီးပေါ် တက်သွားခဲ့ပြီ။ ဘေးခုံမှာလည်း မိန်းမတစ်ယောက်နဲ့။

"ဟော့ကောင် ... ငါ တကယ်ပြောနေတာ ... မဟုတ်ရင်
ပါးရိုက်ကွာ ... တကယ်ကြည့် ... ကြည့် ... ဟိုမှာ လီမိ
တက်ဆလွန်းအဖြူကို ကြည့် ... အဲဒီမှာ ... ကာဂျီး"

ဒီတစ်ခါမှာတော့ အသည်းအသန်ပင် ယုံလောက်ဖွယ်ရှိသည့် ဥက္ကာရဲ့ပုံစံကြောင့်ရော၊ ကားက ပွိုင့်မှာရပ်ထားရတာကြောင့်ရောပါ ညီစေက ဥက္ကာပြနေသော ကားအဖြူကိုရှာကာ လှမ်းကြည့်လိုက်ပါသည်။ ဘုရားရေ တကယ်ပဲ ကိုယ့်ကာဂျီးပါပဲလား။ လိမ္မော်ရောင် စပို့ရှပ်လေးဖြင့် ဘေးက အမျိုးသမီးကိုငဲ့ကာငဲ့ကာ စကားတွေရယ်မောပြောနေသော ကာဂျီးကိုလုံးဝလှုလွဲနိုင်စရာအကြောင်းမရှိပါ။ ကာဂျီးက သူတို့နှင့်ဆန့်ကျင်ဘက်လမ်းကိုကူးတော့မှာမို့ ကားအသွားအလာအရှင်းကို အချက်ပြကာ စောင့်နေပါသည်။ ဒီအချိန်မှာပင် ဥက္ကာကလည်း လမ်းရဲ့တစ်ဘက်ကားပေါ်မှ ခေါင်းပြူထွက်တော့ကာ လက်ခုပ်နှစ်ဖက်ပါတီးလျက် ...

"ဟေး ... ကာဂျီး ... ကာဂျီး ... ဒီမှာ ... ဒီကခေါ်နေတာ
ကာဂျီး ... "





သို့သော် များပြားလှသော ကားသံ၊ လူသံများနှင့်မို့ ...ာဂျီးကြားနိုင်စရာအကြောင်းမရှိပါပေ။ ကာဂျီးသည် ကားအရှင်း ...ပင် ယာဉ်ထိန်းရဲက အချက်ပြလိုက်သဖြင့် တစ်ဘက်လမ်းသို့ ...ကွေ့သွားကာ မောင်းထွက်သွားပါတော့သည်။ ကျွတ် ... တစ်ခါ ...တ်သွားပြန်ပါပြီကွာ။ ကာဂျီးရယ် ရန်ကုန်မှာရှိနေရဲ့သားနဲ့များ ...င်း နေနိုင်ရက်တယ်နော်။

"ဟော့ကောင် ... မောင်း ... မီးစိမ်းနေပြီကွ"

မီးစိမ်းသွားသဖြင့် ညီစေက ကားကို ဆက်မောင်း...ပါသည်။ ရုတ်တရက် ကာဂျီးကိုမြင်လိုက်ရ၍ ကျေနပ်သွား...လို ပိုပြီးတော့လည်း မချင့်မရဲဖြစ်မိလေသည်။ လူတစ်ယောက်...ုံး တွေ့လိုက်သားနှင့် လွတ်သွားရသည့်အတွက် ပို၍စိတ်လည်းတို...သည်။ ဟင်း ငါ့ကိုက အသုံးမကျတာပါကွာ။ ကံကြမ္မာကလည်း ...တော့လွဲလွဲဖို့များ အကြောင်းပါလာသလား မှတ်ရလေသည်။

"အဲဒါ မင်းကြောင့် ... မင်းကို ငါအစောထဲက ပြောတယ်၊
ရပ်ရှင်ကြည့်ရအောင်ပါလို့ ... အစကတည်းက သမ္မတဘက်
က လမ်းကိုဝင်လိုက်ရင် ပြီးပြီ ... ကာဂျီးနဲ့ထိပ်တိုက်ပဲ"

"မသိဘူးလေကွာ ... ပြောမနေနဲ့တော့ ... "

ညီစေက စိတ်ဓာတ်ကျစွာနှင့်ပင် ကားဆက်မောင်း...နေပါသည်။ မျက်ခုံးနှစ်ဖက်ကလည်း ထိလုမတတ် တွန့်ချိုး...လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပုံတိုင်းဆို ကာဂျီး ရန်ကုန်မှာရှိတာ အသေအချာပဲ ... ဘယ်မှာနေလဲ မသိဘူး ... ဘေးကလည်း မိန်းမတစ်ယောက်ပါတယ် ... ဟော့ကောင် စိတ်ဓာတ်မကျနဲ့ ငါတို့ သဲလွန်စတစ်ခုတော့ ရသွားပြီ သိလား ..."

"ဘာလဲ ..."

ညီစေအသံက စိတ်မပါသလိုနှင့် ခပ်ဆောင့်ဆောင့် ထွက်လာသည်။

"သူ့ ကားနံပါတ်လေ ..."

ညီစေမျက်နှာမှာ မျှော်လင့်ချက်ရောင်ခြည်များနှင့် ဝင်းပသွားရင်း ...

"ဟာ ... ဟုတ်သားပဲ ... မင်း မှတ်မိလား ... ဘာလဲ ပြော"

"ဩော် ... ငါလည်း ရုတ်တရက်ဆိုတော့ နံပါတ်တော့ မမှတ်မိဘူး ... ဟဲ ... ဟဲ ..."

"ဟာ ... ဒီကောင်တော့ သေတော့မှာပဲ ..."

"ဟ ... မင်းကလည်း ဆန္ဒမစောနဲ့လေ ... ကားက အရင် Hilux Surf မှ မဟုတ်တော့တာ ... အခုဟာက (၅က) ဆလွန်း လီမိတက်အဖြူလေးပဲ ... သွားရင်းလာရင်း အဲဒီ ကားမျိုးမြင်ရင် ကြည့်သာကြည့်ပေတော့ပဲ ... အံမာ ငါ စမြင်လို့လည်းတွေ့ရသေးတယ် ... ကာမပြန်နဲ့ဟော့ကောင်





ကြည့်ပါဆိုတုန်းကဖြင့် မကြည့်ဘဲနဲ့ ..."

"ဩော် ... မင်းကလည်း အရင်တုန်းက ငါ့ကိုဖြီးခဲ့တာကိုး"

"ထားပါ ... တကယ့်တကယ်ကျ အလကားပဲ ... စိတ်မပူနဲ့ မင်းဟာမလေးက ကားတစ်စီးနဲ့ အမြဲပတ်နေမဲ့ ဒီဗိုင်းလေး ... တစ်နေ့မဟုတ် တစ်နေ့ ထပ်တွေ့ဦးမှာပဲ"

"သူသာ ဖုန်းဆက်လိုက်ရင် ပြီးပြီကွာ ကောင်မလေးနှယ်"


ညီစေရဲ့ မချင့်မရဲ ရေရွတ်သံကြီးကို ဥက္ကာက ပြုံးစစ ဖြင့် ခနဲ့ပြုံးပါ ထပ်ပြုံးလိုက်ပါသည်။ အင်း ကိုယ့်လူကတော့ ဘေးနားက ပိုင်းတော်သူတွေကိုတော့ မမြင်တတ်၊ မချစ်တတ်လှပဲ ဟိုးတစ်ပြည်တစ်ရွာသူလေးကိုမှ ကလေးမုန့်ပေးကြိုက်ချင်နေပြန်ပြီလေ။ ကောင်းပါရဲ့ ဒင်းကိုတော့ ဟိုက အနိုင်ယူလိုက်မှဖြစ်ချင်း။ နကတည်းက ပြာနေရတာကိုပဲကြည့်လေ။



www.burmeseclassic.com

www.burmeseclassic.com





(၈)

တဖြည်းဖြည်းနှင့်ကာဂျိုးတို့ ရန်ကုန်ရောက်တာ ငါးလခန့်ရှိခဲ့ပြီဖြစ်သလို နှင်းစုရဲ့ကိုယ်ဝန်ဟာလည်း အရင့်အမာပင် ရှစ်လခန့်ရှိခဲ့ပြီ ဖြစ်လေသည်။ ကိုယ်ဝန်အရင့်အမာကြီးနှင့် နှင်းစုတို့ ကာဂျိုးက တစ်ခါတစ်ခါ စိုက် စိုက်ကြည့်တတ်ရင်း ဒါဟာ အိပ်မက်များလားဟု ကိုယ့်ဘာသာ ဇဝေဇဝါတွေးမိတဲ့အထိပင်။ နှင်းစုမှာ ချစ်သူရည်းစားရှိသည်ဟုလည်း ဘာမှမသိလိုက်ရ၊ မင်္ဂလာဆောင်





ဘာတွေဘာတွေလည်း မရှိလိုက်ရဘဲ ဒီလို ဗိုက်ကြီးသည်ကြီးအဖြစ် မြင်တွေ့ရခြင်းအပေါ် တစ်ခါတစ်ခါတော့လည်း ဘယ်လိုယုံကြည်ရမှန်းကို မသိတော့ချေ။ ဒါပေမဲ့ မွေးဖွားလာမည့် ကလေးလေးအပေါ် ဘာရယ်ကြောင့်မှန်းမသိဘဲ ကာဂျိုးက ကြိုတင်၍ ချစ်ခင်မိနေပါသည်။ နှင်းစုထက်ပင် ကာဂျိုးက ပို၍တက်ကြွ လန်းဆန်းနေလေ့ရှိပါသည်။ နှင်းစုကသာ ဘာရယ်ကြောင့်မှန်းမသိ ကိုယ်ဝန်ရင့်လာလေလေ ညှိုးရော်လာလေလေ ဖြစ်နေပါသည်။ အင်း တကယ်ဆို ဒီအချိန် ဘေးနားမှာ ခင်ပွန်းသည်ရဲ့အားပေး စောင့်ရှောက်မှုအပြည့်အဝ ရှိသင့်တာပေါ့လေ။ နှင်းစုအနေနှင့်လည်း မီးဖွားခါနီးမှာ ခင်ပွန်းသည် အင်းထားပါတော့ ခင်ပွန်းပဲ။ သူ့ကိုသာ ပို၍တမ်းတတော့မပေါ့။ ဘယ်လောက်ပဲ သတ္တိကောင်းပါတယ်၊ စိတ်ဓာတ်ခိုင်မာပါတယ်ဆိုတဲ့ မိန်းမဖြစ်ပစေ ဟိုးအတွင်းစိတ်တစ် နေရာမှာတော့ အားငယ်စိုးရိမ်စိတ်လေးတစ်ခုကတော့ ရှိတတ်စမြဲပဲလေ။

ကာဂျိုးက ဆိုဖာပေါ်မှာ ပုံ့ပုံ့လေးထိုင်ရင်း ကလေးအင်္ကျီလေးထုပ်ထိုင်ထိုးနေသောနှင်းစုကိုကြည့်ကာ သနားကရုဏာစိတ်လေး သက်လာပါသည်။ အင်း ရင်သွေးလေးအတွက် ကြိုတင်ပြင်ဆင်နေလိုက်တာ။ နှင်းစုရဲ့ ပျော့ပျောင်းသော လက်လေးတွေက ခေါင်းချောင်းထိုးအပ်ကို ကျွမ်းကျင်စွာ လှုပ်ရှားထိုးနေပုံလေးကို ငေးကောင်းကောင်းနှင့် ငေးနေရင်းမှ ဘယ်ဘက်လက်သူကြွယ်မှာ ပျောက်လတ်နေသော လက်စွပ်လေးကို သွားမြင်တွေ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“နှင်းစု အဲဒီလက်စွပ်က ဘာလဲ ... ”

နှင်းစုက သူ့လက်က လက်စွပ်လေးကို ပြုံးရင်း ပြန်ငုံ့ကြည့်လိုက်ကာ အပေါ်ကိုမြင်သာအောင် ပင့်မြှောက်ထောင်ပြရင်း

“ကို ... ပေးထားတာ ... သူနဲ့ငါ ဆင်တူပဲလေ ... အင်း လက်ထပ်လက်စွပ်ခေါ်မှာပေါ့နော် ... ”

ကာဂျိုးက နှင်းစုရဲ့ဘေးမှာ ဝင်ထိုင်လိုက်ပြီး နှင်းစုရဲ့ လက်လေးကိုဆွဲကိုင်ကာ လက်စွပ်လေးကို စေ့စေ့စပ်စပ်ကြည့်ရှုနေပါသည်။ အင်း ပလက်တီနမ်မောင်းကွင်းလေးပေါ်မှာ စိန်လေးတွေပတ်လည် မြှုပ်နှံထားသော ရိုးရိုးရှင်းရှင်းလေးနှင့် လှပလွန်းသည့် လက်စွပ်လေးပင်။ တန်ဖိုးအားဖြင့်လည်း နည်းမှာမဟုတ်။ ကိုစေမင်းဟာ နှင်းစုကိုတော့ အမှန်တကယ်ချစ်မြတ်နိုးသည့်ပုံပါပဲလေ။ နှင်းစု ဒီလိုဖြစ်မယ်မှန်းသိရင်လည်း သူ ထွက်သွားမှာမဟုတ်။ နှင်းစုရဲ့ စကားအရဆိုလျှင် သူ့မိဘတွေထံတောင် လက်ထပ်ဖို့ ပြောပြီးပြီဆိုပဲ။ အဖေဖြစ်သူက တစ်သက်လုံးအခြေခိုင်မာစေဖို့ အလုပ်သင် စေလွှတ်လိုက်တာ ဖြစ်သည့်အတွက်သာ ထွက်သွားရခြင်းဖြစ်လေသည်။

အင်း ကိုစေမင်းတို့ရဲ့အသိုင်းအဝိုင်းဟာ ဂုဏ်သိက္ခာရှိ လူချမ်းသာ စာရင်းဝင်တွေမို့ နောင်တစ်ချိန် သူတို့သားအမေရိကားက ပြန်အရောက်လာမှာ ကလေးတောင်ကြီးနေမည်ဖြစ်သည့် နှင်းစုနှင့်သဘောမှ တူပါတော့မလား။ အဲ့ဒီအချိန်ကျမှ





ကြီးကြီးကျယ်ကျယ် မင်္ဂလာပွဲလည်း ကျင်းပလို့ကလည်း မဖြစ်တော့။ ဒီအတိုင်း ပေါက်ချလာမည့် ချွေးမနှင့်မြေးကိုရော လွယ်လင့်တကူ လက်ခံပါတော့မလား။ ဒီလို ဖခင်မဲ့ကလေးတစ်ယောက်ကိုကိုယ်ဝန်ဆောင်မွေးဖွားရဲသည့် နှင်းစုကိုရော ချွေးမကြီးတစ်ယောက်အဖြစ် အလေးပေးနေရာထားဆက်ဆံချင်ပါတော့မလား။ ဘယ် မိဆုမဆို ကိုယ့်သားသမီးကို တင့်တင့်တယ်တယ် မင်္ဂလာပွဲကြီးနှင့်သာ မြင်ချင်ကြတော့မှာပေါ့လေ။

အတွေးနှင့် ရင်မောလာရသော ကာဂျိုးက နှင်းစုကိုတော့ စိတ်ဆင်းရဲရမည့်ကိစ္စရပ်မျိုးတွေ မသိစေချင်တော့ပါ။ တကယ်လို့မှ ကိုစေမင်းတို့ အသိုင်းအဝန်းက ခါးသီးနေခဲ့ရင်လည်း နှင်းစုကို ကာဂျိုးက တစ်သက်လုံး စောင့်ရှောက်ဖို့ ဆုံးဖြတ်ပြီးသားပင်။ ဩော် ညီစေမင်းဆိုတဲ့ လူကြီးကိုလည်း ကာဂျိုးက သတိရမိပါသည်။ ကာဂျိုးအပေါ်မှာ သံယောဇဉ်အရိပ်တွေနှင့်ကြည့်တတ်တဲ့ မျက်ဝန်းတွေက တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင်ကော အရောင်ပြောင်းသွားဦးမှာလားဆိုတာ ကာဂျိုး သိချင်စမ်းပါဘိတယ်နော်။

“လက်စွပ်လေးက တော်တော်တန်မှာပဲ ... ဒါနဲ့ နင် ကိုစေမင်းဆီကို အဆက်အသွယ်လေး ဘာလေး မလုပ်ဘူးလား၊ အဆက်သွယ်တစ်ခုခုတော့ လုပ်လေ ... ”

“အင်း ... သူ ပြင်ဦးလွင်ကိုတော့ စာရေးမှာပဲ ... ခင်တာက ငါတို့က ဒီရောက်နေတာဆိုတော့ ... သူ့လိပ်စာလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါ မသိဘူးလေ ... ”

“ဟာ ... ဒါများ အန်တီမြိုင့်ဆီ ဖုန်းဆက်တော့ မေးမကြည့်

ဘူးလား ... နင်ကလည်း အရေးမပါလိုက်တာ ... အဲ့ဒီထဲမှာ

သူ့လိပ်စာ ပါမှာပေါ့ ... နင်ဆက်သွယ်လေ ... ”

“ငါ မဆက်သွယ်ချင်ပါဘူးဟာ ... ”

“ဟာ ... ဘာမဆက်သွယ်ချင်တာလဲ ... ဘာဖြစ်လို့လဲ”

“ဒီအကြောင်းတွေ ကို့ကို မသိစေချင်လို့ ... သိရင် သူ အရမ်း

စိတ်ခကောင်းဖြစ်မှာဟာ ... အဲ့ဒါကြောင့် ... ”

ကာဂျိုးမှာ ‘ဟာ’ဟုပင် အဲသံမထွက်နိုင်တော့

နှင်းစုကိုသာ နားမလည်ခြင်းများစွာဖြင့် ပါးစပ်အဟောင်းသား

အောင် ငေးနေမိပါတော့သည်။ ဒီလိုဝေးကွာနေတဲ့ အခြေအနေ

အတွင်းမှာ တစ်ယောက်နှင့်တစ်ယောက် ပိုရင်းနှီးဆက်သွယ်သင့်

သည်လေ။ ဘာပဲဖြစ်ဖြစ် ကိုစေမင်းကိုတော့ အသိပေးအကြောင်း

ကြားထားသင့်သည်ဟု ကာဂျိုးက ထင်ပါသည်။ ဒီအတိုင်းကတော့

ဘယ်လိုမှ မဖြစ်သင့်ပေ။ နှင်းစုတစ်ယောက်ကတော့ဖြင့် အဓိပ္ပာယ်

မရှိတာတွေ လုပ်နေချေပြီ။

“ဘာဆိုင်လဲဟာ ... ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ အသိပေး

အကြောင်းကြားသင့်တယ်လို့ ငါထင်တယ် ... ဘာလဲ

နင်က သူပြန်အလာကို ကလေးတစ်ယောက်နဲ့စောင့်ကြို

မှ ရုတ်တရက် suprise ဖြစ်အောင် လုပ်မလို့လား ... ”





နှင်းစုက ဘာမှမဖြေဘဲ နှစ်ချောင်းထိုးကိုသာ ဆက်

ထိုးနေလေသည်။

“စိတ်ကူးယဉ်ဆန်မနေနဲ့နှင်းစု ... ဒါ ရုပ်ရှင်ရိုက်တာ မဟုတ်

ဘူးနော် ... ကြားထဲမှာ အခြေအနေတွေက အများကြီး

ပြောင်းလဲသွားနိုင်တယ် ... နင် သူ့ကို အကြောင်းကြား

အသိပေးပါ ... ပြန်လာဖို့ ခေါ်တာမဟုတ်ကြောင်းပြောပေါ့၊

ဘာမှ စိတ်မပူဖို့ ... ငါတို့ စောင့်ရှောက်နေကြောင်း ပြောပြ

ပေါ့ ... ဒါ နည်းလမ်းအမှန်ဆုံးပဲ ... ”

“အေးပါဟာ ... ငါ ဆက်သွယ်မှာပါ ... ငါ စဉ်းစားထားတာ

က မွေးပြီးမှပဲ ကလေးဓာတ်ပုံနဲ့စာနဲ့ပို့လိုက်မယ်လေ”

ကာဂျိုးက သက်ပြင်းကိုသာ အသာချရင်း ထိုင်ရာမှ

ထရပ်လိုက်ပါသည်။ အင်း ကာယကံရှင်ကမှ မလှုပ်မယှက် အေးတိ

အေးစက်ဖြစ်နေမှတော့ ကိုယ်ကအတင်းကြီးလည်း ပြောမနေချင်

တော့။ နှင်းစုမှာလည်း သူ့အကြောင်းနှင့်သူသာ ရှိပေလိမ့်မည်ဟု

တွေးကာ ညနေစာချက်ဖို့အတွက် မီးဖိုခန်းထဲ ဝင်လာခဲ့ပါတော့

သည်။



www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့ မေမေက ဆေးခန်းလိုက်ပို့ဖို့ ခေါ်ထား
ညီစေအိမ်ကို စောစောပြန်လာပါသည်။ အိမ်မှာက မိသားစုဝင်ဟူ
သုံးဦးတည်းရှိလေရာ ဖေဖေကကျတော့လည်း ညီစေ့ထက် ပိုမအ
လပ်၍ လိုက်ပို့ဖို့ မဖြစ်နိုင်။ မေမေက ဆေးခန်းသွားလျှင် အမြဲတမ်း
ညီစေပါရပါသည်။ မေမေ့အဆိုရ ဘေးမှာကိုယ့်သွေးသားရင်းချာ
နေတတ်သည်တဲ့လေ။ ယခင်ကတော့ ကိုစေရှိ၍ ကိုစေအမြဲလိုက်





ကျ ဖြစ်သော်လည်း ကိုစေအမေရိကား ထွက်သွားသည့်နောက်
းမှာတော့ ညီစေနှင့်ဥက္ကာက အမြဲတမ်းပို့ဖြစ်ပါသည်။ မေမေက
ာရောဂါမှ ကြီးကြီးမားမားပြစရာရယ်တော့မရှိဘဲ စုံစီနဖာလေး
တွေတော့ ပေါလှ၍ တစ်လတစ်ကြိမ်ခန့် အမြဲသွားရတတ်ပါသည်။
ခုလည်း ဒူးဆစ်တွေကိုက်သည်ဟုဆိုသဖြင့် သွားနေကျ အထူးကု
ဆေးခန်းကြီးကို သွားရပါဦးမည်။

ဧည့်ခန်းထဲမှာ မေမေက ပြင်ပြီးဆင်ပြီးသားနှင့်
စောင့်ကြို့နေပါသည်။

"သားတို့နှစ်ယောက် ရေချိုးရင် ချိုးလေ ... အချိန်ရပါသေးတယ် ..."

မေမေ့မှာက သားသုံးယောက်မွေးတယ်လို့ သူများ
တွေက ထင်ရလောက်အောင်ပင် ကိုစေကတော့ သူ့ဘာသာ
ခြားကွဲထွက်နေကာ ညီစေနှင့်ဥက္ကာက အမြွှာညီအစ်ကိုလိုပင်
ဖြစ်နေပါသည်။

ညီစေက လက်မှနာရီကိုတစ်ချက်ကြည့်လိုက်ရင်း...

"ငါးနာရီထိုးနေပြီ မေမေရဲ့ ... နောက်ကျနေဦးမယ်"

"ရပါတယ် သားရဲ့ ... တိုကင်ယူပြီးသားပါ ... နောက်ကျလည်း ရောက်လာရင် ချက်ချက်သွင်းပေးပါတယ် ... ဆေးခန်းက ပြန်လာရင် သားတို့တစ်ခါတည်း နားရအောင်ပါ အပြန်ကျ မေမေ ရွှေတိဂုံလည်းဝင်ဖူးချင်သေးလို့ ... အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သားတို့လည်း လန်းလန်းဆန်းဆန်းဖြစ်အော
ပါ ... "

"အိုကေ ... မေကြီးရေ ... သားကတော့ ရေလည်ရှိုင်း
မယ် ... "

ဥက္ကာက မေမေ့ပခုံးကိုဆွဲကိုင်ဖျစ်ညှစ်ရင်း သူ့
ရှိရာကို အမြန်ပြေးတက်သွားပါသည်။ မေမေက သဘောတ
ရယ်မောကာ ကျန်ရစ်ခဲ့သည်။ မေမေ့ဘေးမှာ ဝင်ထိုင်နေ
ညီစေရဲ့ပခုံးကို တဖျစ်ဖျစ်ညှစ်လိုက်ရင်း ...

"သားရော ရေချိုးလေ Juice သောက်ဦးမလား ... "

"မသောက်တော့ပါဘူး မေမေ ... မေမေ့ဒူးက ဘယ်လို
သေးလဲ ... "

"အင်း ... ဒီလိုပါပဲ သားရယ် ... အသက်ကြီးလာ
ဟိုနားက ယိုယွင်း ... ဒီနားက ယိုယွင်းနဲ့ ... အင်း
နားမှာ တီးတိုးဖော် သမီးလေးတစ်ယောက်ရှိရင် ကော
မှာပဲသားရယ် ... မေမေ့မှာလည်း သမီးက မရှိနဲ့ ...
လေးဆို ... မေမေဘယ်လောက်များ အဖော်ရလိုက်
ကွယ် ... "

ညီစေက ပြုံးရယ်ကာ မေမေ့ဒူးကို အသာနှိပ်
ရင်းမှ ...

"ဒါဆိုလည်း ကိုစေ့ကို မိန်းမပေးစားလိုက်တော့ပေါ့ မေ





ရဲ့ ... ကိုစေကဖြင့် မိန်းမယူချင်နေပြီ ... သားလည်း တူ
လေး တူမလေးတွေ လိုချင်နေပြီ ... "

မေမေက ညီစေ့ဆံပင်တွေကို ကြင်နာစွာဖြင့် သပ်
တင်ပေးရင်းမှ ပြုံးကာ ...

"ကိုစေ့အတွက်က မပူပါဘူး ... သူက ဟိုကပြန်လာတာနဲ့
ယူမှာပဲ ... သားကိုသာ မေမေကပူတာ ... သားလည်း
မငယ်တော့ဘူးနော် ... နှစ်ဆယ့်ခြောက်နှစ်ဆိုတာ အရွယ်
ကောင်းပဲ သားရဲ့ ... သားမှာ ဘွဲ့လည်းရပြီးသား ...
လုပ်ငန်းကိုင်ငန်းလည်း ကျွမ်းကျင်ပြီးသား ... အစစအရာ
ရာမှာ တော်လျက်နဲ့ ဒီကိစ္စကျမှ နောက်ကောက်ကျနေ
တာ မေမေတော့ သဘောမတွေ့လှပါဘူးကွယ် ... သား
ရယ် ... ကြိုက်မိတဲ့ မိန်းကလေးတစ်ယောက်တလေများ
မတွေ့မိတော့ဘူးလားဟင် ... "

ညီစေက မေမေ့အမေးကို မဖြေတော့ဘဲ ထိုင်ရာမှ
ထလိုက်ရင်း ...

"အင်း ... တစ်နေ့တော့ ဖြစ်လာမှာပေါ့ ... ကဲ ... သား
ရေသွားချိုးလိုက်ဦးမယ်နော် ... "

"အင်း ... သားကတော့ ပြောလိုက်ရင်ဒါပဲ ... ပြီးတော့
လည်း ဘာမှမဟုတ်ဘူး ... သားရေ သားမရှာရင်လည်း
မေမေရှာတော့မှာနော် ... "



www.burmeseclassic.com

www.burmeseclassic.com




"ဟာ … မရှာနဲ့မေမေ … သားဘာသာပဲရှာမယ် … အဲ
တော့ လုံးဝပဲနော် … "

ညီစေက မေမေ့ကို အသည်းအသန်အော်ပြောရင်း ကိုယ့်အခန်းဆီသို့ အမြန်တက်လာခဲ့ပါသည်။ အင်း ကိုယ့်ကို မြန်မြ ဆက်သွယ်ပါတော့ ကာဂျီးရယ်။ ဒါမှမဟုတ်လည်း ကံဇာတ်ဆရာ ရေ ကာဂျီးနဲ့ လုံးဝတည့်(ဒွဲ)ကို ပြန်ဆုံစည်းခွင့်လေးပေးပါဗျား ဒီတစ်ခါတော့ ကာဂျီးကို မလွှတ်တမ်းကို ဆွဲထားတော့မှာ အသေ အချာကို ဆုံးဖြတ်ပြီးသားပင်။ မင်းလည်း မညာပါနဲ့ ကာဂျီးရယ် မင်းမှာလည်း ကိုယ့်အပေါ် ခင်မင်မှုတွေ အပြည့်အဝရှိနေတာပါပဲ ဒါကြောင့်သာ အပြတ်ဖြတ်မသွားဘဲ သံယောဇဉ်လက်ကျန်လေး ရီဆက်ရှင်ကို မှာထားခဲ့တာပေါ့နော်။ ကိုယ်ကတော့ လိပ်တွေး သာတွေးရင်း မင်းကို ယုံကြည်စွာနဲ့ စောင့်မျှော်နေဆဲပါ ကာဂျီး ရယ်။







အိုဂျီမမက နှင်းစုကို ဂရုတစိုက်နှင့် သေချာစမ်းသပ်ပြီးတော့လျှင် ပြုံးရွှင်စွာဖြင့် …

"ဒီပုံအတိုင်းဆို ရှေ့လထဲမှာ မွေးဖြစ်ဖို့များတယ် … အင်း ကိုယ်ဝန်ဆောင်တွေထဲမှာတော့ ညီမလေးက အကျန်းမာ ဆုံးလို့ ပြောရမလိုပဲ … အဟင်း … ဟင်း … ဒီက ငါစက လည်း တော်လို့ထင်တယ် … "



www.burmeseclassic.com

www.burmeseclassic.com



ကာဂျီးကတဟင်းဟင်းနှင့်ပင်သဘောကျနေသော ကာ အကျီကော်လံလေးကိုဆွဲယူမလိုက်ရင်း ...

"ဒါပေါ့ မမရဲ့ ... ကာဂျီးအပြုအစုကောင်းလို့ ဒီလောက်ကျ ကျန်းမာနေတာ သူက နဂိုထဲက ချူချာတယ်လေ ..."

"အင်း ... နှင်းစုမှာ နလုံးသွေးကြောကျဉ်းတာတွေ့ရတယ် ဒါ့ထက် နှင်းစုအမျိုးသားကရော L.Aက ပြန်မလာဘူးလား"

အိုဂျီမမရော ကာဂျီးတို့ ပတ်ဝန်းကျင်က လူတွေ ရောကိုပါ နှင်းစုအမျိုးသားက L.A မှာ အလုပ်သွားလုပ်နေသည်ဟုသာ အသိပေးထားပါသည်။ အင်း တကယ်လည်း နှင်းစု အမျိုးသားက အလုပ်သွားလုပ်နေတာပါပဲနော်။ ပြောရကြေးဆိုလျှင် နှင်းစုဟာ ကာမပိုင်လင်ယောကျ်ားရှိသော မိန်းမတစ်ဦးပါပဲ။ သူဟာ ကိုစေ မင်းနှင့် တရားဝင်လက်ထပ်ထားသော အကြင်လင်မယားတွေပဲ ဟာ။ နှင်းစုက ဖြေဖို့ဆွံ့အနေသဖြင့် ဒီတစ်ခါလည်း ကာဂျီးက ခပ်သွက်သွက်ပင် ဝင်ဖြေပေးရပါသည်။

"ကိုစေမင်းက ဟိုမှာ ဘွန်း(န်)နဲ့နေရတာလေ မမရဲ့ ... ပြန်လာလို့မရဘူး ..."

"ဩော် ... ဩော် ... ကိုစေမင်းဆိုတာ အနုတီဖြူသားများ လား Sun Rise က ဒေါ်ခင်မြတ်ဖြူကိုပြောတာ ဟုတ်လား"

ဘုရားရေ ...

အဲဒါမှ တကယ့်ကိုခွကျရပြီ။ ကိုစေမင်းတို့ အသိုင်း





သာမန်ညောင်ညမှ မဟုတ်တာလေ။ တကယ်လို့ လက်ထပ် သည်း ကြီးကြီးကျယ်ကျယ် မင်္ဂလာပွဲဆင်နွှဲမည့်သူများဖြစ်ပေ လို လူမသိ သူမသိ အိမ်ထောင်ကျတာမျိုး ဘယ်သူပဲဖြစ်ဖြစ် ကြမှာပင်။ ကဲ ... နောင်ခါလာ နောင်ခါချေး။ ပြီးမှ မီးစင် ကတာပေါ့။

"ဟင့်အင်း ... မဟုတ်ပါဘူး ... သိတောင် မသိဘူး ... အဟင်း ... ဟင်း ... ခုဟာက သတ်သတ်ပါ ..."

"ဩော် ... ဩော် ... ဟုတ်မှာပါ ... အနုတီဖြူသား ကိုစေ မင်းက တလောတုန်းကပဲ နိုင်ငံခြားထွက်သွားပြီ ... အင်း သူတို့သား မင်္ဂလာဆောင်ရင်တော့ တိုင်းသိပြည်သိကို ကြီး ကျယ်မှာပါ ... ဒေါ်ခင်မြတ်ဖြူကလည်း ဒီဆေးခန်းမှာပဲ ပြတာလေ ..."

အမလေးအိုဂျီရယ်။ ကိုယ့်ကိုများ တမင်စောင်း နေသလား မှတ်ရတယ်နော်။ နှင်းစုကတော့ မျက်နှာမထား တတ်အောင် ပျက်နေသဖြင့် ကာဂျီးက အသာလက်ကုတ်ရပါ သည်။ တော်သေးတာပေါ့ ဆရာဝန်မက တစ်ဘက်လှည့်ကာ ဆေး ရေးပေးနေပေလို့ပဲ။ နို့မို့များသာဆို နှင်းစုရဲ့မျက်နှာကိုကြည့်တာ နှင့် ဘွားတော်ကား အကင်းပါးသူပီပီ ရိပ်မိသွားနိုင်ပါသည်။

ဒေါက်တာက ဆေးစာရေးပေးပြီးတာနှင့် လှည့်သော် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အပြင်မှာ ဆေးယူသွားလိုက် ... ကျန်းမာရေး
တော့ အထူးပြောစရာ မလိုပါဘူး ... နိုင်တင်ဂေးလ်
ကျိုးရှိနေတာပဲ ဟုတ်လား ... "

"ဒေါက်တာကမှ အပြောကောင်း ခွင့်ပြုပါဦး ဒေါက်တာ

"ကောင်းပါပြီကွယ် ... "

ကာကျိုးက နှင်းစုကိုပခုံးမှ အသာဖေးမရင်း
လာပါသည်။ ဆေးကောင်တာမှာ ဆေးစာပြ၍ ဆေးယူပြီးနော
အပြင်သို့ထွက်လာခဲ့ကြသည်။ နှင်းစုအတွက် ကားတံခါးကို ဖွင့်
ပြီးမှ ကာကျိုးက ကိုယ့်ဘက်က တံခါးကိုဖွင့်ကာ တက်၍ စ
မည်အလုပ်မှာပင် ...

"ဟယ် ... ငါ ဆေးစာအုပ်ပြန်မယူခဲ့ရဘူး ... မေ့ခဲ့တ
တော်ပါသေးရဲ့ သတိရလို့ ... ခဏစောင့် သွားပြန်ယူလို
ဦးမယ် ... "

နှင်းစုကို ထားခဲ့ပြီးနောက် ကာကျိုးမှာ ဆေးခန်း
ထဲ တစ်ခါပြန်ပြေးလာရပြန်ပါသည်။ အင်းနော် သူများကိုသာ
က လက်ကုတ်နေတာ၊ ကိုယ်ရော ဘာထူးတာမှတ်လို့ အယော
ယောင်အမှားမှားဖြစ်ရတာပဲဟာ။ တစ်ခါမှ ဒီလိုမေ့မကျန်ခဲ့ဖူး
ငါနှယ်နော်။ နမော်နမဲ့နိုင်လိုက်တာ။ အခုတော့ မောပေရော့
ကိုယ့်ဘာသာကိုယ် အပြစ်တင်ရင်း ဘေး
မကြည့်မိသော ကာကျိုးဟာ ကောင်တာဆီကိုပဲ တန်းတန်းမတ်





လျှောက်လာခဲ့ပါသည်။ ကောင်တာမှာ စာအုပ်ယူအပြီး ပြန်လှည့်
အထွက်မှာပင် တစ်စုံတစ်ယောက်နှင့် အင့်ခနဲမြည်အောင် ဝင်တိုက်
မိရကာ ကာကျိုးရဲ့လက်ထဲမှာ စာအုပ်လေးသည်လည်း ကြမ်းခင်း
ပေါ်ကို ပြုတ်ကျသွားပါသည်။

"ဩော် ... ဒုက္ခပဲ ... အရေးထဲမှ ... "

စာအုပ်လေးကို ကိုယ့်ဘာသာပဲ အမြန်ကောက်ယူ
လိုက်ကာ တစ်ဖက်သားကိုလည်း တောင်းပန်ဖို့ မော်အကြည့်မှာ
ပင် ...

"ဟင် ... ကိုညီစေမင်း ... "

တစ်ဖက်ကလည်း အလွန့်ကို အံ့ဩသွားသည့်ပုံ၊
ပြီးတော့ ဝမ်းသာသွားရသည့် အရိပ်အယောင်တွေ အများကြီးပေါ်
လွင်သွားရလေရာ ကာကျိုးမှာ ရောက်နေသည့်နေရာမှ အငွေ့ပျံသွား
ချင်လောက်အောင် စိတ်ညစ်ညူးသွားရပါသည်။ သေပါတော့ကွာ
ခွဲတိုးရတယ်လို့။

"ကာကျိုး ... ဟာ ... "

မျက်လုံးပြူးကြီးနှင့် ဘာပြောရမှန်းမသိသေးသော
ညီစေမင်းဟာ ခေါင်းတခါခါလည်ကာ တစ်စုံတစ်ယောက်ကိုလည်း
အသည်းအသန် ရှာဖွေနေပါသည်။ ကာကျိုးက ချက်ချင်းသဘော
ပေါက်သွားကာ အမြန်လစ်ဖို့ ပြင်ဆင်ပါသည်။ သူ ဟိုမစ္စတာဘင်းန်
ကိုပါခေါ်ကာ ညှပ်ပူးညှပ်ပိတ် အစ်တော့မယ်လေ။ ရှင်ချင်းဆက်



www.burmeseclassic.com

www.burmeseclassic.com



အမြှောလို အမြဲရှိနေတဲ့ မစ္စတာဘင်းန်ကိုတော့ ဒီတစ်ခါ ဘယ်နားကျန်နေရစ်လဲ မသိပါ။

"ကိုညီစေမင်း ကာဂျိုးကို ခွင့်ပြုဦး ... အရေးကြီးလို့ နောက်မှ ..."

"ဟာ ... ကာ ... ဂျိုး"

သွားပါပြီကွာ။ ကိုယ့်စကားတောင် မဆုံးသေးခင် အသံဝါကြီးနှင့် မစ္စတာဘင်းန်တို့ရောက်လာပါပြီ။ ကာနှင့်ဂျိုကြားမှာတောင် သံရှည်ကြီးဆွဲကာ နှုတ်ဆက်လိုက်ပုံက ကျော့ချမ်းစရာပင်ကောင်းသေးတော့။ ကဲ ဘယ်လိုမှ ပြေးမရမဲ့အတူတူ ပြေးမနေတော့။ ရပ်ပျက်တယ်။ သူတို့ဘာမေးမေး ကိုယ်မဖြေတော့ရော ဘာတတ်နိုင်မှာတဲ့လဲ။ ကာဂျိုးက မစ္စတာဘင်းန်ကို အသာပြုံးပြလိုက်ပါတော့သည်။ အင်း ကိုယ့်အပြုံးဟာ နည်းနည်းတော့ အီလည်လည်များ နိုင်နေမလားပဲ။ ဘိုးတော်နှစ်ပါးကတော့ သာမန်ထက်အမြင်ထူးကဲစွာ အကွက်လှလှရှပ်အင်္ကျီများနှင့် ကချင်ပုဆိုးအသီးသီးဝတ်ကာ သားနားလို့ရှင်။

"ကာဂျိုးတို့ကတော့ ရှောင်ချင်ပါတယ်ဆိုမှ ဒွဲတိုးနေပြန်ပြီပေါ့ ဟုတ်လား ..."

အံမယ် မစ္စတာဘင်းန်က စတင်တိုက်စစ်ဖွင့်လှစ်တယ်ပေါ့။ အင်း ဘယ်ရမလဲ ကာဂျိုးပဲဟာ ...

"ဒါဆိုလည်း အလိုက်သိပေါ့ ခွင့်ပြုပါ ..."





ကာဂျိုးက ခေါင်းလေးငုံ့ကာ အသာလှည့်အထွက်ပင် ဟိုး ဟိုးဟူသော အသံဝါကြီးဖြင့် မစ္စတာဘင်းန်က ရှေ့မှ တ်ရပ်လိုက်တော့ကာ ...

"နောက်တာပါ ကာဂျိုးရာ ... ကြည့်စမ်း ရန်ကုန်မှာ အနေကြာလို့နဲ့တူတယ် ... အသားတွေဖြူပြီးလှလာတယ် ... တစ်မြို့တည်းနေပြီး မတွေ့ဖြစ်ကြဘူးနော် ... တွေ့မဲ့တွေ့တော့လည်း ဓာ်ဆေးခန်းမှာမှ ... ခု ဘယ်မှာနေသလဲ"

ဟာ ... ဟ ဘာမှမဆိုင်ဘူး ဆေးခန်းနဲ့ နေရပ်လိပ်ကို ဆက်စပ်လိုက်ပုံများ သင်းပါဘိသနဲ့တော့။ ဩော် ရှစ်လာက် ကင်းကွာနေပြီးမှ တိုက်တိုက်ဆိုင်ဆိုင် လာဆုံဆည်းရယ်လို့နော်။

"အိမ်မှာပေါ့ ... ကာဂျိုးသွားတော့မယ် ... အရေးကြီးလို့နော် ..."

ကာဂျိုးက ညီစေမင်းကိုပါ မျက်လုံးလေးနှင့် အသာနှုတ်ဆက်လိုက်ရင်း လှည့်ထွက်ဖို့ ပြင်လိုက်ပါသည်။ ဒီတစ်ခါလည်း ယ်မံလမ်းပိတ်ဖို့ ကြံရွယ်လိုက်သော မစ္စတာဘင်းန်ကို ညီစေမင်း လက်ကိုဆွဲထားလိုက်တော့ရင်း ...

"မတားပါနဲ့တော့ကွာ ... ဒီလောက်မှ သူ ခါးသီးနေရင်လည်း ဖယ်ပေးလိုက်ပါ မကောင်းပါဘူး ..."

ညီစေမင်းရဲ့ တိုးသက်လိုက်လှဲသော စကားသံ

www.burmeseclassic.com



ကြောင့် ကာဂျီးရင်ထဲမှာ နှင့်သွားအောင် ဝမ်းနည်းသွားရပါသည် ညီစေမင်းရဲ့စကားကြောင့် ဥက္ကာကလည်း ကာဂျီးရှေ့မှာ လမ်းဖ ပေးလိုက်ပါသည်။ ညီစေမင်းက ကာဂျီးရဲ့မျက်လုံးတွေထဲကို တ တည့်စိုက်ကြည့်ရင်း ...

"ကာဂျီးမှာ ဘာအခက်အခဲပဲရှိရှိ ကူညီဖို့ အဆင်သင့်ပါ ကာဂျီးပြောခဲ့တဲ့ တစ်နေ့နေ့မှာ အရောက်လာခဲ့မယ်ဆို စကားကို ကိုယ်အမြဲမျှော်လင့်နေပါတယ် ... ယုံလည်း ကြည်ပါတယ် ..."

"ကျေးဇူးတင်ပါတယ် ..."

ကာဂျီးက ခေါင်းငုံ့၍ ခပ်တိုးတိုးဆိုကာ ကိုယ် ညွတ်၍ နှစ်ဦးလုံးကို နှုတ်ဆက်ကာ တိတ်ဆိတ်စွာ ထွက်လာ သည်။ ညီစေမင်းတို့အနားမှ ခွာလာသည့်တိုင် စိတ်ကမပြတ်နိုင် နောက်လှည့်ကြည့်ချင်စိတ်ကို မနည်းပင် ချုပ်နှိမ်လျက် ကားနား တိတ်ဆိတ်စွာ ပြန်လျှောက်ကာ အိမ်ရောက်သည်အထိ ဘာစကား မှ မဆိုဖြစ်တော့ချေ။







(၉)

နှင်းစုရဲ့ ကျန်းမာရေးဟာ ကာဂျီး ငုံထားမတတ် ရစိုက်သည့်ကြားမှပင် တရှောင်ရှောင် ချူချာပါသည်။ ခြေထောက် တွေ ယောင်တာ၊ မူးတာ အန်တာလည်း ခဏခဏဖြစ်တာမို့ ကာ သက်ရှင်အစား ကာဂျီးသာ ဝေဒနာတွေအားလုံး စုပုံခံစားပေးချင် လေသည်။ တစ်ခါတစ်ခါကျတော့လည်း ပုထုဇဉ်ပီပီ စိတ်ကိုဒေါသ



www.burmeseclassic.com

www.burmeseclassic.com



ထွက်မိပါသည်။ ကိုစေမင်းဆိုသည့် လူကတော့ ဘာမှသိရှာမည် မဟုတ်ဘဲ သူ့ဘာသာ ဟိုမှာ ပျော်ချင်လည်း ပျော်နေမှာပေ အဆက်အသွယ်တွေ ဘာညာလဲ လုပ်တာမတွေ့ရ၍ ကာဂျီး စိတ်ကုန်ချင်သည်။ ကာယကံရှင် နှင်းစုကိုယ်တိုင်ကမှ မလှုပ် လည်း ကိုယ်က အနေသာကြီးပဲလေ။ ပြောမနေချင်တော့။ အ ရှေ့ကိုတွေးလိုက်လျှင် ကာဂျီး ရင်မောတော့တာပါပဲနော်။ တ ရယ်မောပါဘိ။ ဒီကြားထဲ ကာဂျီးဟာ ညီစေမင်းကို သတိရနေ လဲ။ ခဏခဏ ကိုယ်တို့ညီမနှစ်ယောက်လုံးဟာ သူတို့ ညီအစ် နှင့် ပတ်သက်ဖို့ ကံဇာတာများ ပါလာသလားလို့ပင် တိုက်တို ဆိုင်ဆိုင်ပင် ကံကြမ္မာကလည်း ကာဂျီးနှင့် ညီစေမင်းကို ပခုံးလ မကြီးပေါ်မှာ ဆုံဆည်းပေးခဲ့တာကိုလေ။ ဘယ်တတ်နိုင်ပါ့မ ကာဂျီးက စပတ်သက်ခဲ့တာလည်း မဟုတ်။ သူတို့ကလည်း ဘ ကြီး လာပတ်သက်ခဲ့တာ မဟုတ်။ အကူအညီလိုနေတဲ့သူတွေ ကူညီမည့်သူဟာ တိုက်တိုက်ဆိုင်ဆိုင် သွားဆုံကြတာ။

အဲဒီနှစ်ဦးဟာ ကိုစေမင်းရဲ့ညီနှင့် နှင်းစုရဲ့ ညီမ နေတာကိုတော့ ဆန်းကြယ်မှု တစ်ခုအနေနှင့်သာ သတ်မှတ်ရ မှာပဲလေ။ ဘာပဲဖြစ်ဖြစ် ညီစေမင်းဆိုသော ပုဂ္ဂိုလ်ချော၊ ကြင် သနားတတ်မည့် နှလုံးသားပိုင်ရှင်တစ်ယောက်ကိုတော့ ကာ ကလည်း သူ့လိုထပ်တူပင် ကာဂျီး အ...ချက်လာခဲ့မှာပါ အနီး ကိုပေါ့နော်။





ကိုယ့်အတွေးနှင့်ကိုယ် နစ်ဝင်ခံစားပျော်လာသည့် ကာဂျီးဟာ မေးလေးထောက်နေရင်းမှ နာရီကို ဖျတ်ခနဲ မော့် အကြည့်မှာ နှင်းစု ရေချိုးခန်းဝင်နေတာကို သွားသတိရလေသည်။ ကြာလှချည်လား။ ဆယ်မိနစ်ကျော်နေပြီ။ အဲဒီ နှင်းစုဟာလေ တကယ် ကိုယ့်ကိုယ်ကိုလည်း ဂရုစိုက်နှင့်ရှိတ်ညစ်ဖို့ ကောင်းတာ များ မပြောပါနှင့်တော့။

ကာဂျီးက ရေချိုးခန်း တံခါးကို တဝုန်းဝုန်းထုကာ

"နှင်းစု ... မပြီးသေးဘူးလား ... ကြာနေပြီ ... ဖျားဦးမယ်၊ ခေါင်းတွေလျှော်နေပြန်ပြီနဲ့ တူတယ် ... ဟုတ်လား ... ထွက်ခဲ့တော့ ..."

ရေချိုးခန်းမှာကား အသံတိတ်ဆိတ်နေသည်။

"ဟေး ... နှင်းစု ... ကြားလား ... ဘာဖြစ်နေတာလဲ ... ပြီးပြီလား ..."

အခန်းတွင်းမှ နှင်းစုရဲ့ တုံ့ပြန်သံကို လုံးလုံးမျှ ပြန် မကြားရချေ။ တစ်စုံတစ်ခုကို တွေးမိကာ ကာဂျီး ငယ်ထိပ်မြွေ ပေါက်သလို ဖောချွေးပြန်လာရလေသည်။ အသံကုန်အော်ဟစ်ကာ တံခါးကို ထုရိုက်ရင်း ...

"နှင်းစု ... ဘာဖြစ်နေတာလဲ ... ငါပြောတာ ကြားလား နှင်းစု ..."

ဘုရား ... ဘုရား ... နှင်းစု မူးလဲတာလား။ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ချော်လဲပြီးတော့များ ကာဂျီး ဆက်မတွေးရဲစွာ မျက်လုံးကို စုံမှိတ်လျက် မျက်ရည်များလည်း ရစ်ဝဲလာကာ တစ်ကိုယ်လုံး နတ်ပူးသလို တဆတ်ဆတ်တုန်ယင်လာရလေသည်။ အထဲက ချက်ထိုးထား၍ ဖွင့်ဝင်ဖို့ကလည်း မဖြစ်။ မိန်းကလေးတစ်ယောက်တည်းမို့ ဤတံခါးကိုလည်း ကာဂျီး မဖျက်နိုင်လေရာ အထဲက နှင်းစုအတွက် အပေါ်ထပ်သို့ ပြေးတက်သွားကာ အပေါ်ခန်းမှ အန်တီကြီးကို တံခါးသွားခေါက်ရလေသည်။ ထိတ်ထိတ်ပျာပျာဖြင့် ရောက်လာသော ကာဂျီးကို ထိုအန်တီကြီးက ...

"ဟဲ့ ကာဂျီး ... ဘာဖြစ်လာတာလဲ ..."

"အန်တီ ... ဟို ... ဟို ... ကာဂျီးကို ကူညီပါဦး ... ကာဂျီး အစ်မ ရေချိုးခန်းထဲမှာ ချော်လဲတာ ခေါ်လို့လည်း မရတော့ဘူး ... တံခါးက အထဲကလည်း ချက်ပိတ်ထားတယ် လုပ်ပါဦး အန်တီရယ် ..."

"ဟင် ... ကိုယ်ဝန်ဆောင်ကောင်မလေးလား ... ဒုက္ခပဲ နေဦး ... ကိုထက် ... သားရေ လာပါဦး ... ဒီမှာ အောက်ထပ်က ကောင်မလေး ရေချိုးခန်းထဲ ချော်လဲတာ မေ့နေပြီ ... တံခါးလည်း ဖွင့်မရဘူးတဲ့ ... လာလုပ်ပေးပါဦးကွယ်"

ကံကောင်းစွာပင် ထိုအန်တီကြီး၏သားက အိမ်မှာ ရှိနေ၍ ထိုသူနှင့် အန်တီကြီးတို့မှာ တံခါးဖျက်စရာ ပစ္စည်းများ ယူလာလျက် ကာဂျီးတို့ အခန်းဘက်သို့ ရေးကြီးသုတ်ပျာပင် လိုက်





ကြပါသည်။ ကိုထက်ဆိုသူက အတော်လေး အားစိုက်ဖျက်မှ င် တံခါးပွင့်သွားပါသည်။ ကာဂျီးသည် တံခါးပွင့်ပွင့်ချင်း မြင် က်ရသော မြင်ကွင်းကိုကြည့်ကာ မူးမိုက်မတတ်ပင် ဖြစ်သွားရ သည်။ နှင်းစုဟာ ကြွေပြားခင်း ကြမ်းပြင်ပေါ်မှာ ပုံပုံလေး လျက်သား ခန္ဓာကိုယ်အောက်ပိုင်းတစ်ခုလုံးမှာ မြင်မကောင်း ာင် သွေးများရွဲနစ်လျက်။ နှင်းစုကိုကြည့်လျက် ကာဂျီး ရင်ပွင့် တ် ဖြစ်သွားရပါသည်။

"ဟဲ့ ... ဟဲ့ လုပ်ကြပါဦး ... သမီး ... မှ ... မ ... ဆေးရုံကို အမြန်ပို့မှ ဖြစ်မယ် ... သား ကိုထက် ... ကားထုတ်ထား ..."

ထိုအန်တီကြီးနှင့် ကာဂျီးမှာ နှင်းစုကို ပွေ့ချီကာ င့်ပြင်ထားသော ကားပေါ်ကို တင်ရပါသည်။ နှုတ်ခမ်းများ ျော်နေသော နှင်းစုကိုကြည့်ကာ ကာဂျီးရင်ထဲ မချိအောင်ပင် င့်နေရလေသည်။ တစ်ခါမှ မကျဖူးသော မျက်ရည်တွေ တွေ စီးကျရင်း ဘုရားစာတွေကိုသာ တတွတ်တွတ် ရွတ်ဆိုမိနေလေ ည်။

"သားရေ ... ဂျန်မခါနာကိုသာ မောင်းလိုက်ပေတော့ ... သမီး ဘာမှ စိတ်မပူပါနဲ့ ..."

စိတ်မပူပါနဲ့ ဆိုသော်ငြားလည်း စိတ်ပူရတာတော့ က်တွက်တော့ မတတ်ပင် ဖြစ်ပါသည်။ သတိလစ်မေ့မြောနေ



www.burmeseclassic.com

www.burmeseclassic.com



သော နှင်းစုရဲ့ ပါးကို လှုပ်ခါလှုပ်ခါ ခေါ်သော်လည်း နှင်းစုက တု... တုတ်မျှမလှုပ်။ ကာဂျီးရင်ထဲ မီးတောင်ကြီးပေါက်နေသလိုပင် ... ဟုန်းဟုန်း တောက်နေရလေသည်။ အသိအကျွမ်းမရှိ။ ဆွေမျိုး... တစ်ယောက်တည်း ခိုးကိုးရာမဲ့ဘ၀ ဖြစ်နေတာကိုရော၊ အစ်မ... သူက အသက်အန္တရာယ် အခြေအနေ စိုးရိမ်ရတာတွေရောနှင့် ... ကာ အတော်ကြီး တုန်လှုပ်နေရပါသည်။

ကာဂျီး ပူပင်နေစဉ်မှာပင် ကားက ဆေးရုံကြီး... ရောက်လာပါသည်။ ချက်ချင်းပင် ထရော်လီရောက်လာကာ နှင်း... ကို အရေးပေါ်အခန်းသို့ ခေါ်သွားကြပါသည်။ ဆရာ၀န်၊ သူ... ပြုတွေ တရှုန်းရှုန်းနှင့် မြင်ကွင်းကား ကာဂျီးကို ပို၍ တုန်လှုပ်... လေသည်။ ခွဲစိတ်ခန်းအပြင်ဘက်မှ ခုံပေါ်မှာထိုင်ရင်း နှင်းစုအတွ... သာ တတွတ်တွတ် ဆုတောင်းနေမိပါသည်။ အန်တီကြီးက ကာ... ရဲ့ ပခုံးကိုဖက်ကာ ဘေးမှ အားပေးနှစ်သိမ့်နေလေသည်။ ... တရက် တံခါးပွင့်လာကာ ဆရာ၀န်တစ်ဦး ထွက်လာပါသည်။ ... ဂျီးနှင့် အန်တီကြီးကို တစ်ချက်မျှ အကဲခတ်ရင်း ...

"လူနာရှင်က ဘယ်သူပါလဲ ..."

ကာဂျီးက အထိတ်ထိတ်အလန့်လန့်ဖြင့် မတ်... ရပ်လိုက်ရင်း ...

"ကျွန် ... ကျွန်မပါ ... သူ ... သူ သက်သာရဲ့... အခြေအနေ ဘယ်လိုရှိလဲဟင် ..."





ဆရာ၀န်က သက်ပြင်းတစ်ချက်ချကာ ကာဂျီးကို ...ရှုကာသက်ဗ္ဗာကြည့်ရင်း ...

"စိတ်မကောင်းပါဘူး ... သူ့မှာနှလုံးရောဂါ အခံလည်း ရှိနေတယ် ... သွေးအားလည်း တအားနည်းနေတယ် ... လဲကျတဲ့ အချိန်မှာ တအားလန့်သွားပြီး အဲဒီတည်းက မေ့သွားပုံရတယ် ... နှလုံးခုန်ရပ်သွားလို့ နှလုံးခုန်းစက်နဲ့ ပြန်ကူပေးထားပေမဲ့ နှလုံးက ပြန်မခုန်လာတော့ဘူး ... အသက်ပါပါသွားပုံရတယ် ... အခု အထဲက ကလေးကို ကြိုးစားနေပါတယ် ... ကလေးကတော့ ရှစ်လကျော်နေပြီ ... ကလေးလေးက အသက်ရှင်နိုင်ပါတယ် ... မိန်းကလေးကတော့ ဟာ့ထ်အတက်ခံ ရသွားပြီ ... သွေးတွေမြင်တာနဲ့ လန့်ပြီး အိမ်ထဲက ဆုံးသွားပုံပါပဲ ... ရှု ... ဆုံးသွားပါပြီ ..."

ဆရာ၀န့်စကားက ကာဂျီးခေါင်းကို မိုးကြိုးပစ်ချ...သကဲ့သို့ ရှိလေသည်။ ဘုရားရေ ... နှင်းစု ဆုံးသွားပြီတဲ့။ မနက်...အတင် ကာဂျီးနှင့်အတူတူ နံနက်စာ စားခဲ့ကြသေးတာ။ ဘယ်...လောက်မှ ကြာသော အချိန်ပိုင်းလေးမဟုတ်။ အဲဒီအချိန်မှာလည်း ...ကစ်စိတ်မိတ်အောက်တင် ဖြစ်ပျက်သွားသော သေခြင်းတရားကို ...တ်လန့်စွာ နှလုံးသွင်းမိရင်း ကာဂျီး ရှိုက်ကာရှိုက်ကာ ငိုမိပါ...သည်။ အဆိုးထဲမှ အကောင်းအဖြစ် နှင်းစုက သူ့ကိုယ်ပွားလေးကို ...ထားပေးနိုင်ခဲ့ပါစေ။ ကာဂျီးရဲ့ တူ(သို့)တူမလေး အသက်ရှင်ပါ



www.burmeseclassic.com

www.burmeseclassic.com



စေ။ ကာဂျီးမှာ ဒီမျှော်လင့်ချက် တစ်ခုတည်းသာ ရှိပါတော့သည်။ ဒီကမ္ဘာပေါ်မှာ နှင်းစုရဲ့ တစ်ဦးတည်းသော ကိုယ်ပွားလေးဖြစ်သော ကလေးလေး ကံကောင်းနိုင်ပါစေ။ ကလေးရယ် မင်း ကံကောင်းပါစေ။

အချိန်အတော်ကြာသွားလျှင် ခွဲခန်းထဲမှ ။ တစ်ဦး ထွက်လာပါသည်။

"ဒီက ညီမက ကလေးရဲ့ ဘာတော်လဲ ..."

"အဒေါ်ပါရှင် ... ကလေးရော ... ကလေးရှင်လားဟင်"

"ကံကောင်းပါတယ်ကွယ် ... ကလေးလေး အသက်ရှင်တယ် ... လေလောဆယ်တော့ ဆေးရုံမှာပဲ ထားရလိမ့်မယ် ... သိပ် စိတ်မချရသေးဘူးလေ ..."

"သြော် ... ဟုတ်ကဲ့ ... ကလေးလေးက ဘာလေးလဲဟင် ဆရာမ ..."

"ယောကျ်ားလေးကွယ့် ... အသားဖြူဖြူဖွေးဖွေးနဲ့ ဆံပင်လေးတွေ မည်းနက်နေတာပဲ ... ပြီးရင် ဒီက ညီမ ဆရာဝန်ကြီးနဲ့ သွားတွေ့လိုက်ပါနော် ..."

"ဟုတ်ကဲ့ရှင့် ..."

နှင်းစုရယ်။ နင့် ဝိညာဉ်က ဒီနားနီးတဝိုက်မှာ ရှိရင် နင် ကျေနပ်ဝမ်းမြောက်ပါတော့။ နင့်သားလေး အသက်ရှင်တယ်။ နင့်ရဲ့ ရင်သွေး၊ ရင်နှစ်သည်းချာ ငါတူလေးကို ငါဘဝနှင့်ချီ၍





ပြီး ပြုစုစောင့်ရှောက်သွားပါ့မယ်လို့ ငါ ကတိပေးပါတယ်။ နင်သာ စိတ်ဖြောင့်ဖြောင့်နဲ့ ဘဝကူးကောင်းပါစေ။

ဆရာဝန်ကြီးနှင့် သွားတွေ့ပြီးနောက် ကလေးကို ဆေးရုံမှာပဲ ဆက်ထားဖို့ စီစဉ်ရပါသည်။ ကာဂျီးကလည်း ကလေးနှင့် ပတ်သက်၍ ဘာမှ လုပ်တတ်တာ မဟုတ်တာရော၊ ရုပ်ဝေးတစ်နေရာမှ ငယ်ရွယ်သည့် မိန်းမသားတစ်ဦးဖြစ်တာရောကြောင့် ကာဂျီးကို သဘောကောင်းလှသည့် ဆရာဝန်ကြီးက အထူးအကူညီပေးပါသည်။ ကလေးလေးအတွက်တော့ သီးသန့်အထူးစပါရှယ် ကလေးဆရာဝန်တစ်ဦးနှင့် အပ်ထားကာ ကလေးရဲ့ ကျန်းမာရေးအတွက် ကာဂျီးက အကောင်းဆုံး စီစဉ်ပါသည်။ ရန်ကုန်မှာ ပြေးကြည့်လို့ရ အသိအကျွမ်း၊ ဆွေမျိုးရယ် မရှိဘဲ ကိုယ့်နောက်လှည့်ကြည့်လိုက်လျှင် ကိုယ့်အရိပ်ပဲ ရှိလေရာ ကာဂျီးမှာ ငိုနေဖို့ ထိုင်ဝမ်းနည်းနေဖို့ရာ အချိန်မရှိ။ လုပ်သင့်လုပ်ထိုက်တာတွေ အားလုံးကို တရစပ် စီစဉ်ရပါသည်။

ကလေးလေးကို ခေတ္တကြည့်ခွင့်ရချိန်မှာတော့ ကာဂျီးသည် သွားလေသူ နှင်းစုကို အထူးသတိရကာ မငိုမိအောင် အံကြိတ်သည့်ကြားမှပင် မျက်ရည်တွေက တလိမ့်လိမ့် စီးကျလေသည်။ နှမ်းငယ်သော ကလေးလေးဟာ နှင်းစုနှင့် မတူလှဘဲ ကိုစေမင်း၏ ရုပ်နှင့် တထေရာတည်း ချွတ်စွပ်ပင်။ သြော် ... တလောက ကိုသူကြီးမျိုးကြီးတစ်ယောက်၏ ရင်သွေးလေးကို မွေးဖွားနေချိန်မှာ



www.burmeseclassic.com

www.burmeseclassic.com

သူလေးရဲ့ အဘိုးအဘွား၊ အဖေ၊ ဦးလေးဖြစ်သူတို့ကတော့ သူ[illegible]
ဘာသာ သူတို့ ပျော်ရင်လည်း ပျော်နေကြမည်။

ဒါမှမဟုတ် ကိုယ့်အလုပ်နှင့်ကိုယ်လည်း ရှုပ်[illegible]
ရှုပ်နေမည်။ ဘယ်သူမှတော့ စိတ်ဆင်း ရဲသောက ရောက်နေကြ[illegible]
မဟုတ်။ နှင်းစုရယ်။ တွေးကြည့်ရင် ရင်နာဖို့ ကောင်းပါတယ်ဟာ[illegible]
ယောကျ်ားတစ်ယောက်ကို ချစ်ခဲ့မိ အလိုလိုက်ခဲ့မိတဲ့ နင့်ဘဝ[illegible]
နင် ပေးဆပ်ရတာတွေနဲ့ မကာမိအောင် ဆုံးရှုံးလှချည်လားဟယ်[illegible]

အချစ်တစ်ခုကို ယုံစားပြီး တစ်သက်စာလုံးအတွ[illegible]
ပေးဆပ်ခွင့်လွှတ်ခဲ့တဲ့ နင့်ရဲ့လာဒ်က နင်ပေးဆပ်ရတာတွေနဲ့ မ[illegible]
မိဘူးဟာ။ နင့်အတွက် ငါ သိပ်ရင်နာတယ်။ နင် အဖြစ်ဆိုးတ[illegible]
နှင်းစု။ လောကကြီးမှာ ပြေးကြည့်မှ ဒီညီမလေးနှစ်ယောက်ရှိ[illegible]
ခုတော့ နင်က ငါ့ကိုရော အားလုံးကိုရော ချန်ထားရစ်ခဲ့ပြီး ဝေ[illegible]
ကမ္ဘာသစ်တစ်ခုဆီ ထွက်သွားပြီလား။

ကာကျိုးက ချစ်စဖွယ်သော ကလေးလေးကို [illegible]
ကာ ဝမ်းပန်းတနည်းဖြင့် ထပ်မံငိုချလိုက်ပါသည်။ ကလေးရယ် [illegible]
ကံဆိုးလှချည်လားကွယ်။ လူ့လောကထဲကို စတင်ရောက်လာ[illegible]
အချိန်မှာပဲ မင်း မေမေက သေဆုံးသွားခဲ့ပြီ။ မင်းရဲ့ ဖေဖေက [illegible]
ရှိမှန်းတောင် မသိတဲ့ အဝေးတစ်နေရာမှာ။ မင်းရဲ့ ဘိုးဘိုးဘွား[illegible]
တွေကလည်း မင်းကို အသိအမှတ်ပြုကြမှာ မဟုတ်ပါဘူး ကာ[illegible]
ရယ်။ မင်းနဲ့ငါနဲ့သာ ဘဝတူတွေပါကွာ။ မင်းကို လူလားမြောက်[illegible]





[illegible]ထိ တိတိလေး စောင့်ရှောက်မှာပါ။ မင်းသာ ငါ့ကို ခွဲမသွားပါနဲ့
[illegible]လေးရယ်။ ကာကျိုးမှာ သောကရောက်ချိန် မရှိအားသေး။ နှင်းစု
[illegible] သင်္ဂြိုလ်ဖို့ ကိစ္စအရပ်ရပ်ကို စီစဉ်ရဦးမယ်။ ပြီးတော့ အန်တီမြိုင့်
[illegible]လည်း အကြောင်းကြားရဦးမည်။ အခန်းပြင်မှာ ဘေးခန်းက အန်
[illegible]ကြီးနှင့် ကိုထက်က ရှိနေဆဲပင်။

"အားနာလိုက်တာ အန်တီတို့ရယ် ... ရပါပြီ၊ အိမ်ပြန်တော့
မှာပါ ..."

"အားမနာနဲ့ သမီး ... ဒါထက် သမီးအစ်မကိုရော ဘယ်လို
စီစဉ်ထားလဲ ..."

"အိမ်ကို ပြန်မခေါ်တော့ဘူး အန်တီ ... ရေခဲတိုက်ကိုပဲ ပို့
တော့မယ် ... ပြင်ဦးလွင်က သမီးအန်တီ့ဆီ ဖုန်းဆက်
အကြောင်းကြားပြီး အန်တီရောက်လာမှပဲ အသုဘချဖို့ စီ
စဉ်တော့မယ် ..."

"အေးအေး ... ဖြစ်ရဲ့လား သမီး ... နီဗ္ဗာန်ယာဉ်ငှားဖို့တွေ
ဘာတွေ ကိုထက် စီစဉ်ပေးလိမ့်မယ်နော် ..."

"ကျေးဇူးတင်ပါတယ် အန်တီရယ် ..."

ပုံမှန်အတိုင်းဆိုလျှင်တော့ ကာကျိုးတစ်ယောက် နံရံ
[illegible]သာမှီကာ တရှုံ့ရှုံ့ထိုင်ငိုနေမည် ဖြစ်သော်လည်း အခုချိန်မှာတော့
[illegible] ခွန်အားလည်း မရှိတော့။ ငိုချင်စိတ်လည်း မရှိတော့ဘဲ ရှိသ[illegible]
[illegible]သာ တင်းကျပ်ဆို့နင့်နေကာ လောကကြီးကို အင်မတန် စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကုန်သော သွင်ပြင်မျိုးနှင့်သာတည်း။ ဒီအချိန်မှာ ဘယ်မှာလဲ ကျိုးရဲ့ အားပေးဖော်။ နှစ်သိမ့်ဖော်။ ကာကျိုးမှာ ဘာအခက်အခဲ ကူညီဖို့ အဆင်သင့်ပဲဆိုတဲ့ ညီစေမင်းကို ကာကျိုး တမ်းတမိပါသည် သူ့ရှေ့ကို ပြေးသွားကာ ဒီအပူတွေ ရှင်တို့နဲ့လည်း ဆိုင်တယ်။ အစ်ကိုကြောင့်ဟု ပြေးပြောချင်စိတ်ကို မနည်းချိုးနှိမ်ထားရ သည်။ ခံစားခဲ့ရသည့် မီးတွေ၊ အပူတွေ ကာကျိုး မလိုချင်တော ညီစေမင်းရယ် ရှင် ကာကျိုးရဲ့ အဖြစ်တွေကိုသာ မြင်ရင် ဘယ် ထင်မြင်ယူဆဦးမှာလဲ။ ကာကျိုးအပေါ်မှာရော အရင်လို နွေး ဦးမှာလားရှင်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







(၁၀)

ကာကျိုး အကြောင်းကြားလိုက်သဖြင့် အန်တီမြိုင်က နောက်တစ်နေ့ မနက်မှာပင် Air Mandalayဖြင့် ရောက်လာပါသည်။ အန်တီမြိုင်နှင့်အတူ ဒေါ်ဆိုင်နွမ်းပါ အဖော်အဖြစ် ပါလာသဖြင့် သောကတွေကြားမှ ချက်ရေးပြုတ်ရေးတာဝန်ယူထားရသော ကာကျိုးမှာ အနားရသွားပါသည်။ အန်တီမြိုင်က ကာကျိုးကိုမြင်လျှင်မြင်

www.burmeseclassic.com



ချင်း ဖက်ကာငိုသည်။ ကာဂျီးကတော့ မငိုတော့။ ငိုလည်း မနေချင်တော့။ ကာဂျီးစိတ်ထဲမှာ ဘယ်အရာကို စိတ်နာမှန်း မသိဘွာ နာနေမိလေသည်။

"ဘယ်လိုဖြစ်ရတာလဲ ကာဂျီးရယ် ... ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ ..."

"ကာဂျီး ပြောထားပြီးတဲ့ အတိုင်းပဲ အန်တီမြိုင် ... အခု ညနေကို အသုဘချလို့ ရပြီ ... အန်တီမြိုင် ဘယ်လိုစီစဉ်ချင်လဲ ..."

အန်တီမြိုင်က မျက်ရည်စတွေကို သုတ်ရင်း ကာဂျီးကို တစ်ချက်ကြည့်လျက် ...

"ကာဂျီး အားလုံး စီစဉ်ပြီးသားမလား ... ဒါနဲ့ သူ့ကောင်လေးဆီကိုရော အကြောင်းမကြားဘူးလား ..."

"ကာဂျီးမှာ လိပ်စာလည်း မရှိဘူး ... ပြီးတော့ နေ့ပါဦး အိမ်ကို နှင်းစုနာမည်နဲ့ စာတွေဘာတွေ မလာဘူးလား"

"စာတစ်စောင် ရောက်လာတယ် ... အန်တီမြိုင်လည်း ဖောက်ဖတ်မနေတော့ဘူး ... ဖုန်းလည်း တစ်ခါလာသေးတယ် ... နှင်းစု ရှိလားတဲ့ ... အန်တီမြိုင်လည်း သူညီမနဲ့ ရန်ကုန်ကို ဆင်းသွားတယ်လို့ပဲ ပြောလိုက်တယ် ... ဖုန်းထပ်တော့ မဆက်တော့ဘူး ..."

"အဲဒီစာရော အန်တီမြိုင် ..."





"အိမ်မှာပေါ့ သမီးရယ် ... ချက်ချင်းထလာရတာ သတိတောင် မရနိုင်ဘူး ... ဘာလို့လဲ ..."

"ဩော် ... အဲဒီစာထဲမှာ ဆက်သွယ်ရမဲ့လိပ်စာ ပါတယ်လေ၊ ဒါပေမဲ့ ဆက်သွယ်မနေတော့ဘူး အန်တီမြိုင်ရာ ... တကယ် မလွယ်လောက်ဘူး ... သူတို့က ဂရိတ်တွေ ... သူကစပြီး ဆက်သွယ်မေးမြန်းမှပဲ ကာဂျီးတို့ ရှင်းပြရုံပဲ ... တခြားဘာမှ ကာဂျီးကတော့ မျှော်လင့်မနေတော့ဘူး။ ကလေးကိုလည်း ကာဂျီးတို့ပဲ မွေးမယ် ... ကလေးလေးက အရမ်းချစ်စရာကောင်းတယ် သိလား ... ကာဂျီးတို့မှာ ဒီကလေးလေးတစ်ယောက်ပဲ ချစ်စရာရှိတော့တာ အန်တီမြိုင်ရဲ့ ... သူတို့က လိုချင်ပါတယ်ဆိုရင်တောင် ကာဂျီး မပေးနိုင်ဘူး၊ ကိုစေမင်းနဲ့ နှင်းစုဟာ တိုင်းသိပြည်သိ လက်ထပ်ထားတာလည်း မဟုတ်ဘူး ... ဒီတော့ ဒီကိစ္စကို သူတို့ဘက်က လက်ခံတယ်ပဲထားဦး ... အသိမှတ်ပြုတယ်ပဲထား ... လူသိရှင်ကြားတော့ ထုတ်ဖော်မှာ မဟုတ်တော့ဘူး ... ကိုစေမင်းလည်း ငယ်သေးတဲ့ လူတစ်ယောက်ပဲ ... အိမ်ထောင်ထပ်ပြုရမှာပဲ ... အဲဒီကျ ကာဂျီးတူလေးကို မိထွေးလက်ထဲမှာလည်း မထားနိုင်ဘူး ..."

အန်တီမြိုင်က သက်ပြင်းသဲ့သဲ့ချရင်း ...

"အင်းလေ ... ဒါကို အန်တီလည်း တွက်ဆမိပါတယ် ...



www.burmeseclassic.com

www.burmeseclassic.com



အန်တီတို့လည်း မကျွေးနိုင် မမွေးနိုင်ဖြစ်နေတာမှ မဟုတ်တာ သမီးရယ် ... ကလေးကို ပေးမနေတော့ပါဘူး ... ဒါဆို ဘယ်လိုစီစဉ်မလဲ သမီး ... ”

“လောလောဆယ်တော့ ကလေးကို ဆေးရုံမှာပဲ ထားရဦးမယ် အန်တီမြိုင် ... ကလေးက လမှ မစေ့သေးတာ၊ ပြီးတော့ ကာဂျီးလည်း မပြုစုတတ်ဘူး ... သားက အသားလည်း နည်းနည်းဝါချင်တယ်တဲ့ ... အရမ်း ဂရုစိုက်မွေးရမှာ၊ ကလေးအတွက်ကတော့ ဂျွန်မခါနာမှာထားတာ အကောင်းဆုံးပဲ ... အဲဒီက နည်းနည်းကြီးလာရင် အိမ်မှာ nurseတွေ ငှားပြီး ထားမယ် ... နှင်းစု ဆုံးတာကိုတော့ သတင်းစာထဲကသာ ကြော်ငြာလိုက်တော့ အန်တီမြိုင်ရေ ... ပတ်ဝန်းကျင်က မေးလာမှပဲ မီးဖွားရင်း ဆုံးသွားတယ်ဆိုတာပါ တစ်ခါတည်း ထည့်ရင် ပိုကောင်းမယ် ... နှင်းစုဟာ နိုးရာလိုက်ပြေးသွားတယ် ... ပြီးတော့ ကလေးမွေးပြီး မီးတွင်းထဲမှာပဲ ဆုံးသွားတယ် ... ဒီလိုပဲ ပြောရမှာပဲ ... ကာဂျီးကတော့ အဲဒီကလေးနဲ့ ရန်ကုန်မှာပဲ နေတယ်လို့ ... ကာဂျီး ပြန်မလာဖြစ်တော့ဘူး အန်တီမြိုင် ... ကလေးကြီးလာတဲ့အထိ ဒီမှာပဲ နေတော့မယ် ... ပြီးမှ တစ်မျိုး ထပ်စဉ်းစားကြတာပေါ့ ... လောလောဆယ် ကာဂျီးတော့ ဒီအတိုင်းပဲ ဒီအတိုင်းပဲ ... စီစဉ်ချင်တယ် ... အန်တီမြိုင် ဖြစ်ပါ့မလား”





အန်တီမြိုင်ကကာဂျီးပခုံးလေးကိုငြင်သာစွာဖက်ရင်း “အန်တီက မဖြစ်စရာ ဘာအကြောင်းမှ မရှိဘူး ... သမီးသာ ဒီမှာ ကလေးတစ်ယောက်နဲ့ ဖြစ်ပါ့မလား ... ”

“ဖြစ်ပါတယ် ... သားက ဆေးရုံမှာပဲ နေရမှာဥစ္စာ ... ကြီးလာရင်လည်း nurse ငှားမှာပဲကို ... ဘာမှမပူပါနဲ့ ... ဒီမှာ အားလုံး အဆင်ပြေပါတယ် ... ကားလည်း ရှိနေတာပဲ အန်တီမြိုင်ရယ် ... ”

“အေးလေ ... ကာဂျီး သဘောကျသလိုပဲ ကောင်းပါတယ်၊ ဒါဆို သားလေးကို သွားကြည့်ရအောင် ... နှင်းစုကိုတော့ အန်တီမြိုင့် သဘောက မီးသဂြိုလ်ပြီး အရိုးပြာတွေကို ဟိုကို ယူသွားချင်တယ်ကွယ် ... အဲဒီမှာပဲ ဝူလေးသွင်းချင်တယ်”

“အင်းလေ ... အန်တီမြိုင့် သဘောပါပဲ ... သမီးလည်း အဲလိုမျိုး လုပ်ချင်တာပါ အန်တီမြိုင် ... အလုပ်ရှုပ်မခံရိုးလို့ ... အင်း ... နှင်းစုလည်း အဲဒီလိုပဲ ဖြစ်မယ်ထင်ပါတယ် ... ”

အန်တီမြိုင်နှင့် ကာဂျီးတို့ နှစ်ဦးကြားမှာ ရုတ်တရက်တိတ်ဆိတ်သွားပါသည်။ လောကကြီးထဲမှာ ပြေးကြည့်လို့မှ သွေးသားရင်းချာဆို၍ အေးအေးမြိုင်၊ နှင်းစု၊ ကာဂျီးဟူသော မိန်းမသားသုံးဦးထဲသာ ရှိသည့်အထဲမှာ နှင်းစုဆိုသော ပန်းလေးတစ်ပွင့်ကတော့ အချိန်မတန်ခင်ဘဲ ကြွေကျသွားခဲ့ရလေပြီ။ နှင်းစုရဲ့ ငိုယ်ပွားလေးကသာ ကာဂျီးရဲ့ ဘဝ ဖြစ်လာပါတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းစုကို မီးသဂြိုလ်ပြီးသည့်နောက် အရိုးပြာအိုးလေးကို ပြင်ဦးလွင်သို့ ယူဆောင်သွားကြပါမည်။ အန်တီမြိုင်က ကလေး၏ အခြေအနေကို တစ်ပတ်ခန့်မျှ စောင့်ကြည့်ခဲ့ပြီးနောက် ပြန်ဖို့ စီစဉ်ပါသည်။ အထူးဂရုစိုက်ကာ ကြပ်မတ်ကုသသည်မို့ ကလေး၏ ကျန်းမာရေး အခြေအနေ သိသိသာသာပင် ကောင်းမွန်လာပါသည်။ သို့သော် ဒီလောက် ငယ်ငယ်ရွယ်ရွယ် ကလေးလေးကား အရွယ်နှင့်မမျှစွာ ပိုက်တွေ၊ ကြိုးတွေ တပ်လျက် ကုသနေသည်ကိုမြင်တော့ ကာကျိုးမှာ နင့်နေအောင် ခံစားရလေသည်။ အန်တီမြိုင်ကလည်း ကလေးလေးကို မျက်ရည်အဝဲသားဖြင့် ငေးကြည့်ကာ စုတ်တသပ်သပ်ပင်။

ကာကျိုးက လက်မှနာရီကို တစ်ချက်ကြည့်ရင်း လေယာဉ်ဆင်းချိန် နီးလာပြီမို့ ...

"အန်တီမြိုင် ... flight နောက်ကျနေဦးမယ် သွားရအောင်"

"အင်း အင်း ... "

အန်တီမြိုင်က ကလေးလေးကို သံယောဇဉ်မပြတ်နိုင်စွာ လှည့်ကြည့်ရင်းမှ ဆရာဝန်နှင့် သူနာပြုများကို ကလေးကို ဂရုစိုက်ပေးဖို့ အထပ်အခါခါ မှာကြားနေသည်မို့ ကာကျိုးမှာ စောင့်ရပြန်ပါသည်။ ပြီးတော့မှ ကာကျိုးတို့ကားလေး ဆေးရုံထဲမှ ထွက်ခဲ့ကြပါသည်။ ကာကျိုးက ရန်ကုန်လမ်းတွေပေါ်မှာ သွက်လက်ကျွမ်းကျင်စွာ မောင်းနေသည်ကို အန်တီမြိုင်က ငေးကြည့်ရင်း ...





"ကာကျိုးတောင် ရန်ကုန်သူတစ်ပိုင်း ဖြစ်နေပြီနော် ... လမ်းတွေတောင် အတော်ကျွမ်းနေပြီပဲ ... "

"ဒီလိုပေါ့ အန်တီမြိုင်ရယ် ... ကိုယ်မှ မတတ်နိုင်လည်း မဖြစ်ဘူးလေ ... အင်း ... အန်တီမြိုင်တောင် ဘုရားတွေ ဖူးမသွားရဘူး ... အန်တီ ကျန်းမာရေးကို ဂရုစိုက်နော် သိလား ... "

"စိတ်ချပါကွယ် ... အန်တီမြိုင်က ဟိုမှာ အေးအေးဆေးဆေး နေရတာ ကာကျိုးသာ ဒီမှာ မွန်းတီးမွန်းကြပ်နဲ့"

"အဟားဟား ... ဒီလိုပဲပေါ့ ... အင်း ... ကာကျိုးတစ်ခု စိတ်ကူးထားတယ် သိလား ... ကာကျိုး အလုပ်တစ်ခု လုပ်ရင် ကောင်းမလားလို့ ... "

"ဟင် ... ဘာလုပ်မှာလဲ ... ဒါဆို ကလေးကော ... "

"ကလေးက nurseနဲ့ ထားမှာပဲ အန်တီမြိုင်ရဲ့ ... ကာကျိုးလည်း ဘာမှ လုပ်တတ်တာ မဟုတ် ... ဒီကြားထဲ Englishလေး ... Account လေး ဘာလေး လေ့လာပြီး နေမလားလို့ပါ ... နို့မို့ဆို ကာကျိုး ငေါင်နေမှာပဲလေ ... "

ကာကျိုး ပြောတာလည်း ဟုတ်နေပြန်တာမို့ အန်တီမြိုင်က ဘာမှထပ်မပြောဘဲ တွေးဆဆဖြင့် ...

"အင်းလေ ... အကျိုးရှိတာ လုပ်တာပဲ ... သမီး သင်တန်းတွေ တက်ချင်ရင်တော့တက်ပါ ... ဒါပေမဲ့ အလုပ်တော့



www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့ကွယ် ... ဒီအတိုင်းပဲ အေးဆေးနေပါ ... တော်ကြာ တစ်ခုခုဆို ... ”

အန်တီမြိုင်က ဆက်မပြောတော့ဘဲ အသံတိမ်ဝင်သွားပါသည်။ အန်တီမြိုင် ဘာကိုဆိုလိုသလဲဆိုတာ ကာဂျီးက ချက်ချင်း သဘောပေါက်စွာဖြင့် ကားမောင်းရင်းမှပင် လက်တစ်ဖက်ဖြင့် အန်တီမြိုင့် ပခုံးလေးကို ငြင်သာစွာ ကိုင်လိုက်ရင်း ...

“အဲဒီအတွက်တော့ စိတ်မပူပါနဲ့ အန်တီမြိုင်ရယ် ... ကာဂျီးကို လုံးဝ စိတ်ချပါ ... ကာဂျီးဘဝမှာ အန်တီမြိုင်နဲ့ သားသားလေးပဲ ရှိတာပါ ... အလုပ်ကလည်း တကယ့်နေရာကောင်းရမှ လုပ်မှာပါ အန်တီရယ် ... ဥပမာ – မန်နေဂျာလိုမျိုး အဲဒါမျိုးမှပါ ... ရရစားစား မလုပ်ပါဘူးနော် ကာဂျီးကို စိတ်ချပါ ... ရန်ကုန်မှာ အကြာကြီး နေရဦးမှာဆိုတော့ တစ်ခုခုလုပ်တာ ပိုကောင်းတာပေါ့ ... သားသားကိုလည်း ဂရုစိုက်မှာပါ ... အခုချက်ချင်းလည်း လုပ်မှာ မဟုတ်ပါဘူး ... သားသား ကြီးမှပါ အန်တီရဲ့ ... ”

“အင်းလေ ... ကာဂျီး ဒီလောက်မှ စိတ်ထက်သန်နေရင်လည်း လုပ်ချင်လုပ်ပေါ့ ... အတွေ့အကြုံ ရတာပေါ့ ... ဒါပေမဲ့ အန်တီမြိုင့်ကိုတော့ ဘာမဆို တိုင်ပင်ရမယ်နော်”

ကာဂျီးက ချစ်စဖွယ် ပြုံးလိုက်ရင်း ...

“စိတ်ချပါ အန်တီမြိုင်ရဲ့ ... ”





စကားတပြောပြောနှင့်ပင် ကာဂျီးတို့ကားလေးက ယာဉ်ကွင်းသို့ ရောက်လာပါသည်။ အန်တီမြိုင်က ကာဂျီးကို လေးကိုရော၊ ကိုယ့်ကိုယ်ကိုပါ အထပ်ထပ်ဂရုစိုက်ဖို့ မှာနေပါည်။ ကာဂျီးကလည်း ဒေါ်ဆိုင်နွမ်းကို အန်တီမြိုင့်ကို ဂရုစိုက်ဖို့ မှာကြားကာ မပြီးနိုင် မစီးနိုင်တော့။ စပီကာမှ အထဲဝင်ဖို့ ခေါ်သာ တူဝရီးနှစ်ဦးသား နှုတ်ဆက်ပွေ့ဖက်ကာ မျက်ရည်အဝဲသား လက်ပြရပါသည်။ ကာဂျီးက အန်တီမြိုင့်မျက်နှာကို ငေးရင်းမှ စ်စုံတစ်ခုကို သတိရစွာဖြင့် ...

“အန်တီမြိုင် ... ကာဂျီးဆီကို အမေရိကားက လာတဲ့စာ လှမ်းပို့ပေးပါဦး ... မမေ့နဲ့နော် ... ”

“ဩော် ... အေးအေး ... ”

အန်တီမြိုင်က ခေါင်းညိတ်၍ လက်ပြနှုတ်ဆက်ကာ အထဲဝင်သွားပါသည်။ နှင်းစုရဲ့ အရိုးပြာအိုးလေးကတော့ အန်တီ င်နှင့်အတူ ပါသွားခဲ့လေပြီ။ ဩော် ... အိပ်မက်တွေပါပဲလား နှင်း ယ်။ နှင် သေဆုံးသွားတာကို ငါ ခုထိ မယုံနိုင်သေးသလိုပဲ။ ငါ့ ဝထဲမှာတော့ နှင် ဘယ်တော့မှ မသေဘူး နှင်းစု။ ဖွင့်မပြောခဲ့တဲ့ င့်ဆန္ဒတွေကို ငါ ဖြည့်ဆည်းပေးဖို့ ရန်ကုန်မှာ ဆက်နေနေတာပါ င်းစုရယ်။



www.burmeseclassic.com

www.burmeseclassic.com





(၁၁)

တဖြည်းဖြည်းနှင့် အချိန်ကာလကြာညောင်း
သည့်အလျောက် ကလေးလေးကိုလည်း ဆေးရုံမှ အိမ်သို့ ခေါ်
နိုင်ခဲ့ချေပြီ။ ဒါပေမဲ့ ကလေးအတွက်တော့ nurseခေါ်ရတုန်းပဲ
သည်။ nurseက မနက် ရှစ်နာရီခွဲခန့်လာ၍ ညနေ ငါးနာရီကျ
ပါသည်။ nurseရှိနေ၍ ကာဂျီမှာ အနည်းငယ် သက်သာရာက





မှ ကလေးပြုစုနည်း၊ ကိုင်တွယ်ချီပိုးနည်းတို့ကိုပါ တပါတည်း သင်
ထားရပါသည်။ တစ်ကိုယ်ရေ တစ်ကာရသမားမို့ သိပ်တော့
အလုပ်မရှုပ်ရပါ။ တစ်ပတ်စာ ဟင်းချက်စရာကလည်း ရေခဲသေတ္တာ
ထဲ အမြဲထည့်ထား၍ ဈေးကလည်း နေ့တိုင်းသွားစရာ မလိုပါ။
နီးနားနားမှာလည်း ဆိုင်တွေအစုံရှိ၍ ဘာမှတော့ မပူပင်။ ကား
လည်း ရှိနေ၍ အစစအရာရာကား အဆင်ပြေပါသည်။ ဒီကြားထဲ
ကာဂျီးကား စပီကင်သင်တန်းနှစ်ခုအပြင် စာရင်းကိုင်သင်တန်းပါ
တက်နေသဖြင့် အချိန်ပြည့် အိမ်မှာ မရှိနိုင်။ ကလေးကို nurseနှင့်
သာ ထားခဲ့ရပါသည်။ ဆေးရုံမှာထဲက ဂရုတစိုက် စောင့်ရှောက်ခဲ့
သော nurse မနီနီနှင့်လည်း အတော်လေး ရင်းနှီးမှု ရှိနေပြီဖြစ်သည်။
ဒီနေ့တော့ စနေနေ့ဖြစ်၍ သင်တန်းတွေလည်း တစ်ချိန်မှ မရှိဘဲ
ကာဂျီး အားလပ်နေကာ ငါးလသားလေးရောက်နေပြီဖြစ်သော
တူလေး ဝကစ်ကစ်ကို ချော့မြှူကြည့်စယ်နေပါသည်။

မနီနီက ကလေးကို ချစ်ခင်စွာဖြင့် သဘောတကျ
ချော့မြှူ ကြည့်စယ်နေသော ကာဂျီးကို ပြုံးကြည့်ရင်း ...

"ကာဂျီးက တူလေးကိုတော့ အတော်ချစ်သားပဲ ..."

ကာဂျီးက သားသားကို မွှေးကြူရင်း ...

"ချစ်တာပေါ့ ... မားနီ(မမနီ)ရဲ့ အသည်းတုံး ... အရုပ်
လေး ..."

"အင်းလေ ... ချစ်ရှာမှာပေါ့ ... ကလေးကလည်း မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မြင် ချစ်ခင်ပါစေဆုနဲ့ ပြည့်နေတာကိုး ... ဒါထက် ကလေး
ကို နာမည်လေးဘာလေး မပေးတော့ဘူးလား ... "

"အင်း ... အဲဒါပဲ ကာဂျီးလည်း စဉ်းစားနေတာ ... ခုဟာ
အိမ်နာမည်တောင် ခေါ်ဖို့မရှိသလိုဘဲ ... သားသားပဲ ခေါ်
နေရတာ ... အင်း ... ဘယ်လိုပေးရမလဲ ... ဖြူဖွေးလို့
ပေးရမလား မသိဘူး ... ကောင်းလားဟင် မားနီ"

"ဖြူဖွေးဆိုတော့ မိန်းကလေးနာမည်ကြီး ဖြစ်နေမှာပေါ့
ကာဂျီးရဲ့ ... ဖြူဖြူဖွေးဖွေး ဝိုင်းဝိုင်းစက်စက်ကြီးပါပဲ ဥပမာ
ဝိုင်းဝိုင်းဆိုလည်း ကောင်းတာပဲ ... အိမ်နာမည်ပဲဟာ"

"ဝိုင်းဝိုင်း ... အင်း ... ကောင်းတယ် ... ဝိုင်းဝိုင်းပေါ့
ဟော့ ... မှတ်ထား ... မင်းနာမည် ခုကစပြီး ဝိုင်းဝိုင်းပေါ့
ဟော့ ... ခစ်ခစ် ကြည့်စမ်း ... သူ သိလား မသိဘူး ...
ရယ်နေတယ် မားနီရေ ... "

ကလေးက သူ့အဒေါ်ရဲ့ ပြောင်စပ်စပ်မျက်နှာ
သဘောကျကာနှင့် ရယ်နေတာ ဖြစ်ပါလိမ့်မည်။

"ကာဂျီးကို တစ်ခု ပြောရဦးမယ် ... ကာဂျီးလည်း
ကလေးအကြောင်း ကောင်းကောင်းနားလည်နေပြီပဲ ...
မမနီ သိပ်မလိုအပ်တော့ပါဘူး ... ပြီးတော့ မမနီက
လည်း မအားတော့ဘူး ... ကာဂျီးကို ခင်လွန်းလို့သာ
ပေးနေတာလေ ... အဲဒါ ကလေးလည်း ထိန်းတတ် ...





အိမ်မှုကိစ္စလည်း နိုင်နင်းတဲ့တစ်ယောက် ငှားပါလားလို့
အကြံပေးချင်တာပါ ... "

မမနီစကားကို ကာဂျီးက မျက်ဆံလေးထောင့်ကပ်
စဉ်းစားရင်းမှ ...

"အင်း ... မမနီကို အားလည်းနာနေပါပြီ ... ဟုတ်တော့
လည်း ဟုတ်ပါတယ် ... ဒါပေမဲ့ အဲလိုလူက စိတ်ချရပါ့
မလား မားနီရယ် ... ကာဂျီး အပြင်သွားရင် သားနဲ့ အဲဒီ
အကူ နှစ်ယောက်ပြောပါတော့ သူပဲ ကျန်ခဲ့မှာ ... တော်ကြာ
တစ်ခုခုဆို ကာဂျီး ရင်ကျိုးရချည်ရဲ့ ... ကာဂျီးက သားကို
ပဲ စိတ်မချတာပါ ... မားနီဆိုရင်တော့ စိတ်ချတယ်လေ"

မမနီက ဝိုင်ပါတယ်ဆိုသော အပြုံးမျိုးပြုံးရင်း ...

"အဲဒီအတွက် မားနီ စဉ်းစားပြီးသားပါ ကာဂျီးရယ် ... မား
နီ အသိတစ်ယောက် ရှိတယ် ... သူက မုဆိုးမကွယ် ...
ကလေးကလည်း အဖတ်မတင်ဘူး ... တစ်ကိုယ်တည်း
သမားပေါ့ကွယ် ... အသက် သုံးဆယ်လောက်ပဲ ... မနော်
မိုးတဲ့ ... သူ့မိသားစုကလည်း သိပ် အဆင်မပြေပါဘူး ...
ယောကျ်ားဆုံးသွားတော့ မိဘအိမ်ပေါ် ပြန်တက်နေတာ
မောင်နှမသားချင်းတွေက သိပ်မကြည်ဖြူချင်တော့ သူ့ခမျာ
နေရတာ စိတ်ညစ်တယ်လို့ အမြဲ ညည်းရှာတယ် ...
အလုပ်တစ်ခုခုတော့ ... လုပ်ချင်ပေမဲ့ အဆင်က မပြေဘူး



www.burmeseclassic.com

www.burmeseclassic.com



လေ... အဲဒါ ဒီအလုပ်ဆိုရင်တော့ သူ လုပ်ချင်တယ်တဲ့ ... သူနဲ့ ပတ်သက်လို့တော့ မားနီ လုံးဝတာဝန်ယူတယ် ... ကာဂျီး ... အကျင့်စာရိတ္တကအစ လုပ်ရည်ကိုင်ရည်ရော ပေါ့ ... အင်း သူကလည်း ကာဂျီးဆီမို့သာ လုပ်ချင်တာ ပါ ... မိန်းကလေးတစ်ယောက်တည်း ကလေးလေးနဲ့ဆို တော့လေ သူ့အတွက်လည်း စိတ်ချရတာပေါ့ ... ပုံစံက ဖြူဖြူသန့်သန့်ပါပဲ ... အဲဒါ ကာဂျီး စိတ်ဝင်စားရဲ့လား"

"အင်းလေ ... မားနီက ဒီလောက် အာမခံမှတော့ ကာဂျီး စိတ်ဝင်စားနေပါပြီ ... ကာဂျီးလည်း အဖော်ရတာပေါ့ ... အန်တီမြိုင်က အဲလို ငှားဖို့ပြောတာ ဟိုး နှင်းစု ရှိကတည်း က ... ကာဂျီးက သိပ် မယုံရဲလို့ ... ခုလို အကြောင်းသိဆို ရင်တော့ ခေါ်ပါတယ် ..."

"ဒါဆို မနက်ဖြန် သူ့ကို မားနီ ခေါ်လာခဲ့မယ် ..."

"ခေါ်ခဲ့လေ မားနီ ... ဪ ... မားနီ ရှေ့တစ်လလောက် တော့ သားကို တာဝန်ယူပေးပါဦးနော် ... အဲဒီ မနော်ကို ပါ သင်ပေးလိုက်ပေါ့ ..."

"အင်းပါကွယ် ... စိတ်ချပါ ..."

နောက်တစ်နေ့မှာပဲ မမနီက မနော်မိုးဆိုသော အမျိုးသမီးတစ်ယောက်ကို ခေါ်လာခဲ့ပါသည်။ တစ်ခါတည်းပင် အဝတ်အိတ်ကိုပါ ယူလာခဲ့တာပင်။ မနော်မိုးကား မျက်နှာက အေး





းဆေးဆေးပုံစံလေးနှင့် ခင်မင်စရာကောင်းပါသည်။ ငယ်ငယ် ယ်လေးနှင့် မုဆိုးမ ဖြစ်ရသည့်အတွက် စိတ်မကောင်းစရာပင်။ း တွေ့ရမြင်ရသည့် မိန်းမသားများကိုကြည့်ကာ ကာဂျီးမှာ အိမ် င်တစ်ခုဘဝနှင့် အချစ်ဆိုတာကို ကြောက်လန့်နေရပါသည်။ ျီးက မနော်ကို ကရုဏာသက်စွာဖြင့် ပြုံးပြရင်း ...

"ထိုင်ပါ မနော် ... ထိုင် ... ထိုင် ... ဒါ သားသားလေ ... ကာဂျီးတူလေး ... မနော် ထိန်းရမဲ့ ကလေးပေါ့ ... ချော တယ်မလား ဟင်းဟင်း ..."

မနော်မိုးမှာ အိမ်မှာ မနေချင်၍သာ စွန့်စွန့်စားစား ်လာခဲ့သော်ငြား ကိုယ်တွေ့ဆုံပတ်သက်ရမည့် ကောင်မလေး အလေးကိုတော့ စိတ်ထဲမှ ဘယ်လိုများ ဖြစ်ပါလိမ့်မလဲဆိုတာ ားစိတ်ပူတာတော့ အမှန်ပင်။ ကာဂျီးကို တွေ့တွေ့ချင်းမှာ ည်း ခေတ်ဆန်သွက်လက်ပုံရမည့် ကောင်မလေးမို့ ကိုယ်နှင့် အံ ်မှာတော့ တော်တော်စိုးမိသား။ အခုတော့ ကလေးလေး မွေ့ ားရင်းမှ ဖော်ဖော်ရွေရွေ ဆီးကြိုနှုတ်ဆက်လိုက်သောကြောင့် မြင်ချင်းပဲ ချစ်ခင်သွားကာ စိတ်လည်း ချမ်းမြေ့သွားရပါသည်။ လေးကလည်း တကယ့်ကို တစ်တုံးတခဲနှင့် ချစ်စရာဖွေးဖွေး တ်တုတ်ကြီးပင်။ ကလေးမျက်နှာလေးမှာလည်း ချိုမြမြနှင့် ကို ဆိုးတတ်မည့်ပုံ မပေါ်ချေ။ မနော်က ကာဂျီးလက်ထဲမှ ကလေး အသာတောင်းယူချီလိုက်ရင်း တစ်ချက်မွှေးလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကလေးက ချစ်စရာလေးနော် ... နာမည်ဘယ်လိုခေါ် ဟင် ... "

"ခုတော့ ဝိုင်းဝိုင်းတဲ့ ... ဒါတောင် မားနီ ပေးထားတာ ကာကျိုးက သားသားပဲ ခေါ်တတ်တာ ... အဟင်း ဟင်း ကဲ ... မနော် ခုချိန်ကစပြီး ဒီအိမ်သား တစ်ယောက်လို ပျော်ပျော်ရွှင်ရွှင်နေနော် ... အိမ်အလုပ်တွေ ဘာညာ တော့ ကာကျိုး ကူပါ့မယ် ... အဓိက,က သားပဲ ... သား ဂရုစိုက်ဖို့ပါပဲ ... အဲဒါလေး တစ်ချက်ပဲ ... "

"ရပါတယ် ညီမလေးရယ် ... အစ်မ အဲဒါတွေလည်း လု တတ်ပါတယ် ... စိတ်ချပါ ... ကလေးအတွက်လည်း စိ ချပါ ... "

"ကာကျိုးက နောက်ဆို မနော်ကိုပဲ အားကိုးနေရမှာ ... သားသားအတွက် စိတ်ချရရင် ကာကျိုး အလုပ်ဝင်တော့မှ လေ ... "

"ဪ ... စိတ်ချပါကွယ် ... အစ်မ လုပ်တာကိုင်တာ သဘောမကျရင်လည်း ပြောနိုင်ပါတယ်နော် ညီမ ... "

"အင်းပါ ... အစ်မ ဒီမှာ လွတ်လွတ်လပ်လပ်သာနေ ... ကာကျိုးရယ် ... သားသားရယ်ပဲ ရှိတာ ... တိုင်တိုင်ပင်ပင် ပေါ့ ... ဟုတ်လား ... ဈေးက မနော်နေ့တိုင်းသွားနိုင် တော့သွား ... ဒီနားတင်ပဲ ... မဝေးဘူး ... ကာကျိုးကတော့





သားသားနဲ့ဆိုတော့ မသွားဘူး ... တစ်ပတ်စာ ဝယ်ထား တာ ... "

"ရပါတယ် ... နောက်ဆို မနက်တိုင်း အစ်မ ဈေးသွားပါ့ မယ် ... လတ်လတ်ဆတ်ဆတ် စားရတာပေါ့ ... "

"မနော် သဘောပဲ ... အဆင်ပြေသလိုလုပ် ... မီးဖိုနားမှာ အခန်းတစ်ခန်း ပိုရှိတယ်လေ ... ခုတင် ဘာညာလည်း ရှိ တယ် ... အဲဒီမှာ နေပေါ့ ... "

"ရပါတယ် ... "

"အိမ်အလုပ်က ဘာမှ သိပ်မရှိပါဘူး ... အဝတ်လျှော်တာ လည်း စက်နဲ့ပဲ ပြီးရင် မနော်ကို ကာကျိုး ပြပေးမယ် ... စက်နဲ့ပဲ လျှော်ပေါ့ ... လျှပ်စစ်ပစ္စည်း ကိုင်တွယ်တာတွေ အားလုံး ကာကျိုး ပြပေးထားပါ့မယ် ... ဒါနဲ့ မနော် ဘယ် နှစ်တန်းထိ ကျောင်းနေဖူးလဲ ... "

"ကိုးတန်းထိပါ ... "

"အိုကေ ... ဒါဆို ရတာပေါ့ ... ကဲ ... မနော် ပစ္စည်းတွေ သိမ်းလိုက်ဦး ... "

ကာကျိုးက မနော်လက်ထဲမှ ကလေးကို ပြန်ယူ ထားရင်း မနော် နေရမည့်အခန်းကိုပါ ပြသလိုက်ပါသည်။ အားလုံး အဆင်တပြေ ဖြစ်သွားပြီဆိုမှ မနီနီက ပြန်သွားပါသည်။ ညနေက် ရောက်တော့ မနော်က ကလေးထိန်း၍ ကာကျိုးက သင်ခန်းစာတွေ



www.burmeseclassic.com

www.burmeseclassic.com



လေ့လာလျက် ရှိနေပါသည်။

စာဖတ်တာ မျက်စိညောင်းသွား၍ မနော်ဘက် လှည့်ကြည့်လိုက်လျှင် မနော်က T.V ဖန်သားပြင်ကို ငေးနေ၍ ကလေးက ရင်ခွင်ထဲမှာ အိပ်ပျော်နေလေသည်။ ကာကျိုးက စာအုပ်တွေကို ပိတ်လိုက်ရင်း ...

"မနော် ... သားသားက အိပ်ပျော်နေပြီ ... သွားသိပ်လိုက်ပါတော့လား ..."

"ဩော် ... အင်း အင်း ... သိပ်လိုက်မယ် ... T.Vထဲ စွဲနစ်ဝင်နေတာ မသိလိုက်ဘူး ..."

မနော်က ပိုင်းပိုင်းကို မ,ချီကာ အခန်းတွင်း ခေါ်သွားပါသည်။ ပိုင်းပိုင်းကို ကာကျိုးရဲ့ အခန်းထဲမှာပင် ပုခက်တစ်လုံးနှင့် သပ်သပ်သိပ်တာ ဖြစ်ပါသည်။ ယခင်က ပိုင်းပိုင်းငိုလျှင် ညရေးညတာ အိပ်ပျက်ရပေမဲ့ မနော် ရောက်လာတော့ အိပ်မပျက်ရတော့။ မနော်မှာ တစ်ညလုံး အိပ်မှ အိပ်ပါလေစဟု တွေးရအောင်ပင် ကလေးက အဲ့ခနဲဆိုတာနှင့် ရောက်လာကာ ဘာဖြစ်သလဲ ဆန်းစစ်ကြည့်စမြဲ။ တစ်ခါတလေ ကလေးမငိုလျှင်လည်း သူ့ဘာသာလာလာစမ်းကြည့်ကာ သေးစိုနေလျှင် ဘောင်းဘီလဲပေးပါသည်။ တစ်အိမ်လုံးလည်း သန့်စင်တောက်ပြောင်နေအောင် မနော်က လုပ်သေးတာပင်။ အချက်အပြုတ်ကလည်း လုပ်တတ်ကိုင်တတ်သော ကရင်မမို့ အထူးပြောစရာမလို။ မနော်ရောက်လာ၍ ကာကျိုး





...အစစအရာရာ အဆင်ပြေပါသည်။

အခုမှ ကာကျိုးက တစ်စုံတစ်ခုကို သတိရကာ အိမ်...ဖုန်းခေါ်လိုက်ပါသည်။ အိမ်မှာ ကာကျိုးရဲ့ ကွန်ပျူတာကျန်ခဲ့၍ ...ယ်သူမှလည်း သုံးတာမဟုတ်၍ အန်တီမြိုင်ကို လှမ်းမှာမလို့ပင်။ ...ွန်ပျူတာသရဲဖြစ်၍ ကာကျိုးအတွက် ကွန်ပျူတာက လိုကိုလို...ပ်ပါသည်။ ပြီးတော့ ကိုယ်က ကွန်ပျူတာနှင့် ကျောင်းပြီးထား...ပီပီ နေ့စဉ်နှင့်အမျှ ပြောင်းလဲနေသော ခေတ်ကြီးထဲမှာ ကျန်မှာ...ည်း စိုးတာရောကြောင့်ပင် ကာကျိုးရဲ့ ကွန်ပျူတာ ရန်ကုန်ရောက်...လျှင် အင်တာနက်နှင့် ချိတ်ဖို့ ရည်ရွယ်ထားပါသည်။ အင်တာနက်...ကတစ်ဆင့် ကမ္ဘာကြီးရဲ့ စိတ်ဝင်စားစရာ အများအပြားကို တွေ့...င်လေသည်။

ပြီးတော့ နိုင်ငံခြားရောက်နေသည့် သူငယ်ချင်းများ...နှင့်လည်း အဆက်အသွယ်လုပ်ဖို့ လွယ်ကူသွားတာပင်။

အတွေးနှင့် အကွက်ချနေတုန်းမှာပင် ဖုန်းက လိုင်း...ဝင်သွားပါသည်။

"ဟယ်လို ... အန်တီမြိုင်လား ... ကာကျိုးပါ ... ဟိုလေ ကာကျိုးရဲ့ ကွန်ပျူတာကို ရန်ကုန်ကို ပို့ပေးပါဦး ..."

"အင်း ... ပို့လိုက်မယ်လေ ... အန်တီတောင် စဉ်းစားထားတာ လှမ်းပို့ပေးမလို့ ... ဒီမှာလည်း ဒီအတိုင်းကြီး ဖြစ်နေတာလို့ ... ဟဲ့ ... စိုင်းစိုင်းတို့ ရန်ကုန် ဆင်းလာမလို့တဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ထည့်ပေးလိုက်မယ်လေ … တခြား ဘာမှာဦးမလဲ၊ ပိုက်ဆံရော … ”

“ရှိသေးတယ် … ဘဏ်မှာ ရှိသေးတယ်လေ အန်တီမြိုင်ရဲ့”

“အေးအေး … အခု ဘာတွေလုပ်နေလဲ ပြောဦး … ဟို ကလေးမကရော အဆင်ပြေရဲ့လား … ”

မနော်ရောက်သည့်ညမှာပဲ ကာဂျီးက ဖုန်းဆက်ပြောထား၍ မနော်အကြောင်းကို အန်တီမြိုင်က အကုန်သိထားပါသည်။

“ပြေပါတယ် … တော်ပါတယ် … အခု Accountနဲ့ Japanese တက်နေတယ်လေ … French ကတော့ နည်းနည်းလောက်ပဲ လေ့လာတယ် … ကာဂျီးမှာ Basic ဖြစ်ပြီးသားပဲကိုး … ”

“အင်း … ငါ့တူမရဲ့ အရည်အချင်းကတော့ တကယ် လက်ဖျားခါတယ် … အင်းလေ … အဲလောက်တောင် သင်ထားပြီးတော့လည်း အကျိုးရှိအောင် လုပ်ပေါ့ … ဒါနဲ့ သားသားရော နေကောင်းရဲ့လား … ”

“ကောင်းပါတယ် … အိပ်နေပြီ … အံ့မယ် သားမှာ အခု နာမည်ရှိသွားပြီ … ဝိုင်းဝိုင်းတဲ့ … ”

“နာမည်ရင်းကိုလည်း သေချာရွေးပေးဦးလေ ကာဂျီးရဲ့”

“စိတ်ချ … ကာဂျီး မရမ်းခြံကို သွားမှာ … ”





“ဘာလဲ … မရမ်းခြံက … ”

“မော်ဘီက မင်းသိခ်ရဲ့ အခါတော်ပေးတဲ့နေရာလေ … မရမ်းတလင်း … ”

“အေးအေး … အဲဒီကျ အန်တီမြိုင်လည်း ရန်ကုန်ဆင်းလာမှာပါ … ဒါဆို သမီးစက်ကို ရေ့ခြံက စိုင်းစိုင်းနဲ့ ထည့်ပေးလိုက်မယ် … စိုင်းစိုင်းကလည်း ရန်ကုန်မှာ လာနေမှာတဲ့၊ အန်တီလည်း အကူညီလိုတာရှိ ကာဂျီးကို တောင်းလို့ ပြောထားတာပဲ … ”

“နှင်းစုရဲ့ ပတ်သက်ပြီးတော့ ဘာသံတွေ ကြားရသေးလဲ အန်တီမြိုင် … ”

“ဘာမှတော့ မပြောကြပါဘူးကွယ် … စိတ်မကောင်းတဲ့ အကြောင်းပဲပေါ့ … ကလေးကိုလည်း မေးတယ် … ကာဂျီးနဲ့ ထားခဲ့တယ်လို့ပဲ ပြောလိုက်တယ် … အားနာလို့နဲ့ တူပါတယ် … ဘာမှ မမေးကြဘူး … ”

“ကောင်းတယ် … အမှန်အတိုင်းဖြေမှန်းသိတော့ မမေးကြတော့ဘူး … ဒါဆို … ဒါပဲလေ … ဪ … အန်တီမြိုင် ဘာမှာဦးမလဲ … ”

“မမှာတော့ပါဘူး … ဝိုင်းဝိုင်းဖို့ ဆွယ်တာလေးတွေ ထည့်ပေးလိုက်မယ် … ကာဂျီးဖို့ရော နှစ်ထည် ထည့်ပေးလိုက်မယ် … ရတနာက ထိုးပြီးလာပေးထားတာ … ဖုန်းမဆက်



www.burmeseclassic.com

လို့တဲ့ ... ဆက်လိုက်ဦး ... "

"အင်းပါ ... ဒါပဲနော် ... အန်တီမြိုင် ... "

ကာဂျီးက ဖုန်းချလိုက်ပါသည်။ ဖုန်းချပြီးတာ စားပွဲပေါ်မှာ စာရွက်ခေါက်လေးကို ထပ်မံဖြန့် ကြည့်မိလိုက်သည် တစ်နေ့ကမှ အန်တီမြိုင် အမြန်ချောပို့ဖြင့် ပို့လိုက်သော ကိုစေမ ရဲ့စာ၊ စာထဲမှာတော့ နှင်းစုကို သတိရလွမ်းဆွတ်ကြောင်း အလု အရမ်းများ၍ နောက်စာသိပ်ရေးနိုင်မည် မဟုတ်ကြောင်း၊ ဒါကြော E-mailပို့မည်ဖြစ်ကြောင်း၊ နှင်းစုရဲ့အိမ်မှာ ကွန်ပြူတာကို အင် နက်နှင့် ချိတ်ထားစေချင်ကြောင်း၊ သူ့ အင်တာနက် E-mail လိပ် ထည့်ပေးလိုက်၍ နှင်းစု ပြန်၍ E-mail ပို့နိုင်ကြောင်း၊ သူ ဟို နောက်ထပ် တစ်နှစ်လောက် ထပ်နေရမည်ဖြစ်သဖြင့် စုစု နှစ်နှစ်ကျော်ကျော် ကြာမည်ဖြစ်ကြောင်း၊ နှင်းစုကို သူ ပြန် လျှင် ချက်ချင်း လက်ထပ်မည်ဖြစ်ကြောင်း အစုံအလင်ပင် ရေး ထားပါသည်။

ဩော် ... ကိုစေမင်းရယ်။ ရှင် ပြန်လာလည်း နှ က ရှင့်ကို ကြိုနိုင်မှာ မဟုတ်တော့ပါဘူးရှင်။ နှင်းစုက အား ဝေးရာကမ္ဘာသစ်တစ်ခုဆီကို ထွက်သွားခဲ့ပြီ။ ဘယ်တော့မှ ပြန် မှာ မဟုတ်တော့ဘူး။ ရှင့် မျှော်လင့်ချက်တွေကို ဓာတ်သိမ်းလို တော့ ကိုစေမင်းရေ။

ကာဂျီးဟာ စာရဲ့ အောက်ဆုံးနားမှာ ရေးသား





လိုက်သော ကိုစေမင်းရဲ့ E-mailလိပ်စာလေးကို အထပ်ထပ်အခါခါ ရွတ်ဖတ်ရင်း တစ်စုံတစ်ခုကို တွေးတောနေမိပါသည်။ နှင်းစု ဆုံး သွားပြီဆိုတဲ့အကြောင်းနှင့် နှင်းစုမှာ သူနှင့် ရခဲ့သော ရင်သွေးလေး ကျန်ခဲ့ကြောင်းတို့ကို ကိုစေမင်းထံ E-mailပို့လိုက်လျှင် ယုံပါ့မလား။ မယုံလဲနေကွာ။ နှင်းစုရဲ့ ဗျာပနပုံ၊ ကလေးရဲ့ ဓာတ်ပုံ။ ကိုယ်ဝန်ကြီး နှင့် နှင်းစုပုံတွေ။ ထပ်ပို့ပေးလိုက်မယ်။ သူလုပ်ထားတဲ့ အကြောင်း သူ အသိဆုံးနေမှာပင်။ ကာဂျီးက စိုင်းစိုင်း အမြန်ရောက်လာ၍ ကွန်ပျူတာကို အင်တာနက်နှင့် ချိတ်ဖို့ စိတ်အားထက်သန်နေပါ တော့သည်။

ကာဂျီး သင်တန်းမှ ပြန်ရောက်တော့ အပေါက်ဝမှာ ယောက်ျားစီး ရှူးဖိနပ်တစ်ရံ တွေ့သဖြင့် ဒါ စိုင်းစိုင်းပဲဟု အပ်ချ မတ်ချ တန်းသိပါသည်။ အိမ်ထဲသို့ ဝင်လိုက်သောအခါ ဆိုဖာပေါ် မှာ စိုင်းစိုင်းက ထိုင်လျက်သား။ ကာဂျီးက ဖိနပ်ကိုချွတ်ကာ စင် မှာတင်ထားလိုက်ရင်း ...

"ဟော ... စိုင်းစိုင်း ရောက်နေတာကိုး ... တကူးတကလာ ပို့ရလားဟယ် ... ငါ လာယူမှာပေါ့ ... ဘယ်တုန်းကရောက် လဲ ... "

စိုင်းစိုင်းနှင့် ကာဂျီးက သက်တူရွယ်တူ ငယ် ငယ်ချင်းများ ဖြစ်ကြပါသည်။ တစ်ယောက်နှင့်တစ်ယောက်ပြည်း ပြောမနာ ဆိုမနာ အတွင်းသိများပင်။

www.burmeseclassic.com



စိုင်းစိုင်းက ဆိုဖာပေါ်မှ ထိုင်လျက်သားပင် ရယ်မောကာ ...

"ခင်ဗျား အန်တီက အိမ်တိုင်ရာရောက် ပို့ပေးပါဆိုတာနဲ့ ဗျို့ ... ပြီးတော့ ကူညီမှုကူညီ အစအဆုံး ကူညီတာပဲ ကောင်းပါတယ် ... "

ကာကျီးက မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုက်လိုက်ရင်းမှ အိတ်တွေကို မနော်ထံ ကမ်းပေးလိုက်ပါသည်။ တစ်လက်စတည်းပင် ပါးစပ်မှလည်း သားသားကို ခေါ်ခဲ့ပါဦးဆိုတာက အမှာတော်ပါးလိုက်သေးသည်။ ကာကျီး အပြင်က ပြန်ရောက်လျှင် အရင်ဆုံးရေတောင်မသောက်သေးဘဲ သားသားကို မွေးကြုနှုတ်ဆက်ပြီးမှ အမောဖြေရတာလည်း အလုပ်တစ်ခုပင် ...။ မနော်က ရေချိုးပြီးစ သနပ် ခါးအဖွေးသားနှင့် သားကို ကာကျီးထံ လာပို့ပါသည်။ ကာကျီးက သားကို ပေါင်ပေါ်မှာတင်ထားပြီးတော့မှ ...

"ဒါ ... နှင်းစုသားလေးလေ ... "

စိုင်းစိုင်းက ကလေးကို စိတ်မကောင်းစွာ တစ်ချက်ကြည့်ရင်း ...

"အင်း ကြားရတဲ့အဖြစ်တွေက ယုံတောင်မယုံချင်ဘူးဟာ ခုထိ အိပ်မက်လိုပဲ ... ကလေးက သနားပါတယ် ... အေးလေ ... ဒါပေမဲ့ နင်က ဂရုစိုက်တော့ သိပ်တော့ စိုးရိမ်စရာမရှိပါဘူး ... ဒါနဲ့ ဟာလေးက ဘယ်နှစ်လရောက်ပြီလဲ"





"ခြောက်လကျော်ပြီလေ ... ကဲပါ ... ဒါတွေ ပြောမနေပါနဲ့တော့ ... နင်က ဒီမှာ အလုပ်လုပ်မလို့ဆို ... ဘာလုပ်မှာလဲ ... "

"Sun Rise မှာ လျှောက်မလားလို့ စိတ်ကူးထားတာပဲ"

Sun Rise ဆိုသော စကားကြောင့် ကာကျီး ခေါင်းထောက်သွားရပါသည်။ အင်း ပတ်ပဲပတ်သက် ဆက်နွယ်လွန်းလှချည်လားကွယ် ...။

"Sun Rise ဟုတ်လား ... ဘာအလုပ်လဲ ... "

"သတင်းစာထဲမှာ ခေါ်တယ်လေ ... နင် မသိဘူးလား၊ ပျဉ်းမပင်စက်မှုဇုန်အတွက် လက်ထောက်မန်နေဂျာပေါ့၊ တခြား ဝန်ထမ်းတွေလည်း အများကြီး ခေါ်ထားတယ်၊ ငါကတော့ မန်နေဂျာနေရာပဲ လျှောက်မှာပါ ... နင် စိတ်ဝင်စားရင် စက္ကထရီ လျှောက်ပါလား ... နင်လည်း အလုပ်တစ်ခု ဝင်မယ်လို့ အန်တီမြိုင် ပြောတယ် ... "

"စက္ကထရီ ဟုတ်လား ... ဘယ်သူ့ စက္ကထရီလဲ ... "

"ဟာ ... နင်ကလည်း ပိုင်ရှင်ရဲ့ စက္ကထရီပဲ နေမှာပေါ့ ... ငါ့ စက္ကထရီလုပ်ချင်လို့လား ဟားဟား ... "

"တော်စမ်းပါ ... အရေးထဲ ... နောက်နေသေးတယ် ... အင်း နင် Formတင်ပြီးပြီလား ... "

"ဟ ... ဘယ်နဲ့ တင်ရမှာလဲ မနက်ကမှ ရောက်တဲ့ဟာကို



www.burmeseclassic.com

www.burmeseclassic.com



မနက်ဖြန်မှတင်မှာ ... ဘာလဲ နင် စိတ်ဝင်စားသွားပြီလား။ လျှောက်မလို့လား ... လျှောက်လေ ... အဲဒါဆို ငါနဲ့တူတူ ပဲပေါ့ ... တူတူလုပ်ရတာပေါ့ ဟဲဟဲ ... "

"အံမယ် အပိုင်လောက်ရှိတယ် ... ဟွန်း ... ကဲပါ ... နင် From တင်ရင် ငါ့ဖို့ပါ တင်ပေးလေ ... အခန်းငှားနေမှာလား"

"မနေပါဘူး ... ငါ့သူငယ်ချင်းအခန်း ရှိတယ် ... ဒီကောင် တစ်ယောက်တည်းနေတာ ... အဲဒီမှာပဲ နေမှာ ... စားတာ ကတော့ စားရိတ်ထည့်မှာပေါ့ ... အခန်းခက Freeပဲ ... Phoneရှိတယ် ... လိပ်စာလည်း နင့်ကို ပေးထားမယ်"

"အေး ... ဖုန်းရှိရင် အဆင်ပြေတာပေါ့ ... ဒါနဲ့ နင် ဒီကို Taxiနဲ့ လာတာလား ... "

"အေးပေါ့ ... နင်တို့လို ကားနှစ်စီး ဝယ်နိုင်တဲ့အထိမှ မချမ်း သာတာ ... ရှိတဲ့ တစ်စီးကလည်း ဟိုကလူတွေနဲ့တောင် မလောက်ဘူး ... နင်ကတော့ အဆင်ပြေ ... ဟန်တွေ ကျလို့နော် ... မကာဂျီး ... ငါ့ကို အပြန်လိုက်ပို့ပေးရမယ် ဒါပဲ ... "

"အေးပါဟယ် ... နင် ရောက်လာတော့ ငါ တစ်အားရှိတာ ပေါ့ ... ဒီမှာပဲ ထမင်းစားသွားပါလား ... စားပြီးမှ ပြန်ပို့ ပေးမယ်လေ ... ဆယ့်နှစ်ခွဲတော့မယ် ... နင်စားပြီးပလား"

"မစားရသေးဘူး ... နင့်ဆီမလာခင်ကတော့ ဆီချက်ဝင်





စားခဲ့သေးတယ် ... ခုတော့ ဗိုက်ဆာနေပြီ ... စားမယ် ဒေါ်ကာဂျီး ... "

စိုင်းစိုင်းက ဗိုက်ကို ပွတ်ပြောလျှင် ကာဂျီးက ...ာတကျရယ်မောကာ ထိုင်ရာမှ ထလိုက်ပါသည်။ စိုင်းစိုင်း ...က်လာ၍ ကာဂျီးက ပျော်နေပါသည်။ စိုင်းစိုင်းက လူပျော် ...ောက်တစ်ဦးဖြစ်ကာ အစစအရာရာ ခင်မင်အားကိုးရပါသည်။ ...လေးကို ပွေ့ချီလာသော ကာဂျီးကို စိုင်းစိုင်းက ကြည့်ရင်း ...

"ကာဂျီးရယ် ... နင့်ကြည့်ရတာ ကလေးအမေ ကျနေတာ ပဲ ... ကြည့်ဦး တကယ့်ကို ကလေးနဲ့ ဟပ်တ်နေတာပဲ ... ကြည့်ကျက်လည်း လုပ်ဦး ... တော်ကြာ နင့်ကို ကလေး အမေထင်ပြီး ဘယ်သူမှ မကြိုက်ဘဲ နေဦးမယ် ... "

ကာဂျီးက ရယ်မောကာ ဝိုင်းဝိုင်းကို မနော်လက် ...လွှဲပြောင်းပေးလိုက်ရင်း ထမင်းစားပွဲမှာ ဝင်ထိုင်လိုက်ပါသည်။ ...တွေ မနော်က အလိုက်သိတာပင် ထမင်းဝိုင်းမှာ ပူပူနွေးနွေး ...လုံး ပြင်ဆင်ပြီးသား။ မနော်က ဝိုင်းဝိုင်းကိုချီကာ အရှေ့ဘက် ...သို့ ခေါ်သွားပါသည်။

ကာဂျီးက ဝိုင်းဝိုင်းအတွက် ထမင်းခူးပေးရင်းမှ ...ာနစကားကို ပြန်ဆက်ပါသည်။

"စိုင်းစိုင်းရယ် ... ငါ့ပုံက ကလေးအမေ ထင်ရလောက် အောင် ရှိနေပလားဟယ် ... "



www.burmeseclassic.com

www.burmeseclassic.com



စိုင်းစိုင်းက ကာဂျီးကို မျက်နှာကြီး ရှုံ့မဲ့ကာ ကြည့်ရင်း ...

"အမလေး ... အဲလိုပြောတာ မဟုတ်ပါဘူး ... တကတည်း မလှမှာ သိပ်ကြောက်နေတယ် ... နင့် အသက်အရွယ်ငယ်ငယ်လေးနဲ့ ကလေးကို ချီပုံပြုပုံ၊ ပြောပုံဆိုပုံ၊ ကြင်နာပုံတွေက တကယ့် မိခင်တစ်ယောက်အတိုင်းပဲ ...' ငါပြောတာ အဲလို ..."

ကာဂျီးက ဂျော့ပုစွန်ဟင်း၊ ကြက်သားသုပ်တို့ကို စိုင်းစိုင်းပန်းကန်ထဲ ထည့်ပေးပြီးမှ ကိုယ့်ပန်းကန်ထဲထည့်ရင်း ထမင်းစားကာ ...

"သြော် ... ဒါကတော့ဟယ် ... မွေးကတည်းက ငါ့လက်ပေါ်မှာ ငါ့လက်ပေါ်မှာပဲ ကြီးလာတာကိုး ... ပြီးတော့ သားက သနားဖို့ ကောင်းတယ်ဟာ ... မနည်း အသက်လု ထားရတာ ... သားကို အရမ်းသနားသလို ချစ်လည်း အရမ်း ချစ်တာကိုး ... ငါက သားရဲ့ အမေဆိုရင်လည်း ဟုတ်တာပဲ ဟာ ..."

"အေးလေ ... ငါက စကားအဖြစ် ပြောတာပါ ... ဒီလောက် ငယ်ငယ်ရွယ်ရွယ်နဲ့ နင် ဒီလို ပြုစုစောင့်ရှောက်နိုင်တာ ငါ ချီးကျူးပါတယ် ... နင့် စိတ်ဓာတ်ကိုလည်း ငါ လေးစားပါ တယ်ဟာ ... ဒါနဲ့ နင် အလုပ်လုပ်မယ်ဆိုတော့ ကလေးက





ဘယ်သူနဲ့ ထားမှာလဲ ... ဟိုတစ်ယောက်က နာနီလား"

"အေး ... ဆိုပါတော့ ..."

"နင် စိတ်ချလို့လား ... ကလေးနဲ့ သူနဲ့ပဲ အိမ်မှာ ရှိတဲ့ဟာ၊ နင်က အလုပ်လုပ်ဖို့ လိုသေးလို့လား ကာဂျီးရယ် ... ဒီလောက် ပိုက်ဆံရှိနေတာ ရန်ကုန်မှာ အေးအေးနေပ်နေစမ်းပါ ... ကလေးပဲ ထိန်းနေ ဟားဟား ..."

"အိမ်မှာနေတော့လည်း ပျင်းတယ်ဟာ ... ဒါကြောင့် ငါ သင်တန်းတွေ တက်နေတာပဲကြည့်တော့ ... မနော်က စိတ်ချရပါတယ် ... တစ်ခုခုဆိုလည်း ငါ့အလုပ်ကို ဆက်သွယ်လို့ ရတာပဲ ... ပြီးတော့ သားက သူများကလေးတွေနဲ့လည်း မတူဘူး ... လိမ္မာတယ်ဟ ... ငါ သင်ထားတာတွေလည်း အသုံးချချင်သေးတယ်လေဟဲ့ ..."

"အေးလေ ... နင့်လို မိန်းမက ... အိမ်ထဲမှာတင် အချိန်ကုန်မဲ့ မိန်းမမျိုးမှ မဟုတ်တာ ... အစစအရာရာ သေချာစီစဉ် ထားရင်တော့ လုပ်ပေါ့ ... ဒါနဲ့ နင့်ဖို့ ရတနာက လက်ဆောင် ထည့်ပေးလိုက်သေးတယ် ... နှုတ်ဆက်ဦးတဲ့ ... နင် ... ရည်းစားတွေ ဘာတွေ ရနေပြီလားတဲ့ ... မေးနေတယ် ..."

ကာဂျီးက ဟင်းရည်တစ်ဇွန်း ခပ်သောက်ကာ ခပ်သာသာလေး ရယ်မောရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ရည်စားတဲ့ဖ်ာယ် … ကြံ့ကြံ့ဖန်ဖန် အဟားဟား … ရ
မယ် … "

"အံမယ် … နင်က မကြိုက်တာမလား … ချေး(ကျီး)မျ
သိလား … ပြီးမှ မစွဲလို့ ငိုမနေနဲ့ … ငါလည်း မက
ဘူး … "

"ကြည့်စမ်း ချေးကောင် … ငါ့ကိုများ … ငါကလည်း န
ဆို စာရင်းမရှိဘဲ … "

"ဒါနဲ့ နင့်ကွန်ပြူတာကို အင်တာနက်နဲ့ ချိတ်မလို့လာ
ဒါဆို ငါ လုပ်ပေးမယ် … ပြီးတော့ ငါ့ပါ E-mailလေး
လေး ပို့ရတာပေါ့ … "

"အံမယ် … ဘယ်သူ့ဆီ ပို့မှာလဲ … အားအားဟား

"စီစီတို့ လီလီတို့ဆီကိုပေါ့ဟ … ဟား … ဟား …
စားလို့လည်း ဝသွားပြီ ပြန်မယ် … လိုက်ပို့တော့"

ကာဂျီးက ထမင်းစားပွဲကို သိမ်းလိုက်ရင်း စိုင်
ဖို့ ရေခဲသေတ္တာထဲမှာ သစ်သီးနှင့် ရေပုလင်းချပေးရင်း …

"အေးပါ စိုင်းစိုင်းရယ်၊ နင့်မလည်း တကယ်ပဲ ခဏနေ

"နေမှာပါ … အေး … နင် Form ရေးထားဦးနော် …
ဖြန် တင်တော့မှာ … ပြီးတော့ ငါ့ကို ဟိုဟိုဒီဒီ လိုက်

ကာဂျီးက နာနတ်သီးတစ်ဖတ် ကောက်
မျက်စောင်းထိုးလိုက်ကာ …





"ပို့နိုင်ဘူးဟေ့ … တကတည်း … ကိုယ့်ဘာသာ Formတင်၊
ငါ မနက်ဖြန် မအားဘူး … တစ်ခါတည်း ယူသွား"

ဘာလဲ ညာလဲနှင့် ဝူးဝူးဝါးဝါး လုပ်နေသော စိုင်း
စိုင်းရဲ့ လက်ထဲကို ကာဂျီးက C.V Formတစ်စောင် ရေးပေးလိုက်
ကာ ပတ်စပို့ဓာတ်ပုံတစ်ပုံပါ ထည့်ပေးလိုက်ပါသည်။ ပြီးတော့မှ
စိုင်းစိုင်းကို သူနေသော နေရာကို ကာဂျီးက လိုက်ပို့ပါသည်။ စိုင်း
စိုင်းကတော့ ကားရှိရဲ့သားနဲ့ ကပ်နေတာ ဘာညာနှင့် ရှုပ်ကောက်
ချိတ်နေပေမဲ့ ကာဂျီးက ဂရုမစိုက်တော့။ စိတ်ထဲကသာ နင် မသိ
ပါဘူးလို့သာ ရေရွတ်လိုက်ရင်း ညီစေမင်းရေ … ကာဂျီးလေ
တကယ့်ကို ရှင်နဲ့ အနီးဆုံးနေရာကို ရောက်လာခဲ့ပါပြီ ရှင် လက်ခံ
မယ်မလားရှင်။



www.burmeseclassic.com

www.burmeseclassic.com





(၁၂)

"ဥက္ကာရေ ... လျှောက်လွှာတွေ ယူခဲ့တော့ဟေ့ ..."

ညီစေက လုပ်လက်စ ဖိုင်ကို ပစ်ချလိုက်တော့ကာ နောက်ထပ် အလုပ်သစ်တစ်ခု စတင်ဖို့ ဟန်ပြင်ဝါသည်။ အင်း တဖြည်းဖြည်းနှင့် တကယ်ကို ခေါင်းတွေ ပူလာချေပြီ။ တစ်ခါတစ်ရံ ခေါင်းဖြီး၍ အမှတ်မထင် ခေါင်းမှာ ဆံပင်ဖြူ သုံးလေးပင်ကို တွေ့





တွေ့နေမိတာဒါတွေကြောင့်လားတော့ မသိချေ။ ဘယ်ကိစ္စမဆို ဆုံးဖြတ်ချက်မှားမှာစိုး၍ ဘက်စုံထောင့်စုံက စဉ်းစားရလွန်း၍ ကြာလာတော့ စိတ်တွေရှုပ်၊ ခေါင်းတွေပူလာပါသည်။ ဖေဖေ့ထံလည်း တော်ရုံတန်ရုံ မတင်ပြချင်ပေ။

ဖေဖေက ကိုယ့်ထက်တောင် အလုပ်များနေသေးလေရာ ဖေဖေကိုလည်း ဝန်မပေးချင်။ သို့သော် ဖေဖေ့မှာက စက္ကထရီ ရှိသည်။ မန်နေဂျာ ရှိသည်။ သူ့ကို ဖေဖေက အတိုင်ပင်ခံ စက္ကထရီခန့်ဖို့ အကြံပေးသားပင်။ ညီစေက ဥက္ကာရှိသည်ပဲဟုဆိုကာ မစဉ်းစားခဲ့။ တကယ်တမ်းကျ ဥက္ကာ မနိုင်တာတွေ အများကြီး ရှိပါသည်။ ဥက္ကာက အင်္ဂလိပ်စာ အရေးအဖတ်၊ ကွန်ပျူတာ၊ Fax ပို့တာ ဘာညာတွေမရ။ ညီစေက စက္ကထရီဆိုတာထက် ကိုယ့်နှင့် လက်တွဲညီမည့် တိုင်ပင်ဖော် တိုင်ပင်ဖက်တစ်ဦး အလိုရှိတာဝင်။ ဒါကြောင့် အရည်အချင်းကိုသာ အဓိကရွေးချယ်မှာ ဖြစ်သည်။ နောက်ဆို အလုပ်တွေထပ်ချဲ့တော့မှာမို့ တကယ့်ကိုလည်း အရေးတကြီးလိုအပ်နေတာလည်း ဖြစ်ပါသည်။

"ရော့ ... ယောကျ်ားလေး၊ မိန်းကလေး သပ်သပ်ခွဲထားတယ် ... မိန်းကလေးတွေရဲ့ Formကို အရင်ကြည့်ပါ ခင်ဗျာ"

"ဟင်း ... မင်းကတော့ ..."

ညီစေက ဥက္ကာလှမ်းပေးသော ဖိုင်တစ်ထပ်ကို ဆွဲယူကာ ဥက္ကာကိုလည်း ရှုတည်တည်နှင့် မာန်လိုက်ပါသည်။ ဖိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



စလှန်လိုက်ကာ အပေါ်ဆုံးမှာရှိသည့် C.V Formကို အတွေ့မှာ ညီ
စေတစ်ယောက် အံ့အားသင့်သွားရလေသည်။ ဥက္ကာမျက်နှာကို
မော့ကြည့်တော့ ဥက္ကာက လက်နှစ်ဖက်ကို ပိုက်ထားလျက် သူ
ခပ်ပြုံးပြုံးဖြင့် ဘယ်နှယ့်ရှိစ ဟူသောပုံစံဖြင့် ကြည့်နေပါသည်။ ညီ
က သေချာအောင် Formထိပ်မှာ ကပ်ထားသော ဓာတ်ပုံလေး
ကြည့်လိုက်တော့သည်။ မလွဲပါ။ ဥက္ကာက ညီစေရဲ့ လက်ထဲမှ
တွဲကို ဆွဲယူလိုက်ရင်း ကလစ်ဖြုတ်လိုက်ကာ ကာဂျီးရဲ့ C.V For
တစ်ရွက်ထဲကိုသာထုတ်လျက် ကြောင်နေဆဲဖြစ်သော ညီစေ့လက်
ကို ပြန်ထည့်ပေးလိုက်ရင်း ဖိုင်နှစ်ခုကိုတော့ ခပ်ဝေးဝေးက တ
စားပွဲပေါ်မှာ သွားတင်ထားလိုက်တော့ကာ ညီစေ့ဘေးက ဆိုဖ
ဆိုဖာပေါ်မှာ ဇွေ့ခနဲ ဝင်ထိုင်လိုက်ပါတော့သည်။

ဒီတော့မှ သတိပြန်ကပ်လာသော ညီစေက —

"ဟော့ကောင် ... ဘာလို့ ဟိုဟာတွေ ပြန်ယူသွားတာ
ငါ ကြည့်မလို့လေ ..."

ဥက္ကာက ငါးရှူပြုံးပြုံးလိုက်ရင်း ...

"ဦးနှောက်ခြောက်ခံပြီး ကြည့်နေမလို့လားကွာ ... ငါ
မင်း သက်သာအောင် တမင်လုပ်ပေးတာ ... မင်း စက္က
ရွေးပြီးပြီပဲ ..."

"ဟာ ... ဘာဆိုင်လဲ ... ဘယ်မှာ ငါ ရွေးရသေးလို့လဲ၊
တော့ ကာဂျီးရဲ့ အရည်အချင်းကရော ..."





"ကဲ ... မင်း ရှုလိုက်တော့လေ ..."

ညီစေက ဘာမှမပြောတော့ဘဲ ကာဂျီးရဲ့ C.V Formကို ဖတ်လိုက်ပါသည်။ သူ သိချင်သော ကာဂျီးရဲ့ အကြောင်း စုံစုံလင်လင်ပါရှိပါသည်။ တတ်ကျွမ်းသော ဘာသာစကားများနေရာ English, Japanese, Frenchဟူ၍ ရေးသားထားသလို သင်တန်းလက်မှတ်တွေကိုပါ မိတ္တူကူး၍ တင်ပြထားလေသည်။ ကွန်ပျူတာနှင့် ကျောင်းပြီးထားသူတစ်ယောက်မို့ ကွန်ပျူတာကျွမ်းကျင်ကြောင်းတော့ ထည့်ရေးမထားတော့။ စာရင်းအင်းပညာနှင့် ပတ်သတ်သည့် သင်တန်းဆင်းလက်မှတ်တစ်ခုလည်း ပါရှိပါသေးသည်။ အင်း အပြင်ပန်းမှာ သွက်လက်သလို အရည်အချင်းတွေကလည်း တကယ့်ကို ထက်မြက်လွန်းပါလား။ ဒီပုံစံအတိုင်းဆို ကာဂျီးဟာ သူ့ရဲ့ စက္ကထရီဖြစ်ထိုက်ပါပြီ။ ညီစေက Formကို စားပွဲပေါ် အသာတင်လိုက်ရင်း

"အင်း ... အားလုံး ပြည့်စုံပါတယ် ... ဒါနဲ့ ငါ တစ်ခု စဉ်းစားမိတယ် ..."

"ဘာလဲ မင်းရှိတဲ့နေရာကို အနီးဆုံး ရောက်လာလို့လား"

"အင်း ... တော်တော်တိုက်ဆိုင်တယ်နော် ... ငါကလည်း စက္ကထရီ လိုအပ်နေတဲ့အချိန် သူကလည်း တိုက်တိုက်ဆိုင်ဆိုင် အလုပ်လာလျှောက်တဲ့အချိန် ..."

"ဒါပေါ့ကွ ... ကဲ ... မင်းဆန္ဒတွေ ပြည့်ဝပြီမလား ... ငါ ကာဂျီးကို အမြန်ဆုံး အကြောင်းပြန်လိုက်တော့မယ် ..."



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ သူ့ ဖုန်းနံပါတ် ပါတယ် ...”

“နေဦး ... သူက ဒီအလုပ်ကိုရဖို့ အပိုင်များ တွက်ထားလား မသိဘူးနော် ...”

“အပိုင်တွက်ထားတယ် ... ခန့်မယ် ... ဒါပေမဲ့ မင်းကို မဟုတ်ဘူး... သူ့ရဲ့အရည်အချင်းကို သူ အပိုင်တွက်ထားတာ ... ကဲ ... ငါ ဖုန်းဆက်လို့ ရပြီလား ...”

“အေး ... ရပြီ ... တကယ်လို့ သူအားရင် ဒီနေ့ဖြစ်ဖြစ် မနက်ဖြန်ဖြစ်ဖြစ် ငါ ဆုံချင်တယ်လို့ ...”

ဥက္ကာက ပခုံးအသာတွန့်ကာ တစ်ဘက်သို့ ဖုန်းခေါ်နေပါသည်။ နာရီဝက်အတွင်း လာခဲ့မယ်တဲ့ ဆိုသော စကားသံလေးကို ညီစေတစ်ယောက် မဆိုင်းမတွပင် လက်ခံရရှိလိုက်လေသည်။







ကာဂျိုးက ကားကို Sun Rise ကုမ္ပဏီခြံဝင်းထဲသို့ ချိုးကွေ့ဝင်လိုက်ကာ ကားပါကင်နေရာမှာ ကားကို စနစ်တကျ ထိုးရပ်လိုက်ပြီးနောက် ကားတံခါးသော့ခတ်ကာ လှပသစ်လွင်နေသော သုံးထပ်အဆောက်အအုံကြီးထံသို့ လျှောက်လှမ်းလာခဲ့ပါသည်။ အင်း ခြံဝင်းတွင်းမှာလည်း သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်းရှိကာ သစ်ပင်ပန်းမာန်များ စိမ်းလန်းစိုပြည်လျက် စိတ်ကြည်နူးစရာ



www.burmeseclassic.com

www.burmeseclassic.com



ပင်။ သီးသန့်ခြံဝင်းနှင့်မို့ တိတ်တိတ်ဆိတ်ဆိတ် အေးအေးချမ်းချမ်းပင်ရှိကာ အလုပ်လုပ်သူများအဖို့လည်း လုပ်ငန်းခွင် စိတ်ချမ်းသာမှုကို ရနိုင်ပါသည်။

ဒီလိုနေရာမျိုးမှာ အလုပ်လုပ်ရမှာကိုတော့ ကာဂျီးက အထူးနှစ်သက်သဘောကျမိလေသည်။ ဩော် ညီစေမင်းရယ်။ ရှင်တို့ရဲ့ ကြွယ်ဝချမ်းသာမှုကိုတော့ ကာဂျီး တကယ့်ကို လန့်နေမိပါတယ်ရှင်။ ဒီလောက် ကြီးကျယ်ခမ်းနားတဲ့ ကြွယ်ဝမှုမျိုးတွေနဲ့ ရှင်တို့ *အသိုင်းအဝိုင်းဟာ ဝိုင်းဝိုင်းကို တကယ်လက်ခံ* နိုင်ဖို့ဆိုတာ မယုံကြည်နိုင်လှပါဘူးလေ။

ကာဂျီးဟာ ... အဆောက်အအုံထဲ လှမ်းဝင်လိုက်ပြီဆိုတာနှင့် မိန်းမငယ်လေးတစ်ဦးက အရင်ဆီးကြိုနေနှင့်တော့ကာ ...

"ဘာအကူအညီများ ပေးရမလဲရှင် ... "

"ဩော် ... ကျွန်မ ကိုညီစေမင်းနဲ့ တွေ့ချင်လို့ပါ ... "

"ဟုတ်ကဲ့ ... ဒီက အစ်မနာမည်လေး ပြောပြပါရှင်"

"ကာဂျီးပါ ... "

"ဟုတ်ကဲ့ ... ကျွန်မ နောက်လိုက်ခဲ့ပါရှင် ... ကိုညီစေမင်း စောင့်နေပါတယ် ... "

ကာဂျီးက ခေါင်းအသာညိတ်ပြကာ ဟိုကောင်မလေးနောက်ပါးထံမှ လိုက်လာခဲ့ပါသည်။ ရုံးခန်းကြီးအတွင်းပိုင်း





ဘာလည်း အေးစိမ့်မွေးပျံ့လျက်ရှိကာ သူနေရာနှင့်သူ ကျယ်ကျယ်ပြောပြော သပ်သပ်ရပ်ရပ်ပင်။ အခန်းတစ်ခုရှေ့သို့ အရောက်မှာတော့ ကောင်မလေးက ရပ်လိုက်ကာ ...

"ဒီအခန်းပါ အစ်မ ... ဝင်သွားလိုက်ပါ ... ကိုဥက္ကာရော ရှိပါတယ် ... "

"ဟုတ် ... ကျေးဇူးပါပဲ ... "

ကာဂျီးက အခန်းတံခါးကို ဖွင့်ဝင်လိုက်လျှင် အထဲ ညီစေမင်းနှင့် ဥက္ကာတို့ကို ဆိုဖာတစ်ခုပေါ်မှာ ထိုင်လျက်သား မ်းတွေ့လိုက်ရပါသည်။ ဥက္ကာက ကာဂျီးကို မြင်လျှင်မြင်ချင်း ထိုင်ရာမှထကာ ...

"လာ ကာဂျီး ... ထိုင် ... ကာဂျီးလာမယ်ဆိုလို့ စောင့်နေတာ ... တစ်ယောက်တည်းလာတာလား ... "

ကာဂျီးက မျက်နှာချင်းဆိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း

"ဟုတ်ကဲ့ ... တစ်ယောက်တည်းပဲ ... "

ကာဂျီးက အလိုက်သင့်ပြန်ဖြေရင်း အခန်းကို ဝေ့ကြည့်လိုက်ပါသည်။ အခန်းက ကျယ်ကျယ်ဝန်းဝန်းပင်။ အခန်းထဲ ဆိုဖာဆက်တီတစ်စုံ၊ စားပွဲနှင့် ဆုံလည်ကုလားထိုင်၊ဟိုးနောက် ကျမှာ ရေခဲသေတ္တာတစ်လုံးနှင့် ထမင်းစားပွဲဆက်တီတွေ ျက်စောင်းထိုးလောက်မှာ T.V setတစ်စုံ။ ပုံစံကြည့်ရတာ ရုံး ဟုတ်ဟန် မတူပါ။



www.burmeseclassic.com

www.burmeseclassic.com



ကာဂျီးက ငေ့ဝဲကြည့်နေတာကို ဥက္ကာက ရိုး
ဟန်ဖြင့် ...

"ဒါ ... အစ်ကိုတို့ရဲ့ နားနေခန်းပါ ... သီးသန့်ညှော်ခန်း
လည်း ဟုတ်တယ် ... အလုပ်ကိစ္စနဲ့ မပတ်သက်တဲ့ သိ
ရင်းနှီးတဲ့ မိတ်ဆွေတွေ၊ ဘာတွေကို ဒီမှာပဲ လက်ခံတွေ
ပါတယ် ... လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး
ရုံးခန်းကတော့ ဟိုဘက်မှာ ... အဲဒီမှာတော့ halt typ
ပြီးရင် ကာဂျီးကို လိုက်ပြပါ့မယ် ..."

"ဟုတ်ကဲ့ ... ဒါထက် ကာဂျီးကို စက္ကထရီ ရွေးလိုက်ပြီ
နော် ..."

"ရွေးလိုက်ပြီပေါ့ ... ကာဂျီးက ထင်ထာထက်တောင်
တော်နေတာပဲ ... ပြီးတော့ ခုလို အလုပ်လာလျှောက်မယ်
လည်း မထင်တော့ Formတွေ့တော့ တော်တော်လေး အံ့
ဩမိသေးတယ် ..."

ကာဂျီးက ဘာမှပြန်မပြောတော့ဘဲ အသာပြုံးနေ
ကာ ညီစေမင်းကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။ ညီစေမင်း
ကား အခုချိန်ထိ ဘာစကားတစ်ခွန်းမှ ဝင်ပြောခြင်း မရှိသေးပေ
နက်ပြာရောင် ရှပ်အင်္ကျီကို နက်ခ်တိုင် လျော့လျော့ဖြည်ထားကာ
အနည်းငယ် ဖြေလျော့ထိုင်နေသော ဟန်ပန်ကား ဘာမှစတိုင်ထု
ထုတ်မထားပါဘဲနှင့်ကို ကြည့်ကောင်း ချောမောလွန်းလှပါသည်





ညီစေမင်းနှင့် ညီစေမင်းကား ရှပ်ချင်းအနည်းငယ် ဆင်သော်ငြား
ညီစေမင်းရဲ့ ရုပ်ရည်ဟာ မြင်တာနှင့် သဘောကောင်း ဖော်ရွေဟန်
ပေါက်ကာ ညီစေမင်းရဲ့ ပုံစံကတော့ သဘောကောင်းငြား စည်း
စနစ်ကြီးသူ ပြတ်သားမည့်သူတစ်ဦးပုံစံကတော့ ပေါက်နေပါသည်။

ညီစေက ကိုယ့်ကို ကြည့်နေသော ကာဂျီးကို တစ်
ချက်ပြုံးပြလိုက်ကာ ကိုယ်ကို တည့်မတ်လိုက်ရင်း ...

"ကာဂျီးကို ခေါ်ရတဲ့ အကြောင်းရင်းက အလုပ်နဲ့ ပတ်
သက်တာလေးတွေ ပြောပြချင်လို့ပါ ... ကာဂျီး လုပ်ရမှာ
ကိုယ့် စက္ကထရီပေါ့ ... ကာဂျီးအနေနဲ့ ဒီအလုပ်တွေက
အစိမ်းသက်သက်နဲ့ ဝင်ရမှာဆိုတော့ အစပိုင်းမှာ အခက်အခဲ
လေးတွေ ရှိကောင်းရှိမယ် ... ဒါပေမဲ့ စိတ်မပူပါနဲ့ ... ကိုယ်
က သိပြီးသား ... တတ်ပြီးသားတွေ မလိုချင်ပါဘူး ...
ဘာမှ မသိသေးတဲ့ အစိမ်းသက်သက် လူတစ်ယောက်ကိုပဲ
ကိုယ်တို့ အလုပ်အကြောင်း စပြီးသိသွားစေချင်တာ အမိ
က,က ကြိုးစားချင်တဲ့စိတ်ရှိဖို့ပဲ လိုတာပါ ... ပြီးတော့
စက္ကထရီနဲ့ လုပ်ငန်းရှင်က မောင်နှမသဘောမျိုး ရင်းရင်း
နှီးနှီးရှိတာကို ကိုယ်က ပိုသဘောကျတယ် ... ကိုယ့်ကို
အလုပ်ရှင်ဆိုပြီး ကြောက်နေတာမျိုး မပြောရဲ မဆိုရဲ ဖြစ်
တာမျိုး မရှိစေချင်ဘူး ... ဘယ်ကိစ္စမဆို ညီညီနိုင်နိုင်
တိုင်တိုင်ပင်ပင်နဲ့ ပြောဆိုဆက်ဆံလို့ ရပါတယ် ... ကာဂျီး



www.burmeseclassic.com

www.burmeseclassic.com



မှာ Personal Problam ရှိရင်လည်း ပွင့်ပွင့်လင်းလင်းပြော ပါ... ဘာမှ အားနာစရာ မလိုဘူး"

"ဟုတ်ကဲ့ ... ကာဂျီးကိုလည်း ပြောဆို ဆုံးမစရာရှိရင် ပြော နိုင်ပါတယ် ကာဂျီး ... အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်"

"ကြိုးစားပါ ... စက္ကူထရီ တစ်ယောက်ရဲ့ ကဏ္ဍဟာ ဘယ် လောက် အရေးပါလဲဆိုတာ နောက်တော့ ကာဂျီး သိလာ မှာပါ ... ဒါနဲ့ ကာဂျီးက အတွင်းရေးမှူးသင်တန်းရော မတက်ထားဘူးလား ..."

"ဟုတ်ကဲ့ ... မတက်ဘူး ... ကာဂျီး ကြားဖူးနားဝတော့ ရှိပါတယ် ..."

ဥက္ကာက ကာဂျီးအတွက် ကော်ဖီတစ်ခွက်ဖျော် ပေးကာ ...

"ဟိုးတစ်ခါ ကာဂျီးကို အထူးကုဆေးခန်းမှာ တွေ့တယ် လေ ... အဲဒါ ဘာလာလုပ်တာလဲ ..."

"သြော် ... အဲဒါ အစ်မတစ်ယောက်ကို လိုက်ပို့တာပါ"

"ဘယ်လိုမှတော့ မအောက်မေ့နဲ့နော် ... နောက်ဆို ကိုယ် တို့က ဒီထက် ရင်းနှီးတော့မှာပဲ ... ခု ကာဂျီးက Formထဲ က လိပ်စာမှာ တစ်ယောက်တည်းနေတာလား ..."

"တစ်ယောက်တည်း မဟုတ်ပါဘူး ... အဖော်ရှိတယ် - သုံးယောက်နေတာပါ ..."





သြော်ဟူသောစကားနှင့် ဥက္ကာက ဆက်မမေး တော့ဘဲ ကာဂျီးကိုသာ ကော်ဖီသောက်ပါဦးဟူသော ပုံစံဖြင့် မေး ဆတ်ပြပါသည်။ ကာဂျီးက ကော်ဖီကို တစ်ငုံသောက်လိုက်ကာ အသာပြန်ချလိုက်ရင်း ...

"ဟို တစ်ခုလောက် မေးပါရစေ ... ကာဂျီးက uni-form ဝတ်ရမှာလားဟင် ..."

ညီစေက ခုမှ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်...

"သြော် ... ဟုတ်သားပဲ ... ကာဂျီးအတွက် uni-formပေးရ ဦးမယ် ... ကာဂျီးရဲ့ ကိုယ်တိုင်းကို ... အင်း ... ဒီကိုပေး ချင်လည်း ပေးခဲ့ ... မပေးချင်လည်း ယုဇနပလာဇာက အကျီချုပ်ဆိုင်ကို ဝင်ပေးလိုက်ပါလား ... ကိုယ် ဖုန်းဆက် ပေးထားမယ် ... ကာဂျီးအတွက် uni-form ခုနစ်စုံ ချုပ်ပေး မယ် ... တစ်ခုနဲ့တစ်ခု ပုံစံမတူဘူး ... အရောင် မတူဘူး၊ များသောအားဖြင့် ကုတ်ပုံစံတွေပေါ့ ... စကပ်၊ ဘောင်းဘီ ရှည်တွေနဲ့ပေါ့ ... လုံလုံခြုံခြုံ စမတ်ကျကျ ဖက်ရှင်မျိုးတွေ ပါ ... အဲ ... တစ်ခါတလေ ကာဂျီးဘာသာ အပြောင်းအလဲ တစ်ရပ်အနေနဲ့ ဒီပြင့်ဟာ ဝတ်ချင်တယ်ဆိုရင်လည်း မြန်မာ ဆန်ဆန် ဖက်ရှင်ကျကျ ဝတ်စုံမျိုးတွေ ဝတ်နိုင်ပါတယ်...

"ချိတ်တွေဘာတွေကို စမတ်ကျကျ ချုပ်ထားတာမျိုးပေါ့၊ နိုင်ငံခြားသားတွေ ဘာတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါမျိုး



www.burmeseclassic.com

www.burmeseclassic.com



မှာ အဲဒါမျိုးတွေ ဝတ်ပေါ့ ... fancyဆန်တဲ့ အဝတ်အစား မျိုးတွေတော့ မဝတ်ပါနဲ့ ... ကိုယ့်ကို မြင်လိုက်ရင် လုပ်ငန်း ခွင်ထဲက လူတစ်ယောက်မှန်း သိသာစေတဲ့ စမတ်ဖြစ်တဲ့ ဟာမျိုးတွေ ဝတ်ပါ ... ဝတ်စားဆင်ယင်မှုတွေကလည်း အရေးကြီးတယ်လေ ... ကိုယ်ဆိုလည်း ဘောင်းဘီတွေ ဘာတွေ သိပ်မကြိုက်ဘူး ... တစ်ခါတလေ လွတ်လွတ်လပ် လပ် နေချင်တာပဲ ... ဒါပေမဲ့ ကိုယ်လုပ်နေတဲ့ အလုပ်အရ သပ်သပ်ရပ်ရပ်နဲ့ လူကြီးလူကောင်းဆန်ဆန် ဝတ်စားရတာ ပဲ ... hair style ကတော့ ကြိုက်သလိုထားပါ ... အခုပုံ လည်း ကောင်းပါတယ် ... ”

ညီစေမင်းရဲ့ စကားကြောင့် ကာဂျီးက ကုပ်ပေါ်မှာ ဝဲနေသည့် ဆံပင်တိုလေးကို အသာယောင်ယမ်းကာ ကိုင်မိပါသည်။ တစ်နေ့ကမှ တိုနီထွန်းထွန်းမှာ ညှပ်လာကာ ဖြောင့်ထားသည့် ဆံပင်တိုလေး။ ဒါကိုမှ နီညိုရောင်ဆေး အနည်းငယ် သွင်းထားပါ သေးသည်။ ကာဂျီးက တစ်ခါမှ ဆံပင်ရှည်လည်း မထားဘူး အလွန်ဆုံး ကုပ်ကျော်ရုံလောက်သာ။ ပြီးတော့တာနှင့် ညှပ်ပစ် တတ်သည်က များပါသည်။ ဆံပင်တိုက ခေါင်းရှင်းကာ နေလို့ထိုင် လို့ လွတ်လပ်လျက် ရှိသဖြင့် ကာဂျီးက ဆံပင်တိုကို ပိုသဘော ကျပါသည်။ အင်း ကာဂျီးရဲ့ ကေအသစ်ကို ညီစေကလည်း သဘော ကျသတဲ့နော်။





“ဒါထက် ... ကာဂျီးက ပြင်ဦးလွင်မှာ မနေဘဲ ဘာလို့ ရန်ကုန်မှာ အလုပ်လုပ်ချင်ရတာလဲ ... ”

“အင်း ... ကာဂျီး တတ်ထားတဲ့ ပညာတွေကို အသုံးချ ချင်လို့ပါ ... ဘာပဲပြောပြော ကာဂျီးအတွက် အတွေ့အကြုံ သစ်တွေ အများကြီး ရပါတယ် ... ပိုပြီး အမြင်ကျယ်တာပေါ့၊ အန်တီမြိုင်ကတော့ သိပ် မလုပ်စေချင်ဘူး ... တားမရလို့ သာ လွှတ်ထားပေးတာ ... ”

“အင်းလေ ... ဘာပဲပြောပြော ကာဂျီးက ငယ်ပါသေးတယ်၊ ဒါပေမဲ့ အလုပ်လုပ်ချင်စိတ်၊ ကြိုးစားချင်စိတ် ရှိတာကို ချီး ကျူးပါတယ် ... ကာဂျီး ဘယ်တော့လောက် အလုပ်ဝင် မလဲ ... လက်ကန်ဖို့က (၁၀)ရက်လောက်လိုသေးတယ် ... ပြီးတော့ ကာဂျီးအတွက် ဖယ်ရီ စီစဉ်ပေးရဦးမယ် ... ”

“ရပါတယ် ... ကာဂျီးဘာသာ လာပါ့မယ်၊ အလုပ်ကတော့ လက်ကန်မှ ဝင်လို့ရတယ် မလားဟင် ... ”

“ရတယ် ... အဲဒီကျ uni-form တွေလည်း ရပြီ ... ရှေ့လ (၁)ရက်နေ့ကျမှ ဝင်တော့ပေါ့ ... မနက်(၉)နာရီ ရုံးတက် ရမယ် ... (၉)နာရီအရောက် လာကြရတယ် ... အဲဒီအချိန် မှာ ဝန်ထမ်းစာရင်း စစ်တယ်လေ ... ညနေ(၅)နာရီမှာ ရုံးဆင်းတယ် ... ဝန်ထမ်းတွေအတွက် ဖယ်ရီကား ရှိတယ်၊ အသွားအပြန်ပေါ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ကာဂျီးကို ဒီရုံးနဲ့ ပတ်သက်တဲ့ အကြောင်းအရာတွေ ရေးထားတဲ့ စာအုပ်တစ်အုပ်လောက် ငှားပါလား ... ကာဂျီး လေ့လာထားချင်လို့ပါ ... "

"OK ရတယ် ... ဥက္ကာ ပေးလိမ့်မယ် ... ဒီရုံးရဲ့ ဖွဲ့စည်းပုံနဲ့ ဝန်ထမ်းစာရင်း၊ သူတို့ဌာနနဲ့ ရာထူးတွေ အလိုက်ပေါ့ ... ပြီးတော့ စည်းကမ်းချက်တွေ ... ရှိမဲ့ အခွင့်အရေးတွေ ဒါ့အပြင် ပျဉ်းမပင်စက်ရုံက ဝန်ထမ်းတွေ စာရင်းပါ၊ ပါသေးတယ် ... ကောင်းပါတယ် ... ကာဂျီး ဒါတွေအားလုံး သိသင့်တယ် ... ကြိုတင်လေ့လာထားတော့ ကောင်းတာပေါ့ ... ရှေ့လ(၁)ရက်နေ့မှာ စုံညီမိတ်ဆက်ပွဲတောင် ရှိတယ် ... ဒီရုံးမှာ နောက်ထပ် ဝန်ထမ်းတွေလည်း ခေါ်ထားသေးတယ် ... စက်ရုံမှာလည်း ခေါ်ထားတယ်လေ ... ကာဂျီးကို စက်ရုံလည်း တစ်နေ့လောက် လိုက်ပြမယ် ... "

စက်ရုံဆို၍ ကာဂျီးက စိုင်းစိုင်းကို သွားသတိရပါသည်။ စိုင်းစိုင်းတစ်ယောက်ရော အဆင်ပြေပါ့မလား မသိ။ စိုင်းစိုင်းပြောမှ သိရတာဖြစ်၍ စိုင်းစိုင်း မရလျှင် စိတ်ကောင်းမှာ မဟုတ်။ ပြီးတော့ အစစအရာရာ မျှတကောင်းမွန်သည့် ဒီလိုနေရာမျိုးမှာ စိုင်းစိုင်းကိုလည်း အလုပ်ရစေချင်ပါသည်။

ညီစေမင်းကို မေးသင့် မမေးသင့် ကာဂျီး ဝေခွဲမရ ဖြစ်နေစဉ်မှာပင် ကာဂျီးကို အကဲခတ်နေသည့် ညီစေမင်းက ချက်ချင်း သိရှိရိပ်မိသွားရကာ ...





"ကာဂျီး ... ဘာပြောချင်သေးလဲ ... ပွင့်ပွင့်လင်းလင်း ပြောနော် ... "

"ဟိုလေ ... ပျဉ်းမပင်စက်ရုံအတွက် လက်ထောက်မန်နေဂျာ နှစ်ဦး ခန့်မယ်လို့ သိထားတယ်လေ ... အဲဒါ ရွေးပြီး ပြီလားလို့ပါ ... "

"ဩော် ... မသိဘူး ... အဲဒါ ကိုယ်တို့ ရွေးတာ မဟုတ်ဘူး၊ အဲဒီက မန်နေဂျာကြီး အန်ကယ်ကျော်လှိုင် ရွေးတာ ... ပွင့်ပွင့်လင်းလင်း ပြောရရင် ကာဂျီးရေ ... ကိုယ် ရွေးရမှာပါ ... ဒါပေမဲ့ ခေါင်းတွေရှုပ်လွန်းလို့ မရွေးနိုင်တော့လို့ ဒီရုံးချုပ်မှာ ခန့်မဲ့ဝန်ထမ်းပဲ ကိုယ်တို့ တာဝန်ယူလိုက်တာ၊ ကိုယ့်တစ်ခေါင်းထဲနဲ့ ... မနိုင်တော့လို့ စက္ကူထရီ ခေါ်ရတာပဲ ... အဲဒါ ကာဂျီး ခေါင်းပူဖို့ ဆံပင်ကျွတ်ဖို့သာ ပြင်ပေတော့ ... "

ညီစေက ရွှတ်နောက်နောက်နှင့် ရယ်သွမ်းသွေးပြောလိုက်သော်လည်း ကာဂျီးကတော့ ညီစေမင်းကို တကယ် ကရုဏာသက်သွားရပါသည်။ အင်း အင်မတန် စိတ်ရှုပ်နေတဲ့ ပုံနှင့်ပင်။ ဒါပေမဲ့ သူတို့ကျတော့ ငွေရယ်ကြောင့် မဟုတ်တော့ဘဲ တခြားကို အလုပ်ကြီးတွေလုပ်ချင်လို့ လုပ်နေရတာမျိုး ဖြစ်နေဟန်တူပါသည်။ ကာဂျီးရောက်လာ၍ သူတော့ သက်သာတော့မည်ဟု တွေး



www.burmeseclassic.com

www.burmeseclassic.com



ကာ စိတ်ချမ်းမြေ့ပုံလည်း ပေါ်နေသော ညီစေမင်းကိုကြည့်ကာ ကာဂျိုးက စိတ်ထဲမှာ ဘာရယ်ကြောင့်မှန်းမသိဘဲ ကြည်နူးလာရပါသည်။ ကာဂျိုးလည်း ဘာကြောင့် ရှင့်အနားကို ရောက်ချင်နေမှန်း မသိတော့ပါဘူး။ ကိုညီစေမင်းရယ်။ ရှင်ပင်ပန်းတာတွေကိုတကယ့်ကို အမောပြေစေချင်တဲ့ စေတနာတွေနဲ့လေ။

"ဒါနဲ့ ကာဂျိုးက ဘာလုပ်မလို့ မေးတာလဲ ... "

"ဩော် ... ကာဂျိုး သူငယ်ချင်းတစ်ယောက်လည်း အဲဒီမှာ လျှောက်ထားလို့ပါ ... အဲဒါ သိချင်လို့ ... "

"အင်း ... သိချင်ရင် မေးပေးမယ်လေ ... ခုလောက်ဆို ရွေးပြီးရောပေါ့ ... မနေ့က အင်တာဗျူး ဖြေရတယ် ... result တော့ မ out သေးဘူး ဥက္ကာရေ ... အန်ကယ်ဆီ ဖုန်းခေါ်ပါဦးကွာ ... "

ဥက္ကာက စားပွဲပေါ်မှ ဟန်းဖုန်းကို လှမ်းယူကာ နံပါတ်တချို့ကို နှိပ်၍ ခေါ်နေပါသည်။ ကာဂျိုးက ငြိမ်သက်စွာ ထိုင်နေရင်းမှ တစ်ဖက်သားပေါ်မှာ ဂရုစိုက် အလေးထားတတ်သော ညီစေမင်းကိုကြည့်ကာ ရင်ထဲ တစ်မျိုးသာ ခံစားချက် ဖြစ်ထွန်းလာသည်။ ကာဂျိုးနှင့် စကားပြောတိုင်း ဂရုတစိုက် အလေးအနက်ထားကာ ဖြည့်ဆည်းပေးတတ်သော ညီစေမင်းရဲ့ ပုံစံဟာ အလိုလိုက်တတ်သော အစ်ကိုကြီးတစ်ဦးရဲ့ ပုံစံမျိုး ပေါ်လွင်နေပါသည်။ ဘာမဆို ဖြည့်ဆည်းပေးတတ်သော အကြင်နာမျက်ဝန်းများ





ရဲ့ သဘောသဘာဝကို ကာဂျိုး နားလည်ရိပ်မိနေကာ ရင်လည်း ခုန်မိသလို ထစ်ခုခုကိုလည်း စိုးရွံ့နေမိလေသည်။

"ကာဂျိုး သူငယ်ချင်းက ဘယ်သူလဲ ... "

"စိုင်းသိဟပါ ... "

ဥက္ကာက တစ်ဘက်နှင့် ဖုန်းပြောနေပါသည်။

"အန်ကယ်ကျော်လား ... ကျွန်တော် ဥက္ကာပါ ... ရွေးပြီးပြီလား ... အင်း ... ဘယ်သူတွေလဲ ... ဩော် ... အင်း အင်း ... ရွေးပြီးပြီ ... လာခဲ့လေ ရှိတယ် ... ဟုတ်ကဲ့ ဒါပဲနော် ... "

ဥက္ကာက ဖုန်းကိုပိတ်ကာ စားပွဲပေါ် ပြန်တင်လိုက်ရင်း ...

"ကာဂျိုးရဲ့သူငယ်ချင်း အရွေးခံရတယ်တဲ့ ပြင်ဦးလွင်က သူငယ်ချင်းလား"

"ဟုတ်တယ် ... အိမ်ချင်း မျက်နှာချင်းဆိုင်ပဲ ... ငယ်ငယ်တည်းက သူငယ်ချင်းတွေလေ ... သူလည်း ရန်ကုန်မှာ အလုပ်လုပ်ချင်တယ်ဆိုပြီး လာလုပ်တာ ... "

"ကာဂျိုးကရော တစ်သက်လုံးလုပ်ဖို့ ဆုံးဖြတ်ထားလား"

ကာဂျိုးက တစ်ချက်ရယ်လိုက်ရင်း ...

"အင်း ... အမှန်အတိုင်းပြောရရင် ကာဂျိုး အဲလောက်ကြီး တွေးမထားပါဘူး ... ဒါပေမဲ့ ကြာရှည်တော့ လုပ်မှာပါ ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချပါ … တစ်နှစ် နှစ်နှစ်နဲ့တော့ မထွက်သေးပါဘူး”

“ကောင်းတာပေါ့ … ကဲ … ရော့ … ဒါ ဒီရုံးရဲ့ ကိုယ်ရေးရာဇဝင် … ကာဂျီး ဖတ်ထားပေါ့ … လာ … ကိုယ်တို့ရုံးခန်းကို လိုက်ပြမယ် … ”

ဥက္ကာက ရှေ့ဆုံးမှ ဦးဆောင်ကာ ခေါ်သွားပါသည်။ Hall Type ပုံစံ ခန်းမကျယ်ကြီးထဲမှာ စားပွဲ ကုလားထိုင်တွေ အသီးသီးဖြင့် အားလုံးက အလုပ်ကိုယ်စီ လုပ်နေကြပါသည်။ အဲဒီနောက်နားမှာမှ မှန်တံခါးတွေနှင့်ချည်း ဖွဲ့စည်းထားသော အခန်းတစ်ခု ခန်းဆီးစများ အပြည့်ကာရံထားသော ထိုအခန်းရဲ့ ထိပ်မှာ မန်နေဂျင်းဒါရိုက်တာ ဦးညီစေမင်းဆိုသော ဆိုင်းဘုတ်ကို အင်္ဂလိပ်စာတန်းဖြင့် ချိတ်ထားပါသည်။ ဥက္ကာက အခန်းတံခါးကို ဆွဲဖွင့်လိုက်ကာ

“လာ … ကာဂျီး … ဒါ ကိုယ်တို့ ရုံးခန်းပဲ … ဒါက ညီစေ စားပွဲ … ဟိုဘက်က ကာဂျီးရဲ့ စားပွဲပေါ့ … ဟိုဘက်က အစ်ကို့စားပွဲ … ”

ထိုအခန်းမှာလည်း ကျယ်ကျယ်လွင့်လွင့်ပင်။ ကာဂျီးရဲ့ စားပွဲနှင့် ညီစေမင်းစားပွဲမှာ မျက်စောင်းထိုးလောက် သွားကျပါသည်။ ကာဂျီးစားပွဲပေါ်မှာ ကွန်ပျူတာတစ်လုံး၊ ပရင်တာတစ်လုံးနှင့် တစ်ဘက်မှာ Fax ပို့သည့် စက်အပြည့်အစုံပင်။ ဘေးဘက်ကျကျမှာ ဆိုဖာဆက်တီတစ်စုံ၊ ဟိုးနောက်နားမှာတော့ စားပွဲတစ်လုံးမှာ နံရံကပ်ရှိုးကေ့စ် တင်ထားပြီး ဓာတ်ဘူး၊ ခွက်၊ ပန်း





ကန်များ အစီအရီ။ အင်း သေချာကို သပ်သပ်ရပ်ရပ် ကျကျနနကို ဖွဲ့စည်းထားတာပါပဲလား။

“ဗိုက်ဆာလည်း မပူနဲ့ သီလား ကာဂျီး … မုန့်တွေ အစုံရှိတယ် … ရှေ့ဘက်မှာ Restaurant လည်း ရှိတယ် … ဟိုးမလှမ်းမကမ်းမှာ ရှမ်းအစားအစာဆိုင်လည်း ရှိတယ်”

“ကာဂျီးကတော့ ထမင်းထုပ်လာရမှာပေါ့နော် … ”

“ထုပ်စရာ မလိုဘူး ကာဂျီးရဲ့ … ဒီကပဲ ကျွေးတယ် … ကျွေးတယ်ဆိုတာက ဝန်ထမ်းတွေမှာသာ Lunch time သတ်သတ်မှတ်မှတ် ရှိတာ … ကိုယ်တို့မှာက မရှိဘူး … တစ်ခါတလေ အပြင်ရောက်ချင်လည်း ရောက်နေတတ်တယ် … တစ်ခါတလေ မအားလို့ နောက်ကျမှာလည်း စားရတယ် … အဲဒါကြောင့် ထမင်းချိုင့် မစီစဉ်ဘူး … စားချင်ရင်တော့ အိမ်ကို ဖုန်းဆက်လိုက်တယ် … လာပို့တယ်၊ တစ်ခါတလေတော့လည်း အပြင်ကပဲ စားတယ် … များသောအားဖြင့် အပြင်က စားတာများတယ် … ကာဂျီးကလည်း ကိုယ်တို့နဲ့ အမြဲ အလုပ်တွဲလုပ်နေရမှာဆိုတော့ ကိုယ်တို့ စားမှပဲ စားရမဲ့ သဘောမျိုး ရှိနေတာပေါ့ … တခြားဝန်ထမ်းတွေကတော့ သူတို့ ထမင်းချိုင့် သူတို့ဘာသာ ထုပ်လာပြီး ဒိုင်နင်းရှမ်းမှာ စားကြတယ်လေ … Lunch time က တစ်နာရီ ပေးတယ်၊ (၁၂)နာရီကနေ (၁)နာရီထိ



www.burmeseclassic.com

www.burmeseclassic.com



Lunch time ပေါ့၊ ညနေ(၃)နာရီကျတော့ tea time နာရီဝက် ထပ်ပေးပါသေးတယ်၊ ကာဂျီးကို ပေးထားတဲ့ စာအုပ်ထဲမှာ အဲဒါတွေပါ့ပါတယ်၊ ဖတ်ကြည့်ရင် သိလာမှာပေါ့ ...”

ကာဂျီးက စိတ်ချမ်းသာစွာ ပြုံးကာ ခေါင်းညိတ် လိုက်ရင်း ...

“ဟုတ်ကဲ့ ... ကာဂျီး သေချာလေ့လာထားပါ့မယ် ... ဒါဆို ကာဂျီးကို ခွင့်ပြုပါဦးနော် ...”

“ကောင်းပါပြီ ... သြော် ... ဒါနဲ့ ကာဂျီး ယူဇနပလာဇာက ဒီဇင်ဘာစက်ချုပ်ဆိုင်ကိုဝင်ပြီး ကိုယ်တိုင်းပေးလိုက်ဦးနော် ကိုယ် ဖုန်းဆက်ထားနှင့်မယ် ...”

“ဟုတ်ကဲ့ ...”

ကာဂျီးက ခေါင်းလေးအသာညိတ်ပြကာ ... နှုတ် ဆက်ထွက်လာခဲ့ပါသည်။ ဝန်ထမ်းတစ်ချို့က ကာဂျီးကို လှမ်းအကဲ ခတ်နေတာကို တွေ့ရသဖြင့် ကိုယ့်ဘာသာလည်း ဆန်းစစ်ကြည့်နေ မိပါသည်။ အင်း နှင်းစုရေ ... ။ ဒီအဖြစ်အပျက်တွေကို နင်သာသိရင် ငါ့ကို ဘာပြောဦးမှာလဲဟယ်။ ငါကတော့ ညီစေမင်းထံမှာ အလုပ် ဝင်ခဲ့ပြီ။ ဒါဟာ ဘာကြောင့် ဆိုတာတော့ ငါ့ကိုယ်ငါ အကဲခတ်လို့ မရနိုင်သေးပါဘူးဟယ်။ ဒါပေမဲ့ ငါ့ဘဝမှာ တစ်ခါမှ မခံစားဘူးတဲ့ ခံစားချက်မျိုးနဲ့ ကိုညီစေ့ အပေါ်မှာ ခံစားနေမိတယ်ဆိုတာကတော့ ငါ ဝန်ခံပါရစေဟာ။ တစ်ဘက်သားအပေါ်မှာ နားလည်လိုက်လျော





တတ်တဲ့၊ ခွင့်လွှတ်ကြင်နာတတ်မဲ့ ကိုညီစေရဲ့ သဘောထားကြီးတဲ့ ဟန်ပန်တွေကို ငါ ငြိတွယ်နေမိပြီ နှင်းစုရေ ... ။

ကာဂျီးက ကားကို အသာမောင်းထွက်လာရင်း ညီ စေရုံးခန်းရှိမည့်နေရာကို တစ်ချက်မော့ကြည့်ကာ ရင်ထဲမှာ တိတ် တခိုးလေး နှုတ်ဆက်လိုက်ပါသည်။

ကာဂျီး တကယ့်ကို အနီးဆုံးရောက်အောင် လာခဲ့ ပြီနော်။

ကာဂျီးတစ်ယောက် အလုပ်မဝင်သေးခင် စပ်ကြား မှာလည်း အနားမရသေးပါ။ ပိုင်းပိုင်းနေမကောင်းဖြစ်၍ ပြုစုနေရ ဖြစ်ပါသည်။ ကွန်ပျူတာကို အင်တာနက်ချိတ်ဖို့ ကိစ္စကို စိုင်းစိုင်းက အစအဆုံး ကူညီပေး၍သာ တော်ပါသေးသည်။ စိုင်းစိုင်းတစ် ယောက်လည်း အလုပ်ရ၍ ပျော်နေဟန် ရှိပါသည်။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်းနှစ်ယောက် တစ်နေရာတည်းမှာ အလုပ်အတူတူရ၍ ကာဂျီး ပျော်ပါသည်။ အန်တီမြိုင်ကို အကြောင်းကြားလိုက်တော့ အန်တီမြိုင်လည်း ကျေနပ်သွားပါသည်။ ဒါပေမဲ့ ညီစေမင်းရဲ့ စက္က ထရီဆိုတဲ့အတွက် သိပ်တော့ ဘဝင်ကျပုံ မပေါ်ပေ။ သို့သော် ကာ ဂျီးကို ယုံကြည်စိတ်ချသည်မို့ ဘာမှတော့ မပြောတော့ပါ။ ကလေး နေမကောင်းဘူးဆို၍သာ ဂရုစိုက်ဖို့ အထပ်အခါခါ မှာကြားလေ နေပါသည်။

မနော်က မီးဖိုချောင်ဝင်တုန်း ကာဂျီးက ပိုင်းပိုင်းကို



www.burmeseclassic.com

www.burmeseclassic.com



ထိန်းနေပါသည်။ ဝိုင်းဝိုင်းကိုတော့ ကာဂျီးက ဘယ်ဘဝရေစက်မှန်း မသိဘဲ အတော်လေး ချစ်ခင်မိပါသည်။ နှင်းစုရဲ့ ကိုယ်ပွားလေးမို့လားတော့ မသိ။ ဘာပဲဖြစ်ဖြစ် ကာဂျီးက ကလေးကိုတော့ တွယ်နေအောင် ချစ်လာသည်။ ကိုယ်မွေးသောကလေးဆိုလျှင်တောင် ကလေးကိုတောင် ဤမျှချစ်မိမည် မဟုတ်။ အခုတော့ ချစ်စရာကောင်းသည့် ကလေးရဲ့ မျက်နှာလေးကို ကြည့်မိတိုင်း မိဘမဲ့ (လောလောဆယ်တော့) ဖြစ်ရသည့်ဘဝကို အတော်သနားကရုဏာ သက်ရကာ ပို့ပိုတိုး၍ ချစ်ရပါသည်။ အခုလို နေမကောင်းသည့်အခါ မျက်နှာလေးညှိုးနေသည့် အခါမှာတော့ ရင်ထဲပင် မကောင်းတတ်အောင်ပင်။

"မနော်ရေ … ကြက်သားစွပ်ပြုတ်လေးနွေးရင် ယူလာခဲ့တော့နော် … သားကို ခဏနေ ဆေးတိုက်တော့မှာမို့"

"ရပြီ ကာဂျီးရေ … အစ်မလည်း ပြီးပြီ … အစ်မတိုက်ရမလား …"

"ရတယ် … ရတယ် … ကာဂျီးပဲ တိုက်လိုက်မယ် … မနော် ရေချိုးရင်ချိုးထား … သားကို ဆေးတိုက်ပြီးမှ ကာဂျီး ရေချိုးတော့မယ် … ပြီးရင် သားလည်း အိပ်မှာတော့မှာ … အဲဒီကျမှ ထမင်းစားကြတာပေါ့ …"

"အင်း … ဒါဆို အစ်မ ရေချိုးလိုက်ဦးမယ်နော် …"

မနော်က နောက်ထဲပြန်ဝင်သွားပါသည်။ ကာဂျီးက





မနော်ရဲ့ နောက်ပိုင်းကိုကြည့်ရင်း တစ်ချက်ပြုံးလိုက်ပါသည်။ မနော်သည်း ရောက်ခါစကနှင့်မတူဘဲ ဝလာပါသည်။ နဂိုကမှ အသားဖြူဖြူနှင့် ကြည့်ကောင်းသော ရုပ်ရည်ရှိသော မနော်မှာ စိတ်ချမ်းသာကိုယ်ချမ်းသာနှင့်မို့ စိုစိုပြေပြေပင်။ မနော်က သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်လည်း နေတတ်တာမို့ မသိလျှင် အိမ်သားတစ်ဦးဟု ထင်ရော ရှိပါသည်။ ကာဂျီးကလည်း မနော်ကို ခွဲခြား ခွဲခြား မလုပ်ပါ။

မနော်လို အမျိုးသမီးကိုရထားသည့်အတွက် ကာဂျီးကပင် တပြန်စီ ကျေးဇူးတင်နေတာပင်။ ဒါကြောင့် ထမင်းသည်း တစ်ဝိုင်းတည်းပင် စားပါသည်။ အစပထမပိုင်းတော့ မနော်က အားနာ၍ မစား။ ကာဂျီးက နှစ်ယောက်တည်းရှိသည့်အိမ်မှာ တစ်ယောက်တစ်ခါစီစားနေရတာ မကောင်းပါဘူးဟု အတန်တန်ပြောမှသာ မနော်က ဝင်စားတတ်ပါသည်။ များသောအားဖြင့်တော့ ကလေးအိပ်နေမှသာ ထမင်းအတူစားဖြစ်ကြ၍ သားနိုးလျှင်တော့ ကာဂျီးကိုပဲ အရင်ရှုးခပ်ကျွေးကာ သူက နောက်ကျမှစားပါသည်။ ကလေးကလည်း နှစ်ဦးစလုံးကို ခင်တွယ်ကာ ဘယ်သူချီချီ အမြဲပြုံးပြီးသာတည်း။ အဲဒီတစ်ခုလည်း သားက အတော့်ကို တော်သည်။ အမြဲတစေ ပြုံးနေတာပင်။ ဂျီလည်း သိပ်မကျ။ သူ့ဘာသာသူ အိပ်ချင် အိပ်။ မအိပ်လျှင်လည်း မျက်နက်ဆန်လေး ဟိုရွှေ့ဒီရွှေ့နှင့် သာငြိမ်နေတတ်တာပင်။

"သားရေ … ပါးစပ်ဟ … ရော့ သောက်ပါဦး …"



www.burmeseclassic.com

www.burmeseclassic.com



ကာဂျိုးက စိုင်းစိုင်းကို စွပ်ပြုတ်အရည်လေးဈေ ချည်း စွံနေစဉ်မှာပင် တံခါးဖွင့်သံနှင့်အတူ စိုင်းစိုင်း ဝင်လာပါသည် ကလေးကို ရင်ခွင်ထဲထည့်ကာ ကြမ်းပေါ်မှ ထိုင်ချ၍ စွပ်ပြုတ်ကျွေ နေသော ကာဂျိုးကို တစ်ချက်ကြည့်ကာ ဆိုဖာပေါ် ဝင်ထိုင်လိုက် ရင်း ...

"ကလေးက နေမကောင်းဘူးလား ... "

"အေးဟဲ့ ... ဒါနဲ့ နင် အလုပ်လျှောက်ထားတာ သိရပြီလား"

"မသိသေးပါဘူး ... ရှေ့အပတ်မှ ကြော်ငြာမှာ ... ဘာဖြ လဲ ... "

"ဒါဆို ငါ ပြောမယ် ... နင် အလုပ်ရတယ် သိလား ... ငါ ရောပဲ ... "

စိုင်းစိုင်းက ကိုယ်ကို ရှေ့သို့တိုးကာ အံ့ဩသော စံဖြင့် ...

"ဟင် ... နင်က ဘယ်လိုလုပ် သိတာလဲ ... ရွေးတဲ့လူစာ ရင်းတွေ မကြော်ငြာ ရသေးပါဘူး ... ပြောစမ်း ... ဘယ်လို လုပ် သိတာလဲ ... "

ကာဂျိုးက စိုင်းစိုင်း မါးစပ်ထဲကို တစ်ခွန်းခပ်ရွှေ ပြီးတော့မှ စိုင်းစိုင်းကို ခပ်အေးအေးပင် တုန့်ပြန် ကြည့်ရှုလိုက် ရင်း ...

"ဒါများ အလန့်တကြား ဖြစ်စရာလား ... ငါနဲ့ အဲဒီ ဒေ





Rise က ကိုညီစေမင်းနဲ့က ဟိုး အစောကြီးတည်းက မိတ် ဆွေတွေ ... အဲဒါ ဟိုနေ့က ငါ့ကို ဖုန်းဆက်ပြောတယ် ... ငါတောင် အဲဒီရုံးကို သွားသေးတယ် ... ငါလည်း ကြိုတာနဲ့ နင့်အတွက်ပါ မေးခဲ့ပေးတာပေါ့ ... နင် အလုပ်ရတယ် ... ဒါပဲလေ ... "

"နင်က ဘယ်လိုလုပ် သူနဲ့ ခင်သွားရတာလဲ ... "

စိုင်းစိုင်းက တစ်ခုပြီးတစ်ခု အံ့ဩမဆုံးနိုင်သော ပုံစံ မျိုးဖြင့် ကာဂျိုးကို မေးခွန်းထုတ်နေပါသည်။ အင်းလေ စိုင်းစိုင်း အံ့အားသင့်မည်ဆိုလည်း ဖြစ်စရာပါပဲ။ ဒါပေမဲ့ ဒါဟာ သိပ်ကြီးတော့ လည်း ထူးဆန်းအံ့ဩစရာကောင်းတဲ့ ကိစ္စမဟုတ်ဘူးလို့တော့ ထင် တာပါပဲ။ ကာဂျိုးက ညီစေမင်းတို့နှင့် စတင်သိကျွမ်းခဲ့ရပုံအကြောင်း တွေကို စိုင်းစိုင်းအား ပြန်ပြောသင့် မပြောသင့် စဉ်းစားလိုက်ပါ သည်။ အဝေးပြေးလမ်းမကြီးပေါ်မှာ အမှတ်တမဲ့ ဆုံတွေ့ခဲ့ရတဲ့ ခင်မင်မှုဟာ ဒီလောက်တောင် နက်ရှိုင်းလာတာကို စိုင်းစိုင်းတစ် ယောက် ဘယ်လိုကောက်ချက်ချမှာပါလိမ့်။

"ကြာပြီ ... နင်းစုတောင် ရန်ကုန်ရောက်လာမသေးဘူး၊ ဒီလိုပဲ သွားရင်းလာရင်းနဲ့ ခင်သွားတာပါ ... နင်ကလည်း ဟာ ဘာဖြစ်နေတာလဲ ... ပြူးပြူးပြာပြာနဲ့ ... "

"ကာဂျိုး နင် ဘယ်လောက်ပဲ တော်တယ်ပြောပြော နင် က အရိုးခံနော် ... ရန်ကုန်မြို့ကြီး ဘယ်လောက်ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ နင် မသိပါဘူး … နင် တွေ့ရာလူတိုင်းကို စွတ်ခ နေတာလား … နင့်ကို ငါက အထင်ကြီးထားတာနော်"

"ဟား ဟား … ဒုက္ခပါပဲ စိုင်းစိုင်းရယ် … ဘာတွေ လျှော တွေးနေတာလဲဟာ … လျှောက်မတွေးစမ်းပါနဲ့ … တော ပြီ … ငါ မပြောတော့ဘူး … ရော့ ရော့ … ဟာပါဦး … အင်း ဒါမှ သား ဝမှာနော် … အားရှိမှာ သောက် …"

ကာဂျီးက စိုင်းစိုင်းစကားကို မသိကျိုးကျွန်ပြုလို တော့ကာ ကလေးထံကိုပဲ အာရုံအပြည့်အဝ ပြန်ပို့လျက် လက်တ စွပ်ပြုတ်ရည်ကို အပြီးသတ်တိုက်နေပါသည်။ စိုင်းစိုင်းကတော့ အ စကားမှ ထပ်မဆိုတော့ဘဲ ကာဂျီးကို သေချာကြီး အကဲခတ် တာ သိသားပဲ။ ဒါပေမဲ့ မှုမနေတော့။ ဒါဟာ ဘာမှ တရားလွန်ပြ ထူးဆန်းအံ့ဩဖွယ်ရာကောင်းတဲ့ ကိစ္စလည်း မဟုတ်။ ပြီးတော့ စိုင်းစိုင်း စိုးရိမ်နေသလို ညီစေမင်းတို့က မကောင်းသည့်လူ လည်း မဟုတ်။ ကာဂျီးကလည်း ဘာမှနားမလည်ရအောင် ထုံ သောသူတစ်ယောက် မဟုတ်ရလေရာ သူ ပူနေသလိုဖြင့် ကာ ကတော့ မပူပေါင်။

"ဒီမယ် ကာဂျီး … နင့်ကို သူတို့ရွေးတာ ရိုးရော ရိုးရဲ့လာ ဟင် …"

ဟော လာပြန်ပြီ။ ဒီဘက်က မရတော့ ဟိုဘက်က လှည့်ဝင်လာပြန်ပြီ။ ဒါကလည်း ဘာမှ ဆန်းတဲ့ကိစ္စ မဟုတ်။ …





ဂျီးမှာ သူတို့လိုချင်နေတဲ့ အရည်အချင်းတွေ ပြည့်စုံနေလို့သာ သူတို့ ရွေးချယ်တာပေါ့။ ဘာမှ တတ်မထားတဲ့သူတစ်ယောက်ကို ရွေး နေပါ့မလားနော်။ ကာဂျီးနဲ့ ခင်တာက ခင်တာပါပဲ။ ဒါက အဲ လောက်ကြီး အရေးမပါတာတော့ ကာဂျီးက သိနေပါသည်။ အား လုံးဟာ ဖြစ်သင့်ဖြစ်ထိုက်သလို ဖြစ်သွားခဲ့တာချည်းပင်။

ကာဂျီးက သံသယအမျိုးတွေးတွေနှင့်ပြည့်နှက်နေတော့ သည့် စိုင်းစိုင်းကို မျက်နှံလေးပင့်ကာ ကြည့်လိုက်ပြီးတော့မှ

"စိုင်းစိုင်းရယ် … အဖြောင့်အတိုင်းပဲ တွေးစမ်းပါ … ငါ့မှာ သူတို့လိုချင်တဲ့ အရည်အချင်းတွေ ရှိလို့သာ အလုပ်ခန့်တာ ပေါ့ … ကဲ … နင်လည်း အလုပ်ရတာပဲ မဟုတ်လား … ငါကသာ ဆယ်တန်းအောင်ပြီးသား အခြေအနေလေးတစ် ခုနဲ့ဆို သူတို့ ခန့်မလားပြော … ခန့်ရင်လည်း ဒါ နင်ပြော သလို အဲဒါမှ မရိုးတာလို့ ပြောလို့ရမယ် … လျှောက်တွေး မနေစမ်းပါနဲ့ဟာ …"

ဒီလိုကျတော့လည်း တွေးတောဆင်ခြင်နိုင်သွားပြီ ဖြစ်ဟန်တူသော စိုင်းစိုင်းက သက်ပြင်းတစ်ချက်ကို အသာကြိတ် ချင်း …

"အေးလေ … နင့်အတွက် ကောင်းရင် ပြီးတာပါပဲ … ဒါ နင့်စက်ရော စမ်းပြီးပြီလား … ဘယ်တွေကို E-mail ပို့ပြီး ပြီလဲ …"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှ မပို့ရသေးဘူး ... နင် ပို့ချင်ပို့လေ ... ဘယ်ကို ပို့မလို့လဲ ..."

"မျိုးသန့်ဆီ ပို့မလို့ ... ဒီကောင် စက်ပုမှာလေ ... အဲဒါ နင့် ဒီလိပ်စာပဲ ငါ ပေးထားလိုက်မယ် ... သူ့ဆီက E-mail ဝင်လာရင်လည်း နင်ပဲ လက်ခံထားလိုက်နော် ..."

"အေးပါ ... ကဲ ... သွားပို့လေ ... ပြော် ... နင် ထမင်းစားပြီးမှ ပြန်နော် ..."

"စိတ်ချ ... ထမင်းစားဖို့က အဓိကလာတာ ... ရန်ကုန်မှာ ထမင်းတစ်နပ်ဖိုး သက်သာလည်း အကျိုးရှိတယ်"

စိုင်းစိုင်းက ပြောင်စပ်စပ်ပြောရင်း စာရေးစားပွဲနှင့် ကွန်ပျူတာရှိရာကို ထသွားပါသည်။ ကာဂျိုးက ဝိုင်းဝိုင်းကို ဆော တိုက်ပြီးချိန်မှာ မနော် ရောက်လာပါသည်။

"ကလေးပေးလေ ကာဂျိုး ... ညီမ ရေချိုးမလား ... ဒါမှမဟုတ် ထမင်းအရင်စားမလား ... ဧည့်သည်ရော စားမှာမလား ..."

ကာဂျိုးက ကွန်ပျူတာရိုက်နေသော စိုင်းစိုင်းဘက် ကို တစ်ချက်ကြည့်ရင်း ...

"ရေချိုးလိုက်ဦးမယ် ... သူက မပြီးသေးဘူး ရတယ် မနော် သားကိုပဲကြည့်လိုက် ... ကာဂျိုးဘာသာ ရေချိုးပြီးမှ ထမင်း ခူးမယ် ... သားက ဆေးရှိန်နဲ့ အိပ်တော့မှာပါ ..."





ကာဂျိုးက နောက်ထဲဝင်လာကာ အဝတ်အစားလဲပြီး ရေချိုးဖို့ ပြင်ဆင်ပါသည်။ ရေချိုးရင်းမှ ဒီညနေ ကိုစေမင်းထံ E-mail ပို့ဖို့ အစီအစဉ်ပါ ဆွဲနေမိပါသည်။ နှင်းစုရဲ့ပြဿနာဖြစ်ရပ် အလုံးစုံတို့ကို ကိုစေမင်းဘာမှ သိသေးမှာမဟုတ်။ ကာဂျိုးလည်း တတတန်ပေတတန်ဖြင့် ပြောမနေချင်တော့။ ဒါကြောင့် နှင်းစုကိစ္စ အရေးကြီးသည် ဆိုတာလောက်သာ ထည့်၍ ကာဂျိုးဆီ ဖုန်းပြန်ဆက်ဖို့သာ E-mail ပို့ပါတော့မည်။ ကိုစေမင်း ဖုန်းဆက်မှသာ ကာဂျိုး အကြောင်းစုံရှင်းပြလိုက်တော့မည်လေ။ ကာဂျိုးရဲ့ ဖုန်းနံပါတ်နှင့် ဖုန်းဆက်ရမည့်နေ့ စံတော်ချိန်တို့ကို ညိုကာ ဆက်သွယ်ဖို့ စိတ်ကူးရင်း ရေသွက်သွက်ချိုးကာ မိုက်ဆာနေပြီမို့ အဝတ်အစား အမြန်လဲလျက် ပြန်ထွက်လာရပါသည်။

ကာဂျိုး ပြီးစီးနေချိန်မှာ စိုင်းစိုင်းကလည်း လက်စသတ်နေချိန်ရောက်နေပေပြီ။ စိုင်းစိုင်းရဲ့နောက်နားမှာ ဝင်ရပ်ရင်း

"အဆင်ပြေလား ..."

"ကောင်းတယ် ... ပြေတယ် ... နင်လည်း ပို့ကြည့်ပါလား"

"အေးပါ ... လာ ... ထမင်းစားရအောင် ..."

ကာဂျိုးက မနော်ခူးထားပေးသော ထမင်းပန်းကန်ထဲသို့ စိုင်းစိုင်းအတွက် ဟင်းတွေခပ်ထည့်ပေးရင်းမှ ...

"ဒါနဲ့ စိုင်းစိုင်းရေ နင်လုပ်ရမှာက ပျဉ်းမပင်စက်ရုံမှာနော်"

"အေး ... ဟုတ်တယ် ... ဒါပေမဲ့ ဖယ်ရီရှိတယ် ... နင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုလည်း ဖယ်ရီပေးပါတယ် ... ဒါပေမဲ့ ငါ့ကားနဲ့ပါပဲ သွားမှာ ..."

"အေးလေ ...နှင်က ကားရှိတာကိုး ... ရှေ့လဆို အလုပ်စဆင်းရမှာနော် ... ဘာတွေပြင်ဆင်ပြီးပြီလဲ စက္ကူထရီကြီး ဟား ဟား ဟား"

"နောက်မနေနဲ့ ... အေးဆေးပဲ ..."

ကာဂျီးက စိုင်းစိုင်းကို ပြန်လှည့်မျက်စောင်းထိုးရင်း ရောက်လာတော့မည့်ရှေ့လအတွက်လည်း ကြိုတင်ရင်ခုန်လို့ နေပါသည်။ ကာဂျီးက တကယ်ပဲ ညီစေမင်းရဲ့စက္ကူထရီဖြစ်သွားပြီတဲ့ လားကွယ်။

ကာဂျီးဟာ ညီစေမင်းရဲ့ အလုပ်ဒက်ပိနေသော ရုပ်သွင်ကို မြင်ယောင်မိကာ ကာဂျီးရောက်လာရင်တော့ဖြင့် ဒီလို မဖြစ်စေရဘဲ ညီစေမင်းတစ်ယောက် စိတ်သက်သာရာ ရလိမ့်မည် ဟု မျှော်လင့်နေမိပါသည်။







"ကာဂျီးနဲ့လိုက်ရဲ့လား မနော်ရဲ့ ..."

"လိုက်ပါတယ်ကွယ် ... တကယ်လှတယ် ... တကယ့်ကို အတွင်းရေးမှူးမလေးတစ်ယောက်ရဲ့ ပုံစံအတိုင်းပါပဲ"

ကာဂျီး တဟင်းဟင်းနှင့်သဘောကျရင်း မှန်ထဲမှ ကိုယ့်ပုံရိပ်ကိုလှည့်ပတ်ကြည့်ရှုနေပါသည်။ ကာဂျီးရဲ့ဝတ်စုံဟာ ခဲရောင်ကာလာဖြစ်ပြီး အသားထူထူပျော့ပျော့လေးဖြစ်ကာ လည်ပင်း အဝိုင်းမှာမှ အချွန်လေးဖောက်ထားကာ ကြယ်သီးအဝိုင်းကြီးကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေနှင့် ခါးတင်ဘလောက်စ်လှလှလေး ဖြစ်သည်။ အောက်ဖေ စကတ်ကလည်း ပုံကျလှပလွန်းသော စကတ်ရှည်ဖြစ်ကာ ပြောင် လက်နေသော ရှူးအနက်နှင့် တွဲဝတ်လိုက်သောအခါ ပို၍စမတ်ကျ သွားပါသည်။ အင်း ဖိုင်လေးတစ်ချပ်ပိုက်လိုက်ရင်တော့ ပို စတိုင် ကျသွားမှာပဲ။

ကြည့်ဦး။ ဒါတင်မကဘဲ တခြားဝတ်စုံတွေကလည်း ပုံစံအမျိုးမျိုးနှင့် စမတ်ကျလွန်းနေလိုက်တာ။ ဒါတွေအားလုံးရဲ့ တန်ဖိုးကို စုစုပေါင်းလိုက်လျှင် နည်းမှာမဟုတ်ပေ။ ကာဂျီးဘာသာ ချုပ်ရင် သက်သာမှာမဟုတ်ချေ။ ယူဇနေပလာဇာက ထိုဖက်ရှင်ဆိုင် ဟာ လက်ရာလှပသေသပ်မှုမှာလည်း အထူးနာမည်ကျော်လှသလို ဝတ်စုံရဲ့ချုပ်ခကလည်း နည်းတာမဟုတ်။ နာမည်ကြီး ရုပ်ရှင် မင်းသား မင်းသမီး မိုဒယ်တွေနှင့် အတော်ပိုက်ဆံ ဖြုန်းနိုင်သည့်ရှူ တွေသာ ချုပ်ကြတာ။

ပိတ်စတွေကလည်း နိုင်ငံခြားဖြစ် အကောင်းစား တွေဖြစ်ရကာ ကာဂျီးတစ်ယောက် အကျီတွေ သွားရွေးတော့ မျက်လုံးပြူးနေရပါသည်။ အဲဒီက အစ်မက ညီမလေးရှင်းစရာမလို ဘူး။ ပြီးမှ စာရင်းတင်ရမှာဟု ပြောသော်လည်း ဒါတွေရဲ့ စုစုပေါင်း ကုန်ကျစရိတ်ကို သိချင်မိတာပင်။ ဒါပေမဲ့ မမေးဖြစ်ခဲ့တော့။ အင်း ညီစေမင်းနဲ့တွေ့မှပဲ ကာဂျီးမေးကြည့်ရမှာပင်။ ကာဂျီးအတွက် အဝတ်အစားကအစ စီစဉ်ပေးသော အလုပ်ရှင်ကို ကာဂျီးတဆိတ်





တော့ အံ့သြမိနေပါသည်။

"တီ ... တီ ... တီ ... တီ"

ဖုန်းသံကြားရ၍ မနော်က အခန်းထဲမှ လိုင်းခွဲဖုန်း လေးကို ကောက်ကိုင်လိုက်ပါသည်။ ခဏနားထောင်ပြီးသောအခါ မှ ဖုန်းခွက်ကိုလက်နှင့်ပိတ်ရင်း ...

"ကာဂျီးရေ ... ကိုစေမင်းတဲ့ ..."

"ဟယ် ... ဟုတ်လား ... ပေး ... ပေး"

ကာဂျီးတစ်ယောက် ဝမ်းသာအားရပင် မနော် လက်ထဲမှ ဖုန်းလေးကို ဆွဲယူလိုက်ကာ ခုတင်ပေါ်ထိုင်ချလိုက်ရင်း

"ဟယ်လို ... ကာဂျီးပြောနေပါတယ် ..."

"ညီမလေး ... ကိုယ် ကိုစေမင်းပါ ... ညီမလေးဆီက E-mail ရတယ် ... ညီမလေး ဘာပြောစရာရှိလို့လဲ ... နှင်းစု ရော ..."

ရုတ်တရက်မို့ ကာဂျီးဘာပြန်ပြောရမှန်း မသိပါ။ ဖုန်းခွက်ကို ကိုင်ထားရင်း ဆွံ့အနေမိပါသည်။ တစ်ဖက်က စကား သံ ထွက်မလာ၍ ...

"ညီမလေး ပြောစရာရှိတာ ပြောပါ ... ကိုယ် နှင်းစုဆီက စာကို မျှော်နေတာကြာပြီ ... ဘာလို့ နှင်းစုက အဆက် အသွယ် ဖြတ်ထားတာလဲ ... ကိုယ့်ကို စိတ်ကောက်နေ တာလား ..."



www.burmeseclassic.com

www.burmeseclassic.com



ဪ် ရှင်ကတော့ ဘာမှမသိရှာသေးဘူးကိုး ကိုစေမင်းရယ်။ ရှင့်ကို နှင်းစုက စိတ်မကောက်နိုင်တော့ပါဘူးရှင်။ တစ်သက်လုံး စိတ်ကောက်မှာ မဟုတ်တော့ပါဘူး။ ကာဂျီးမှာ ဗွေးရင်းနှင့် ရင်ထဲဆို့နင့်ဝမ်းနည်းလာရကာ နှင်းစုရဲ့အဖြစ်အပျက်တွေကို မနေ့တစ်နေ့ကလို မျက်လုံးထဲ ပြန်မြင်ယောင်လာကာ အဲဒီတုန်းက ခံစားချက်မျိုးလည်း ပြန်လည်ခံစားလာရလေသည်။ ပြီးခဲ့တာတွေ ကြာခဲ့ပြီဆို၍ မေ့ထားနိုင်မည်ဟု ထင်ခဲ့သမျှ တကယ်တမ်းကျတော့ ရင်ထဲမှာ ထိခိုက်ခံစားရဆဲဆိုတာ သိလာရပါသည်။

"အစ်ကို ... အစ်ကို ... သိလား ... နှင်းစုဆီမှာ အစ်ကို့ရဲ့ ရင်သွေးလေး ကျန်နေခဲ့တယ်ဆိုတာ အစ်ကို သိလား"

"ဘာရယ် ... ဘယ်လို ... ညီမလေး"

ကာဂျီးက အလိုလို စီးကျလာသော မျက်ရည်စတချို့နှင့် ရှိုက်လိုက်ရင်း ...

"ဟုတ်တယ် ... နှင်းစုဆီမှာ အစ်ကို့ရင်သွေးလေး ကျန်နေခဲ့တယ် ..."

"ဟာ ... တကယ် ... ဟာ ..."

တစ်ဖက်က အကြီးအကျယ် အံ့ဩသွားသလိုနှင့် စကားတော်တော်နှင့်မပြောနိုင်တော့ဘဲ နှုတ်ဆိတ်နေပါသည်။ ဒီလောက် အချိန်အကြာကြီးနေမှ သိခွင့်ရခဲ့ခြင်းအပေါ် ယူကျုံးမရဖြစ်ခြင်းများစွာလည်း ရှိမည့်အတူတူ၊ ဒီအချိန်မှာ အဲဒီရလဒ်ရဲ့အဖြေ





ကိုလည်း အလွန်အမင် သိချင်နေပေလိမ့်မည်။

ကာဂျီး ထင်သည့်အတိုင်းပင် ကိုစေမင်းက တုန်တုန်လှုပ်လှုပ်ဖြင့် ...

"ဒါ ... ဒါဆို နှင်းစု ဘာလုပ်လဲ ... ဘယ်လိုစီစဉ်လိုက်လဲ၊ ဟာကွာ ... နှင်းစု ဘာမှလည်း အကြောင်းမကြားဘူး"

"အကြောင်းကြားတော့ရော အစ်ကိုက ဘာလုပ်ပေးနိုင်မှာမို့လဲ ... နှင်းစုက မိခင်တစ်ယောက်ရဲ့စိတ်ဓာတ်အပြည့်ရှိတဲ့ သူတစ်ယောက်ပါ အစ်ကို ... သူ ကလေးကို ဖျက်မချခဲ့ပါဘူး ... သူ မွေးဖို့ဆုံးဖြတ်ခဲ့ပါတယ် ..."

"ဒါ ... ဆို ... အခု နှင်းစုရော ညီမလေး ... ဒီအချိန်လောက်ဆို မီးဖွားပြီးရောပေါ့ ... ဟာကွာ ... နှင်းစုက ဘာလို့ အကြောင်းမကြားရတာလဲ ... အစ်ကို့ကို စိတ်နာနေတာလား ... အစ်ကို မသိလို့ပါကွာ ... သိရင် ချက်ချင်းပြန်လာပါတယ် ... အခု နှင်းစုဘယ်မှာလဲဟင် ညီမလေး ကလေးရော ..."

တစ်ဘက်ကအားတက်သရောစကားသံတွေကြောင့် ကာဂျီးမှာ ပြောပြဖို့အရေး ပို၍ခွဲ့အသွားပါသည်။ မပြောလို့လည်း ဖြစ်မှ မဖြစ်တာလေ။ ကိုစေမင်းအနေနှင့် အခြေအနေအရပ်ရပ်အားလုံးကို အမှန်အတိုင်း သိခွင့်ရှိတာပဲဟာ။

"နှင်းစု ကိုယ်ဝန်ရှိတော့ ကာဂျီးကို အရင်ဆုံးအသိပေးခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပါ ... ဒီမြို့မှာ မွေးလို့ဘယ်နည်းနဲ့မှ မဖြစ်နိုင်လို့ ကာ
တို့ ရန်ကုန်မှာပဲ မီးဖွားဖို့ စီစဉ်ခဲ့ကြတယ် ... နှင်းစု
ယောက် ... မီးဖွားဖို့ တစ်လကျော်လောက် အလို
Aboration ဖြစ်ပြီး ဆုံးသွားခဲ့တယ် အစ်ကို ... ကာ
အစွမ်းကုန် ကြိုးစားပေမဲ့ ဘာမှ မတတ်နိုင်ခဲ့ဘူး ...
"ဘာ ... နှင်းစု နှင်းစု ဆုံးသွားခဲ့ပြီ ဟုတ်လား ... ညီမ
ဟာ ... မဖြစ်နိုင်ဘူးကွာ ... ကိုယ် ဘာမှလည်း မသိ
ရပါလား ... နှင်းစုကိုယ်ဝန်ရှိတာ ... ဆုံးသွားတာ
ဘာတွေလဲကွာ ... ညီမလေး အစ်ကို့ကို နောက်နေ
လား ... မဖြစ်နိုင်ဘူးကွာ ... "
"အစ်ကို့အနေနဲ့ ဒီအကြောင်းအရာတွေကို ချက်ချင်းလ
ယုံကြည်ဖို့ ခဲယဉ်းမယ်ဆိုတာ ကာဂျီးနားလည်ပါတ
ဒါပေမဲ့ ဒါတွေအားလုံးက အမှန်တွေပါအစ်ကို ... နှ
တကယ်သေဆုံးသွားခဲ့ပါပြီ ... ဒါပေမဲ့ နှင်းစုက သူ့ကိုယ်
လေး ချန်ထားရစ်ခဲ့တယ် အစ်ကို ... ကာဂျီးတို့ က
အသက်ကိုတော့ ခက်ခက်ခဲခဲကို ကယ်တင်ထားနိုင်ခဲ့တ
ကလေးက အစ်ကိုနဲ့အရမ်းတူတယ် ... ယောက်ျားလေး
"ဘယ်လို ... သားကျန်ခဲ့တယ် ဟုတ်လား ... ဒါဆို
ရော ... သားကို ဘယ်သူစောင့်ရှောက်လဲ ညီမလေး ...
"ကာဂျီးပဲပေါ့ ... သားက အခုခုနစ်လကျော်ပြီ အစ်ကို





ကာဂျီးလက်ပေါ်မှာပဲ ကြီးလာတာပါ ... မွေးကာစက
တော့ ဂျန်မခါနာမှာပဲ ထားရတယ် ... ခုတော့ သားက
ကျန်းကျန်းမာမာပါပဲ ... "
"ဟာ ... ကျေးဇူးတင်လိုက်တာ ညီမလေးရာ ... အခု
ညီမလေးက ရန်ကုန်မှာနေတာလား ... "
"ဟုတ်တယ်အစ်ကို ... ကာဂျီး ရန်ကုန်ရောက်တာကြာပြီ၊
အခုလည်း မပြန်ဖြစ်သေးပါဘူး ... တော်တော်နဲ့လည်း ပြန်
ဦးမှာမဟုတ်ဘူး ... သား ကြီးမှ တစ်မျိုးစဉ်းစားမယ်"
"ညီမလေးနဲ့သားနဲ့နှစ်ယောက်တည်းလား ... "
"နာနီရှိတယ် အစ်ကို ... သုံးယောက်ပေါ့ ... အဆင်ပြေပါ
တယ် ... "
"ညီမလေးရယ် ... စောစောစီးစီးထဲက အစ်ကို့ကို ဆက်
သွယ်တာတော့ မဟုတ်ဘူးကွာ ... ကိုယ် သားကို အရမ်း
တွေ့ချင်တယ် ... ညီမလေးကိုလည်း ဘယ်လိုကျေးဇူးဆပ်ရ
မှန်းတောင် မသိတော့ပါဘူး ... "
"မလိုပါဘူး အစ်ကို ... သားနဲ့ကာဂျီးကလည်း သူစိမ်းတွေမှ
မဟုတ်တာ ... ကာဂျီးအစ်မကမွေးတဲ့ ကာဂျီးတူအရင်းပါ"
"အင်း ... အခြေအနေတွေက မယုံနိုင်လောက်အောင်ပါပဲ
လား ညီမလေးရယ် ... နှင်းစု တကယ်နေနိုင်ရက်တယ်၊
ဘာပဲဖြစ်ဖြစ် အကြောင်းကြားဖို့ကောင်းပါတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းကြားရင်လည်း အစ်ကိုစိတ်ညစ်နေမှာစိုးလို့ မပြောတော့တာပါ ... ကာဂျီးက ဘာပဲဖြစ်ဖြစ်ပြောရ တိုက်တွန်းသေးတယ် ... နှင်းစုက အရှမ်းခေါင်းမာတာ ... နှင်းစု ဆုံးသွားသွားချင်းမှာလည်း ကာဂျီးမှာ ကလေးတစ် ဖက်နဲ့ ဗျာများနေတာနဲ့ အစ်ကို့ကို အကြောင်းမကြားတော့ တာပါ ... မကောင်းကဲ့သတင်းဟာ နောက်ကျသိရတာ ပိုကောင်းပါတယ်လို့ တွေးရင်းနဲ့ပေါ့ ... ဟိုတစ်နေ့ကမှ အင်တာနက်ချိတ်ပြီးတာနဲ့ E-mail ပို့လိုက်တာ အကြောင်း စုံကို ဖုန်းထဲက ပြောတော့မယ်ဆိုပြီးတော့လေ ..."

"အင်း ... ကျေးဇူးတင်ပါတယ် ညီမလေးရယ် ... ဘာပဲပြော ပြော သားကိုစောင့်ရှောက်ထားတဲ့အတွက်ရော အားလုံး အတွက်ပါပဲ ... ညီမလေးဖြစ်နိုင်ရင် အစ်ကို့ကို သားဓာတ်ပုံ တွေ ပို့ပေးပါလား ..."

"ရပါတယ် ... နှင်းစုကိုယ်ဝန်နဲ့ပုံတွေရော ပို့ပေးလိုက်မယ်၊ ဒါနဲ့ E-mail နဲ့ပဲ ပို့ရမလား ..."

"စာတိုက်ကြီးကပဲ ပို့လိုက်ပါ ... အစ်ကို့ လိပ်စာပြောမယ်၊ ဖုန်းနံပါတ်လည်း ယူထားလိုက်နော် ..."

ကာဂျီးက ကိုစေမင်းပြောသောလိပ်စာကို စာအုပ် ထဲမှာ ရေးမှတ်လိုက်ပါသည်။ ကိုစေမင်းက တောင်းဆို၍လည်း ကာဂျီးလိပ်စာနှင့်ဖုန်းနံပါတ်ပါ ပြန်ပေးလိုက်ပါသည်။





"အဲဒါဆို ဒါပဲနော်အစ်ကို ... ကာဂျီး မနက်ဖြန်ပဲ ပို့လိုက်ပါ့ မယ် ..."

"ကျေးဇူးတင်ပါတယ် ညီမလေးရယ် ... ကိုယ့်ကိုလည်း အစ်ကိုတစ်ယောက်လို့ သဘောထားပါ ... အစစအရာရာ လိုအပ်တာပြောပါ ... သားကိုလည်း ဂရုစိုက်ပေးပါလို့ အနူး အညွတ်မေတ္တာရပ်ခံအပ်ပါတယ် ..."

"စိတ်ချပါ ..."


ကာဂျီးက စိတ်မကောင်းခြင်း များစွာနှင့်အတူ ဖုန်းချလိုက်ပါသည်။ အင်း ဘာပဲဖြစ်ဖြစ် လုပ်ကိုလုပ်ရမည့်တာဝန် တစ်ခုကတော့ ကင်းရှင်းသွားပြီ။ ကလေးရေ မင်းကတော့ ဘာမှ မသိရှာဘဲ အိပ်ပျော်နေနော်။ ငါလည်း မင်းလိုပဲဘာမှမသိရတဲ့ဘဝ ခဏလောက်ဖြစ်ဖြစ် ပြန်ရောက်ချင်တယ်ကွာ။ ငါမွေးတဲ့မီးမဟုတ် ဘဲနဲ့ ငါ့ကိုလည်း ပူစေတဲ့မီးနဲ့ ငါ ခဏဝေးချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com





(၁၃)

ဒီနေ့ဟာ ကာဂျီးရဲ့ပထမဆုံး အလုပ်စဝင်သော ရက်ဖြစ်ရလေရာ ရုံးသို့ရှစ်နာရီခွဲခန့်လောက်ကပင် ရောက်ခဲ့ပါသည်။ ရုံးဝင်းထဲသို့ ကားကို ချိုးကွေ့ဝင်ခဲ့ပြီးမှ ရုံးမှဝန်ထမ်းများအတွက် သီးသန့်ကားရပ်ဖို့ထားသော နေရာမှာ ကားကို စနစ်တကျရပ်ပြီးမှ ကားဘေးခုံက ကိုယ့်ရဲ့အိတ်ရယ်၊ နောက် ပန်းအိုးနှစ်လုံးရယ်၊ နှင်းဆီ





ပန်းစည်းရယ်တို့ကို တစ်ပါတည်း ယူဆောင်ကာ ကားတံခါးသော့ ပိတ်ခဲ့ပြီး ရုံးဘက်သို့ လျှောက်လာခဲ့ပါသည်။ ရုံးမှာရောက်သူဟူ၍ များများစားစားမရှိသေးလှ။ ကာဂျီးသာ စောစောစီးစီးပီရိယ ကောင်းနေတာပင်။ ကာဂျီး ရုံးထဲသို့လှမ်းဝင်လိုက်စဉ်မှာ လူတစ်ဦးက ကာဂျီးကို ရင်းနှီးစွာ ပြုံးပြရင်း။

"စောလှချည်လား ... ဒီက ညီမလေးက M.D ရဲ့ အတွင်းရေးမှူးမလား ..."

"ဟုတ်ကဲ့ရှင် ..."

ကာဂျီးက ခေါင်းကိုညွှတ်ကာ လေးလေးစားစား နှင့် ပြန်ဖြေလိုက်ပါသည်။

"ကျွန်တော်က ဒီရုံးက အထွေထွေဝန်ထမ်းပါခင်ဗျာ ... ဝင်းလှိုင်လို့ခေါ်ပါတယ် ... ကျွန်တော်ကတော့ ရုံးကို ရှစ်နာရီလောက်လာရတယ်ခင်ဗျ ... အစစအရာရာ သန့်ရှင်းရေးဝန်ထမ်းတွေနဲ့ ကြိုစီစဉ်ထားတာပေါ့ ... လာ ... ညီမ ဝင်ပါ ... ရုံးခန်းတွေ ဖွင့်ပြီးသားပါ ... ဪ ... ပေး ... ပေး ... ကျွန်တော် ယူခဲ့ပေးမယ်လေ ..."

ကိုသူက သူ့ကိုယ်သူလည်းမိတ်ဆက်ရင်း ပြောပြော ဆိုဆိုနှင့်ပင် ကာဂျီးရဲ့လက်ထဲက ဖန်အိုးတွေနှင့် ပန်းစည်းကိုပါ လှမ်းယူနေသဖြင့် ကာဂျီးက အသာလက်လွှတ်ကာ ပေးလိုက်ပါ သည်။ ဟိုတစ်နေ့ကတည်းက ရုံးတွင်းကို ကာဂျီးက လေ့လာပြီး



www.burmeseclassic.com

www.burmeseclassic.com



သားမို့ ရုံးခန်းဘယ်မှာရှိသည်ဆိုတာကို သိပြီးသားဖြစ်နေကာ ရုံးခန်းထဲဆီကိုပဲ တန်းတန်းလျှောက်လာခဲ့ပါသည်။ ကိုဝင်းလှိုင်ဆိုသူက နောက်မှာ မလှမ်းမကမ်းပါလာ၍ ...

"ညီမ အလုပ်ခန်းက တံခါးဖွင့်မှာမဟုတ်သေးဘူးလေ ... သော့က ကိုဥက္ကာတို့လာမှဖွင့်တာ ... ညီမ ဒီမှာပဲ ခဏစောင့်ရမှာပဲ ... "

M.D ရဲ့ ရုံးခန်းမရောက်ခင် ဝန်ထမ်းတွေစာရင်းလုပ်သော အခန်းကျယ်ကြီးထဲသို့အရောက်မှာ ထိုသူကပြောတာဖြစ်သည်။ ကာဂျီးက ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ရင်း ...

"ရပါတယ် ဒီမှာပဲစောင့်လိုက်မယ် ... ဒီနေ့ ကျွန်မ ရုံးစတက်မှာဆိုတော့ တော်ကြာ M.D တို့လည်း ရောက်လာတော့မှာပါ ... ကျေးဇူးပါပဲ ... ကိုဝင်းလှိုင်လုပ်စရာရှိတာ သွားလုပ်ပါ ... "

"ဟုတ်ကဲ့ခင်ဗျ ... ခွင့်ပြုပါဦး ... "

ထိုသူက ပန်းအိုးနှင့်ပန်းစည်းကို ကာဂျီးဘေးမှာချထားရစ်ကာ နှုတ်ဆက်ရင်းထွက်သွားပါသည်။ အင်း ပထမဦးဆုံးရုံးစတက်သည့်နေ့မှာပဲ ပျူပျူငှာငှာဆီးကြိုခြင်း ခံရသည့်အတွက် တစ်မျိုးစိတ်ချမ်းသာရတာပင်။ ကျန်သည့်လူတွေကတော့ ဘယ်လိုလာမည်မှန်း မသိသေး။ ဘာရယ်ကြောင့်မှန်းမသိဘဲ ကာဂျီးကလည်တဆန့်ဆန့်ဖြင့် နာရီလေးကြည့်ကာ ညီစေမင်းကို မျှော်နေမိ





သည်။ အမြဲတမ်း နွေးထွေးရိပ်သန်းကာ တိကျပြတ်သားသည့် တ်ခမ်းတစ်စုံနှင့် လူကြီးဆန်ဆန် ရင့်ကျက်တတ်သည့် ညီစေမင်း ယ် အမြဲရွှတ်နောက်ပြုံးချိုနေတတ်သော ကိုဥက္ကာရယ်နှစ်ယောက် ကား ကာဂျီးက ရှေ့ရှေ့နှစ်အလလက ခင်မင်ခဲ့ရသူများပမာ လိုလိုကို နှောင်တွယ်ရင်းနှီးစိတ် ပိုမိနေပါသည်။

အင်းနော် ... ကံတရားများဆန်းကြယ်ပုံက အခုဆို ဂျီးဟာ အမေရိကားရှိ ကိုစေမင်းနှင့်လည်း အဆက်အသွယ်ရ းခဲ့ကာ တစ်နေ့ကပင် ကိုစေမင်းတောင်းဆိုသော ဓာတ်ပုံများ ပို့ပေးခဲ့ပြီးပြီ။ အခုလည်း ကိုစေမင်းရဲ့ညီအရင်းဖြစ်သူထံမှာ လုပ်စတင် ဝင်ရောက်ဖို့ ရောက်ရှိနေခဲ့ပြီ။ ဒီအကြောင်းတွေကို စေမင်းသိရင် သိပ်ထူးဆန်းအံ့သြမှာ မဟုတ်ပေမဲ့ ကိုညီစေသာ သွားခဲ့ရင်တော့ ကာဂျီးကို ဘယ်လိုမြင်မည်လဲဆိုတာ ကာဂျီး န့်မှန်းတတ်ပါချေ။ သေချာတာတစ်ခုကတော့ ကိုညီစေရယ် ဖြစ်အပျက်အားလုံးဟာ သူ့ဘာသာ အစီအစဉ်တကျ ဖြစ်လာရတဲ့ ခုတွေပါ။ ကာဂျီးရဲ့သဘောဆန္ဒဘာတစ်ခုမှ မပါရိုးအမှန်ပါရှင်။ ညီစေရဲ့စက္ကထရီအဖြစ် ဆောင်ရွက်ပေးဖို့ဆန္ဒကသာ ကာဂျီးရဲ့ မှန်တဲ့ဆန္ဒတစ်ခုပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျ အဖြစ်ကြောင်း နံစင်ကို ကိုညီစေ သိသွားခဲ့ရင် ကာဂျီးကို သဘောထားတွေ ပြောင်းလဲဖို့ ကာဂျီး ဆုတောင်းနေပါတယ်ရှင်။

"ကာဂျီး ရောက်နေတာကြာပြီလား ... "



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အတွေးနှင့်ကိုယ် နစ်ဝင်ငြိမ်သက်နေသော ကာဂျီးဟာ ကိုဥက္ကာရဲ့အသံကျယ်ကျယ်ကို ကြားရမှ ပခုံးလေး ဆတ်ခနဲတုန်သွားတဲ့အထိ ရုတ်တရက်လန့်သွားမိပါသည်။ ကာဂျီးရဲ့ရှေ့မှာ ကိုညီစေနှင့်ကိုဥက္ကာက ပြုံးလျက်ကြည့်နေကြလေသည်။ ကာဂျီးက ယောင်ယောင်မှားမှားနှင့်ပင် ပြန်ပြုံးပြလိုက်ရင်း ...

"ဩော် ... ဟုတ် ... ရှစ်ခွဲလောက်ကပါ ... သိပ်မကြာသေးပါဘူး ... အစ်ကိုတို့ကလည်း အစောကြီးလာတာပဲနော်"

"အင်း ... ဒီနေ့ကာဂျီးအလုပ်စဝင်မှာသိလို့လေ၊ ဒီလောက် အစောကြီးလာစရာမလိုပါဘူး ကာဂျီးရဲ့ ... ကိုးနာရီဆို ရပါတယ် ... "

"ဟုတ်ကဲ့ ... ဒီနေ့တော့ ပထမဆုံးနေ့ဆိုတော့ စောစော လာလိုက်တာပါ ... ဘယ်သူမှတောင် မရောက်သေးဘူး ကိုဝင်းလှိုင်ကတော့ ကြိုရှာပါတယ် ... "

"အင်း ... ကိုယ်တို့ရုံးက ဒီလိုပါပဲ ... တစ်ယောက်နဲ့တစ်ယောက် ခင်မင်ကူညီကြတယ် ... ကာဂျီးက ကိုယ်တို့ အလာကို ဒီမှာထိုင်စောင့်နေတာကိုး ... နောက်ဆို ကိုယ်တို့ ရုံးခန်းသော့ကို ကာဂျီးပဲ ယူထားရမှာ ... ကိုယ်တို့လည်း သပ်သပ်တစ်ချောင်းကိုင်မှာပေါ့ ... ပြီးရင် ပေးမယ်နော် ... လာ ... လာ ... ဝင်ရအောင် ... "

ညီစေမင်းက နွေးထွေးစွာပြောရင်း ပြုံးပြလိုက်ပါ





သည်။ ကာဂျီးတံ ထိုင်ရာမှထကာ ပန်းအိုးနှစ်လုံးနှင့်ပန်းစည်းလေးကို ကိုင်လျက် နောက်ကလိုက်ဝင်လာပါသည်။ ဥက္ကာက တံခါးဖွင့်လိုက်ကာ Air-con ဖွင့်ခြင်း၊ အိတ်တွေနေသားတကျချခြင်းတို့ကို မှုလုပ်နေစဉ်မှာ ကာဂျီးကလည်း ကိုယ့်ကိုပေးထားသော စားပွဲပေါ်မှာ အိတ်ကိုသွားတင်ထားလိုက်ပြီး ပန်းအိုးနှင့်ပန်းစည်းတို့ကို နောက်ထဲရှိ ဘေစင်မှာ သွားဆေးကာ ပန်းအိုးထိုး၍ တစ်အိုးစီပြန် ယူလာခဲ့ပါသည်။ ညီစေမင်းရဲ့ စားပွဲပေါ်မှာ တစ်အိုးတင်ထားပေးလိုက်တော့ ကိုညီစေက စာရွက်တစ်ရွက်ဖတ်ရင်းမှ မော်ကြည့်ကာ ...

"ပန်းအိုးလေးပါလား ... အရင် မရှိပါဘူး ... ကာဂျီး ယူလာတာလား ... "

"ဟုတ်ကဲ့ ... အခန်းတစ်ခန်းမှာ ပန်းအိုးလေးတော့ ရှိသင့်တယ်ထင်လို့လေ ... ဟို နေ့တိုင်းပန်းအိုးထိုးတဲ့တာဝန်ကို ကာဂျီးယူပါစေနော် ... "

"ဩော် ... ကာဂျီးအလုပ်ပိုနေပါ့မယ် ... ကောင်းတာက ကောင်းပါတယ် ... ကျက်သရေရှိတာပေါ့ ... ကိုယ်တို့က ယောကျ်ားလေးတွေဆိုတော့ ... သိပ်ဂရုမစိုက်ပါဘူး ... ကျေးဇူးပဲ ကာဂျီး ... ဒါပေမဲ့ နေ့တိုင်းဆိုရင် ကာဂျီးအလုပ် ပိုနေမှာပေါ့ ... "

"မပိုပါဘူး ဒါဘာမှပင်ပန်းတာမှ မဟုတ်တာပဲ ... ကာဂျီး

www.burmeseclassic.com



တာဝန်ယူပါစေနော် ... ”

ညီစေမင်းက ဗွတ်ကိုတာဝန်ယူချင်နေသော — ကောင်မလေးကို ပြုံးငုံ့ကာကြည့်လိုက်ပြီးတော့လျှင် ခေါင်းတစ်ချက် ဆတ်ပြလိုက်ပါသည်။ အင်း မြင်လည်းမြင်တတ်တဲ့ ကောင်မလေး ရှုံးခန်းကို တစ်ခါလာတယ်။ ပန်းအိုးမရှိဘူးဆိုတာ ရိပ်မိသွားတာ အလုပ်စဝင်သည့်နေ့မှာပဲ ပန်းအိုးလေးနှင့်ပန်းတွေယူချလာတော့ တာ။ သူ့စားပွဲမှာလည်း ပန်းထိုးထားတာပဲ။ ပန်းအိုးရော၊ ပန်းတွေ ရော အပွင့်အရေအတွက်ပါ အားလုံးအတူတူပါပဲလား။ အေးလေ ဒီလောက်တော့ ရှိရမှာပေါ့။

ညီစေက ... အဖြူရောင်ကြွေပန်းအိုးလေးထဲမှာ အစွမ်းကုန်ဖူးပွင့်လှပနေသည့် အနီရောင်နှင်းဆီပန်းတို့ကိုကြည့်ကာ သဘောကျကျေနပ်စိတ်ဖြစ်ထွန်းသွားရပါသည်။ မိန်းကလေးတွေ ဟာ အလှအပကို ပိုမြင်တတ်၊ ခံစားတတ်တယ်ဆိုတာ တကယ် ဟုတ်မှာပဲ။ ကာဂျီးဟာ ထက်ထက်မြက်မြက်နှင့်အရည်အချင်း မည့် ကောင်မလေးတစ်ဦးလို့ သူလက်ခံမိတာ မမှားဘူးဆိုတာ တဖြည်းဖြည်းနှင့် သူသိမြင်လာရပါသည်။ အနီရောင်နှင်းဆီပွင့်လေး ကို ထိတို့လိုက်ရင်း ...

“ဒီလိုသာ ပန်းလှလှတွေ နေ့တိုင်းလဲပေးနေရင် ကာဂျီး တော့ ဘတ်ဂျက်ထိတော့မှာပဲ ... ဒီလိုလုပ်လေ ... ရုံးမှာ ဘုရားစင်ရှိတယ် ... သုံးရက်တစ်ခါ ပန်းလဲတယ် ... ပန်း



လာ လာပို့တဲ့ကောင်မလေးရှိတယ် ... သူ့ကို နေ့တိုင်းပို့ ခိုင်းလိုက်မယ် ... ဟုတ်ပြီလား ... ကာဂျီးကြိုက်တဲ့ပန်း မှာလေ ရတယ် ... ”

ညီစေမင်းစကားကြောင့် ကာဂျီးမျက်နှာအနည်း ငယ် မှုန်သွားဟန်ရှိကာ အောက်နှုတ်ခမ်းလေး မသိမသာ စူသွား ရင်း ...

“ကာဂျီးက အစ်ကိုတို့လောက် မချမ်းသာပေမဲ့ အဲလောက် တော့ တတ်နိုင်ပါသေးတယ် အစ်ကိုရယ် ... အဲလောက် မလိုပါဘူး ... ”

ကိုယ့်စကားကို ကာဂျီးတစ်မျိုးမြင်သွားပြီဆိုတာ ချက်ချင်းရိပ်မိသွားသောညီစေက ပြာပြာသလဲနှင့်မှင် ...

“ဟာ ... အဲလိုဆိုလိုတာ မဟုတ်ပါဘူး ကာဂျီးရယ် ... ကာဂျီး တာဝန်ပိုမှာကိုပြောတာပါ ... သဘောပဲ ... ခင်ဗျား လေးဘော့စ်မှန်းသိပြီးသားပါဗျာ ... ကိုယ်ပိုင်ကားနဲ့တောင် စတ္တာထရီလာလုပ်တာ အထင်မသေးပါဘူး ... ”

ဒီလိုဆိုတော့လည်း ကာဂျီးမျက်နှာက ချက်ချင်း ပင် ပြုံးရိပ်သန်းသွားကာ ...

“မဘော့စ်ပါဘူးနော် ... ဒီလောက်ကတော့ လူတိုင်းကြိုက် တာပါပဲ ... ပန်းဝယ်ရတာ အပန်းမကြီးပါဘူး ... ဈေးက ကာဂျီးတို့အိမ်နဲ့နီးနီးလေးပဲလေ ... ”



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ကာဂျီးက မနက်တိုင်းဈေးသွားသေးတာပေ

"ဟင့်အင်း မသွားပါဘူး ... တစ်ယောက်ကသွားတာ — ဟို လာကူပေးတဲ့အစ်မကြီး သူ သွားတာ ... "

"သြော် ... သြော်"

ညီစေက ဘာမှဆက်မပြောတော့ဘဲ ဒီနေ့လုပ် မည့်စာရင်းဇယားတွေကိုပဲ ကြည့်ရှုကာ ကာဂျီးကို အခြေခံကအ ဘယ်လိုနားလည်သိမြင်အောင် တွဲခေါ်သွားရမည်ဆိုတာပါ တ လက်စတည်း စဉ်းစားနေမိပါသည်။ တစ်ခါတည်းမှာပင် ကိုယ့် စက္ကူထရီကောင်မလေးရဲ့ ပြောပုံဆိုပုံ အသွင်အပြင်နှင့်နေထိုင်မှု ကိုပါ သွားစဉ်းစားမိလေသည်။ နယ်ကလာသည်ဆိုသော ကော မလေးဟာ ရန်ကုန်မြို့ကြီးပြကြီးမှာ ချက်ချက်ချာချာ သွားလာတ မှုကတော့ ထားပါတော့။ ဒါက သူ့ရဲ့ Talent နှင့်ဆိုင်မည်။

အနည်းငယ်ထူးခြားတာက ကာဂျီးရဲ့အဆင့်တ ရှိရှိ လူနေမှုအဆင့်အတန်းရယ်၊ သူ ငှားနေသည့် မြေညီထ တိုက်ခန်းရဲ့တစ်လတစ်လ အခန်းငှားခကကို နည်းမှာမဟုတ်။ အဲ အတွက် လစဉ်ဝင်ငွေ၊ နေ့စဉ်စားသောက်မှုစရိတ်စကနှင့် ဘာ အလုပ်မှ မလုပ်ဘဲ သင်တန်းတွေတက်ကာ တော်တော်ငွေကု ကြေးကျခံနိုင်သည့် ကာဂျီးတစ်ယောက် သူ့တစ်လအသုံးစရိတ်နှ ကာမိချင်မှ ကာမိမည်ဖြစ်သော သူ့အတွင်းရေးမှူးလုပ်ချင်တာကို သူကတော့ ထူးခြားသည်ဟု ထင်မိပါသည်။ အင်းလေ နဂိုအခံ





ကြွယ်ဝိုးကြွယ်ဝထဲက ဖြစ်ရမည့် ကာဂျီးဟာ ထက်ထက်မြက်မြက် နှင့်လမ်းသစ်ဖောက်ချင်ရှာမည့် လူငယ်ပီသသော ဉာဉ်လေးလည်းရှိ ရမည် ဖြစ်ပေမပေါ့။ ဒါကြောင့်သာ ရန်ကုန်မှာ လာရောက်နေထိုင် တာ ဖြစ်မှာပေါ့လေ။

ညီစေက ... ကာဂျီးကို ဗိုင်တစ်ချပ် လှမ်းပြလိုက် ကာ ...

"ကဲ ကာဂျီး ... အတွင်းရေးမှူးဆိုတာ သူ့အလုပ်ရှင်ရဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ကိုယ်ပွားလို့ ပြောလို့ရတယ် ... ဒီတော့ ကြိုးစားပေါ့ ... ဒါ ဒီနေ့ကိုယ်လုပ်ရမဲ့အလုပ်တွေ ... နောက် ဆို ဒါ ကာဂျီးလုပ်ရတော့မှာ ... မနက်ခင်း ရုံးတက်သွား တာပြီးရင် ကိုယ့်ကိုဒီနေ့ဘာလုပ်ရမယ် ... ဘယ်သွားရမယ်၊ ဘယ်နစ်နာရီမှာ ဘယ်သူနဲ့တွေ့ဖို့ Appointment ယူထား တယ် ... ဘယ်သူလာမယ် ... အစစပေါ့ ပြောပြရမယ်၊ ဖုန်းတွေလာရင် ကိုယ့်ကိုယ်စား အရင်နားထောင် ... အဲ ကာဂျီးကို မိုဘိုင်းလ်ဖုန်းတစ်လုံး သပ်သပ်ပေးထားမယ်၊ ကာဂျီးယူထား ... ပြီးတော့ ဖုန်းတွေကို စိစစ်ပေးရမယ်၊ တချို့ဟာတွေက ကိုယ်ပြောဖို့မလိုတာတွေ ရှိတယ် ... ဒါတွေ နောက် ကာဂျီးသိလာမှာပါ ... အခုလောလော ဆယ်တော့ ဒီလောက်ပဲ မှတ်ထားဦးပေါ့ ... ဧကာရေ ကာဂျီးကို မိုဘိုင်းလ်တစ်လုံးပေးလိုက်ကွာ ... အသစ်ရထား

www.burmeseclassic.com



တဲ့ဥစ္စာ ... ”

ကိုဉက္ကာက စာအုပ်တစ်အုပ် ကြည့်နေရာမှ ထ... ကာ သူစားပွဲပေါ်မှ ဖုန်းလေးကိုယူလာကာ ကာကျိုးလက်ထဲ ... ထည့်ပေးပါသည်။

“ရော့ ... ကြိုက်တဲ့သူဆီ ဆက်တော့ ... ”

“ဟော့ ... လျှောက်ပြောမနေနဲ့ မင်းကတော့ ကဲ ကိုး... ထိုးပြီ ... လက်မှတ်ထိုးစာအုပ် တင်တော့မယ် ... ”

ထိုအချိန်မှာပင် အခန်းတံခါးခေါက်သံနှင့်အ... ဥက္ကာက ဝင်ခဲ့ဖို့ အကြောင်းပြန်သဖြင့် အန်တီချို ဝင်လာပါသ... လက်ထဲမှာက စာအုပ်ရှည်ရှည်တစ်အုပ်ကို ကိုင်လျက်သား ညီ... မင်းရဲ့ နောက်နားမှာရပ်ကာ ဗိုင်တချို့ကို ကြည့်ရှုနေသည့် ကာ... ကို တစ်ချက်ပြုံးပြလိုက်ရင်း ...

“ဒီနေ့ နှစ်ယောက်ခွင့်ယူတယ် M.D ... မာလာသင်... ကိုဝင်းရှိန်တို့ပါ ... မာလာသင်းက နေမကောင်းတာ ... ကိုဝင်းရှိန်က သူ့အမျိုးသမီး မီးဖွားလို့တဲ့ ... ”

“သြော် ... ဟုတ်လား ... ဒါဆို ရုံးအနေနဲ့ သတင်းမေး... ပေါ့ ... ဘယ်ဆေးရုံမှာလဲ အန်တီချို ... ”

“ဗဟိုအမျိုးသမီးဆေးရုံကြီးမှာတဲ့ ... ညနေရောက်ရင်... ရုံးက တချို့တွေ သွားကြမယ်တဲ့ ... ကျွန်မလည်း သွား... မှာပါပဲ ... M.D ဘာပြောချင်လို့လဲ ... ”





“မပြောပါဘူး ... ကျွန်တော် ပစ္စည်းလေးတချို့တော့ ထည့်ပေးလိုက်ချင်တယ် ... အင်း ဘာဝယ်ပေးရမလဲတော့ မသိဘူး ... ဘာဝယ်ပေးရင် ကောင်းမလဲ အန်တီချို ... ”

“အို ... MDကလည်း ... ကျွန်မလည်း ဒါတွေ သိပ်နားမလည်ဘူးလေ ... ”

“သြော် ဟော် ဟော် ... ဟုတ်သားပဲ ... ဆောရီး ... ဆောရီး ... အေးဗျာ စဉ်းစားလိုက်ဦးမယ် ... သွားရင်သာ ကျွန်တော့်ကို ပြောဦး ဟုတ်ပြီလား ... ”

“ဟုတ်ကဲ့ MD ... သြော် ... အောက်မှာ MD ထပ်ခန့်တဲ့ ဝန်ထမ်းအသစ်(၅)ယောက်လည်း ရောက်နေပြီ ... အဲဒါ ဘယ်လိုစီစဉ်ပေးရမလဲ ... ”

“အင်း ... အန်တီချိုပဲ နေရာချထားပေးလိုက်ပါ ... ပြီးရင် တစ်ရုံးလုံးနဲ့ မိတ်ဆက်ပေးလိုက်ပေါ့ ... သြော် ... ဒါက ကျွန်တော့်အတွင်းရေးမှူးလေ ... ကာကျိုးတဲ့ ... ကာကျိုး ဒါ ဒီရုံးရဲ့ အကြီးတန်းစာရင်းကိုင်လေ ... ဒီရုံး စတင်တည်ထောင်တည်းကပဲ ခေါ်ချိုလုံရည်တဲ့ ... တစ်ကိုယ်တည်း အပျိုကြီး ... ”

“အင်း ... MD ကတော့ ဂုဏ်ပုဒ်တွေ ဖော်နေပြန်ပြီ ... ဟင်း ဟင်း ... တွေ့ရတာ ဝမ်းသာပါတယ် ကာကျိုးရေ”

အန်တီချိုဆိုသော အမျိုးသမီးကြီးမှာ အသက်ငါး



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ခန့် ရှိလောက်မည်ဖြစ်သော်လည်း အပျိုကြီးဖြစ်တာရော ဝတ်စားပြင်ဆင်ထားတာရောဟာ ခေတ်မီနေတာကြောင့် ကြည့် ကောင်းရှုကောင်းပင်။ သဘော်သကာယ ကောင်းမည့်ပုံပေါက်ထ အလုပ်လုပ်ရာမှာလည်း တော်မည့်သူတစ်ဦးဟု မှတ်ယူရပါသည်။

ကာဂျီးကို စတင်ဝင်လာကတည်းက တစ်ချက် ပြထားကာ အခုလည်း ရင်းရင်းနှီးနှီး ဖော်ရွေစွာ နှုတ်ဆက် အန်တီချို့ကို ခေါင်းလေးညွတ်ကာ အရိုအသေပေးလိုက်ပြီးမှ

"ဟုတ်ကဲ့ရှင့် ... ကာဂျီးလည်း ဝမ်းသာပါတယ် ..."

"အန်တီချိုရေ ... ကာဂျီးကို စာရင်းနဲ့ ပတ်သက်တာ တွေ ရှင်းပြပေးဖို့ တာဝန်ယူပေးပါနော် ... ကာဂျီး စာရင်းတွေ အပိုင်းကို အန်တီချိုက ရှင်းပြပေးလိမ့်မယ်"

"ဟုတ်ကဲ့ ... အခု လိုက်သွားရမှာလားဟင် ..."

"အင်း ... အန်တီချို အရင်တစ်ပတ်က ကျွန်တော် မ သေးတဲ့ စာရင်းတွေ ရှင်းပြလိုက်ပေ့ါ ... ကာဂျီးက အ တွေ သေချာနားလည်အောင် လုပ်ထား ... ပြီးရင် ကိုယ် အတူတူ ပြန်စစ်မယ် ... ဟုတ်ပြီလား ... ပြီးမှ ကွန်ပျူတာ ထဲမှာ ဆေ့ဗ်လုပ်ထားလိုက်တော့ ... ကွန်ပျူတာတော့ ကာဂျီး ကျွမ်းမှာပါ ... ကဲ အန်တီချိုဆီ လိုက်သွားတော့"

အန်တီချိုက ကာဂျီးရဲ့ လက်လေးကို အသာဖေး ရင်း ခေါ်သွားပါသည်။ Hall Type ပုံစံ အခန်းကျယ်ထဲတွင် အလုပ်





းပွဲ အသီးသီးမှာ သူ့နေရာနှင့်သူ ဝန်ထမ်းများ ပြည့်နေပေပြီ။ န်ထမ်းအသစ် ငါးယောက်နှင့် ကာဂျီးတို့ကို အန်တီချိုက တစ်ရုံး သုံးနှင့် မိတ်ဆက်ပေးအပြီးမှ ဟိုငါးယောက်ကိုတော့ တခြားစီနီယာ တစ်ဦးနှင့် လွှဲပေးလိုက်ကာ ကာဂျီးကိုတော့ သူ့စားပွဲဆီသို့ ခေါ် သွားပါသည်။

"ထိုင် သမီး ... သမီးရောက်မှပဲ MD လည်း နည်းနည်းသက် သာတော့မှာပဲ ... ဘာမှ စိတ်မပူနဲ့ ... နောက်တော့ ကျွမ်း ကျင်သွားမှာပေ့ါ ... ဒါ ပထမဆုံး အလုပ်စဝင်တာလား"

"ဟုတ်ကဲ့ရှင့် ... ကာဂျီးကို အမှားအယွင်းရှိတာပဲဖြစ်ဖြစ်၊ သဘောမပေါက်လွယ်ရင်ပဲဖြစ်ဖြစ် ခွင့်လွှတ်ပေးပါနော် ... ကြိုတင် Request လုပ်ထားတာပါ ..."

အန်တီချိုက သဘောတကျရယ်မောရင်း ကာဂျီး ခုံးလေးကို ညင်သာစွာ အုပ်ကိုင်လိုက်ရင်း ...

"အမလေး သမီးရယ် ... ဒီလောက်ကြီး မလိုပါဘူး ... ဒီလို ပဲ လက်တွဲခေါ်ယူရတာပါပဲ ... သမီးက Sharp ဖြစ်မဲ့ရုပ်မျိုး ပါ ... ဒါနဲ့ သမီး ကျောင်းပြီးပြီလား ..."

"ဟုတ်ကဲ့ ... ဘွဲ့တော့ မယူရသေးဘူး ... ကွန်ပျူတာဆိုင်း ယင့်စ်နဲ့ ပြီးသွားပြီ ..."

"ဩော် ဩော် ... သမီးရုပ်လေးက ငယ်တော့လေ ... အန်တီက Distance တွေဘာတွေ တက်ဆဲပဲ ထင်တာ ...

www.burmeseclassic.com



သမီးက မြန်မာပဲလား ... "

"ဟုတ်ကဲ့ ... မြန်မာ ဗုဒ္ဓပါ ... ဒါပေမဲ့ ကာဂျီးရုပ်က အိန္ဒိယ ဆင်နဲ့ တူနေလို့မဟုတ်လား ... "

"အေး ... ဟုတ်တယ်၊ ဒါပေမဲ့ သမီးက ချောပါတယ် ... အသွင်အပြင်နဲ့ စမတ်ကျတာကို မြင်တာနဲ့ အတွင်းရေးမှူး ကောင်း ပီသမဲ့ရုပ်ရည်မျိုးပါ ... ကြိုးစားပေါ့ ... MD က သဘောကောင်းပါတယ် ... အလုပ်နဲ့ ပတ်သက်လာရင်လည်း လေးလေးစားစားနဲ့လုပ်မှ ကြိုက်တယ် ... အမှားအယွင်းတွေကို ခွင့်လွှတ်တတ်ပါတယ် ... ဒါပေမဲ့ အလုပ်ကို ကြိုးကြိုးစားစားနဲ့ စိတ်ဝင်တစားလုပ်ရင် အမှားယွင်းနည်းတာပေါ့ ... အမှားဆိုတာမျိုးကတော့ ဘယ်သူမဆို ကြုံဖူးတာပါပဲ ... သမီးတော့ ပင်ပန်းမှာပဲ ... ပင်ပန်းသလောက်လည်း အကျိုးရှိမှာပါ ... ကဲ လာ အန်တီပြမယ်၊ ဒါတွေက ပြင်ဦးလွင်က ကော်ဖီခြံရဲ့ စာရင်းတွေ ... ဒီကုမ္ပဏီရဲ့ အဓိက စီးပွားရေးကတော့ သစ်နဲ့ ကော်ဖီပေါ့၊ ဖန်နေချာတွေလည်း ပါတယ် ... ဖန်နေချာစက်ရုံက ဖျဉ်းမပင်မှာ သီးသန့်ရှိတယ် ... အဲဒီက စာရင်းတွေလည်း ကိုင်ရတယ် ... ဒါ အရင်တစ်လက ကော်ဖီစေ့စာရင်းတွေလေ၊ စက်ဘပူကို ပို့ရမှာ ... စက်ဘပူက ဝယ်တာပေါ့ ... "

ပြင်ဦးလွင်က ကော်ဖီခြံတွေဆို၍ ကာဂျီး ခေါင်း





တ်သွားရပါသည်။ အင်း ... ဆက်စပ်တွေးခေါ်နည်းအရ သုံးသပ်ရင်တော့ ကိုစေမင်းဟာ တစ်ချိန်တုန်းက အဲဒီခြံတွေမှာ သွားရောက်ဦးစီးရပါလိမ့်မည်။ အဲဒီအချိန်မှာပဲ နှင်းစုနှင့် ဆုံစည်းခဲ့တာဖြစ်နိုင်ပါသည်။ ထိုအချိန်တုန်းကတော့ ကာဂျီးတစ်ယောက်ကတော့ဖြင့် မန္တလေးမှာ ပျော်ကောင်းဆဲအချိန် ဖြစ်ပါလိမ့်မည်။

"ပြင်ဦးလွင်မှာ ကော်ဖီခြံတွေ ရှိတာပေါ့ ... အဲဒီကျတော့ ဘယ်သူဦးစီးလဲဟင် ... "

"ဟိုးအရင် မတွင်ကျယ်သေးခင်ကတော့ ကိုစေမင်း ဦးစီးတာပေါ့ ... ကိုစေမင်းက Agri နဲ့ ကျောင်းပြီးတာလေ ... သိတယ်မလား ... ကိုစေမင်းဆိုတာ MD ရဲ့အစ်ကို ... အခု လုပ်ငန်းက တွင်ကျယ်သွားပြီဆိုတော့ သိပ်ကြည့်စရာမလိုတော့ဘူးပေါ့ ... ဝန်ထမ်းတွေ ငှားထားတာတော့ ရှိတယ် ... MD ရဲ့ ဆွေမျိုးနီးစပ် တစ်ယောက်ကလည်း Agri နဲ့ ကျောင်းပြီးထားတော့ သူ ဦးစီးနေတယ်လေ ... MD တောင် တစ်ခါမှ အဲဒီကို ရောက်ဖူးသေးတာ မဟုတ်ဘူး ... "

"MD ရဲ့အစ်ကိုကရော ရုံးမတက်ဘူးလားဟင် ... "

"ဪ ... ကိုစေမင်းက အမေရိကားမှာ ... တစ်နှစ်ခွဲလောက်တောင် ရှိရောမယ် ... ကဲ စကားကောင်းနေတာနဲ့ နောက်ကျနေရောမယ် သမီးရေ ... နောက်မှ အေးအေးဆေး



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောကြတာပေါ့ ... လာ ကြည့်လိုက်ဦး ... ”

အန်တီချို ရှင်းပြသော စာရင်းတွေကို တစ်ခါတည်း နှင့် နားလည်သဘောပေါက်အောင် မှတ်သားထားသည်မို့ ကာဂျီး တစ်ယောက် အလုပ်ထဲ စိတ်နှစ်သွားကာ အချိန်တွေ ကုန်သွားမှန်း ပင် မသိ။ တချို့ မရှင်းတာလေးတွေ ပြန်မေးလိုက်၊ အန်တီချိုက သဘောတရား ရှင်းပြလိုက်နှင့် တစ်နာရီကျော် နှစ်နာရီနီးပါး လောက်မည့် အချိန်မှာတော့ စာရင်းပိုင်းတွေကို အတော်သင့် တီး ခေါက်မိ ရှိသွားပါသည်။

“ကဲ ... ဒီလောက်ဆို သဘောပေါက်ရောပေါ့ ... သမီး ဒါ တွေယူသွားလိုက်တော့ ... MD စစ်လိမ့်မယ် ... သမီးကို မေးရင် ဖြေတတ်မှာပါနော် ... OK ပဲမလား ... ”

ကာဂျီးက ပြုံးရွှင်စွာဖြင့် ဖိုင်ကို ရင်ခွင်ထဲပွေ့ပိုက်ရင်း ထိုင်ရာမှထကာ ...

“ဟုတ်ကဲ့ အန်တီချို ... ဒါဆို ကာဂျီး သွားလိုက်ဦးမယ် နော် ... ”

“အေး အေး ... တစ်ခုခု မေးချင်ရင် ရုံးတွင်းဖုန်း ရှိတယ် သမီး ... လှမ်းခေါ်လိုက် ... သမီး အဲဒါတွေကို ပြီးရင် ကွန်ပျူတာထဲ သွင်းရဦးမှာ ... ကွန်ပျူတာရိုက်တဲ့ ကောင် မလေးက ဒီနေ့ ခွင့်ယူလို့လေ ... မာလာသင်းဆိုတာလေ ရိုက်ပြီးတာနဲ့ စင်္ကာပူကို E-mail နဲ့ ပို့ရမှာ ... အင်း ...





ကာဂျီးလေးတော့ အလုပ်တွေမြင်ပြီး လန့်မသွားနဲ့ဦးနော်”

“အဟင်း ဟင်း ... မလန့်ပါဘူး အန်တီချိုရဲ့ ... ”

ကာဂျီးက အန်တီချိုကို နှုတ်ဆက်ပြီး ကိုယ့်ရုံးခန်း ရှိရာကို ပြန်လာခဲ့ပါသည်။ ရုံးခန်းထဲ ဝင်လိုက်တော့ ကိုဥက္ကာက ဆီး၍ပင် ...

“ဟော ... ကာဂျီး လာပြီ ဘယ်လိုလဲ ... အလုပ်တွေက သိပ်မများဘူးမလား ... ”

“မများပါဘူး ... ဒါနဲ့လေ ... တစ်ရုံးလုံးက အစ်ကို့ကို MD ပဲ ခေါ်ကြတာ ကာဂျီးရော MD ပဲ ခေါ်ရမလားဟင် ... ”

ကာဂျီးစကားကြောင့် ဖိုင်တစ်ခုကို ကြည့်နေသော ညီဓေက ခေါင်းမော့ကြည့်လိုက်ကာ တစ်ချက်ပြုံးလိုက်ရင်း ...

“ရပါတယ် ... အခေါ်အဝေါ်က အရေးမကြီးပါဘူး ... ကာဂျီး အဆင်ပြေသလို ခေါ်ပါ ... အစ်ကိုလို့ နှုတ်ကျိုးနေ ရင်လည်း အစ်ကိုပဲပေါ့ ... အဲဒါက အရေးမကြီးပါဘူး ... ကဲ နားလည်သွားပြီလား ... ”

“ဟုတ်ကဲ့ ... သဘောပေါက်သွားပါပြီ ... အစ်ကို စစ်တော့ မလား ... ”

“စစ်မနေတော့ပါဘူး ... အန်တီချိုက စစ်ပြီးသား ... အခု ကာဂျီးကို ရှင်းပြရင်းနဲ့ သူ သေချာကြီးကို ထပ်စစ်ပြီးသွား မှာပါ ... အဲဒါကြောင့် ကိုယ်က တမင် အဲဒီစာရင်းကို စစ်



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းလိုက်တာ … ဒါဆို ကာဂျီးပဲ ဒါတွေကို ကွန်ပျူတာ
ရလိမ့်မယ် … ကွန်ပျူတာရိုက်တဲ့ မာလာသင်းက
မလာဘူးလေ … ဒီစာရင်းတွေကို ဒီရုံးက ဖိုင်ထဲမှာ
Save လုပ်ထား … ပြီးရင် ပရင့်ထုတ်မယ်နော် …
စက်ဘပူကို E-mail နဲ့ ဒီစာရင်းတွေ ပို့ရမယ် … ကဲ
တွေကတော့ မြင်တဲ့အတိုင်း ကာဂျီးရေ … ဒါ
တည်းက တစ်ခုပဲ … စိတ်ညစ်နေပြီလား … ”

“မညစ်ပါဘူး အစ်ကိုရဲ့ … ကာဂျီးက အလုပ်လုပ်
ပျော်ပါတယ် … ဒါဆို ကာဂျီး ရိုက်လိုက်တော့မယ်
E-mail အရင်ပို့ရမလား … ဒါမှမဟုတ် ရုံးအတွက် ပရင့်
ထုတ်ပေးရမလား … ”

“အဆင်ပြေသလို လုပ်ပါ … ရတယ် … ”

ကာဂျီးက ခေါင်းတစ်ချက်ဆတ်ကာ ကိုယ့်
ဒီသို့ လျှောက်သွားကာ အခုမှပဲ ကိုယ့်စားပွဲမှာ ပထမဆုံး
မိလိုက်ပါတော့သည်။ အင်း … အရင်ဆုံး ဒါကို ကွန်ပျူတာ
မည်။ ပြီးရင် E-mail ပို့၊ ပြီးတော့မှပဲ ပရင့်ထုတ်တော့မည်။
အားလုံး လွယ်ကူအဆင်ပြေသည်ပဲလေ။ ကာဂျီးက အလုပ်ထဲ
စိတ်ပါဝင်စားစွာဖြင့် လုံးဝအမှားကင်းရလေအောင် အာရုံနှစ်
ကွန်ပျူတာရိုက်နေပါသည်။ ကွန်ပျူတာနှင့် အမြဲတစေ ထိတွေ့
နေကျမို့ ကာဂျီးရဲ့ လက်ချောင်းလေးများက ကွန်ပျူတာခလုတ်





လေးများပေါ်မှာ သွက်သွက်လက်လက်ပင် ပြေးလွှားနေပါသည်။

ညီစေမင်းက အလုပ်လုပ်ရင်းမှနေ ကာဂျီးဘက် ကြည့်မိသည့်အခါ ကွန်ပျူတာကို တချောက်ချောက်နှင့် ကျွမ်းကျင်စွာ နှိပ်နေသော ကာဂျီးကို တွေ့ရလျှင် သဘောတကျနှင့် ပြုံးမိပါသည်။ ဥက္ကာဘက် လှမ်းကြည့်မိတော့ ဥက္ကက သူ့ကို စပ်ဖြဲဖြဲဖြင့် မျက်စိတစ်ဖက် မှိတ်ပြသည်မို့ သူက မျက်မှောင်ကုတ်ရင်း မျက်လုံး ပြန်လွှဲလိုက်သည်။ အင်း … ကာဂျီးဟာ ကွန်ပျူတာရိုက်တာမှာ သူ့ထက်ပင် ကျွမ်းသေးတော့။ နေ့တိုင်း ရိုက်နေရသည့် မာလာသင်း နီးပါးလောက်ကို ရိုက်နိုင်တာ တွေ့ရပါသည်။ တချို့နေရာတွေဆိုလျှင် ကီးဘုတ်ကိုပင် မကြည့်တော့ဘဲ တချက်ချက်နှင့် ရိုက်နေတော့တာပင်။ အညိုနုရောင် ကုတ်လက်တိုလေးနှင့် စကတ်ရှည်ရှည်တွဲဖက်ဝတ်ဆင်ထားကာ ဆံပင်စင်းစင်းဖြောင့်ဖြောင့်လေးတွေကို နားကြားထဲ ကပိုကယို စုထည့်ထားကာ အလုပ်ထဲ စိတ်ပါဝင်စားမှု အပြည့်ထားကာ အလုပ်လုပ်နေသော ကာဂျီးကို ညီစေက မြတ်နိုးစွာ ငေးစိုက်ရင်းမှ မျက်နှာလွှဲလိုက်ပါသည်။ အင်း … ဒီလိုသာ နေ့စဉ်ရက်ဆက်ဆို ရင်ထဲက ဝေဒနာတွေ မင်း သိသွားနိုင်မလား ကာဂျီးရယ် … ။

သူ မျက်နှာလွှဲသွား.ဟာနှင့် အချိန်ကိုက်ပင် ကာဂျီးက စားပွဲမှ ထလာကာ …

“အစ်ကိုပို့ရမဲ့ E-mail လိပ်စာလေး ပေးပါဦး … ”



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... ပို့တော့မှာလား ... ဥက္ကာရေ ပေးလိုက်ပါဦး ဒါထက် ကာဂျီးရိုက်တာ မြန်တယ်နော် ... ကွန်ပျူတာနဲ့ အမြဲ Touch ဖြစ်နေတာနဲ့တူတယ် ... ကာဂျီးမှာ ကွန်ပျူတာ ရှိတယ်ထင်တယ် ... "

"ဟုတ်ကဲ့ ... ရှိပါတယ် ... ကွန်ပျူတာဆိုတာက အမြဲ Touch ဖြစ်နေမှလည်း ကျွမ်းတာဆိုတော့လေ ... "

"ဟုတ်တာပေါ့ ... ဒါနဲ့ ကာဂျီးကွန်ပျူတာရော အင်တာနက်နဲ့ ချိတ်ထားသေးလား ... "

"ချိတ်ထားတယ် အစ်ကို ... ကာဂျီးလည်း E-mail ပို့နေရပါ ... "

ညီစေက ခေါင်းတဆတ်ဆတ်ညိတ်ကာ သဘောကျနေပါသည်။ ဥက္ကာက ကာဂျီးကို လိပ်စာစာရွက်ပေးရင်းမှ နာရီကို မော့ကြည့်ကာ ...

"ညီစေရေ ဆယ့်နှစ်တောင် ခွဲတော့မယ် ... ကာဂျီးလည်း မိုက်ဆာရောပေါ့ ... E-mail ပို့ပြီးရင် ထမင်းစားရအောင်ကွာ ... ကာဂျီးရေ ဆာနေပြီလား ... "

"မဆာပါဘူး ... ကာဂျီး မနက်က အဝတီးပြီးသား ... "

"ဩော် ဒီလိုကိုး ... ဘာပဲဖြစ်ဖြစ် ဆာလောက်ရောပေါ့ ပြီးရင် ထမင်းစားတော့မယ်နော် ... "

ကာဂျီးက ခေါင်းညိတ်ပြလိုက်ရင်း ရိုက်ပြီးသား





စာရင်းတွေကို စက်ဘ်ပူသို့ E-mail ပို့နေပါသည်။ အားလုံးပြီးစီးသွားတော့မှ ကွန်ပျူတာကို ရပ်ထားခဲ့ရင်း ထလာခဲ့ပါသည်။ ထမင်းစားပွဲဝိုင်းမှာ ဥက္ကာက ဖော့ဘူးများထဲမှ ဟင်းများကို ပန်းကန်တွေထဲ လှယ်နေ၍ ကာဂျီးက ဝင်ရောက်ကူညီလုပ်ကိုင်ပေးလိုက်ပါသည်။

"ရပြီ ကာဂျီး ... ထိုင် ထိုင် ... "

ဥက္ကာကပင် ထမင်းခူးပေးနေ၍ ကာဂျီးက အားတုံ့အားနာနှင့်ပင် ခုံမှာ ဝင်ထိုင်လိုက်ပါသည်။ ဥက္ကာက ညီစေမင်းအတွက် အရင်ဟင်းခပ်ထည့်ပေးပြီးမှ ကာဂျီးထဲ ထည့်ပေးပါသည်။

"ရော့ ... ဒါ ပြည်ကြီးငါးသုပ်လေ ... ဒါက ကြက်ချဉ်စပ်၊ ဒါက ကုန်းဘောင်ကြော် ... အားလုံး ကြက်သားတွေချည်းပဲ ... ကာဂျီး ဝက်သားစားတယ်မလား ... "

"စားပါတယ် ... ဒီဟင်းတွေက ဆိုင်က ဝယ်တာလားဟင်"

"ဟုတ်တယ်လေ ... ရှေ့က ရက်စတောရင့်က ... အဲဒီက ဝယ်စားတာများတယ် ... အပြင်ရောက်နေရင်တော့ အပြင်ဆိုင်တွေကပဲပေါ့ ... စား ... ကာဂျီး အားမနာနဲ့ ... အဝစား ... ဟဲ ဟဲ ... "

ကာဂျီးက ပြုံးပြရင်း ညီစေမင်းဘက် တစ်ချက်လှည့်ကြည့်တော့ သူကလည်း ကာဂျီးကို စားဟူသော သဘောဖြင့် မေးဆတ်ပြလေသည်။ ကာဂျီးက ထမင်းတစ်ဇွန်းကို အသာငုံရင်း ပထမဦးဆုံးအကြိမ် သူစိမ်းယောကျ်ားလေးနှစ်ဦးနှင့် ကိုယ်

www.burmeseclassic.com



တစ်ဦးတည်း ထမင်းလက်ဆုံ စားနေသည့်အဖြစ်ကို ရှုက်ပင် မရှက်သော်လည်း တစ်မျိုးတော့ ဖြစ်နေပါသည်။ ကာဂျီးရဲ့ တစ်မျိုးလေး အနေရခက်မှုကို ဉက္ကာက ရိပ်မိဟန်ဖြင့် ကာဂျီးကို စိတ်သက်သာရာ ရအောင် စကားတွေ ပြောပေးနေလေသည်။

"စားကောင်းရဲ့လား ကာဂျီး ..."

"ကောင်းပါတယ် ..."

"ကာဂျီးရော ... ဟင်းတွေ ဘာတွေ ချက်တတ်သလား"

"ချက်တတ်ပါတယ် ... တစ်နေ့လောက် ကာဂျီး ချက်ပြီး ယူလာခဲ့မယ်လေ ..."

"ဟာ ... ရပါတယ် ... အလကား အလုပ်ပိုအောင် ... နေပစေ ကာဂျီး ..."

ညီစေမင်းက ဝင်ရောက်ကာ ...

"မုန့်တွေဘာတွေရော လုပ်တတ်လား ..."

"အင်း ... နည်းနည်းပါးပါးတော့ တတ်ပါတယ် ... အစ်ကို ဘာစားချင်လို့လဲ ..."

"မစားချင်ပါဘူး ... မေးကြည့်တာ ... ဘယ်လိုလဲ ... ကာဂျီး ရန်ကုန်မှာ နေရထိုင်ရတာ အဆင်ပြေရဲ့လား ..."

"ပြေပါတယ် ..."

"ကာဂျီးမှာ မိဘတွေ မရှိတော့ဘူးဆိုတာ ဒီမှာ လာနေတာ ရော ကာဂျီးရဲ့ အန်တီက ခွင့်ပြုသလား ... ကာဂျီးနေတဲ့





အခန်းငှားခနဲ့ ... စားသောက်စရိတ် ... လူနေမှုစရိတ်ကပင် နည်းမှာ မဟုတ်ဘူးလေ ..."

"အန်တီကပဲ ပေးတာပေါ့ ... ဒါကြောင့် ကာဂျီး အလုပ် လုပ်တာ ..."

"ကာဂျီးတို့က ပြင်ဦးလွင်မှာ ဘာအလုပ်လုပ်တာလဲ ... စပ်စုတယ် မထင်နဲ့နော် ... ကိုယ်တို့ ကော်ဖီတွေကလည်း အဲဒီမှာပဲ စိုက်တာလေ ... ဟိုး မြို့ပြင်မှာပေါ့ ... အရင်တုန်းကတော့ ကိုစေ ဦးစီးတာပေါ့ ... အခုတော့ ကိုစေက အမေရိကားမှာ ... ပြန်တောင်လာတော့မှာပါ ..."

ကာဂျီးက လည်ချောင်းတစ်ချက် ရှင်းလိုက်ရင်း

"အန်တီမြိုင်ကလည်း ... ခြံလုပ်ငန်းတွေ လုပ်တာပါ ... ကျောက်မဲနားက ရွာတွေမှာလည်း လက်ဖက်ခြံတွေ ရှိတယ် ... နောက် ပန်းတွေ၊ သီးနှံတွေ စိုက်တာပါ ... ပြင်ဦးလွင်မှာလည်း ဆန်တွေဖြန့်တယ် ... ဂျုံတွေဖြန့်တယ်"

"ဟုတ်လား ... ဒါဆို စိတ်ဝင်စားစရာတွေပေါ့ ... ကိုယ်က အဲဒီက ကော်ဖီခြံတွေဆီ တစ်ခါမှ မရောက်ဖူးဘူး ... ကာဂျီးလည်း ... လွှတ်ရှိနေတာနဲ့ အတော်ပဲ ... တစ်ခေါက်လောက် သွားရင်ကောင်းမလား စိတ်ကူးနေတာ ..."

"အစ်ကို သွားနိုင်ရင်တော့ ကောင်းတာပေါ့ ... ကာဂျီးတို့ မြို့က အရမ်းသာယာတာပဲ သိလား ... ရာသီဥတုကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရမ်းကောင်းတယ် ... ကာဂျီးတို့ နေတာက နန်းမြို့ ဟိုတယ်နားမှာလေ ... ညနေခင်း လမ်းလျှောက်ရင် အရမ်းသာယာတာ ... အစ်ကို တစ်ခါလောက် သွားသင့်တယ်"

ကိုယ့်ရဲ့ ဇာတိရပ်ရွာအကြောင်းပြောရင် မျက်လုံးလေးတွေ တောက်ပအသက်ဝင်လာသော ကာဂျီးကိုကြည့်ကာ ညီစေရဲ့ ရင်ထဲမှာ ပဟေဠိတစ်ခု ဖြစ်ထွန်းပါသည်။ သူ့မြို့အကြောင်း ပြောရလျှင် မျက်လုံးလေးတွေ တဖိတ်ဖိတ်တောက်သည်အထိ ရှန်းလဲ့လာသော ကာဂျီးရဲ့ သဏ္ဍာန်မှာ သူ့မြို့ကို ချစ်သည့်အရိပ်ကား အထင်းသား မြို့ကို မခွဲခွာချင်သည့် အရိပ်ကား တစ်ချက်တစ်ချက် ဖုံးဖိမရစွာ ထကြွလာစမြဲ။ သူတို့မြို့မှာဆိုလည်း ကာဂျီးဟာ ကြွယ်ကြွယ်ဝဝ နေနိုင်သည့် ပုံစံထဲကဖြစ်မှာပင်။ ရန်ကုန်လို နေရာမျိုးမှာတောင် အဆင့်တန်းမြင့်မြင့်နှင့် ကားတောင်ယူထားနိုင်သည့် အခြေအနေနှင့် ဖြစ်ကာ သူ့မြို့မှာဆိုလျှင် ပို၍ ကြွယ်ဝစွာနေနိုင်မည်။ ဒါကိုများ ဘာအကြောင်းကြောင့်နှင့် မြို့ကိုလည်း ချစ်ပါလျက် အဝေးတစ်ဦးတည်း လုပ်ငန်းတွေ အများကြီးနှင့် ချန်ထားကာ ရန်ကုန်မှာ ဆင်းနေပုံထောက် ကာဂျီးမှာ အကြောင်းတစ်ခုခုတော့ ရှိမှာပင်။

သူ ပြောပုံဆိုပုံတွေအရ သူ့အဝေးရဲ့ များပြားတဲ့ လုပ်ငန်းတွေမှာ သူ့လုပ်အားလည်း မလွဲမသွေ လိုအပ်နေနိုင်တာပဲလေ။ ကာဂျီးဟာ ဝင်ငွေကောင်းလှသည့် ကိုယ့်ရဲ့လက်ငုပ်လက်





ရင်း အလုပ်တွေနှင့် အစစအရာရာ အဆင်ပြေအေးချမ်းသော သူချစ်သော မြို့တစ်မြို့ကိုတော့ အကြောင်းမဲ့ စွန့်ခွာရလောက်အောင် ဦးနှောက်သေးသူတော့ ဖြစ်မှာမဟုတ်။ တယ်လီပသီပဲဆိုဆို ဆဋ္ဌမအာရုံပဲပြောပြော ကာဂျီးမှာ အကြောင်းတစ်ခုတော့ ရှိနေလောက်မည်ဟု ညီစေက သုံးသပ်မိလေသည်။

"သြော် ... ဒါနဲ့ ဟို ဒီရုံးကအစ်ကိုကြီးရဲ့ မိန်းမ ကလေးမီးဖွားတာ အစ်ကိုတို့ စီစဉ်ဖို့ မေ့နေဦးမယ်နော် ... "

"ဟုတ်သားပဲ ... မေ့နေတာ ... ကာဂျီး သတိပေးလို့ ... အဲဒါ ဘာပေးရင် ကောင်းမလဲမသိဘူး ... "

"လွယ်ပါတယ် အစ်ကိုရဲ့ ... ရယ်ဒီမိတ်အနှီးလေးတွေ တစ်ဒါဇင်လောက် ဝယ်ပေးလိုက်ပေါ့ ... ကလေးမိခင်အတွက်တော့ မိုင်လိုနဲ့ ပန်းသီး ဖြစ်ဖြစ်ပေါ့ ... "

"ရယ်ဒီမိတ်အနှီး ... ဟုတ်လား ကာဂျီး ... "

"ဟုတ်တယ် ... အဲဒါဆို အရမ်းအသုံးဝင်မှာလေ ... မွေးခါစကလေးတွေက အနှီး သိပ်မလောက်တတ်ကြဘူး ... အမြဲလဲပေးနေရတာ ... အဲဒီ ရယ်ဒီမိတ်အနှီးလေးတွေဆို သူတို့လည်း သဘောကျမှာပဲ ... "

ညီစေက သိလွန်းလှသော ကာဂျီးကို ပြုံးမြမြဖြင့် စိုက်ကြည့်ရင်း ...

"ကာဂျီးကတော့ မသိတာကို ဘာမှမရှိဘူး ... တော်တော်



www.burmeseclassic.com

www.burmeseclassic.com



တော်တာပဲ ... အင်း ... အဲဒါပဲ ပေးလိုက်မယ်လေ ... တော်ပါသေးရဲ့ ... ကာဂျိုး စဉ်းစားပေးဖော်ရလို့ ... အဲဒါက ဘယ်ကဝယ်ရမှာလဲမသိဘူး ... ”

ကာဂျိုးက ထမင်းကို လက်စသတ်လိုက်ရင်း စားပြီးနေသော ညီစေမင်းရဲ့ ပန်းကန်ကိုပါ ဆွဲယူသိမ်းဆည်းရင်း ထိုင်ရာမှ ထရပ်လိုက်ကာ ...

“အမလေး အစ်ကိုရယ် ... ဆင်ပြောင်ကြီး အမြီးကျမှ တစ်နေပြန်ပြီ ... Mini Market တွေမှာ ပေါလွန်းလို့ ... ယုဇနပလာဇာက Baby Store မှာလည်း ရတယ်လေ ... စဉ်းစားနေသေးတယ် ... ”

ကာဂျိုးက တစ်ချက်ရယ်သွမ်းသွေးရင်း ပြောသွားသည်ကို ... ညီစေနှင့် ဥက္ကာက စကားပြန်မဆိုဖြစ်တော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြိုင်တူမျက်ခုံးပင့်မိကြလေသည်။ ကာဂျိုးရယ် အဲဒီကလေးအနှီးတွေ မင်း ဖောဖောသီသီများ ဝယ်ခဲ့ဖူးသလားလေ ... ။







ဒီနေ့ ရုံးပိတ်ရက်မို့ ကာဂျိုးတစ်ယောက် အေးအေးဆေးဆေး အနားယူဖို့ စိတ်ကူးကာ အိပ်ရာက ကိုးနာရီမှ နိုးထလေသည်။ ကြားဖူးထားသော စကားတစ်ခွန်းဟာ အတော်မှန်တာပင်။ အလုပ်နှင့်ဘဝကို တည်ဆောက်သူများသာ ဘဝရဲ့အချိန်တွေကို အနှစ်သာရပြည့်စွာ တည်ဆောက်နိုင်သည်တဲ့။ ဆိုလိုတာကတော့ အလုပ်လုပ်သူတွေကသာ ဘဝအဓိပ္ပာယ်ရှိသည်ပေါ့။ အဲဒါကိုတော့



www.burmeseclassic.com

www.burmeseclassic.com



ကာဂျီးက ဟိုးအရင်တည်းက နားလည်လက်ခံထားပါသည်။ ဒါပေမဲ့ အခု ကိုယ်တိုင်အလုပ်လုပ်ရတော့ ပိုလို့ လက်ခံလာရလေသည်။ အလုပ်မလုပ်ခင်ကတော့ ကိုယ့်အတွက် စနေဟာလည်း မထူးခြား။ တနင်္ဂနွေဟာလည်း သာမန်အတိုင်း မျှော်ရသည်ဆိုတာ မရှိခဲ့လေ သမျှ အလုပ်လုပ်တော့မှပင် စနေ၊ တနင်္ဂနွေတွေဟာ ကမ္ဘာပေါ်မှာ အသာယာဆုံးနေ့ရက်တွေ ဖြစ်သည်ဆိုတာ လက်ခံလာရတော့တာပင်။ ဒီလိုပြောလို့ ကာဂျီးကို အလုပ်ပျင်းသူတစ်ယောက်လို့တော့ မထင်စေလိုပေ။ တစ်ပတ်လုံးလုံး အလုပ်ထဲ စိတ်နှစ်ကာ ကြိုးစားပင်ပန်းသမျှ Week End တွေရောက်ရင် အတိုးချအနားယူတာဟာ ပို၍အရသာရှိ၍ ဖြစ်ပါသည်။ ဒါကြောင့် ရုံးပိတ်ရက်တွေများဆို ကာဂျီးက ဘယ်မှသွားဖို့လာဖို့ စိတ်မကူးဘဲ အိမ်ထဲမှာသာ အေးအေးဆေးဆေး အနားယူခြင်း ဖြစ်လေသည်။

အင်း … နှပ်ကောင်းကောင်းနဲ့ နှပ်နေတာ။ ကိုးနာရီကျော်နေပြီ။ ထဦးမှ … ။ ဗိုက်ထဲကလည်း ဆာလာပြီ။ တစ်ကိုယ်ရေသန့်ရှင်းရေး ပြီးတာနှင့် ကာဂျီးက အခန်းအပြင်ဘက် ထွက်လာခဲ့ပါသည်။ ဧည့်ခန်းထဲမှာ မနော်နှင့် ဝိုင်းဝိုင်းကား ကာဂျီးကို ကြိုနေလို့သာပင်။ ကာဂျီးက မနော်လက်ထဲမှ ကလေးကို ပွေ့ချီယူရင်း အားပါးတရ နမ်းရှုံ့ပြီးမှ …

"အားပါး … မွှေးလိုက်တာကွာ … သား နိုးနေတာ ကြာပြီလားဟင် …"





"အစောကြီး နိုးနေတာ ကာဂျီးရဲ့ … ခုနကမှ ဒူးမတ် ကျွေးပြီးတာ … စားသလားတော့ မမေးနဲ့ … ကာဂျီးရဲ့ လခက သူ့ဒူးမတ်စ်ဗိုးနဲ့ ကုန်မှာပဲ …"

"ဟုတ်ပ … ဟိတ် မင်း သိပ်မစားနဲ့ကွာ … ဖက်တီးကြီး ဖြစ်နေဦးမယ် … ကြားလား …"

ကလေးက … ကာဂျီးပြောတာကို တခစ်ခစ်နှင့် သဘောကျနေပါသည်။ ကာဂျီးက တူလေးကို ချစ်မဝစွာ ထွေးပွေ့ထားရင်းမှ အမျိုးမျိုး ကျီစယ်နေရင်း …

"မနော်ရေ … ဘာစီစဉ်ထားလဲ … ဗိုက်ဆာနေပြီ … အယ် မနော် ဈေးလည်း မသွားရသေးဘူးမလား … နေတောင်မြင့်နေပြီ …"

"မနေ့ညနေက သွားဝယ်ထားတာလေ … ကြက်သားနဲ့ ဝက်သားနဲ့ အသီးအရွက်တွေ ရှိတယ် … ကာဂျီးဖို့ မြီးရှည် ဝယ်ထားတယ် … သွားစားလိုက်လေ … ခုနကမှ ဝယ်ထားတာ …"

"ဟုတ်လား … မနော် သွားဝယ်တာလား …"

"မဟုတ်ပါဘူး … အပေါ်ထပ်က ကောင်မလေး အပြင်သွားတာ မှာလိုက်တာ … ကော်ဖီတော့ နှပ်ထားတယ် အဆင်သင့်ပဲ …"

"OK … ကောင်းတယ် … သွားစားလိုက်ဦးမယ် … ရော



www.burmeseclassic.com

www.burmeseclassic.com



အန်တီနော်နော်နဲ့ နေခဲ့ဦး … ဟုတ်ပြီလား …”

ကာဂျူးက ကလေးကို မနော်ထံ ပြန်ပေးခဲ့ရင်း ထမင်းစားပွဲသို့ ဝင်လာခဲ့ပါသည်။ စားပွဲပေါ်ရှိ အုပ်ဆောင်းအောက်မှာ မြီးရှည်ပန်းကန်နှင့် ကော်ဖီအိုးက အဆင်သင့်။ ကာဂျူးက မြီးရှည်ကို တူဖြင့်မွှေရင်းမှ ဒီနေ့ ဖုန်းဆက်မည့် ကိုစေမင်းအကြောင်းကို တွေးနေမိပါသည်။ ကိုစေမင်းကို ကာဂျူး အလုပ်လုပ်နေသည့် အကြောင်းကို ဖွင့်ပြောဖို့ သင့် မသင့် ဆုံးဖြတ်နေတာပင်။ ဘာမှတော့ မသင့်စရာ အကြောင်းမရှိပါ။ အခြေအနေအရပ်ရပ် အားလုံး ကိုစေမင်း သိသင့်သည်ဟု ကာဂျူး ထင်ပါသည်။ ကိုစေမင်း သိသွားလျှင် ကာဂျူးကို အကြံဉာဏ်များပင် ပေးနိုင်မည်ဟု မျှော်လင့်၍ပင် ရလေသည်။ ညီစေမင်းကိုတော့ ကာဂျူး ဘာမှ ဖွင့်မပြောနေချင်တော့။ တစ်ချိန်ချိန်ရောက်လျှင် သူ့ဘာသာသူ သိသွားမှာပင်။ ဒါကြောင့် ညီစေမင်းကို ကာဂျူး မပြောတာ မှန်ကန်သည်ဟု ဆုံးဖြတ်မိပါသည်။

အစားအသောက် လက်စသတ်ပြီး၍ ဘေစင်မှာ ပန်းကန်ဆေးပြီးသောအခါ ကြွေမတ်ခွက်ထဲ ကော်ဖီထည့်၍ ကာဂျူးက ရှေ့ဘက်သို့ ပြန်ထွက်လာခဲ့ပါသည်။

“ကာဂျူး ဘာလုပ်စရာ ရှိသေးလဲဟင် …”

“မရှိပါဘူး … မနော် ဟင်းချက်တော့မလို့လား … ရတယ် ချက်လေ … သားကို ကာဂျူးပဲ ကြည့်ထားမယ် …”





“ဒါဆို … အစ်မ ဟင်းချက်လိုက်ဦးမယ် … ကြက်သား အစိမ်းကြော်ရယ် … ငါးချိုချဉ်ရယ်နဲ့ စားခါနီးမှ စွန်တန်ဟင်းရည်လေး လုပ်လိုက်မယ်နော် …”

“အင်း … ကောင်းပါတယ် …”

ကာဂျူးက မနော်လက်ထဲမှ သားကို ပြောင်းယူကာ စလောင်းဖွင့်၍ စတိတ်ရှိုး အစီအစဉ် ဖွင့်ကြည့်နေလိုက်ပါသည်။ သားလက်ထဲကို ချောက်ချောက်ချက်ချက် အသံမြည်သည့် အရုပ်လေး ထည့်ထားပေးလိုက်တော့ သားက သူ့ဘာသာပင် ဆော့နေပါသည်။ ကာဂျူးနှင့် သားမှာ ဆိုဖာပေါ် မထိုင်ဘဲ TV ရှေ့မှာသာ ထိုင်ချလျက် ကိုယ့်အာရုံနှင့်ကိုယ်ပင်။ တချက်တချက် MTV ထဲ အာရုံဝင်စားသွားသော ကာဂျူးက မှောက်တတ်နေပြီဖြစ်သော သားကို လိုက်လိုက်ဆွဲရပါသေးသည်။ သားကို ကြည့်လိုက်၊ စတိတ်ရှိုးကြည့်လိုက်နှင့် ကာဂျူးတစ်ယောက် အလုပ်များနေစဉ်မှာပင် တယ်လီဖုန်းသံက မြည်လာသဖြင့် ကာဂျူးမှာ ဖုန်းထားသော စင်လေးထံသို့ ပြေးရပြန်ပါသည်။

“ဟယ်လို … ကာဂျူး ပြောနေပါတယ် …”

“ညီမလေး … ကိုယ် ကိုစေမင်းပါ … ညီမလေး ပို့လိုက်တဲ့ ဓာတ်ပုံတွေ ရတယ် …”

“သြော် … အစ်ကို ကိုး … ရောက်သွားပြီလား …”

“ဟုတ်တယ် … သားက အရမ်းချစ်စရာကောင်းတာပဲကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ တော်တော်တူတယ်နော် ... ညီမလေးကိုလည်း ဓာတ်ပုံထဲမှာ မြင်ဖူးသွားပြီ ... ညီမလေးက နှင်းစုနဲ့ မတူဘူးနော် ... အစ်ကိုက နှင်းစုနဲ့ ရုပ်ချင်းဆင်မယ် ထင်နေတာ ... ”

“အဟား ဟား ... ဟုတ်တယ် ... ကာဂျီးက ကုလားမလေ ... နှင်းစုနဲ့က တခြားဆီပဲ ... ”

ဓာတ်ပုံများထဲမှာ သားကို ရင်ခွင်ထဲမှာ ပွေ့ချီကာ သားနှင့်အတူ ရိုက်ထားသော ကာဂျီးရဲ့ ဓာတ်ပုံတစ်ပုံရယ် ... နှင်းစုနှင့်အတူ တွဲရိုက်ထားသော ပုံတစ်ပုံရယ်ပါ ထည့်ပေးလိုက်သဖြင့် ကာဂျီးကို ကိုစေမင်း မြင်ဖူးသွားမှာပင်။

“အင်း ... ဒါပေမဲ့ ကာဂျီးလည်း တစ်မျိုးကြည့်ကောင်းပါတယ် ... အဖြစ်တွေကနော် ယုံနိုင်စရာတွေတောင် မရှိဘူး”

ကာဂျီးက ကိုစေမင်းရဲ့ ဆို့နှင့်ကြေကွဲနေသော အသံကို နားထောင်နေရင်းမှ TV ရှေ့မှာ ချထားခဲ့သော ဝိုင်းဝိုင်းကို သတိရ၍ လှမ်းကြည့်မိလိုက်လျှင် ဝိုင်းဝိုင်းက လူးလူးလိမ့်လိမ့်နှင့် ခုံတွေကြားထဲ ရောက်တော့မည်ဖြစ်၍ ...

“ဟယ် ... သား ... အ ... အစ်ကိုခဏလေးနော် ခဏလေး”

ကာဂျီးက ဖုန်းကို ဘေးနားချထားကာ သားကို ပွေ့ချီယူလာရင်း အနားသို့ ခေါ်လာပြီးမှ ဖုန်းခွက်ကို ပြန်မ,လိုက်ရင်း ...





“Sorry အစ်ကို ... သားက ခုံတွေထဲ ရောက်တော့မှာမို့”

“အခု ... သား အနားမှာရှိတယ်ပေါ့ ဟုတ်လား ညီမလေး”

“ဟုတ်ကဲ့ ... ရှိတယ် ... သားက မှောက်တတ်နေပြီ အစ်ကိုရဲ့ ... စကားတော့ မပြောတတ်သေးဘူး ... ”

“ဪ ... အင်းလေ ... အစ်ကို သားကို အရမ်းတွေ့ချင်တယ် ... နှင်းစု မရှိတော့ဘူးဆိုတော့ ကိုယ် မြန်မာပြည်ကိုတောင် ပြန်မလာချင်တော့ဘူး ... သား ကျန်ခဲ့တယ်ဆိုတော့ ဝမ်းနည်းစရာတွေကြားက တစ်မျိုး ဝမ်းသာစရာပဲပေါ့ ... ညီမလေးက သားကို စောင့်ရှောက်ထားတယ်ဆိုတော့ ကိုယ် ဘယ်လိုကျေးဇူးတင်မှန်း မသိပါဘူး ... အစ်ကိုဟာ သားအပေါ်ရော နှင်းစုအပေါ်မှာပါ တာဝန်မကျေခဲ့တဲ့ သူတစ်ယောက်ပါ ညီမလေးရယ် ... ”

“အဲဒီလိုတော့လည်း မဟုတ်ပါဘူးလေ ... ထားပါတော့ အစ်ကိုရယ် ... ဒါတွေ ပြောမနေပါနဲ့တော့ ... ပြီးခဲ့တာတွေက ပြီးသွားပါပြီ ... ကာဂျီး ဖြစ်စေချင်တာကလေ ကာဂျီးတူလေးကို လောကကြီးမှာ မိဘမဲ့တစ်ကောင်ကြွက်ဘဝကို မရောက်စေချင်တာပါပဲ အစ်ကို ... ကာဂျီးတို့ တူဝရီးနှစ်ယောက်က အစ်ကိုတို့ မိသားစုလောက် မချမ်းသာပေမဲ့ သားကိုတော့ ပြည့်ပြည့်စုံစုံ ထားနိုင်ပါတယ် ... မေတ္တာတွေလည်း ပေးနိုင်ပါတယ် ...

www.burmeseclassic.com



"ဒါပေမဲ့ မိဘမေတ္တာနဲ့တော့ မတူဘူးပေါ့ အစ်ကိုရယ် – မတူဘူးဆိုတာက ကာဂျီးတို့ ဘယ်လောက်ပဲချစ်ချစ် – ဂရုစိုက်စိုက် သားကြီးလာတဲ့အခါ သိတတ်နားလည်လာတဲ့ အခါ တခြားကလေးတွေလို မိဘဆိုတာကို မေးလာမှာပဲ – တောင့်တလာမှာပဲ ... မရခဲ့ရင် သားရဲ့စိတ်မှာ အားငယ် စိတ်တွေ ဝင်သွားတာမျိုး ကာဂျီးမလိုလားဘူး အစ်ကို – အစ်ကိုလည်း သိမှာပါ ...

ကာဂျီးတို့မြို့မှာ ကာဂျီးတို့လည်း ဂုဏ်သရေရှိရှိ နေခဲ့ကြ တာပါပဲ၊ နှင်းစု ဒီလိုဖြစ်သွားတော့ သိပ်အရှက်ရရတယ် – ဒါကြောင့်လည်း ကာဂျီး ခုထိ မြို့ကို မပြန်သေးတာပဲ – သားကြီးလာတဲ့အခါမှာ ပတ်ဝန်းကျင်ရဲ့ စကားတွေကြောင့် သားစိတ်မှာ ဒဏ်ရာအနာတရ ဖြစ်သွားမှာမျိုး ကာဂျီး မလိုလားဘူး အစ်ကို ... အဲဒါကို ... အစ်ကို ပြန်လာရင် ကာဂျီးနဲ့ သေချာဆွေးနွေးဖို့လိုတယ် ... ကာဂျီး စဉ်းစား တာ သားအတွက်တွေချည်းပါပဲ ..."

"အစ်ကို ဒါတွေကို နားလည်ပါတယ် ညီမလေးရယ် – အစ်ကိုလည်း သားအတွက် အများကြီး စဉ်းစားထားပါ တယ် ... အစ်ကို နှင်းစုကို သိပ်ချစ်ခဲ့ပါတယ် ... ပြန်လာရင် လက်ထပ်ဖို့လည်း ဆုံးဖြတ်ခဲ့တယ် ... နှင်းစုနဲ့ နှစ်ဦးသဘော တူ လက်ထပ်ထားပြီးသားပါ ... ဒါပေမဲ့ အခြေအနေတွေ



အားလုံး ပြောင်းလဲလာခဲ့ပေမဲ့ အစ်ကို့သဘောထားတွေ မပြောင်းလဲခဲ့ပါဘူး ..."

"ဘာပဲပြောပြော နှင်းစုဟာ အစ်ကိုရဲ့ တရားဝင်ဇနီးပါ ... သားဟာလည်း အစ်ကို့သားပါပဲ၊ အဲဒီအတွက် အစ်ကို အားလုံးကို ရင်ဆိုင်ရဲတယ် ... ညီမလေး စိတ်ချပါ ... အစ်ကို ဟာ နှင်းစုအပေါ်မှာ တာဝန်မကျေခဲ့ပေမဲ့ သားအပေါ် တော့ တာဝန်ကျေတဲ့ ဖခင်ကောင်းတစ်ယောက် ဖြစ်စေရ မှာပါ ... သားကို အစ်ကို စောင့်ရှောက်မှာပါ ... ညီမလေးကို လည်း အစ်ကို့ရဲ့ ညီမရင်းလေးလို သံယောဇဉ်ရှိပါတယ် ... ကျေးဇူးလည်း အရမ်းတင်တယ် ..."

ကိုစေမင်းရဲ့ စကားတွေကြောင့် ကာဂျီးမှာ မျက်ရည်ဝဲလာသည်အထိ ကြည်နူးစွာ ခံစားလာရပါသည်။ ညီမရင်းလေး လိုတဲ့လား အစ်ကိုရယ်။ ကာဂျီး အဲဒီစကားကို တကယ်အသိ အမှတ်ပြုရမလားဟင်။ အစ်ကို့စကားဟာ ကာဂျီးအတွက်တော့ အကြောင်းရှိတဲ့ စကားလေးပါပဲ အစ်ကိုကြီး ကိုစေမင်းရယ်။

"ဒါနဲ့ ညီမလေး ရန်ကုန်မှာ နေရထိုင်ရတာရော အဆင်ပြေ ရဲ့လား ... ဘာတွေ လိုအပ်လဲ ... သားနဲ့ ညီမလေးအတွက် အခ်ကို ပစ္စည်းတွေ ပို့လိုက်တယ် ... ရှေ့အပတ်လောက် ကျရင် စာတိုက်ကြီးမှာ သွားရွေးလိုက်ဦး သိလား ..."

"ဟင် ... ဘာတွေလဲ အစ်ကိုရယ် ... ကာဂျီးတို့မှာ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



မလိုအပ်ပါဘူး ... ”

“မလိုအပ်တာတော့ သိပါတယ် ... အမှန်ဆို အစောကြီး တည်းက နှင်းစုဆီ ပို့ချင်နေတာ ... လိပ်စာက မရှိလို့လေ ဘာပဲပြောပြော နှင်းစုရဲ့ ညီမလေးဟာလည်း အစ်ကိုရဲ့ ညီ မလေးပဲပေါ့ ... သားဖို့ ကလေးအသုံးအဆောင်လေး တချို့ ပါ ... ညီမလေးဖို့ အဝတ်အစားတွေရယ် ... Lipstick တွေ ရယ် ... မျက်မှန်တစ်လက်ရယ် ထည့်ပေးလိုက်တယ် ... ရေမွှေးတွေတော့ ညီမလေး ဘာကြိုက်မှန်းမသိလို့ ... ကြိုက်တာ မှာလေ ... တခြားလိုအပ်တာ ရှိရင်လည်း မှာ နော် ... ”

“ဟုတ်ကဲ့ ... ဘာမှတော့ မလိုပါဘူး ... ဟို နောက်မဖို့ပါ နဲ့ အစ်ကိုရယ် ... ”

“ဪ ... ဘယ်ဖြစ်လဲကွယ် ... အဲဒီထဲမှာ အနံ့တီအတွက် မာဖလာတစ်ထည်ရယ် ... မိကျောင်းသားရေအိတ် တစ်လုံး ရယ် ပါ့ပါတယ် ... ညီမလေးပဲ တစ်ဆင့်ပေးလိုက်ပါနော် ကဲ ... ကြာနေပြီ ... ညီမလေး ဘာပြောဦးမလဲ ... ကိစ္စ ရှိရင်လည်း ဖုန်းဆက်လိုက် ... ”

“ဟိုလေ ... အစ်ကို့ကို ပြောစရာ ရှိသေးတယ် ... ”

တစ်ဘက်က ... ပြောစရာရှိရင် ပြောလေ့ဆိုသော စကားသံ ပြန်အလာမှာပင် ကာဂျီးရဲ့ ဘေးကို မနော်က ဖုန်းလေး





တိုင်လျှက်သား ရောက်လာပါသည်။

“ကာဂျီး အခန်းထဲကို အဝတ်လျှော်ဖို့ ဝင်ယူတော့ ... စာ ကြည့်စားပွဲပေါ်မှာ ဒီဖုန်းလေး မြည်နေတာ ... ရော့ အစ်မ လည်း မဖွင့်တတ်ဘူး ... ”

မနော်လက်ထဲက မိုဘိုင်းဖုန်းလေးက တတီတီ မြည်လျှက်သား။ ကာဂျီးမှာ ရုတ်တရက် ယောင်ယမ်းကာ သွား ဖွင့်မလို ဖြစ်ပြီးမှ လက်ရှိအခြေအနေကို စဉ်းစားမိကာ ထိုဖုန်းကို လောလောဆယ် နားထောင်ဖို့ဆိုတာ မဖြစ်နိုင်သေး၍ ...

“မနော် ... သွား ... သွား ... ဆိုဖာပေါ် ချထားလိုက် ... ဒီအတိုင်းပဲထား ... ”

မနော်က နားမလည်သလို မျက်နှာဖြင့် ဖုန်းလေးကို ဆိုဖာပေါ် သွားတင်ထားလိုက်ကာ နောက်ထဲ ပြန်ဝင်သွားပါသည်။ ဖုန်းလေးကတော့ တတီတီ မြည်နေဆဲ။ ဆောရီးပါ ကိုညီစေရယ်။ ကာဂျီး Over Sea Call ကို ပိုဦးစားပေးပါရစေနော်။

“ညီမလေး ပြောလေ ... ဘာပြောမလို့လဲ ... ဘေးမှာ ဖုန်း ရှိသေးလား ... အသံ ကြားရသလိုပဲ ... ”

“ဟုတ် ... ဟုတ်ကဲ့ ... မိုဘိုင်းတစ်လုံးရှိတယ် အစ်ကို”

“ဩ ... ညီမက တယ်ထောပါလား ... အလုပ်တွေ အရမ်း များတယ်နဲ့တူတယ် ... ”

“အဲဒီဖုန်းက အစ်ကိုညီ ... ညီစေမင်း ပေးထားတာ အစ်ကို”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘယ်လို ညီမလေး ... "

ကာဂျီးက ညီစေမင်းနှင့် စတင်တွေ့ဆုံခဲ့ပုံမှအစ ယခုလက်ရှိ အခြေအနေအထိ အတိုချုံး ပြောပြလိုက်ပါသည်။ အင်း ကာဂျီးရဲ့ ခံစားချက်တွေတော့ ဘယ်ပါမလဲနော်။ ကာဂျီး နား လည်နေတဲ့ ကိုညီစေရဲ့ ခံစားချက်တချို့လည်း မပါ့ပါဘူး ...။

"အဲဒါပဲ အစ်ကို ... ခုချိန်ထိတော့ အစ်ကိုနဲ့ ကာဂျီး သိနေ တာကို ကိုညီစေ မသိသေးဘူး ... ကာဂျီးလည်း ဘာမှ ပြောမထားပါဘူး ... အစ်ကို နှင်းစုနဲ့ ချစ်သူတွေ ဖြစ်တာ ရော ကိုညီစေ သိလားဟင် ... "

"သိတော့ သိတယ် ... ဒါပေမဲ့ အရမ်းကြီးမသိဘူး ... ကိုယ့် ကောင်မလေးက ပြင်ဦးလွင်ကဆိုတာတော့ သိတယ် – ကျန်တာတော့ မသိဘူး ... "

"အင်း ... ကာဂျီးလည်း ကိုညီစေနဲ့ ဘာမှမဆိုင်ဘူးဆိုပြီး မပြောတာပါ ... အစ်ကိုညီမှန်းသိတော့ အရမ်းအံ့သြသွား တာ ... တိုက်ပဲတိုက်ဆိုင်လွန်းတယ်နော် ... "

"အေးလေ ... ကောင်းပါတယ် ... ဒီအတိုင်းပဲ နေတော့ ပေါ့ ... အစ်ကိုလည်း နှစ်ကုန်ပိုင်းဆို ပြန်လာဖြစ်တော့မှာ ပါ ... "

"ဟုတ်ကဲ့ ... အဲဒါဆို ဒါပဲနော် အစ်ကို ... "

ကာဂျီးက နှုတ်ဆက်ပြီး ဖုန်းကို ချလိုက်ကာ ယခု





ချိန်ထိ ဖွဲ့သန်စွာ မြည်နေတုန်းပဲဖြစ်သော ဖုန်းလေးကို မျက်စောင်း တစ်ချက်ကဲကာ ကြည့်လိုက်ပါသည်။ အနားမှာရှိသော ဝိုင်းဝိုင်းကို ပွေ့ချီရင်း ဆိုဖာပေါ်သို့ ထိုင်ချလိုက်ရင်းမှ ဖုန်းကို ဖွင့်ကာ နား ထောင်လိုက်လေသည်။

"ဟယ်လို ... "

"ကာဂျီးလား ... ခေါ်နေတာ ကြာလှပြီ ... ဘယ်တွေသွား တာလဲ ... ဒါမှမဟုတ် မကြားတာလား ... "

တစ်ဘက်မှ ထွက်ပေါ်လာသည့်အသံက ညီစေမင်း ရဲ့ အသံပဲ။ ကာဂျီးက တစ်ချက်ရယ်သွမ်းသွေးလိုက်ရင်း ...

"ဟုတ်တယ် ... ဟိုလေ ကာဂျီးက ရှေ့မှာ TV ကြည့်နေ တာ ... ပြီးတော့ သိပ်လည်း အာရုံမထားမိဘူးလေ ... ခုနက အခန်းထဲဝင်တာနဲ့ တိုက်ဆိုင်သွားတာ ... ဖုန်းရှိတာ မေ့နေတာ ဟင်း ဟင်း ... "

"အင်း ... ဒါဆို သတိရအောင် ခဏခဏ ခေါ်ပေးမယ်"

"ဟို ... နောက်ဆို ကာဂျီး သတိရှိပါ့မယ် ... တစ်ခါမှ ဟန်းဖုန်းတွေ မကိုင်ဘူးတော့ မေ့နေတာ ... အစ်ကို ဘာ ခိုင်းစရာ ရှိလို့လဲဟင် ... "

"မရှိပါဘူး ... ကိုယ် သတိရတာနဲ့ လှမ်းဆက်လိုက်တာ။ အဲဒီဖုန်းကလည်း တစ်ခါမှ မသုံးရသေးလို့လေ ... ကာဂျီး



www.burmeseclassic.com

www.burmeseclassic.com



တော့ တစ်ပတ်အတွင်း ပင်ပန်းသမျှ အတိုးချ နားနေ
လို့လေ ... ”

“အင်း ... အဟင်း ဟင်း ... အဲလိုလည်း မဟုတ်ပါဘူး ... ကာဂျီး မနက်အိပ်ရာထတော့တောင် တွေးနေသေးတယ် အရင်က အလုပ်မရှိတော့ နေရထိုင်ရတာက သာမန်ပဲ အခု အလုပ်လုပ်တော့ Week End တွေက ပိုအဓိပ္ပာယ်ရှိ သလိုပဲလို့ ... အဲဒါပါ ... ”

“အင်းပေါ့ ... အလုပ်လုပ်တော့ Self confidence လည်း ရှိ တာပေါ့ ... ကိုယ်က ကာဂျီး ပင်ပန်းပြီး မလုပ်ချင်တော့ ပဲ စိုးရိမ်တာပါ ... ”

“ကာဂျီး မပင်ပန်းပါဘူး ... ”

နှစ်ဦးသားကြားမှာ ဘာဆက်ပြောရမှန်း မသိမှု ဖြင့် တိတ်ဆိတ်သွားရပါသည်။ ခဏကြာမှ ညီစေက ...

“ကာဂျီးရဲ့ ... ဒီနေ့တစ်နေ့တာ အစီအစဉ်လေး ပြောပြပါ လား ... ”

“ရှမ် ... ဩော် ... ဘာမှ မထူးပါဘူး ... ကာဂျီး နေ့ခင်း ကျတော့ ထမင်းစားမှာပေါ့ ... ပြီးရင် စာလေးဘာလေး ဖတ် ... မျက်စိညောင်းရင်တော့ ခဏတဖြုတ် အိပ်ပျော်ရင် ပျော်သွားမှာပေါ့ ... နိုးလာတော့ ဗိုက်ဆာရင် ဆာမယ် တစ်ခုခု စားမှာပေါ့ ... ရေလေးဘာလေးချိုး ... အင်း ဒီ





လိုပါပဲ ... အချိန်တွေက ဒီလိုပဲ ကုန်သွားတာပဲ အစ်ကိုရဲ့”

အဲဒီကုန်လွန်သွားသော အချိန်တွေထဲမှာ ဝိုင်းဝိုင်း ရဲ့ ဝေယျာဝစ္စတွေ လုပ်ပေးရတာ၊ ဝိုင်းဝိုင်းကို ထိန်းနေရတာနဲ့တင် အချိန်တွေ ကုန်သွားတယ်ဆိုတာတော့ ကာဂျီး ထည့်မပြောတော့ ပါ။

“ရန်ကုန်မှာ လည်စရာတွေ အများကြီးပဲ ကာဂျီးရဲ့ ... ကား လည်း ရှိနေရဲ့သားနဲ့ မလည်ဘူးလား ... ”

ညီစေက ကာဂျီးရဲ့ စိတ်သဘောထားကို အကဲစမ်း မေးလိုက်ပါသည်။

“အင်း ... အဲဒီလိုတွေ သိပ်ဝါသနာမပါဘူး ... ကာဂျီးက ကိုယ့်ဘာသာပဲ အိမ်မှာ အေးအေးဆေးဆေး နေရတာပဲ ကြိုက်တယ် ... အပြင်သွားရင် မျက်စိတွေ နားတွေ အရမ်း ရှုပ်တာပဲ ... မွန်းကြပ်တယ် ... ကားကလည်း သွားရေး လာရေး လွယ်ကူအဆင်ပြေအောင်ပဲ သုံးတာပါ ... ဘယ်မှ လည်ရပတ်ရတယ်လို့လည်း မရှိပါဘူး ... ”

ညီစေက ကာဂျီးရဲ့ အဖြေကို သဘောကျ ကျေနပ် သွားရပါသည်။ အလုပ်ထဲမှာ စိတ်ပါဝင်စား ကြိုးစားတက်ကြွတဲ့ ကောင်မလေးဟာ အလုပ်ပြီးသွားချိန်မှာလည်း ကိုယ့်ဘာသာ အေး အေးဆေးဆေးလေး အိမ်ထဲမှာပဲ ရှိနေခြင်းကို ညီစေက ပိုသဘောကျ ရလေသည်။ ကာဂျီးရဲ့ ချစ်စဖွယ်ရုပ်ရည်လေးနှင့် ကိုယ်ပိုင်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တည်း ကားမောင်းကာ ထွက်သွားရင် တန်းစီလိုက်ထား ည့် ကားတွေနည်းမှာမဟုတ်။ ကာဂျီးဟာ ငေးကြည့်နေရအောင် စက်စက်ယို မလှသော်ငြား ဘယ်နေရာကမှန်းမသိသော ဆွဲဆောင် မှုတစ်ခုက ကာဂျီးထံမှာ အပြည့်အဝလေး ရှိနေပါသည်။ မြန်မာနှင့် သိပ်မတူသော ရုပ်ရည်လေးကကို တစ်မျိုး ဆွဲအားပိုစေလေသည်။ ကမ္ဘာကြီးကို အမီလိုက်နိုင်သော ခေတ်ရဲ့ သမီးပျိုလေး ဖြစ်လင့် ကစား သွက်လက်ထက်မြက်မှု ရှိသလောက် အေးချမ်းသည့် အသွင် သဏ္ဍာန်လည်း အပြည့်ရှိပါသည်။ အင်း ... ကိုယ်ကပဲ ချစ်နေလို့ လားတော့ မသိဘူး ကာဂျီးရယ် ... မင်းဟာ ကိုယ့်အတွက်တော့ ပြစ်မျိုးမှဲ့မထင်လေးပါပဲ ... ။

"ရန်ကုန်က မွန်းကြပ်တယ် ဟုတ်လား ... ဒါဆို ကာဂျီး ဘာလို့ အလုမ်လုပ်တာလဲဟင် ... "

"သြော် ... ကာဂျီး တတ်ထားလေးတွေ အသုံးချရအောင် လို့ပေါ့ ... "

"ဒါဆို ... ကာဂျီးက ရန်ကုန်မှာ တစ်သက်လုံး မနေနိုင်ဘူး လားဟင် ... "

ညီစေ စကားကြောင့် ကာဂျီး ဘာပြန်ပြောရမှန်း မသိအောင် နှုတ်ပိတ်ဆွဲ့အသွားရပါသည်။ အဲဒီစကားရဲ့ အဓိပ္ပာယ် က ဘာကိုဆိုလိုမှန်းမသိချေ။ ဘယ်လိုအဓိပ္ပာယ် ကောက်ရမလဲ ကိုညီစေရယ်။ ကာဂျီးကို ရန်ကုန်မှာ တစ်သက်လုံး အပြီးခေါ်ထား





ဖို့ ရှင် ဆန္ဒရှိလို့လားဟင် ... ။

"အင်း ... ဘယ်လိုပြောရမလဲ ... အဟင်း ကာဂျီး နေဖြစ် မယ်မထင်ပါဘူး ... "

"ဘာလို့လဲ ကာဂျီးရယ် ... "

တိုးသက်နူးညံ့နေသော ညီစေမင်းရဲ့ စကားသံတွေ ကြောင့် ကာဂျီးရင်ထဲ တထိတ်ထိတ် ခုန်သွားပါသည်။ ဖုန်းလေး ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း နားထဲဝင်တော့မတတ် တိုး ကပ်ထားရင်းမှ ...

"ဟို ... ကာဂျီးရဲ့ ဇာတိလည်းမဟုတ် ... ကာဂျီးမှာ အိမ် ရှိတာလည်းမဟုတ်နဲ့ ... တစ်သက်လုံးဆိုတာ ကာဂျီး အတွက် ရေရှည်ဘယ်ဖြစ်နိုင်ပါ့မလဲ အစ်ကိုရယ် ... "

"ကာဂျီးကို တစ်သက်လုံးနေဖို့ကြာမှ ...ဥ္စူးဆိုလာတဲ့သူ ရှိရင် ကော ... "

"အို ... အဲဒါ မဖြစ်နိုင်ပါဘူး

ကာဂျီးက ရင်ခွင်ထဲ

ဝိုင်းဝိုင်းလေးရဲ့မျက်နှာကို ငုံ့မိုးကြည့်ပြီး ကိုယ့်ကို စဉ်းစားပေးပါ တစ်ချက် မွေးကြူလိုက်ကာ ရှေ့ဆက်ဖြို မြတ်မြတ်နိုးနိုးနဲ့ ချစ်တာ အရပ်ရပ်တို့ကို တွေးဆငေးမောသွားရင် ကာဂျီးသာ လက်ခံမယ်ဆို နေသည့် အဖြစ်အပျက်တို့မှ ရုတ်ချည်းစေနော် ... " သည်။ ခုချိန်မှာ ကာဂျီးကို အစ်ကို သံယောင်ပြောနေတာလဲ ... "

ကာဂျီးရယ် ... ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ နောင်တစ်ချိန်ကျရင် ဆိုနိုင်ဖွယ် ရှိလာပါဦးမလား အစ်ကို့ ရယ် ... ။

ကာကျိုးကတော့ ချစ်ရလွန်းတဲ့ တူလေးအတွက် ကာကျိုးရဲ့ အသည်းနှလုံးတွေကို စတေးရင်လည်း စတေးရမှာ တော့။ ဝိုင်းဝိုင်းလေးဟာ သူ့ဖခင်ရဲ့ လက်ထဲမှာ ဖခင်မေတ္တာကို အပြည့်အဝ ခံစားရမယ်ဆိုရင် ကာကျိုး ကျန်တာတွေ အားလုံး စွန့် လွှတ်ဖို့ အဆင်သင့်ပါပဲ။ ကြွယ်ဝလွန်း၊ ခမ်းနားကျော်ကြားလွန်းတဲ့ အစ်ကိုတို့ မိသားစုက ဝိုင်းဝိုင်းအတွက် အသိအမှတ်ပြု နေရာလေး တစ်ခု ပေးနိုင်လာမယ်ဆိုရင် ကာကျိုးအတွက်တော့ ခံယဉ်းချင် ခံယဉ်းသွားနိုင်တယ်လေ။ အဲဒီအချိန်ကျ ရှေ့မတိုးသာ နောက် မဆုတ်သာ အခြေအ နေတွေနဲ့ အစ်ကို့ကို ကာကျိုး အကျဉ်းကြပ်ထဲ မရောက်စေချင်တဲ့ ဖလု အပြည့်နဲ့ပါ အစ်ကိုရယ် ... ။

ပြေ့ ... စေတာကျိုးကို ကိုယ် ချစ်တယ် ... "

လို့ပေါ့ ... "

"ဒါဆို ... ကာကျိုးက ပဲ မမျှော်လင့်ဘဲ ကြားလိုက်ရသော

လားဟင် ... " ဒ်း ရုတ်တရက် အလွန်အံ့အားသင့်သွား

ညီစေ စက ယ်လိုထွက်သွားမှန်းမသိ ထွက်သွား

မသိအောင် နှုတ်ပိတ်ဆွံ့အ ဘာသာလည်း အနည်းငယ် အံ့သြသွား

က ဘာကိုဆိုလိုမှန်းမသိ

ကိုညီစေရယ်။ ကာကျိုး က်စဉ်က ကာကျိုးကို ရည်းစားစကားပြော





ဖို့ အစီအစဉ် မပါပါ။ နေ့စဉ် မြင်တွေ့နေကျ မျက်နှာလေးကို မမြင် ရသောအခါ သတိရလွန်းအားကြီးစွာဖြင့် ဖုန်းဆက်၍ အလွမ်းပြေ စကားပြောရုံသက်သက်ပင်။ ဒါပေမဲ့ စကားပြောနေရင်းမှ တဖြည်း ဖြည်း ချစ်သည့်စိတ်ဇော တွန်းပို့သည့် အခြင်းအရာဖြင့် ကာကျိုးကို ချစ်မိနေကြောင်း သူ့နှုတ်မှ ဖွင့်ဟမိလေပြီ။ အင်း ... ကောင်းတာ ပေါ့လေ။ မြန်မြန်ပြော မြန်မြန်အဖြေရရင် ကောင်းတာပေါ့ ... ။ ဖုန်းထဲကဆိုတော့ မျက်နှာပူလည်း သက်သာတာပေါ့။ ကာကျိုး တော့ ဘယ်လိုခံစားရသွားမှန်းမသိပေမဲ့ ကိုယ်ကတော့ ပြောပြီး သွားတော့မှ ရင်တွေအခုန်မြန်လာကာ **အမျိုးအမည်မသိသော** ဝေဒနာတစ်ရပ်ဖြင့် တငြိမ့်ငြိမ့် စီးဆင်းခံစားနေရလေသည်။

"ကာကျိုး ... ကိုယ် ပြောတာ ကြားရဲ့လားဟင် ... "

"ဟုတ် ... ကြားပါတယ် ... "

"စိတ်ဆိုးသွားလားဟင် ... "

"ဟို ... မဆိုးပါဘူး ... "

"မဆိုးဘူးဆိုရင် ကာကျိုးရယ် ... ကိုယ့်ကို စဉ်းစားပေးပါ လားဟင် ... ကိုယ် ကာကျိုးကို မြတ်မြတ်နိုးနိုးနဲ့ ချစ်တာ ပါ ... ကိုယ့်အချစ်ကို ယုံပါ ... ကာကျိုးသာ လက်ခံမယ်ဆို ကိုယ် ကာကျိုးကို လက်ထပ်ပါရစေနော် ... "

"အို ... အစ်ကိုကလည်း ဘာတွေပြောနေတာလဲ ... "

"ကိုယ် တကယ်ပြောနေတာပါ ကာကျိုးရယ် ... ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



မယုံလို့လားဟင် ... ”

“မဟုတ်ပါဘူး ... ကာဂျီး အဲဒါတွေ ... အဲဒါတွေ မစဉ်းစားချင်ဘူး ... ”

“ဘာလို့လဲ ကာဂျီး ... ကိုယ့်အချစ်ကို လက်မခံနိုင်စရာ ဘာအကြောင်းများ ရှိနေလဲဟင် ... ”

ကာဂျီးက လက်မခံနိုင်စရာအကြောင်း မရှိဘဲနဲ့ ကာဂျီးကိုသာ အစ်ကိုက လက်မခံနိုင်စရာအကြောင်း ရှိလာနိုင်တာပါ အစ်ကိုရယ် ... ။

ကာဂျီးက ရင်ခုန်စွာ ကြားခဲ့ရသော စကားလေးတစ်ခွန်းအတွက် အပြည့်အဝ မပျော်ရွှင်နိုင်ရှာရဘဲ ရင်ထဲမှာသာ ပြည့်နှက်တင်းကျပ်လို့ လာပါသည်။ အစ်ကိုရယ် ... အစ်ကိုသာ တခြားလူတစ်ယောက် ဖြစ်ခဲ့ရင် ကာဂျီး အရမ်းပျော်ရွှင်ရမိမှာပါ။ အစ်ကို့ပခုံးလေးကို မှီပြီး ကာဂျီး ကြုံတွေ့နေရတာတွေကို ရင်ဖွင့်ချင်လိုက်တာလေ ... ။ အခုတော့ အစ်ကိုရယ် ကာဂျီး ဘယ်လို ရင်ဖွင့်ရမလဲ ... ၊ ဘယ်လိုမျက်နှာ၊ ဘယ်လိုခံစားချက်နဲ့ ရင်ဖွင့်ရမလဲ အစ်ကိုရယ်။

“ဟင် ... ကာဂျီး ဖြေပါဦး ... ”

ညီစေမင်းရဲ့ စကားကြောင့် ကာဂျီးမှာ အတွေးနယ်ထဲမှ ပြန်လည်အသက်ဝင်လာရပါသည်။ ဒီအချိန်မှာပဲ သူ့ပုခက်နှင့်သူ ငြိမ့်ငြိမ့်ညောင်းညောင်း မအိပ်ရှာဘဲ ကာဂျီးရဲ့ တင်ပျဉ်ခွေထဲ



မှာ ဖြစ်သလိုလေး အိပ်ပျော်နေရှာသော ဝိုင်းဝိုင်းငယ်လေးက တအဲ့အဲ့ငိုသံလေးနှင့်အတူ နိုးလာပါတော့သည်။ ဒီမှာပဲ ကာဂျီးဟာ ကပျာကယာနှင့် ကလေးကို တကျွတ်ကျွတ်နှင့် စုတ်သပ်ကာ ချော့လိုက်ပါသည်။ လက်ကလည်း ဖုန်းကို ကိုင်လျက်သားနှင့် ... ။

တစ်ဘက်မှ ခံစားချက်အပြည့်နှင့် ရင်ခုန်ကြည်နူးဖွယ် အခြေအနေတစ်ဝက်နှင့် မျှော်လင့်စောင့်စားနေသည့် ညီစေမင်းမှာတော့ အားမလိုအားမရနှင့် မေးလိုက်စဉ်မှာ ပြန်ဖြေလာရတော့မည့် ကာဂျီးရဲ့ အသံလေးအစား တအဲ့အဲ့နှင့် ကလေးငိုသံတစ်ခုက နားထဲသို့ တိုးဝင်လာရသဖြင့် အံ့ဩသွားရခိုက်မှာ အဲဒီကလေးငိုသံလေးကို တိတ်စေခြင်းအလို့ငှာ ချော့မြှူလိုက်သော ကာဂျီးရဲ့ အသံလေးကို ကြားရခိုက်မှာတော့ ပို၍ပင် အံ့ဩသွားရပါသည်။

နယ်ကနေ ရန်ကုန်ကို လာနေတဲ့ ကောင်မလေးရဲ့ အခန်းမှာ ဘယ်ကကလေးများ ရောက်နေတာပါလိမ့်။ ဘေးအခန်းတွေက ကလေးများ ခေါ်ယူထိန်းနေတာလားမသိ။ ဒီလို တွေးမိတော့ ညီစေမျက်နှာက ပြုံးယောင်သန်းသွားရကာ ... တကျွတ်ကျွတ်တအေးအေး တအိုးအိုးဖြင့် ကလေးချော့မြှူနေတော့မည့် ကာဂျီးရဲ့ပုံလေးကို မျက်လုံးထဲ မှန်းဆပုံဖော်ကြည့်ကာ အဆင့်တွေကျော်တွေးပစ်တော့လျက် သဘောကျ ဖြစ်လာရပါတော့သည်။

ကာဂျီးက ငိုနေရှာသော ဝိုင်းဝိုင်းကို ချော့ခြင်း ထိုင်ရာမှ မတ်တတ်ရပ်ကာ ချီထားလျက်သား ဖုန်းကလည်း ကိုင်ထား



www.burmeseclassic.com

www.burmeseclassic.com



လျှက်သားနှင့်ပင် မနော်ကို အမြန်အော်ခေါ်ရပါသည်။ ကာဂျီးရဲ့ အသံတွေတော့ ဖုန်းထဲက အကုန်ကြားရမှာပင်။

"မနော်ရှေ ... သားကို ခဏလာခေါ်ပါဦး ... ဒီမှာ ငိုနေပြီ ..."

"လာပြီ ကာဂျီးရေ ... ပေး ပေး ... အိပ်နေတာ နိုးသွားတာလား ..."

"ဟုတ်တယ် ... ကြည့်စမ်း ... သူက စိတ်တိုနေလိုက်တာ။ ဖိမ်ပျက်သွားလို့ပေါ့လေ ... ဟင်း ... လူလေးက လက်တောက်လောက်နဲ့ ..."

ကာဂျီးက ဝိုင်းဝိုင်းကို မနော်လက်ထဲသို့ ထည့်ပေးလိုက်ကာ လက်မှာကိုင်ထားသော ဖုန်းကို နား၊နားသို့ ပြန်ကပ်လိုက်ပါသည်။

"ဟယ်လို ... ဆောရီး အစ်ကို ... ကာဂျီး အားနာလိုက်တာ ..."

"ရပါတယ် ... ဒါနဲ့ ကလေးက ဘယ်က ကလေးလဲ ကာဂျီးရဲ့ ..."

အင်း ... အမှန်အတိုင်းဖြေရရင်တော့ အဖြေဟာ သိပ်ကို လွယ်ကူမှာပါပဲ။ အဲဒါ ကိုညီစေရဲ့ တူတောင်မောင်လေး ပေါ့လေ။ ဒါပေမဲ့ ... ကာဂျီး ဒီအဖြေကို မပြောချင်သေးပါဘူး





ကိုညီစေရယ် ...။

"ဟို ... အိမ် ... အိမ်က ကလေး ..."

"အိမ်က ကလေး ... ကာဂျီးတို့ အိမ်မှာနေတဲ့ကလေးလား ကာဂျီးတို့ အိမ်မှာ ကလေးရှိတယ်ပေါ့ ..."

"ဟုတ် ... ဟုတ်ကဲ့ ရှိတယ် ..."

"ဟား ... အဆန်းပါပဲလား ... ဩော် ... ခုန ခေါ်လိုက်တာ သူ့အမေလား ..."

"အဲ ... အင်း ... အင်း ဟုတ်တယ် ... အဟင်း ဟင်း"

"ဩော် ... ကာဂျီးပြောတဲ့ သုံးယောက်နေတယ်ဆိုတာ ဒါကိုး ... သူက ကလေးပါ ပါလာတော့ အလုပ်တွင်ပါ့မလား ..."

"တွင်ပါတယ် ... ဟို စိတ်ချရတဲ့လူမို့ပါ ... ပြီးတော့ ကာဂျီးက တစ်ကိုယ်ရေသမားပဲဟာ ... ဘာမှ အလုပ်မယ်မယ်ရရ မရှိပါဘူး ... အဖော်ရအောင်သာ ခေါ်ထားတာပါ ..."

"ဩော် ... ကာဂျီးက ကလေးချစ်တတ်တယ်ပေါ့၊ ကလေးတောင် ထိန်းပေးနေလိုက်တာ ..."

ကာဂျီးက လှိုက်တက်လာသော ရယ်ချင်စိတ်ကို မနည်းမျိုသိပ်ရင်း ...

"ဟုတ် ... အစ်ကိုရော ကလေး မချစ်တတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကလေး ဘယ်လိုပြောရမလဲ ... ကိုယ့်ပတ်ဝန်းကျင်မှာ ကလေးလည်း မရှိတော့ မပြောတတ်ပါဘူး ... ဒါပေမဲ့ ကိုယ် လူကြီးတော့ ချစ်တတ်ပါတယ် ... ကာရိုး ကိုယ့်ကို စဉ်းစားပေးပါလားဟင် ... "

ကာရိုးက စိတ်ညစ်စွာဖြင့် ခေါင်းကုတ်လိုက်ပါသည်။ အင်း ... ပြောမဲ့ပြောတော့လည်း တရစပ်။ ဇွတ်ကို ပြောနေတော့တာပင်။ ကာရိုး ဘယ်လိုပြောရမလဲ ကိုညီစေရယ် ... ကိုညီစေလို လူတစ်ယောက်ကို ကာရိုး ဦးနှောက်နှင့်ပဲတွက်တွက် နှလုံးသားနဲ့ပဲ စဉ်းစားစဉ်းစား ဘယ်လိုမှ ငြင်းဆန်နိုင်စွမ်းအား မရှိပါဘူးရှင် ... ။

ဒါပေမဲ့ ... ကာရိုးမှာက ထောက်ထားငဲ့ညှာရမဲ့ ဘေးကျပ်နံကျပ် အခြေအနေတွေနှင့် ဘယ်လိုလုပ်ပြီး အစ်ကို့ကို လက်ခံစဉ်းစားပေးနိုင်ဖို့ဆိုတာ ဖြစ်လာနိုင်မှာတဲ့လဲ အစ်ကိုရယ်။ ကာရိုးသာ ကိုယ်ကျိုးတစ်ခုတည်းအတွက် ကြည့်ခဲ့ရင် နောင်တစ်ချိန်မှာ အစ်ကို့အတွက် အခက်အခဲတွေ ကြုံတွေ့လာနိုင်တာမို့ ဘာမှမဖြစ်သေးခင်မှာ ဝေးဝေးနေကြတာ အကောင်းဆုံးပါပဲလေ။

ကာရိုး ရင်ဆိုင်ရမဲ့ အခြေအနေတွေ လွန်မြောက်သွားရင်သာ အစ်ကို ကာရိုးကို ဆက်ချစ်နိုင်သေးလားဆိုတာ ... ကာရိုး ပြန်မေးရမှာပင်။





"ကာရိုးမှာ ချစ်သူတွေ ဘာတွေများ ရှိနေလားဟင် ... "

"မရှိပါဘူး ... အစ်ကို့ကို ကာရိုး တစ်ခုပြောမယ် ... ကာရိုးကို အချိန်နည်းနည်းလောက်ပေးပါ ... အဲဒီအချိန်ကာလ လွန်သွားရင် ... ကာရိုး အစ်ကို့ကို အဖြေပေးပါ့မယ် ... တကယ်လို့ အဲဒီအချိန်မှာ အစ်ကို ပြောခဲ့တဲ့စကားတွေကို ပြန်ရုပ်သိမ်းချင်တယ်ဆိုရင်လည်း ကာရိုး နားလည်ပေးပါ့မယ် ... "

"ကာရိုး ပြောတာတွေက ကိုယ့်အတွက် နည်းနည်းဆန်းသလိုပဲ ... အေးလေ ... ဒါမျိုးဆိုတာ အတင်းဖန်တီးလုပ်ယူလို့ ရတဲ့ကိစ္စမျိုးမှ မဟုတ်တာ ... ကာရိုး အချိန်ယူ စဉ်းစားပါ ... ကိုယ့်ရဲ့စကားကိုတော့ ကိုယ် ဘယ်တော့မှ ပြန်ရုပ်သိမ်းမှာ မဟုတ်ပါဘူး ... ကာရိုး တစ်နေ့ နားလည်လာမှာပါ ... "

ကာရိုးက နှုတ်ဆိတ်စွာဖြင့် ပင့်သက်တစ်ချက်ရှိုက်လိုက်ရင်းမှ ရင်ထဲမှနေ ကျေးဇူးတင်ပါတယ်ဆိုသော စကားလေးကိုသာ ရေရွတ်မိနေပါသည်။

ကာရိုးက အစောကြီးတည်းက နားလည်ပြီးသားပါ ကိုညီစေရယ်။ ကာရိုး ရင်ထဲမှာ အချိန်ယူစဉ်းစားစရာမလိုတဲ့ အဖြေတစ်ခုက ရှိနေပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ကာဂျီး ဖုန်းပိတ်လိုက်တော့မယ်နော် ..."

"အိုကေလေ ... ဆီးယူ ..."

ကာဂျီးက ဖုန်းလေးကို အသာပိတ်ကာ ရင်ခွင်ထဲ အပ်ရင်း ဘာကိုဝမ်းနည်းနေမှန်းမသိ ဝမ်းနည်းနာကျင်လာရကာ ပြင်ဦးလွင်ကိုပဲ တအားလွမ်းဆွတ်တမ်းတနေမိပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







Sun Rise မှာ ကာဂျီး အလုပ်ဝင်ခဲ့တာ နှစ်လတင်းတင်း ပြည့်ခဲ့ပြီဖြစ်၍ လုပ်ငန်းသဘောတရားတွေလည်း အတော့်ကို နားလည်ခဲ့ပြီဟု ပြော၍ရပါမည်။ နောက်ဆုံးတော့ လုပ်ငန်းကြီးတစ်ခုလုံးရဲ့ သဘောတရားကို ညီစေမင်းနှင့်ထပ်တူ တီးမိခေါက်မိ ရှိလာခဲ့ပြီး ညီစေမင်းရဲ့ ကိုယ်ပွားတစ်ခု ဖန်ဆင်းပေးလိုက်သလား ထင်ရအောင်ပင် ညီစေမင်း ပါးစပ်က တစ်ခွန်းဟလိုက်တာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကာဂျီးက ဆယ်ခွန်းစာလောက် ကြိုသိ၊ ကြိုမြင်ပြီးသားပင်။ နှစ်ယောက်သားဟာ နှစ်ကိုယ့်တစ်စိတ်လို့ အများက တီးတိုးသဖန်းဆိုး လုပ်ရတော့တဲ့အထိ အမြဲတတွဲတွဲ။ မခွဲစတမ်း ... ။

ဘော့စ်နှင့် စက္ကူထရီဟာ မခွဲတမ်းတွေ့ရတာ အဆန်းမဟုတ်သော်ငြားလည်း ဒီဘော့စ်နှင့် စက္ကူထရီကတော့ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ဂရုစိုက်ကြင်နာတာက ပေါ်လွင်လို့နေတာပင်။ ကလက်တက်တက်နှင့် အများကဲ့ရဲ့ချင်စရာ ဘော့စ်ကလည်း ပြာနေတာမဟုတ်သလို စက္ကူထရီကလည်း အကဲပိုနေတာမဟုတ်ရပါဘဲနှင့်ကို ကြင်နာမှုတရား၊ ဖေးမမှု၊ ကူညီမှုတို့နှင့် ထုံလွှမ်းနေသော ဆက်ဆံရေးမှာ မြင်ရတွေ့ရသူတိုင်းက သဘောကျကျေနပ်ရတာပင်။

အားလုံးက ... ကာဂျီးကို နောက်ကွယ်မှာ ဘော့စ်ရဲ့ Pet လေးဟု နာမည်ဝှက်ပေးခေါ်ရတဲ့အထိ။ တကယ့်ကို ဘော့စ်ကလည်း ကာဂျီးအပေါ်မှာ အမြဲတစေ ကြင်နာရှုးညံ့နေသော မျက်ဝန်းတစ်စုံနှင့် ဘာမဆို ကိုယ့်ရဲ့ Pet လေး သဘောကျ စိတ်တိုင်းကျ ဖြစ်ပါစေတော့ ဆိုသော ဖြည့်ဆည်းပေးမည့် ဟန်ပန်အမူအရာဖြင့် ... ။ ဒါကြောင့် ဘော့စ်ရဲ့ Pet လေး (အသည်းကျော်လေး)ဟု တင်စားခေါ်ဝေါ်ကြတာပင်။

ကာဂျီးနှင့် တဖြည်းဖြည်း ဆက်ဆံရမှု ကြာလာသောအခါမှာ ညီစေကလည်း ပို၍ တွယ်တာသထက် တွယ်တာ



လာရကာ သူ့ရဲ့ လက်တွဲဖော်ဟာ ကာဂျီးမှလွဲ၍ တခြားသူ မဖြစ်နိုင်ဆိုတာကိုလည်း သဘောပေါက်လာရပါသည်။ လုပ်ငန်းပိုင်းဆိုင်ရာမှာလည်း ထက်မြက်ထူးချွန်သည်မှာ သူပင် အတော်အတန်ခေါင်းအေးလာရတဲ့အထိ။ စိတ်ခံစားပိုင်းဆိုင်ရာမှာတော့ ချစ်ရတဲ့ ကာဂျီးလေး သူ့အနားမှာ ဘာမဆို ကူညီရင်ဆိုင်ဖြေရှင်းပေးသည့်အတွက် စိတ်အေးချမ်းသာမှု၊ ကြည်နူးမှုကား ဘာနှင့်မျှ မလဲနိုင်အောင် ပီတိထင်နေတော့တာ။ ဒါကို မေမေတို့ကလည်း ရိပ်မိကာ ဥက္ကာရဲ့ စနက်ကြောင့် သူ့ခံစားချက်တွေကိုပါ ဖတ်မိလာ၍ အိမ်ကို ထမင်းစားဖိတ်ခဲ့ဖို့ပါ တောင်းဆိုလာတော့တဲ့အထိ။ ကာဂျီးရဲ့ ကောင်းသတင်းတွေကတော့ သူ့ရဲ့ အသိုင်းအဝန်းမှာ မွှေးပျံ့လို့နေပါသည်။

ညီစေတို့ကားလေး ရုံးထဲသို့ ချိုးကွေ့ဝင်လာခိုက်မှာပဲ ကာဂျီးကား အရင်ရောက်နှင့်နေကာ ကားဘေးမှာ သော့ပိတ်နေတာနှင့် သွားကြုံပါသည်။ သော့ပိတ်ပြီး ဒီဘက်ပြန်လှည့်လာသော ကာဂျီးကား ညီစေတို့ကိုမြင်တာနှင့် ခေါင်းလေးညွှတ်ပြကာ ရယ်မောနှုတ်ဆက်ပါသည်။ ဒီနေ့တော့ ကာဂျီးက ထူးထူးခြားခြား မြန်မာဆန်ဆန် ဝတ်စုံလေး ဆင်မြန်းထား၍ ပိုမိုဆန်းသစ်ကြည့်ကောင်းနေပါသည်။ အစိမ်းနုရောင် ဒူးနားချိတ်ဝတ်စုံ ထက်အောက် ဝမ်းဆက်လေးဟာ ... ကာဂျီး အသားရောင် ဝါဝင်းဝင်းလေးနှင့် အတော်လိုက်ဖက်နေကာ အနည်းငယ်ရှည်လာသော ဆံပင်လေး

www.burmeseclassic.com

www.burmeseclassic.com



တွေကို နောက်ဘက်မှာ သေချာစုံစည်းထားသဖြင့် မျက်နှာလေး ရှင်းနေကာ တည်ငြိမ်သည့်ချစ်စရာသဏ္ဍာန်လေးနှင့်ပင်။

ညီစေက ဥက္ကာကိုပင် မစောင့်တော့ဘဲ ကာကျိုးဆီသို့ လျှောက်သွားကာ ...

"ကာကျိုး ... ဒီနေ့ အရမ်းလှနေပါလား ... "

ကာကျိုးက မျက်လုံးလေး တစ်ချက်ဝင့်ကြည့်ကာ ရယ်လိုက်ရင်း ...

"အစ်ကို အမြင်လွဲတာ နေမှာပါ ... ကာကျိုး အရင်နေ့တွေကအတိုင်း ပြင်ဆင်လာတာပါပဲ ... "

"ဒီဝတ်စုံလေးနဲ့ အရမ်းလိုက်တယ် သိလား ... "

"ကျေးဇူးတင်ပါတယ် ... "

ကာကျိုးက ခေါင်းလေးညိတ်ကာ ပြောနေစဉ်မှာပဲ ဥက္ကာက အနားရောက်လာပါသည်။ ကာကျိုးနှင့် ညီစေကို စပ်ဖြဲဖြဲ ဖြင့်ကြည့်ရင်း ...

"ကာကျိုး လှကြောင်း ချီးမွမ်းနေတာမလား ... ညီစေ ဒီနေ့ အလုပ်တွေများမှာ သွားစို့ ... "

"အေးပါကွာ ... မင်းကလည်း ... "

ကာကျိုးတို့ သုံးဦးသား ယှဉ်တွဲကာ ရုံးထဲ ဝင်လာခဲ့ကြပါသည်။

ကာကျိုးက ရှေ့မှ သွက်သွက်သွားနှင့်ကာ ရုံးခန်း





တံခါးဖွင့်ခြင်း၊ AirCon ဖွင့်ခြင်းတို့ကို ဆောင်ရွက်ရင်း လုပ်နေကျ တာဝန်ဝတ္တရားအတိုင်း ပန်းအိုးကို ပန်းလဲဖို့ ပြင်ဆင်ပါသည်။ ဒီတစ်ခါ ပန်းက စံပယ်ပန်း၊ ပန်းသည်ကောင်မလေးကို စံပယ်ပန်း သီပြီးသားတွေ မမှာဘဲ အပင်မှ အရွက်တွေနှင့် အပွင့်တွေ များများ ပါသော အကိုင်းတွေချည်း မှာလိုက်တာပင်။ အစက်စိမ်းစိမ်းတွေ ကြားမှာ အဖြူရောင်စံပယ်လေးတွေ သင်းပျံ့စွာ မွှေးပွင့်နေတာကို ကာကျိုးက သဘောတကျ ပြုံးကြည့်ရင်း ညီစေမင်း စားပွဲပေါ်မှာ အသာတင်ပေးနေစဉ်မှာပဲ ညီစေနှင့် ဥက္ကာကား အခန်းထဲသို့ ဝင်ရောက်လာကြပါသည်။ ညီစေက ပန်းတွေကို အခုမှ အာရုံထားမိသွားဟန်ဖြင့် ...

"ဟား ... ဒီနေ့ အရိုင်းစံပယ်ပေါ့ ... မွှေးလိုက်တာ ... ကာကျိုးကတော့ ထစ်နေ့တစ်မျိုး မရိုးအောင်ဘဲ ... ဘာလဲ အိမ်ခဲဘားန တတ်တယ်ထင်တယ် ... "

"မတတ်ပါဘူး ... ဒီလိုပဲ လျှောက်ထိုးတာပါ ... ကာကျိုးတို့ ခြံကြီးထဲမှာဆို စံပယ်တွေပွင့်ရင် ဒီထက်တောင် အရမ်းမွှေးတာ ... "

"ကာကျိုးကတော့ စကားပြောရင် မြို့အကြောင်း ... အိမ်အကြောင်း မပါရင် မပြီးဘူးနော် ... မြို့ကို တော်တော်ချစ်နဲ့တူတယ် ... "

ကာကျိုးက ဘာမှပြန်မပြောဘဲ အသာပြုံးကာ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



ညီစေ ဆောင်ရွက်ရမည့်အလုပ်တွေကို အရင်လှန်လှော ကြည့်ရှုနေပါသည်။ ကိုညီစေ့ကို တစ်ခု လေးစားမြတ်နိုးရတာက အရင်တစ်ခါ ချစ်ခွင့်ပန်ပြီးကတည်းက ကာဂျိုးကို အနေရခက်အောင် နောက်ထပ် ဘာမှ ထပ်မပြောတာ့တာကိုပင် ...။ အရိပ်လို အမြဲကြည့်နေတတ်တာကလွဲလို့ ချစ်ခြင်းတွေကို မျက်ဝန်းဖြင့်၊ အမူအရာဖြင့် ပြမှုကလွဲ၍ ကာဂျိုး စိတ်အနှောင့်အယှက်ဖြစ်အောင်၊ အနေရခက်အောင် ဘာမှမလုပ်တော့ချေ။ အလုပ်ကိစ္စနှင့် တခြားတွေရာလေးပါး၊ ဗဟုသုတအကြောင်းအရာများ ပြောပြခြင်း၊ အကြံဉာဏ်တွေ တိုင်ပင်နှီးနှောဖလှယ်ခြင်းတို့ဖြင့်သာ အချိန်တွေ ကုန်လွန်သွားခဲ့တာပင်။ ကာဂျိုးကိုယ်တိုင်လည်း အချစ်ရေးတွေထက် ကိုညီစေရဲ့ အလုပ်တွေမှာ ဘယ်လိုအဆင်ပြေအောင် ကူညီရမယ်၊ ကြိုးစားဆောင်ရွက်ရမည်တွေလောက်သာ ခေါင်းထဲထည့်လျက် တကယ်လည်း Sun Rise ကို ကိုယ့်ရဲ့လုပ်ငန်းလိုကို ထင်ယောင်မိကာ အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့တာပင်။ ဒါကြောင့်လည်း အချိန်တိုတွင်းမှာ ကာဂျိုးဟာ ဘော့စ်ရဲ့ လက်ရုံးတော်၊ တချို့ စချင်နောက်ချင်သောသူများဆိုလျှင် ဘော့စ်ရဲ့ Pet လေး(အသည်းကျော်လေး)ဟု တင်စားရအောင် လုပ်ငန်းပိုင်း ကျွမ်းကျင်ခဲ့တာပင်။ နှလုံးသားချင်းကတော့ ကာဂျိုးတို့က ဟိုးအရင်းတည်းက ရင်းနှီးပြီးသားလေ။

ကာဂျိုးက ဖိုင်ကို ပြန်ပိတ်လိုက်ပြီး ကိုညီစေ့ဘက် လှည့်ကာ ...





"အစ်ကို ဒီနေ့ အပြင်သွားစရာမရှိဘူး ... နေ့ခင်း တစ်နာရီမှာတော့ ရုံးမှာပဲ Mr. TOMO နဲ့တွေ့ဖို့ရှိတယ် ... စက်ပူကို မနေ့က အစ်ကို စစ်ပြီးသွားတဲ့စာရင်း E-mail ပို့ရမယ်၊ အဲဒါ အစ်ကို ပြင်စရာရှိတယ်ဆိုလို့ မနေ့က မပို့ရတာ ... အခု ပို့ရတော့မလားဟင် ..."

ညီစေက အလုပ်မှာ တက်ကြွလွန်းလှသော ကာဂျိုးကို ပြုံးငေးနေရင်း ...

"ရပြီ ... ရပြီ ... ပို့လိုက်တော့ ..."

ကာဂျိုးက ခေါင်းတစ်ချက်ဆတ်ပြရင်း စားပွဲမှာ ဝင်ထိုင်လိုက်ကာ ကွန်ပျူတာကို ဖွင့်လိုက်ရင်း Out Look ထဲမှ E-mail ကို ခေါ်တင်ကာ Outbox ဖွင့်လိုက်ပါသည်။ Outbox ပေါ်လာသည့်အခါမှာတော့ ပို့ရမည့် စက်ပူလိပ်စာကို ရှာကာ တွေ့သွားတာနှင့် စာရင်းတွေကို သက်ဆိုင်ရာလိပ်စာထဲသို့ ပို့နေစဉ်မှာပင် တယ်လီဖုန်းသံက မြည်လာပါသည်။ ဖုန်းကား ကာဂျိုးကို ညီစေမင်း ပေးထားသော Mobile Phone ။ ထို ဖုန်းနံပါတ်ကို သိသူမှာ ညီစေမင်း၊ ဥက္ကာတို့ပဲ ရှိပါသည်။ ဒါပေမဲ့ ... ကာဂျိုးက မနော်ကိုပါ အရေးအကြောင်းရှိလာလျှင် ချက်ချင်းဆက်သွယ်နိုင်အောင် ပေးထားခဲ့ပါသည်။ ထိုဖုန်းနံပါတ်ကို သိသော လူသုံးဦးအနက် နှစ်ဦးမှာ ကာဂျိုးအနီးတွင်ရှိနေလေရာ ယခုဆက်သောသူမှာ မနော်မှလွဲ၍ တခြားမဖြစ်နိုင်တော့။ ဘာကိစ္စနဲ့များ မနော် ဆက်ပါလိမ့် ... ၊ သားများ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု ... ။

ကာဂျိုးက ထင့်ခနဲဖြစ်သွားသောစိတ်ကို ချက်ချင်းဖျောက်ထုတ်ပစ်ရင်း ပေဂျာပေါ်မှာ ပေါ်လာသော တစ်ဘက်ကဖုန်းနံပါတ်ကို အမြင်မှာတော့ ပိုသေချာသွားရကာ ရင်တုန်ခြင်းတစ်ဝက်ဖြင့် ဖုန်းကို ခပ်မြန်မြန်ဖွင့်နားထောင်လိုက်ပါသည်။ ညီစေမင်းနှင့် ဉက္ကာတို့ကလည်း အခုမှ စားပွဲတွေမှာ စထိုင်ကာစဖြစ်၍ ထူးထူးခြားခြား ကာဂျိုးရဲ့ သီးသန့်ဖုန်း လာလေရာ စိတ်ဝင်တစားနားစွင့်မိကြပါသည်။

"ဟယ်လို ... မနော်လား ပြော ... "

တစ်ဘက်က ဘာမှမပြောရသေးခင်မှာပဲ ကာဂျိုးက အရင်ဦးအောင် မေးလိုက်ပါသည်။

"သား ... သားလေး ... "

မနော်အသံက ထိတ်တလန့်လန့်ဖြင့် တုန်လှုပ်နေလေသည်။ ကာဂျိုးရဲ့ စိုးရိမ်ပူပင်စိတ်ကား ငယ်ထိပ်တိ ဆောင့်တက်သွားရပါသည်။ ဘုရား ... ဘုရား သား ဘာဖြစ်သလဲ။ ဒီတစ်ခါသားတစ်ခုခု ဖြစ်ခဲ့ရင် ကာဂျိုး သေသွားနိုင်ပါမည်။ တစ်သက်လုံးနောင်တရဆုံးမှာလည်း မဟုတ်တော့။

"သား ဘာဖြစ်သလဲ မနော် ... ပြောလေ ... သား ဘာဖြစ်သလဲ ... "

"သားလေ ချွဲတွေအရမ်းကျပ်ပြီး မောနေတယ် ... အော်နေ





တာလည်း တအားပဲ ... တစ်ချက် တစ်ချက် မျက်ဖြူလန်မတတ်ပဲ ... ကာဂျိုး အမြန်လာခဲ့ပါ ... မနော် ဘာမှ မလုပ်တတ်ဘူး ... "

"ဟင် ... ဟုတ်ပြီ ... ကာဂျိုး ခုပဲ လာခဲ့မယ် ... "

ကာဂျိုးကား ရင်ထဲမှ ပူပင်စိတ်ကို ဘယ်လိုမှ ဖုံးဖိရှုစွာနှင့် ထိုင်ရာမှထကာ အိတ်ကို ဆွဲယူလွယ်လိုက်ရင်း ကိုယ့်ကိုအံ့အားသင့်စွာ ငေးနေကြသော ကိုညီစေနှင့် ဉက္ကာကို တစ်ချက်ကြည့်ကာ ခေါင်းလေးညွှတ်လိုက်ပြီးမှ ...

"အစ်ကို ... ကာဂျိုး အရမ်းအရေးကြီးတဲ့ကိစ္စပေါ်လာလို့ ဒီနေ့ ခွင့်ယူပါရစေ အစ်ကို ... ခွင့်ပြုပါနော် ... "

"ခွင့်ပြုပါတယ် ... ဒါနဲ့ ဘာကိစ္စများလဲ ကာဂျိုး ... ဖြစ်ရဲ့လား ... ကိုယ် လိုက်ပို့ပေးရမလား ... စိတ်သိပ်လှုပ်ရှားနေတာ ကားမောင်းနိုင်ပါ့မလား ... "

"ရ ... ရပါတယ် ... ကျေးဇူးပါပဲ ... သွားတော့မယ်နော်"

ကာဂျိုးကား လေနှင်သွားသလိုပင် အပြေးတစ်ပိုင်းနှင့် ရုံးခန်းထဲမှ ထွက်သွားပါသည်။ နားမလည်ခြင်းများစွာဖြင့် ယောင်နန ကျန်ခဲ့သူကား ညီစေမင်းပင်။ ကာဂျိုး ဘာကြောင့် ဒီလောက် တုန်လှုပ်ပူပင်ခြင်းကြီးစွာ ဖြစ်သွားရတာလဲဆိုတာ သူ ခေါင်းစားတတ်တော့။ သူနှင့် စတွေ့တုန်းကရော၊ အလုပ်လုပ်နေသည့် ကာလတစ်လျှောက်လုံးမှာပါ သူ တွေ့မြင်ရင်းနှီးခဲ့ရသည့်



www.burmeseclassic.com

www.burmeseclassic.com



ကာဂျီးဟာ ဒီလိုပုံစံမျိုးနှင့်မှ မဟုတ်တာ။ ဘာအပူပင် သောကမှ မရှိတဲ့ အမြဲတစေ အေးချမ်းသော မျက်နှာထားနှင့်ပင်။ ပျာယာခတ်ခြင်း၊ ပူပင်ခြင်းဆိုတာ တစ်ခါမှ မတွေ့ဘူးခဲ့။ လူငယ်ပင် ဖြစ်လင့်ကစား သူ့ကိုပင် ပြန်လှန်နှစ်သိမ့်ဖေးမတတ်သော သူတစ်ယောက်ပင်။ ဒီလိုလူတစ်ယောက်က ဖုန်းလေးပြောပြီးတာနှင့် တုန်လှုပ်ခြင်းကြီးစွာ ဖြစ်သွားရတော့တာ သူပင် နားမလည်နိုင်တော့တဲ့အထိ။

သူ့ကိုတောင် မကောင်းတတ်၍ ဦးညွှတ်ခွင့်တောင်းသွားရတဲ့ပုံပေါက်ကာ ဖြစ်နိုင်လျှင် ဖုန်းပြောပြီးကတည်းက တစ်ချိုးတည်း ပြေးချင်နေပုံပင်။ ကာဂျီး ဘယ်ကိုသွားတာပါလိမ့်။ ဘာကိစ္စတွေများ အရေးတကြီး ရှိနေပါလဲ ကာဂျီးရယ် ... ။ ပြီးတော့ ကာဂျီးနှုတ်က အထိတ်ထိတ် အလန့်လန့် ထွက်သွားသည့် စကားတစ်ခွန်း။ သားတဲ့ ... ။ သား ဘာဖြစ်သလဲဆိုသော မေးသံကား သိပ်ကို စိုးရိမ်စွာဖြင့် အင်မတန် ချစ်ခင်ရင်းနှီးသော သူတစ်ဦးကို မေးပုံမျိုး။ အိမ်အကူ အမျိုးသမီးရဲ့ ကလေးအပေါ်မှာတော့ ကာဂျီးဟာ ဤမျှ စိုးရိမ်တွယ်တာနေမည် မဟုတ်ပါ။ အနည်းဆုံး အရေးကြီးတယ်ဆိုလည်း အေးအေးဆေးဆေး ဖြစ်မနေတောင် ဒီလောက်ကြီး ပူပင်ထိတ်လန့်နေမှာမျိုးမဟုတ်။

အခုတော့ တစ်ဘက်က ပြောစကားကို ကြားလိုက်ရစဉ်မှာ ထိတ်လန့်အံ့သြ၍ ဖွေးသွားသော သွေးဆုတ်သွားသည့်





မျက်နှာတစ်ခုကား ကာဂျီး ခေါ်လိုက်သော သားကား သူစိမ်းတစ်ရံတော့ ဖြစ်မနေနိုင်တော့။ ဒါဆို အဲဒီသားက ... ။ သူ သိပ်ချစ်သော မွေးရပ်မြေကို စွန့်ခွာလာကာ ရန်ကုန်မှာ တစ်ကိုယ်တည်းလာနေနေသော ကာဂျီး။ အထူးကုဆေးခန်းကြီးမှာ သူနှင့် အမှတ်မထင် တွေ့ဆုံခဲ့စဉ်က နှုတ်ကို ရှောင်ပြေးချင်နေတော့သည့် ကာဂျီး။ ဘယ်သူနှင့်မှ ပတ်သက်ဆက်နွယ်ချင့်ပုံ မရသော ကာဂျီး။ ဘလေးငယ် မွေးကာစတွေ အကြောင်းလည်း စုံတကာစီ သိနေပြန်တော့သော ကာဂျီးဟာ ... ။

ကာဂျီးရဲ့ နှုတ်က ထွက်သွားသည့် 'သား'ဆိုတာဟာ ညီစေက ဆက်မတွေးရဲတော့စွာဖြင့် မျက်လုံးကို စုံမှိတ်ချလိုက်ပါသည်။ ချက်ချင်းပင် စားပွဲပေါ်မှ ဖုန်းကို ကောက်နှိပ်ကာ ...

"ကိုမျိုးဝင်းလား ... မြန်မြန်လေး လိုက်မယ် ... ကာဂျီး အခု အပြင်သွားတော့မယ် ... သူ့နောက်ကို လိုက်ပြီး သူ ဘာလုပ်တယ် ... ဘယ်သွားတယ် အစအဆုံး စုံစမ်းခဲ့ပြီး အားလုံးပြီးရင် ကျွန်တော့်ဆီ အကြောင်းကြားပါ ... "

တစ်ဘက်မှ ဟုတ်ကဲ့ဆိုသော အသံနှင့်အတူ ဖုန်းချက်ချင်း ချသွားပါသည်။ ကိုမျိုးဝင်းကား ညီစေရဲ့ စိတ်ချရသော လူယုံတစ်ယောက်လည်း ဖြစ်သလို သူ သိချင်သော အကြောင်းအရာကိုလည်း သိအောင် စုံစမ်းဆောင်ပေးနိုင်မည့်လူတစ်ဦးပင်။

ညီစေက ဖုန်းခွက်ကို ချလိုက်ကာ ခေါင်းကို နောက်



www.burmeseclassic.com

www.burmeseclassic.com



သို့ မှီချလိုက်ရင်း တစ်စုံတစ်ခုကို တွေးကာ ရင်ထဲ ဆို့နှင့်နေပါသည်။ ပခုံးကို လာရောက်ဖျစ်ညှစ်မှုကို ခံစားရတော့မှ မျက်လုံးဖွင့်ကြည့်လိုက်လျှင် ကိုယ့်ကို နားလည်စွာ ကြည့်နေသော ဥက္ကာကို တွေ့ရပါသည်။

"မင်း ... ဘာတွေ တွေးနေလဲ ငါသိတယ် ညီစေ ..."

"ဒါဆို ... မင်းလည်း အဲလိုပဲ တွေးနေမိလား ဥက္ကာ ..."

ဥက္ကာက သက်ပြင်းတစ်ချက်ရှိုက်ရင်း ...

"ကာဂျီးမှာ ငါတို့ မသိနိုင်တဲ့ လျှို့ဝှက်ချက်တစ်ခုတော့ ရှိနေတာ အမှန်ပဲ ... ခုန သူ သားလို့ ခေါ်လိုက်တဲ့အသံကတော့ တကယ့်ကို မိခင်တစ်ယောက်ရဲ့ ရင်ထဲက ပူပင်သံနဲ့ပဲ ... အိမ်အကူခေါ်ထားတဲ့ မိန်းမရဲ့ကလေးပေါ်မှာ ဒီလောက်တော့ ပူပင်နိုင်ပါ့မလားကွာ ..."

ညီစေက မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ ငြိမ်သက်တိတ်ဆိတ်နေပါသည်။

ကာဂျီးရယ် ... မင်းရဲ့ သားဆိုတာဟာ မင်းရဲ့ တကယ့်သားလားကွာ။

"မင်း မှတ်မိမှာပေါ့ ... ငါ ကာဂျီးကို မေးခဲ့တာ ... မြို့ကို ပြန်ဖြစ်သေးလားဆိုတော့ မပြန်ဖြစ်ဘူးတဲ့ ... အဲဒီထဲက ရောက်နေတာ ကြာလပြီတဲ့ ... သူ သိပ်ချစ်တဲ့မြို့ကို စွန့်ခွာလာပြီး ရန်ကုန်မှာ တိုက်ခန်းလာငှားနေတာ ဘာကြောင့်





လဲ ... သင်တန်းတွေ တက်တယ်ဆိုရင် သူ့ရဲ့ သင်တန်းဆင်းကာလတွေဟာ အလုပ်မခန့်မီ နှစ်လကဟာတွေ ... အရင်ချိန်တွေမှာ ဘာလုပ်နေခဲ့လဲ ...

"ငါတို့နဲ့ ဆေးခန်းမှာ တစ်ခါတွေ့တယ် ... မှတ်မှတ်ရရ ငါသတိထားမိတာ သူ ထွက်လာတဲ့ဘက်က OG တွေ ထိုင်တဲ့ဘက် ... ငါတို့နဲ့ စကားတောင် မပြောနိုင်ဘဲ အတင်းပြေးသွားတာ ... ဆေးစာအုပ်လေးကိုင်ပြီး ... သူတစ်ယောက်တည်းလာတာ ... နေမကောင်းဖြစ်နေပုံလည်းမပေါ်ဘူး ... တကယ်ဆို သူ အစောကြီးတည်းက ရန်ကုန်ရောက်တယ်... သင်တန်းတွေတက်ရင် အဲဒီတည်းကတက်ရမှာပေါ့ ...

"တိုက်ခန်းကောင်းကောင်း ငှားနေပြီး ... ကားတစ်စီးနဲ့ အဖော်သဟဲတစ်ယောက်နဲ့ ... သူတို့ မြို့ကနေတော့ ကာဂျီး အကြောင်းမဲ့စွန့်ခွာလာမှာ မဟုတ်ဘူး ... အခြေအနေတွေက ဆက်စပ်ပြီး တွေးလိုက်ရင် တစ်မျိုးကြီးတွေချည်းပဲကွာ ... အခု ကြားလိုက်ရတဲ့ 'သား'ဆိုတာကတော့... ပိုပြီး တစ်မျိုးအဖြစ်ဆုံးပဲ ... ကာဂျီးရဲ့ စိုးရိမ်ပူပင်မှုက ဘေးလူကိုတောင် ကူးလောက်အောင်ပဲ ..."

ညီစေကား ဘာစကားမှ ပြန်မပြောနိုင်စွာပင် ငေါင်နေမိပါသည်။ ဥက္ကာ တွေးသလို သူလည်း တွေးခဲ့တာပင်။ ဒါကြောင့် ကာဂျီးရယ် မထင်ရက်ပါဘူးကွာ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ကလည်း သူနှင့် ဖုန်းပြောတုန်းက ကြုံခဲ့ပြီးပြီ။ ကလေးကို သိပ်ရင်း သူနှင့် ဖုန်းပြောနေခဲ့တာ။ ကလေးနိုးသွားတော့ စုတ်သပ်သပ် ချော့မြူသံ၊ မာန်မဲသံလေးကအီး တကယ့်ကို ရင်းနှီးနွေးထွေးဟန်ကား ကြားရတာနှင့်ပင် ကလေးအပေါ် သံယောဇဉ် အတော်အတန်ရှိမှန်း သိသာတာပင်။ သားကိုလာခေါ်ပါဦးဆိုသော အသံလေးကား မိခင်တစ်ယောက်ရဲ့ သားအပေါ်မှာထားသော မေတ္တာသံအပြည့်နှင့်။

ညီစေ့ကို ကာဂျီး ပြောခဲ့သော အဲဒီအချိန်တုန်းက သူ နားမလည်ခဲ့သော စကားတစ်ခွန်းကို သူ အခုချိန်မှာ ရေးတေးတေး သိမြင်လာသလိုပင်။

"အစ်ကို့ကို တစ်ခုပြောမယ် ... ကာဂျီးကို အချိန်နည်းနည်းပေးပါ ... အဲဒီအချိန်အတိုင်းအတာတစ်ခု လွန်သွားရင် အစ်ကို့ကို ကာဂျီး အဖြေပေးပါ့မယ် ... ဒါပေမဲ့ တကယ်လို့ အဲဒီအချိန်မှာ အစ်ကို စိတ်ပြောင်းသွားခဲ့ရင် အစ်ကိုပြောခဲ့တဲ့စကားတွေကို ပြန်ရုပ်သိမ်းချင်တယ်ဆိုရင်လည်း ကာဂျီး နားလည်ပေးပါ့မယ် ..."

မင်းပြောတဲ့ အဓိပ္ပာယ်က ဒါများလား ကာဂျီးရယ်။ အချိန်ကာလတစ်ခုကို ကိုယ် စောင့်ခဲ့ပါတယ်။

ဒါပေမဲ့ အဲဒီအချိန်ကာလဟာ မင်းရဲ့လျှို့ဝှက်မှုတွေ ပေါ်သွားမဲ့ အချိန်ကာလလို့ မင်း ဆိုလိုချင်တာများလား ကာဂျီး





ရယ်။ အပြစ်လို့ တစ်စက်မှဆိုစရာ မရှိခဲ့တဲ့၊ အစစအရာရာ အဆင်းရော အချင်းမှာပါ ထက်မြက်ထူးချွန်လွန်းတဲ့ မင်းလို သိပ်ချစ်ရတဲ့လူတစ်ဦးပေါ်မှာ ငါ စိတ်ပြောင်းဖို့ဆိုတဲ့ အကြောင်းရင်းက ဒါများလား ကာဂျီးရယ် ...။

ကိုယ့် အချစ်တွေကို ပြန်ရုပ်သိမ်းစေနိုင်လောက်တဲ့ အကြောင်းတရားကား ဒါများလား။ ဒါကြောင့် ကိုယ့်ကို နားလည်ပေးဖို့ မင်း ကြိုးစားခဲ့တာလား ...။

ကာဂျီးရယ် ... မင်း သိပ်တော်လွန်းနေပါတယ်ကွာ။

ဝေဖန်စာ၊ အကြံပြုစာ၊ ဝိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ကာဂျီး အိမ်ရောက်သွားတော့ မနော်ကား ကလေးကို ပွေ့ချီလျက် အထိတ်ထိတ် အလန့်လန့်ဖြင့် စောင့်နေပါသည်။ မနော်လက်ထဲက ဝိုင်းဝိုင်းကို ငုံ့ကြည့်လိုက်တော့ မျက်နှာတွေ ရဲ ကာ ချွဲတွေတအားကျပ်နေ၍ တစ်ချက် တစ်ချက် ငိုသည်မှာ အသံ တွေပြာတက်ကာ ထွက်မလာတော့သည်ကို တွေ့ရ၍ ကာဂျီးက ရင်နင့်စွာ မျက်ရည်လည်လာရင်း ...

"ကားပေါ်တက်တော့လေ ..."





မနော်က ကလေးကိုချီလျက် ဘေးဘက်မှာ ဝင်ထိုင်ပြီးတဲ့နောက်မှာ ကားကို အနီးဆုံးရှိနိုင်မည့် အထူးကုဆေးခန်းကြီးတစ်ခုကို အမြန်ဆုံးမောင်းနှင်နေတာ ပို့နိုင်မှမဲ့စေဖို့ကိုလည်း ရင်ထဲမှ ကျိတ်ဆုတောင်းနေပါသည်။

"ဘယ်လိုဖြစ်ရတာလဲ မနော်ရယ် ..."

"မနော်လည်း မသိတော့ပါဘူး ... ဂျယ်လီတော့ ကျွေးမိတယ် ... အဲဒါများကြောင့်လားတော့ မသိဘူး ကာဂျီးရယ်"

"အဲဒါ ဖြစ်ဖို့များတာပေါ့ ... ဘာလို့ သွားကျွေးရတာလဲ မနော်ရယ် ... သားနဲ့က လုံးဝတည့်တာမဟုတ်ဘူး ... သားက မွေးကတည်းက ချွဲမစင်ဘူး ..."

ကာဂျီးက ဆေးခန်းထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်ကာ ပါကင်နေရာမှာ ထိုးရပ်လိုက်ရင်း သော့ပိတ်ပြီးတာနှင့် မနော်လက်ထဲမှ ဝိုင်းဝိုင်းကို လွှဲပြောင်းချီယူကာ ဆေးခန်းထဲသို့ အပြေးတပိုင်း ဝင်လာခဲ့ပါသည်။ ဆေးခန်းက ကောင်တာမှာ မေးမြန်းစုံစမ်း ပြီးသွားတာနှင့် ကောင်တာမှ ဝန်ထမ်းတစ်ဦးက ချက်ချင်းပင် အရေးပေါ်အခန်းကို လိုက်ပို့ပေးလေသည်။ အဲဒီအချိန်မှာ ဝိုင်းဝိုင်းကား အသံကို မထွက်တော့စွာ သတိလစ်မေ့မြောမတတ် ဖြစ်နေလေပြီ။ တာဝန်ကျ ဆရာဝန်က ဝိုင်းဝိုင်းကို ချက်ချင်းပင် ကုသဖို့ ပြင်ဆင်ပါသည်။

"ကလေးက ချွဲတွေ အရမ်းများနေတယ် ... အသက်ရှုလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းတောင် ဝိတ်တော့မယ် ... မေမီရေ ... ချွဲစုပ်မယ် ဟော့ ... စက်အသင့်ပြင်ပါ ... "

"ဒေါက်တာ အခြေအနေ စိုးရိမ်ရလားဟင် ... "

"နည်းနည်းတော့ စိုးရိမ်ရတယ် ... စိတ်မပူပါနဲ့ ... ကလေးက အအေးလည်း မိထားတယ် ... အဆုတ်အအေးပတ်နေတယ် ... ကဲ ... ဒီက ညီမ ခဏလောက် အပြင်ထွက်ပေးပါ ... မစိုးရိမ်ပါနဲ့ ... ဘာမှမဖြစ်နိုင်ပါဘူး ... "

ကာကျိုးနှင့် မနော်က ဆရာဝန်စကားကြောင့် ကုသဆောင်အခန်းရဲ့ အပြင်ဘက်သို့ ထွက်ပေးလိုက်ကြရကာ အခန်းအပြင်မှ နံမှာ ဝင်မထိုင်နိုင်ဘဲ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြပါသည်။ မနော်ကား သူ့ပယောဂမကင်းသဖြင့် ပို၍ မျက်နှာပူ အနေခက်ကာ ထိတ်လန့်တကြား ဖြစ်နေရသလို ကာကျိုးကလည်း ဘာကိုမှ အပြစ်မတင်နိုင်အားတော့ဘဲ စိတ်ထဲမှာ ဝိုင်းဝိုင်းအတွက် ကြီးစွာသော စိုးရိမ်စိတ်သာ ရှိနေပါသည်။

ဝိုင်းဝိုင်းသာ တစ်ခုခု ဖြစ်သွားခဲ့ရင်တော့ ဆိုသောအတွေးမျိုးကို ဆက်ပင်မတွေးရဲတော့စွာနှင့်ကို ငိုချင်လောက်အောင် ရင်နင့်စွာ ခံစားပူပင်နေရလေသည်။ ဒီအချိန်မှာ ကာကျိုးကို ဖေးမနှစ်သိမ့်မဲ့သူ ဘယ်မှာလဲကွယ်။

မနော်က မျက်ရည်တွေသုတ်ရင်း ကာကျိုးလက်ကို ဆွဲယူကာ ...





"ညီမရယ် ... အစ်မ တောင်းပန်ပါတယ် ... အဲလောက်လည်း ဖြစ်မယ်မထင်လို့ပါ ... ဝိုင်းဝိုင်း ဘာမှ မဖြစ်လောက်ပါဘူးနော် ... "

"မသိဘူး အစ်မရယ် ... ဘာမှတော့ မဖြစ်စေချင်တာ အမှန်ပဲ ... "

"မနက်ကတည်းက ကိုယ် နည်းနည်းနွေးနေတာ ... ဆေးတိုက်ချင်ပေမဲ့ အစ်မလည်း မတိုက်တတ်တာနဲ့ ... ကာကျိုးကလည်း စောစောသွားတာနဲ့ ဆိုတော့ မပြောဖြစ်တော့ဘူး ... "

ကာကျိုးက ဘာမှပြန်မပြောဘဲ နံရံကိုသာ မျက်နှာမူလျက် ငြိမ်သက်တွေဝေနေပါသည်။ ဒီလို ဆေးရုံဆေးခန်းတွေနှင့် လုံးဝပတ်သက်ချင်တာ မဟုတ်တော့ချေ။ နှင်းစုတုန်းကလည်း နှင်းစုမို့ ကာကျိုးမှာ ကြီးစွာပူပင်ခဲ့ရပြီးပြီ။ နှင်းစု ဆုံးသွားတော့ တစ်ခါ ပေါင်မပြည့်ဘဲ မွေးလာသည့် သားအတွက် ရတက်မအေးခဲ့ရပြန်ရ။ ကာကျိုးကိုယ်တိုင် ဝမ်းနှင့် မလွယ် မွေးခဲ့သော်ငြား နှင်းစုတောင် မတွေ့မမြင် မချစ်သွားရရှာသော တစ်နေ့တစ်နေ့ အသက်ကို ငွေနှင့် ဆက်ဝယ်ကာ မနည်းဆွဲထားခဲ့ရသော သားအပေါ်မှာ တကယ့်ကို မီးခင်စိတ်အပြည့်နှင့် စိုးရိမ်ပူပင်ခဲ့ရ။ ချစ်ခင်မြတ်နိုးကာ အညစ်အကြေးကအစ မရွံမရှာ သုတ်သင်ပေးခဲ့သဖြင့် ဝိုင်းဝိုင်းဟာ ကာကျိုးရဲ့ ဝမ်းမနာသားလေးပင်။ အဲဒီအတွက် ကာကျိုးရဲ့ စိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



ပူပင်စိတ်ကား အကြောင်းမသိလျှင် ဝိုင်းဝိုင်းရဲ့အမေဟု ထင်မှတ်ရလောက်ပင် ရှိနေပါသည်။

ဪ … နှင်းစုရယ် နင့်မှာ ကိုယ်ဝန်ရှိနေပါပြီလို့ ငါ စသိခဲ့ရတဲ့ အချိန်ကစပြီး ငါ ခံစားခဲ့ရတဲ့ စိုးရိမ်သောကစိတ်တွေ စိတ်ဆင်းရဲမှုတွေဟာ အခုချိန်ထိအောင် အတော်မသတ်နိုင်သေးပါလားဟယ်။ ငါလည်း စိုးရိမ်ခြာပါဒ သောကတွေကို စိတ်ကုန်လွန်းလှပါပြီ။

စိတ်ညစ်ရမည့်၊ စိတ်ရှုပ်ထွေးရမည့် ကိစ္စမျိုးဆို သေမှာထက် ကြောက်သော ကာဂျီးဟာ လက်ရှိအခြေအနေတစ်ခုပေါ်မှာလည်း … အတော့်ကို စိတ်ညစ် စိတ်ရှုပ်ထွေးနေရပါသည်။ တစ်ဘက်ကလည်း၊ သားအပေါ် ပူပင်နေစိတ်အပြည့်ရှိကာ တခြားတစ်နေရာက ကိုယ့်ကိုယ်ကိုလည်း မြင်အောင် ပြန်ကြည့်နေမိကာ ဒီလို စိုးရိမ်သောကတွေ ပွားခံနေရသောဘဝကိုလည်း တရားတွေ ရကာ သံဝေဂ ဝင်နေမိပါသည်။ ကိုယ် ဖန်တီးတာမဟုတ်ပါဘဲနှင့် ခံစားလိုက်ရတဲ့ အပူတွေ၊ သောကတွေများ ကြောက်စရာပင် ကောင်းလှပါသည်။

ဒါတောင် အချစ်မဟုတ်သေး။ ရိုးသားသန့်ရှင်းစွာ တွယ်တာရသည့် လူတွေဆီက ရသောအပူတွေတောင် ဒီလောက် ပူနေရလျှင် အချစ်ဆိုသော အရာတစ်ခုဆို ပို၍ ပြင်းစွာ ပူလောင်ဖွယ် ရှိနိုင်လေသည်။ တကယ်တမ်း အချစ်နှင့် သံယောဇဉ် ယှဉ်ပြိုင်ကြ





ကြေးဆိုရင်တောင် ကာဂျီးက အချစ်ကို စွန့်လွှတ်ချန် ရစ်ဖို့အထိ ရဲဝံ့ပြီးသားပင်။ ကာဂျီး သံယောဇဉ်အရှိဆုံး ဝိုင်းဝိုင်းအတွက်ဆိုလျှင် ကာဂျီးဘဝကိုလည်း ကာဂျီး စတေးဝံ့ပါသည်။

အန်တီမြိုင်ရေ … ကာဂျီး ခံစားနေရတဲ့ ဝေဒနာတွေ၊ အပူတွေကို အန်တီမြိုင်ကတော့ ဘာမှသိမှာမဟုတ်ဘူးနော်၊ အေးချမ်းတဲ့ မြို့လေးမှာပဲ အေးချမ်းစွာ ရှိနေမှာ … ။

ကာဂျီးက … ခံစားရတဲ့ စိတ်ဒုက္ခတွေကိုလည်း အန်တီမြိုင့်ကို ရင်ဖွင့်မနေချင်တော့။ ကိုယ်တို့ ညီမနှစ်ယောက်လုံးကို ငယ်စဉ်ကတည်းက မိဘနေရာဝင်ကာ ကျွေးမွေးပြုစုစောင့်ရှောက်လာသော အန်တီမြိုင့်ကို သနားလှကာ … ကာဂျီး အစစအရာရာ သိတတ်နေချိန်မှာ အနားရနေစေချင်ပေပြီ။ ဒါကြောင့် ဘာဆို ဘာတစ်ခုမှ ညည်းမပြတော့ဘဲ ကိုယ့်ဘာသာပင် ရင်စည်းခံခဲ့ရတာပင်။ ဖြစ်နိုင်ရင် ကာဂျီး သံယောဇဉ်တွေ ဖြတ်နိုင်ချင်ပါသည်။

"ကာဂျီး … ဆရာဝန် ထွက်လာပြီ …"

မနော်က လက်တို့သတိပေးမှပင် ကာဂျီးမှာ တွေးနေရာမှ လွှတ်မြောက်သွားလျက် ဆရာဝန်ထံကို အပြေးတပိုင်း လျှောက်သွားပါသည်။

"ဒေါက်တာ … သား အခြေအနေ ဘယ်လိုရှိလဲရှင်"

"အခြေအနေက စိုးရိမ်စရာ မရှိတော့ပါဘူး … ကြပ်ကြပ်



www.burmeseclassic.com

www.burmeseclassic.com



မတ်မတ်တော့ ကုသရမှာပေါ့ ... ကဲ လာ ... ရုံးခန်းထဲ သွားရအောင် ... ”

ဆရာဝန်ရဲ့ ရုံးအခန်းထဲမှာ ကာဂျီး ဝင်ထိုင်လိုက်တော့ ဆရာဝန်က မျက်မှန်ကို တစ်ချက်ပင့်တင်ရင်း ...

“မှတ်တမ်းရေးမလို့ပါ ... ကလေးရဲ့ အမည်က ... ”

“ဝိုင်းဝိုင်းပါ ဒေါက်တာ ... ”

“အုပ်ထိန်းသူ မိဘက ... ”

“ဒီလိုပါ ဒေါက်တာ ... သူ့အမေက ဆုံးသွားပါပြီ ... အဖေ အမေရိကားမှာပါ ... ကျွန်မက သူ့အဒေါ်ပါ ... လောလောဆယ် ကျွန်မက အုပ်ထိန်းသူပဲဆိုပါတော့ ... ”

“အင်းပေါ့လေ ... ဒါဆိုလည်း ညီမနာမည်ပြော ... ”

“ကာဂျီးပါ ... ”

ဆရာဝန်မေးသော အချက်အလက်တော်တော်များများကို ဖြေပြီးသည့်နောက်မှာတော့ ဆရာဝန်က ဆေးစာအုပ်လေးကို ကမ်းပေးရင်း ...

“ကလေးက Air Con ဒဏ်တွေကြောင့် အဆုတ်က မခံနိုင်တော့တာပါ ... အဆုတ်နည်းနည်း ယောင်ချင်တယ် ... ချွဲတွေကတော့ စုပ်ထုတ်ပေးပြီးပါပြီ ... အခုတော့ ဆေးရှိန်နဲ့ အိပ်ပျော်သွားပြီ ... နောက်ကို ချွဲထစေတဲ့ အစာမျိုးတွေ လုံးဝမကျွေးမိပါစေနဲ့နော် ... ”





“ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဒေါက်တာ ... ဒါဆို သူ့ကို ကာဂျီးတို့ ဆေးရုံတင်ရမှာပေါ့နော် ... ”

“အင်းပေါ့ ... ကျွန်တော်တို့ အခန်းစီစဉ်ပေးပါ့မယ် ... လူနာစောင့်တွေလည်း စောင့်အိပ်လို့ရတယ် ... ”

“ဟုတ်ကဲ့ ... Nurse မနီနီကျော်ကို ကာဂျီး Special Nurse အဖြစ် ငှားချင်ပါတယ် ... ”

“သြော် ... နီနီကျော်လား ... ရပါတယ် ... သူ့ Duty က 12:00 ဆို စပြီး ညီမတို့အခန်းကို လွှတ်ပေးပါ့မယ် ... ဟုတ်ပြီလား ... ဘာမှ စိတ်မပူပါနဲ့ ... ”

“ဟုတ်ကဲ့ ဒေါက်တာ ... ”

သဘောကောင်းသော ကလေးအထူးကုဆရာဝန်ကား ကာဂျီးတို့ကို အစစအရာရာ အကူအညီပေးကာ ချက်ချင်းပင် အခန်းတစ်ခန်း စီစဉ်ပေးပါသည်။ သားကို ကာဂျီးနှင့် မနော်က ထိုင်စောင့်နေရင်း ခဏကြာတော့ မနီ ရောက်လာလေသည်။ မနီက ဝမ်းသာအားရ နှုတ်ဆက်ရင်း ကလေးကိုလည်း တတ်နိုင်သမျှ ပြုစုမည်ဖြစ်ကြောင်း၊ စိုးမရိမ်ဖို့ အထပ်ထပ် အားပေးသဖြင့် ကာဂျီးမှာ အနည်းငယ်တော့ စိတ်သက်သာရာ ရပေသည်။

“ကာဂျီးတို့ ထမင်းစားပြီးပြီလား ... ဆယ့်နှစ်တောင် ထိုးနေပြီ ... ”

မနီ မေးမှပင် ထမင်းစားဖို့ သတိရကြပါသည်။ နှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်စလုံးမှာ ကိုယ့်အပူနှင့်ကိုယ်မို့ ဗိုက်ဆာဖို့ပင် သတိမရကြ အားပေ။ အခုမှပင် ဗိုက်ထဲက တကျုတ်ကျုတ်နှင့် ဆာလောင်လာပါသည်။ ကာဂျိုးက မတ်တတ်ထရပ်လိုက်ရင်း ...

"ကဲ မနော် ... ဒီမှာ မားနီလည်း ရှိတယ် ... ခဏစောင့်နေခဲ့ဦး ... ကာဂျိုး ထမင်းကြော်ဖြစ်ဖြစ် သွားဝယ်ခဲ့မယ် ဒီမှာပဲ စားရတာပေါ့ ... "

"သွားဝယ်လေ ကာဂျိုး ... စိတ်ချပါ ... မားနီလည်း ရှိနေတာပဲ ... အဆာလွန်သွားရင် မကောင်းဘူး ... "

ကာဂျိုးက ကားသော့ကိုကိုင်ကာ အနီးနားရှိ ဆိုင်တစ်ခုခုမှာ ထမင်းကြော်ဖြစ်ဖြစ် အဆင်ပြေရာ ဝယ်ဖို့ ထွက်လာစဉ်မှာပင် လက်မတင်လေးပဲ ကိုမျိုးဝင်းနှင့် လွဲသွားခဲ့ရလေသည်။







"ကာဂျိုးက သူ့အိမ်ကိုပဲ အရင်သွားတယ် ကိုညီစေ ... အိမ်ထဲဝင်သွားပြီး သိပ်မကြာဘူး မိန်းမတစ်ယောက် ကလေးပွေ့ပြီး သူ့နောက်က ပါလာတယ် ... ပြီးတော့ ကားပေါ်တက်ပြီး မောင်းထွက်သွားကြတယ် ... နောက်(  )အထူးကုဆေးရုံကြီးထဲ ဝင်သွားတယ် ... ကားပေါ်ကဆင်းပြီး ကလေးကို ကာဂျိုးကိုယ်တိုင်ချီပြီး ဆေးရုံအတွင်းထဲ ပြေးပြေးရုံတာမယ် ဝင်သွားတာ ... တော်တော်လေးကို စိုးရိမ်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဗိုပဲ … ကလေးက ကာဂျီးရဲ့ကလေး … အဲ ဘယ်လိုပြောရမလဲ … ကာဂျီးနဲ့ ပတ်သက်ဖို့ပဲ များတယ် ကိုညီ … ဟို အမျိုးသမီးက နာနီ ဖြစ်နိုင်တယ် … ပိုသေချာသွားအောင် ကျွန်တော် အဲဒီရှေ့က ကော်ဖီဆိုင်မှာ စောင့်ပြီး ကာဂျီးတို့ အထဲဝင်သွားတာ တော်တော်ကြာမှ ကောင်တာမှာ သွားစုံစမ်းတော့ … ကလေးက အဲဒီမှာ ဆေးရုံတင်ရမှာတဲ့ … အဆုတ်ယောင်တာလို့ သိရတယ် … အုပ်ထိန်းသူမိဘနေရာမှာ ဒေါ်ကာဂျီးတဲ့ … ကျွန်တော် သိခဲ့ရတာတွေကတော့ ဒီလောက်ပဲ ကိုညီ … ”

ကိုမျိုးဝင်းရဲ့ စကားသံအဆုံးမှာ ညီစေက လက်ကာပြလိုက်ကာ …

“ကျေးဇူးပဲ ကိုမျိုးဝင်း … ဒီကိစ္စကို ခင်ဗျားစိတ်ထဲမှာပဲ ထားပါ … သွားလို့ ရပြီ … ”

ကိုမျိုးဝင်း ထွက်သွားသည်နှင့် ညီစေက ထိုင်ရာမှ ထကာ ကာဂျီးရဲ့ စားပွဲဆီကို လျှောက်လာခဲ့ပါသည်။ သူ့ရင်ထဲမှာကား တစ်ခုခု ဆွဲထုတ်ခံထားရသလို ဟာနေပါသည်။ ကာဂျီးရဲ့ စားပွဲပေါ်မှာ ကျန်ခဲ့သော ဖုန်းလေးကို ကောက်ယူကာ အတော်ကြာသည်အထိ ငိုင်တွေလျက်ရှိလေသည်။ ကာဂျီးကို ကိုယ်နှင့်မကွာ ဆောင်ထားဖို့ သူ ပေးထားခဲ့သောဖုန်းလေး။ အလုပ်တာဝန်တွေထက် ကာဂျီးကို သတိရတဲ့အခါတိုင်း သူ ဆက်သွယ်ဖို့ ပေးခဲ့





တဲ့ဖုန်းလေး ဖြစ်ပါသည်။

ကာဂျီးကလည်း ကိုယ်နှင့်မကွာ အမြဲဆောင်ထားနေကျ။ သူ့အပေါ်မှာ အစစအရာရာ နားလည်သိမြင်ကာ သူ့ရင်ထဲဘာရှိသည်ဆိုတာကို ဒိုးယိုပေါက် မြင်တွေ့နေနိုင်သော ကာဂျီးရဲ့ ရင်ထဲမှာလည်း သူ့ကို အတိအလင်း အဖြေမပေးနိုင်သော်ငြား … သံယောဇဉ်အရိပ်အငွေ့တွေကို မြင်တွေ့ရသည့်အတွက် ပီတိဖြစ်ခဲ့သောအချိန်တွေနှင့် သူ ကျေနပ်ပျော်ရွှင်ခဲ့ရသည်မှာ ဖေဖေနှင့် မေမေပင် သတိထားလာကာ မေးယူရတဲ့အထိ။ ဥက္ကာရဲ့ အတို့အထောင်ကြောင့် ကာဂျီးဟာ သိပ်ကိုတော်တဲ့ စက္ကူထရိမလေး အဖြစ်ရော၊ သားရဲ့ နှလုံးသားကို စိုးမိုးနိုင်သူလေးအဖြစ်ရော မေမေက တွေ့ချင်နေ၍ စိတ်စဉ်ထားခိုင်းတဲ့အထိ။ အခုပေမဲ့ ညီစေက ကာဂျီးရဲ့ တိတိကျကျအဖြေရမှ ခေါ်လာပါရစေဟု ခွင့်ပန်ထား၍ ရက်ရွှေ့ထား၍သော အထမမြောက်ခဲ့ရခြင်းပင်။

အခုတော့ … ဖုန်းလေးကို မေ့လျော့ချန်ထားရစ်ကာ သားအတွက် သိပ်ကို စိုးရိမ်ပူပင်စိတ်တွေ များနေခဲ့တာလား ကာဂျီးရယ်။ အခုလို အခြေအနေတွေ ရင်ဆိုင်လာရတော့မှ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ ပိုနားလည်လာရသလိုပဲ ကာဂျီးရေ။

“သိပ်လည်း စိတ်ညစ်မနေပါနဲ့ ညီစေ … အဲဒီကလေးလေးနဲ့ ကာဂျီးဟာ ဘယ်လိုပတ်သက်နေလဲဆိုတာ မင်းအတိအကျ သိရလို့လား … တစ်ခါတလေမှာ တချို့အဖြစ်အပျက်



www.burmeseclassic.com

www.burmeseclassic.com



တွေဟာ တိုက်ရိုက်ဆိုင်ဆိုင်ကို မှားယွင်းလွဲချော်တတ်ကြတယ် ... ကာဂျီးကို ပွင့်ပွင့်လင်းလင်းမေးလိုက်ပါ ... ဘာကြောင့်ခွင့်ယူရတာလဲ၊ ဘာအကူအညီပေးရမလဲ... မင်းနဲ့ ကာဂျီးကြားမှာ မမြင်ရတဲ့ သံယောဇဉ်တွေ ရှိပါတယ်၊ ဒီအတိုင်းထက်စာရင် မင်းအတွက် အခြေအနေ ပိုကောင်းလာမှာပါ ... ”

ဥက္ကာရဲ့ နှစ်သိမ့်စကားတွေကလည်း မှန်သလိုလိုတော့ ရှိတာဖြစ်၍ ညီစေက သက်ပြင်းတစ်ချက်ရှိုက်ရင်း ...

“ငါ့စိတ်တွေ သိပ်ရှုပ်ထွေးနေတာပဲကွာ ... ဘာကိုမှ မစဉ်းစားချင်တော့ဘူး ... ”

ဥက္ကာက ညီစေရဲ့ မှုန်မှိုင်းနေသော မျက်နှာကို ကိုယ်ချင်းစာနာစွာ ငေးကြည့်နေကော ကိုယ်တိုင်လည်း အကျိုးအကြောင်းကို လေးနက်စွာတွေးရင်း တစ်ဘက်မှလည်း မဖြစ်နိုင်ဟု အကြိမ်ကြိမ်တွေးနေမိသလို၊ တစ်ဘက်ကလည်း ဖြစ်နိုင်စရာအကြောင်းအချက်အလက်တွေကို စဉ်းစားမိကာ ရင်မှာ ဘဝင်မကျဖြစ်ရလေသည်။ နေရာတကာမှာ သွက်သွက်လက်လက်နှင့် ထက်မြက်ထူးချွန်တဲ့ ကာဂျီးမှာ ရင်နာစရာ အတိတ်ဆိုးတစ်ခုကြောင့် အင့်မတန်ချစ်ရသည့် မွေးရပ်မြေကို စွန့်ခွာခဲ့တာမျိုးလား ဆိုတာကိုလည်း အကြိမ်ကြိမ် တွေးမိလျက် သူပါ ရင်မောစွာ သက်ပြင်းချမိလေသည်။





“ကာဂျီးကို ငါ သွားတွေ့ရမလား ညီစေ ... ”

“မတွေ့ပါနဲ့ကွာ ... သူ လာမှာပါ ... ”

ညီစေက ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်တော့သည့်ဟန်ဖြင့် သူ့နေရာမှာ ပြန်ဝင်ထိုင်လိုက်တော့ကာ လုပ်စရာရှိသည့် အလုပ်တွေကို ဆက်တိုက်လုပ်နေကာ နေပါတော့သည်။ ညနေ ရုံးဆင်းချိန်ထိ ကာဂျီးအကြောင်း စကားထပ်မဆက်တော့ဘဲ ပုံမှန်အတိုင်းသာ ပြန်ဖြစ်သွားသည်မို့ ဥက္ကာကား မျက်နှံးတော့ အနည်းငယ်ပင့်ရလေသည်။ သို့သော်ငြားလည်း ညီစေရယ် မင်းနဲ့ငါ မွေးကတည်းက ပေါင်းလာတာပါကွာ။ ဟန်ဆောင်တယ်ဆိုတာ ပိုဆင်းရဲပါတယ်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ဝိုင်းဝိုင်း ဆေးရုံတင်ရသည့်အတွက် ကာကျိုးနှင့် မနော်ကား အဲဒီညက ဆေးရုံမှာပင် အိပ်ရပါသည်။ နောက်တစ်နေ့ ကျတော့ ကာကျိုးက မနော်ကို အိမ်ပြန်ပို့ကာ အစောင့်မရှိသဖြင့် အိမ်မှာပဲ အစောင့်ထားလိုက်ကာ ဝိုင်းဝိုင်းကိုတော့ ကာကျိုးနှင့် မနီနီပဲ စောင့်ဖို့ စီစဉ်ပါသည်။ ဝိုင်းဝိုင်းကို မားနီလည်း ရှိနေ၍ သေချာအပ်ထားခဲ့ကာ မနော်ကို ပို့ပြီး အပြန်မှာပင် ကိုးနာရီကျော်နေ





ပြီးမှ ကာကျိုး ရုံးကို တစ်ခါတည်း မောင်းလာခဲ့ပါသည်။ ဝိုင်းဝိုင်းရဲ့ ကျန်းမာရေးအခြေအနေကို ဘယ်လိုမှ စိတ်မချ၍ ကာကျိုး ရုံးတက်မှာလည်း မဟုတ်တော့။ ကာကျိုးအတွက် ဝိုင်းဝိုင်းဆိုသော သံယောဇဉ်ကြိုးတစ်ချောင်းကသာ ခုချိန်မှာ အရေးအကြီးဆုံးမို့ ဝိုင်းဝိုင်း အနားမှာသာနေဖို့ ဆုံးဖြတ်ထားကာ ဘယ်လိုပဲဖြစ်ဖြစ် ရင်ဆိုင်မည်ဟူသော စိတ်ကူးဖြင့် ရုံးထဲကို ကားကို မောင်းဝင်ချလာပါသည်။ ကားပါကင်နေရာမှာ ကိုညီစေရဲ့ ကားကို ရပ်ထားတာ တွေ့သည်မို့ ကိုညီစေ ရောက်နေပြီမှန်း ကာကျိုးက ချက်ချင်းသိလိုက်ရကာ တံခါးပိတ်ခဲ့ပြီး ရုံးထဲဝင်လာပါသည်။ ရုံးထဲမှ လူတချို့က အပြင်အဝတ်အစားဖြင့် စမတ်တကျ ဖြစ်မနေသော ... ကာကျိုးကို နေမကောင်းဘူးလားဟု စူးစမ်းတာကိုလည်း အလိုက်သင့်ပြန်လည် ဖြေကြားရင်း ရုံးခန်းထဲ ဝင်လာခဲ့လေသည်။

ကာကျိုးကို မြင်သောအခါ ညီစေမင်းက အနည်းငယ် အံ့သြသွားရပါသည်။ ကြည့်ပါဦး ... တစ်ရက်တွင်းမှာပဲ ကာကျိုးရဲ့ ရုပ်သွင်ဟာ ညှိုးနွမ်းသွားလိုက်တာ။ အမြဲတစေ ကျော့မော့သပ်ရပ်နေတတ်သော ကာကျိုးဟာ ခပ်ရှင်းရှင်းမျက်နှာပြောင်နှင့်ပင် တီရှပ်တစ်ထည်ကို ဖြစ်သလိုဝတ်ဆင်ထားရင်း အိပ်ရေးပျက်ထားကြောင်းလည်း မျက်ဝန်းတွေက သက်သေခံနေလေသည်။ ချက်ချင်းပင် ညီစေက သတိဝင်လာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကာဂျီး ... ခွင့်လာတိုင်တာလား ..."

"ဟုတ်ကဲ့ ... ကာဂျီး ခွင့်ရက်ကြာကြာ ယူချင်ပါတယ် အစ်ကို ..."

"ထိုင်ပါဦး ကာဂျီးရယ် ... ဘာတွေ ကြုံတွေ့နေရသလဲဆိုတာကို ပြောပြပါဦး ... ကာဂျီး အလုပ်စဝင်ကတည်းက ကိုယ် ပြောထားတယ်နော် ... ကာဂျီးမှာ ဘာပြဿနာပဲရှိရှိ ကိုယ် အားလုံးကူညီဖို့ အဆင်သင့်ပဲဆိုတာ ... ကာဂျီး ကြိုက်သလောက် ခွင့်ယူပါ ... ဒါပေမဲ့ ဘာအကြောင်းဆိုတာကိုတော့ ပြောပြစေချင်တယ် ..."

တစ်ဘက်မှာ စာရင်းတွေ ကူစစ်ပေးနေသော ဥက္ကာက စိတ်ထဲကနေ ကျိတ်၍ ညီစေ့ကို ဘရာဗို ပေးနေမိလေသည်။ အဲဒီလို လုပ်စမ်းပါ ညီစေရယ်။ ကြက်ကြီး လည်လိမ်တော့သလို ဖြစ်နေမည့်အစား မေးသင့်တာ မေးချလိုက်တာ အကောင်းဆုံးပဲလေ။ ဥက္ကာက ကာဂျီးရဲ့မျက်နှာကို မသိမသာ အကဲခတ်လိုက်တော့ ကာဂျီးရဲ့သွင်ပြင်မှာ စိတ်ရှုပ်သလို ဖြစ်သွားပြီးတော့လျှင်

"ကလေး ... အင်း ကာဂျီးရဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခုကြောင့်ပါ ..."

"ကလေး ... ဟုတ်လား ... ကာဂျီး ... မနေ့က ကာဂျီး ခေါ်လိုက်တဲ့ သားဆိုတာကို ပြောတာလား ..."





ကာဂျီး မျက်နှာက ခုနထက် စိတ်ညစ်စိတ်ရှုပ်ထွေးသွားဟန် ပေါ်သွားရကာ ...

"ဟုတ်ကဲ့ ... သူ နေမကောင်းလို့ပါ ..."

ဒီတစ်ခါတော့ ညီစေမင်းနှင့် ဥက္ကာက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတော့ပြီးလျှင် ညီစေက အသက်ကို ဝဝရှူလျက် အသိချင်ဆုံး မေးခွန်းတစ်ခုကို မေးချလိုက်ပါတော့သည်။

"အဲဒီကလေးက ကာဂျီးနဲ့ ဘယ်လိုပတ်သက်နေလို့လဲ ..."

"အဲဒါတွေ ပြောဖို့ လိုလို့လား အစ်ကို ..."

"ကိုယ်ထင်တာက ... အဲဒီကလေးဟာ ကာဂျီး ခေါ်ထားတဲ့ အမျိုးသမီးရဲ့ကလေးမဟုတ်ဘူး ထင်လို့ပါ ..."

ကာဂျီးရဲ့ မျက်လုံးများက ညီစေ့စကားကြောင့် လက်ခနဲ ဖြစ်သွားရကာ အခုမှပင် ဘာကိုဆိုလိုသည် ဆိုတာကိုပါ ချက်ချင်း သဘောပေါက်သွားကာ ရင်ထဲမှ ဆစ်ခနဲ နာကျင်သွားရလေသည်။ ဪ ... ထင်ရက်လိုက်တာ အစ်ကိုရယ်။ အေးပေါ့လေ ... လူဆယ်ယောက်မှာ ကိုးယောက် ထင်မြင်ယူဆကြမဲ့ အယူအဆမျိုးပါပဲ။ ကျန်ခဲ့သော တစ်ယောက်သောသူက အစ်ကို ဖြစ်နေနိုင်တယ်လို့ ကာဂျီး မျှော်လင့်ခဲ့မိတာတွေဟာ တခြားဆီ ဖြစ်နေတော့တာပဲပေါ့ အစ်ကိုရယ် ...။



www.burmeseclassic.com

www.burmeseclassic.com



ကာဂျိုးက ညီစေမင်းရဲ့ မျက်လုံးတွေထဲ တည့်တည့် စိုက်ကြည့်ရင်း ...

"ဟုတ်တယ် ... အဲဒါ ကာဂျိုးရဲ့ကလေးပဲ အစ်ကို ... ဒီလောက်ဆို အစ်ကို ကျေနပ်ရောပေါ့ ... ကာဂျိုးကို ခွင့်ပြုပါဦး ... "

ကာဂျိုးရဲ့ ပွင့်လင်းဖြောင့်ကျသော စကားကြောင့် ညီစေရော ဥက္ကာပါ ပါးစပ်အဟောင်းသားပွင့်ကာ အငိုက်မိ ခံ့လိုက်အသွားစဉ်မှာ ကာဂျိုးက ဖျတ်ခနဲ နောက်လှည့်ပြန်ထွက်သွားလေသည်။ အဲဒီချိန်ကျမှ ညီစေက စားပွဲပေါ်မှာ တင်ထားသော မိုဘိုင်းဖုန်းလေးကို ကောက်ယူကာ ကာဂျိုးနောက်မှ အပြေးတပိုင်း ထွက်လိုက်လာရင်း ကာဂျိုးရဲ့လက်ကို နောက်ကနေ ဖျတ်ခနဲ လှမ်းဆွဲလိုက်ပါသည်။ ထိုစဉ်မှာပဲ ပြန်လှည့်ကြည့်လာသော ကာဂျိုးရဲ့ မျက်လုံးတွေထဲမှာ မျက်ရည်စတချို့ ရစ်သိုင်းနေတာကို သူ အံ့ဩစွာ တွေ့ရှိလိုက်ရလေသည်။ ညီစေက ကာဂျိုးရဲ့ လက်ထဲကို မိုဘိုင်းဖုန်းလေး ထည့်ပေးလိုက်ရင်း ...

"ဒါလေးကို ယူသွားပါ ကာဂျိုး ... အသုံးဝင်မှာပါ ... "

ကာဂျိုးနှင့် ... ညီစေကား တစ်ယောက်ကို တစ်ယောက် စူးနင့်စွာ စိုက်ကြည့်နေတော့လျက် ကာဂျိုးက လက်ထဲကို ညီစေ ဖျစ်ညှစ်ထည့်ပေးလိုက်သော ဖုန်းလေးကို တစ်ချက် ငုံ့





ကြည့်ကာ ချာခနဲလှည့်ထွက်သွားကာ တစ်ချက်လေးမျှ နောက်လှည့်မကြည့်တော့ဘဲ ရှိလေသည်။ ညီစေကား ထွက်ခွာသွားသော ကာဂျိုးရဲ့ ကျောပြင်ကို ပျောက်ကွယ်သွားသည်အထိ ငေးကြည့်ရင်း ဆို့နင့်စွာ ကျန်ခဲ့လေသည်။ ပြတ်ပြတ်သားသား ပြောသွားခဲ့သော ကာဂျိုးရဲ့စကားသံကား သူ့အတွက် အိပ်မက်သာ ဖြစ်လိုက်စေချင်ပါသည်။ နောက်ဆုံးတော့ ထင်မှတ်မထားတဲ့ ကိစ္စတစ်ခုက တကယ့်ကို ဖြစ်လာခဲ့ပြီမို့ ညီစေက မျက်စိကို စုံမှိတ်ချလိုက်တော့ကာ တစ်ခါတုန်းက ပြောခဲ့ဖူးသော ကာဂျိုးရဲ့ စကားသံတွေကို အထပ်ထပ် ပြန်ကြားယောင်မိလျက် နှလုံးသားတစ်ခုလုံး ဆွဲဖြုတ်ထားသလို ခံစားကျန်ရစ်ခဲ့လေသည်။ အချစ်တွေ ရုပ်သိမ်းဖို့ဆိုတာ ဖြစ်နိုင်မလား ကာဂျိုးရယ် ... ။



www.burmeseclassic.com

www.burmeseclassic.com





ဝေဒနာတွေကို ဥပေက္ခာပြုရင်း ကြိတ်မှိတ်အလုပ်လုပ်ခဲ့ရသည်မှာ တစ်ပတ်ခန့်ပင် ကျော်ခဲ့ပြီ ဖြစ်သော်လည်း ... တကယ်တမ်း မေ့နိုင်လားဆိုလျှင် ညီစေတစ်ယောက် မချိဖွာ ခံစားရစမြဲ။ ကိုယ့်အနားမှာ အမြဲတမ်း ဘာမဆို ဖြည့်ဆည်းပေးနေခဲ့သော သူတစ်ယောက်ကို မတွေ့ရ မမြင်ရတဲ့အခါမှာ ခံစားရသော ခံစားချက်ကား တကယ်ပင် မသက်သာဘူးဆိုတာ နောက်ကျမှ





သိမြင်လာခဲ့ရလေသည်။ ဒါကြောင့် ရှိသမျှ အလုပ်တွေထဲကို ခေါင်းပုံနှင်ဝင်ကာ မေ့ဖို့ ကြိုးစားလေလေ မေ့လို့မရလေလေပင်။ တစ်ခုခုလုပ်ဖို့ ကြံရွယ်တိုင်း အရင်က အနားမှာ ဝင်ရောက်ပေးတတ်သော အကြံဉာဏ်တွေကို သတိရမိတာလည်း ခဏခဏပင်။

ကာဂျိုးရယ် ... မင်း ရက်စက်လွန်းအားကြီးပါတယ်။

"ညီစေ ... "

လှမ်းခေါ်လိုက်သော ဥက္ကာရဲ့အသံကြောင့် ညီစေ ခေါင်းမတ်သွားရပါသည်။ ဥက္ကာမျက်နှာက တစ်မျိုးဖြစ်နေသည်ကို ရှည်း သွားသတိထားမိလေသည်။ ဥက္ကာက သူ့ရှေ့သို့ ပစ္စည်းတစ်ခု ချပေးသည်ကို သူက အံ့ဩစွာ ယူကြည့်လိုက်ပါသည်။ စားပွဲတင်နာရီလှလှလေးတစ်ခု။ နာရီထဲမှာတော့ ချစ်စဖွယ်ကလေးငယ်တစ်ဦးကို ရင်ခွင်ထဲမှာ ပွေ့ချီကာ အတော့်ကို ပျော်ရွှင်ကြည်နူးဟန်ဖြင့် ပြုံးရယ်နေသော ကာဂျိုး။

ညီစေက နားမလည်သောဟန်ဖြင့် ဥက္ကာကို ကြည့်လိုက်မိပါသည်။ ဥက္ကာကား စာတိုက်ကြီးကို အမေရိကားမှ ကိုစေပေးပို့လိုက်သော ပါဆယ်တွေ သွားရွေးလာတာပင်။ ကိုစေက မကြာခဏဆိုသလို ဖေဖေနှင့် မေမေအတွက် သူနှင့် ဥက္ကာအတွက် လက်ဆောင်ပစ္စည်းပေးပို့လျှင် ညီစေ မသွားဘဲ ဥက္ကာပဲ သွားရွေးနေကျ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်တာလဲ ဥက္ကာ ... ဒီဟာကရော ဘာတွေလဲ"

ညီစေက နာရီလေးကို နားမလည်သလို မေးဆတ်ပြကာ မေးလိုက်ပါသည်။ ဥက္ကာကား အထုပ်တစ်ထုပ်ကို သူ့ရှေ့သို့ ထပ်မံချပေးရင်း ဘေးက ကုလားထိုင်ပေါ်ကိုတော့ နောက်တစ်ထုပ်ကို တင်ထားလိုက်လေသည်။ ပြီးတော့မှ ညီစေ့မျက်နှာကို စေ့စေ့ကြည့်ရင်း ...

"ဒီပါဆယ်က ကိုစေမင်းက ကာဂျီးကို ပို့လိုက်တဲ့ ပါဆယ်၊ ဒီနာရီကလည်း အဲဒီထဲကပဲ ပါတာ ... ပါဆယ်က ရောက်နေတာ တစ်ပတ်ရှိပြီ ... လာမရွေးဘူး ... အခု ငါ သွားရွေးတော့ အဲဒီကလူက ဟိုကပို့တဲ့လူက တစ်ယောက်တည်းပဲမို့ ငါတို့ချင်းလည်း သိလားဆိုပြီး မေးလို့ ငါကလည်း သိတယ် ... ယူသွားမယ်ဆိုပြီး ယူလာတာ ... အဲဒါ မင်းကို ပြတာ ... ရှင်းပြီလား ..."

"ဘယ်လို ... ကိုစေက ကာဂျီးကို ပို့တဲ့ပါဆယ် ဟုတ်လား၊ ဒါဖြင့်ရင် ကိုစေနဲ့ ကာဂျီး ... ဒီကလေးက ..."

ညီစေက အရင်တစ်ခါ အံ့သြသွားတာထက် အခုခါကပို၍ အဆပေါင်းများစွာ အံ့သြသွားရလေသည်။ ကံတရားရယ် အဲဒီလောက်တော့ နောက်ပြောင်ကျီစယ်ရက်စက်ဖို့ မကောင်းပါဘူးကွာ။ ကိုစေ သူ့ကို ရယ်ရယ်မောမောဖြင့် ပြောပြသွားခဲ့သော သူ့ရဲ့ ချစ်သူက ပြင်ဦးလွင်က ဆိုတာရယ် ... ပြန်လာလျှင် လက်ထပ်ဖို့ စီစဉ်တော့မယ်ဆိုတာရယ်တွေ သူ ကြားသိရပြီး နောက်ပိုင်းမှာ ကိုစေ အမေရိကားကို ထွက်သွားခဲ့တော့တာ ... အဲဒီနောက် မကြာမီမှာပဲ ကာဂျီးနှင့် ဆုံတွေ့ခဲ့ရတာ။ ရန်ကုန်ကို တစ်ယောက်တည်း ဆင်းလာခဲ့သော ကာဂျီးဟာ ဒါဆိုရင် ကိုစေနှင့် ရခဲ့သော ရင်သွေးလေးကို မွေးဖွားဖို့ ရောက်လာခဲ့တာပေါ့။ အခုထိလည်း ကိုစေနှင့် အဆက်အသွယ်မပြတ် ရှိနေခဲ့တော့တာပေါ့။ ကာဂျီးရယ် ... မင်းရဲ့ ရိုက်ချက်ကတော့ တကယ့်ကို ပြင်းထန်ပါပေတယ်။ ဘယ်လိုအငြိုး၊ ဘယ်လိုရည်ရွယ်ချက်တွေနဲ့ အလဲထိုးဖို့ ကြံစည်ရတာလဲ ကာဂျီးရယ်။ မင်းကို ငါ ဘယ်လိုနည်းနဲ့မှ နားမလည်နိုင်တော့ပါဘူးကွာ ...။ လုပ်ရက်လိုက်တာ ...။

ညီစေကား ဥက္ကာမျက်နှာကိုပင် မကြည့်ရဲစွာဖြင့် ရှက်ရွံ့အနေရခက်လှကာ ... မျက်နှာတစ်ပြင်လုံး ပေါက်ကွဲထွက်မတတ် ဒေါသလှိုင်းတွေ ထန်လာရလေသည်။ ကိုယ့်ရဲ့အဖြစ်ဟာ လူကြားလို့မှ မကောင်းစွာ ကိုယ့်အစ်ကိုရဲ့ဇနီး၊ ကိုယ့်ရဲ့ မရီးတော်လေးကိုမှ ချစ်ခင်စုံမက် ချစ်ခွင့်ပန်ခဲ့တဲ့ အဖြစ်ပျက်နှင့်။ ရှက်တတ်လျှင် နေရာမှာတင်လဲသေဖို့ ကောင်းလေသည်။ ဒါကိုများ အချိန်တစ်ခု စောင့်ပါဦးဟု ပြောထွက်ခဲ့သော ကာဂျီးရဲ့စကားတွေကို သူက အကြီးကျယ်တုန်လှုပ်ရပါသည်။ ဘယ်လိုအချိန်မျိုးပါလိမ့်။ ကိုစေ ပြန်ရောက်လာတဲ့ အချိန်ကို ပြောတာလား မသိဘူး၊ ကိုစေ ပြန်ရောက်လာမှ ကိုစေ့ရှေ့မှာ အရှက်ခွဲ ဟားတိုက်ရယ်မောမလို့ ထင်ပါသည်။ ညီစေက အံကိုတင်းတင်းကြိတ်ရင်း ...







www.burmeseclassic.com

www.burmeseclassic.com




"ဥက္ကာ ဒီပစ္စည်းတွေကို သူ့ဆီ သွားပို့လိုက်၊ ပြီးတော့ ခုချိန်ကစပြီး သူ့ကိုတာဝန်က ရုပ်စဲလိုက်ပြီဆိုတာပါ ပြောခဲ့ပါ"

သွားတော့ ကာဂျီး။ မင်းကို ငါ့ရဲ့ဘဝထဲက အပြီးတိုင်ကို ဆွဲထုတ်လိုက်ပြီ။ အပြစ်ကင်းစင်တယ်လို့ တစ်ချိန်လုံး သတ်မှတ်ခဲ့တဲ့ မင်းကို ငါ မျက်နှာချင်းမဆိုင်ချင်တော့လောက်အောင် နာကြည်းသွားခဲ့လေပြီ။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







ဒီနေ့ ဝိုင်းဝိုင်း ဆေးရုံက ဆင်းတော့မည့်နေ့မို့ ကာဂျီးမှာ အထူးပျော်ရွှင်နေရကာ ပါးစပ်လေးပင် မပိတ်နိုင်တော့ဘဲ တပြုံးပြုံး ဖြစ်နေပါသည်။ ပြန်ဖို့ပစ္စည်းတွေအားလုံး သိမ်းဆည်းပြီးတာနှင့် ကောင်တာမှာ ငွေရှင်းဖို့ ထွက်အလာမှာပင် ဆေးခန်းထဲဝင်လာသော ဥက္ကာနှင့် သွားဆုံလေသည်။ တစ်သက်ဆုံး ခြောင်စပ်စပ် အမြဲတွေ့မြင်လာရသော ဥက္ကာရဲ့ မျက်နှာကား တစ်ကြိမ်မှာ



www.burmeseclassic.com

တော့ အထူးတလည် တည်ငြိမ်ကာ မာကျောအေးစက်သည့်ဘက်သို့ ရောက်နေလေသည်။ ကာဂျီးက ပန်းနှစ်ဘက်ကို အသာတွန်းရင်းပင် စတင်နှုတ်ဆက်လိုက်ပါသည်။

"ကိုဥက္ကာပါလား ... ကာဂျီးဆီ လာတာမှ ဟုတ်ရဲ့လား"

"ဟုတ်တာပေါ့ ... ရော့ ဒီမှာ ကိုစေမင်း ပို့လိုက်တဲ့ ပစ္စည်းတွေ ... မင်း သွားမရွေးလို့ ငါတို့ကြိုတာနဲ့ ဝင်ရွေးလာတာ"

ပစ္စည်းတွေကို ကာဂျီးက စိတ်ရှုပ်စွာဖြင့် တစ်ချက်ကြည့်လိုက်ပါသည်။ အင်း ... အထင်မြင်တွေတော့ ပိုလွဲကုန်ပြီထင်ပါရဲ့။ ကာဂျီးက ခပ်တည်တည်ပင် အိတ်ကို လှမ်းယူလိုက်ရင်း

"ကျေးဇူးပဲ ... မနက်ဖြန်ဆို ကာဂျီး ရုံးပြန်တက်တော့မှာပါ"

"မလိုတော့ဘူး ကာဂျီး ... မင်းကို အလုပ်က ရပ်စဲလိုက်ပြီ၊ ရုံးကို ဘယ်တော့မှ လာစရာမလိုတော့ဘူး ...!"

ဥက္ကာ စကားကြောင့် ကာဂျီးမှာ နှုပ်ခမ်းလေးဟသွားရုံ အံ့အားသင့်သွားကာ ချက်ချင်းပဲ မျက်နှာကို ပြင်လိုက်နိုင်သွားပါသည်။ ခပ်တွေတွေပြုံးကာ မျက်လုံးများ မှေးစင်းကြည့်လိုက်ရင်း ...

"ဘာလို့လဲ ... ကာဂျီးက ကလေးအမေမို့လို့လား ..."

ဥက္ကာမျက်နှာမှာ ခါးသီးသော အရိပ်သဏ္ဌာန်တစ်မျိုး ဖြတ်သွားကာ ...

"ဒါတွေ ငါတို့ စိတ်မဝင်စားဘူး ကာဂျီး ... မင်းသာ ကံ





ကောင်းပါစေလို့ ဆုတောင်းပေးပါတယ် ... မင်းလို မိန်းကလေးမျိုးကို မေမေ လက်ခံနိုင်ပါစေလို့ မျှော်လင့်ပါတယ် ..."

ကာဂျီးက ခေါင်းကိုမော့ကာ ခြောက်ကပ်စွာ ရယ်လိုက်ရင်း ...

"အဲဒါတွေကိုလည်း ကာဂျီးက စိတ်မဝင်စားပါဘူး ... အမိက,က ကိုစေမင်း လက်ခံဖို့ပဲ အရေးကြီးတာပါ ..."

ဥက္ကာက ကာဂျီးကို စိတ်ကုန်သလို တစ်ချက်ကြည့်ကာ နှုတ်မဆက်နိုင်တော့လောက်အောင် ဒေါသဖြစ်သွားလျက် ထွက်ခွာသွားပါသည်။ ကာဂျီးက နာကျင်စွာပင် ပြုံးကြည့်ကျန်နေရစ်ခဲ့လေသည်။ ကိုညီစေရယ် ... အချစ်ဆိုတာ အဲဒီလိုပဲ လွယ်လွယ်ဖြတ်လို့ ရနိုင်လားရှင် ... ။ သံယောဇဉ်ဆိုတာရော အဲဒီလိုပဲ တိခနဲ ဖြတ်နိုင်လို့လား။ ကာဂျီးကတော့ သံယောဇဉ်တွေကို ဖြတ်ဖို့ ကြိုးစားနေပါတယ်ရှင် ... ။

www.burmeseclassic.com





အဖြစ်အပျက်များသည် မယုံနိုင်စွာ ဖြစ်ပွားပြီးသည့်နောက်ပိုင်း နှစ်လကျော်ခန့် ကြာမြင့်သွားခဲ့သော်လည်း ကာယကံရှင်နှစ်ဦး၏ ဝေဒနာကား နာကြည်းမှုများကြားမှပင် ရင့်သန်နေဆဲဖြစ်လေသည်။ ကာဂျီးကား မိုဘိုင်းဖုန်းလေးကိုငေးကာ ရင်နင့်စွာခံစားရသလို ... ညီစေကလည်း ထိုဖုန်းနံပါတ်ကို မနှိပ်မိအောင်အတော်အောင့်အည်းထားရလေသည်။ ကာဂျီးကတော့ သားကို





သာ မျက်ခြည်မပြတ် ဂရုစိုက်ရင်း ကိုစေမင်း ပြန်ရောက်လာမည့်ရက်ကိုသာ စောင့်မျှော်နေခဲ့ပါသည်။ ရန်ကုန်မှာလည်း ကာဂျီး မနေချင်တော့။ ကိုစေမင်းသာ ပြန်ရောက်လာခဲ့လျှင် သားကို သူ့ဖခင်ရင်းလက်ထဲ ထည့်ပေးလိုက်တော့ကာ မနော်ကိုပါ သားရဲ့နာနီအဖြစ် ထည့်ပေးလိုက်ဖို့ ကာဂျီးက အခန်းပြန်အပ်ကာ ပြန်ဖို့အထိဆုံးဖြတ်ထားပြီးနှင့်နေလေပြီ။ သားကိုမှော သံယောဇဉ်ဖြတ်နိုင်လားလို့ ကာဂျီးကိုယ် ကာဂျီး ပြန်မေးမိတိုင်း ရင်နင့်စွာ ခံစားရသော်ငြား ကာဂျီးကား သံယောဇဉ်ဆိုတာတွေကို အတော်လေးကြောက်ရွံ့နေချေပေပြီ။ အချစ်ဆိုတာကိုတော့ ရင်ကို မဆိုင်ချင်တော့တာပင်။

ကာဂျီးက အိပ်နေသောသားကို ငေးနေစဉ်မှာပင် ဖုန်းသံက ထွက်ပေါ်လာလေသည်။

“ဟယ်လို ... ”

“ကာဂျီး ... ညီမလေး ကိုယ် ကိုစေမင်းပါ ... ကိုယ် အခု မင်္ဂလာဒုံလေယာဉ်ကွင်းမှာ ရောက်နေပြီ ... အဲဒါ ညီမလေး လာကြိုနိုင်မလား ... သားကို ကိုယ် အရမ်းတွေ့ချင်နေလို့”

ကာဂျီးကား ထခုန်မိမတတ် ဝမ်းသာသွားရလေသည်။

“ကာဂျီး ... ခုပဲ လာခဲ့မယ် ... ”

“ညီမလေး သားကိုပါ တစ်ခါတည်း ခေါ်ခဲ့ပါဟာကွာ ...



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို မေမေ့ဆီ ဝင်ပြီး ချက်ချင်းပဲ ပြောပြချင်တယ် ... ရတယ်မလား ညီမလေး ... "

"OK လေ ... အစ်ကို လေဆိပ်စားသောက်ဆိုင်က စောင့်နေပါ ... "

ကာဂျီးက လေတစ်ချက်ချွန်ကာ ဖုန်းချလိုက်ရင်း မနော်ကိုပါ လှမ်းခေါ်လိုက်ပါသည်။ သားကို မနိုးစေအောင် ပွေ့နိုင်းခဲ့ပြီး မနော်ကိုပါ တင်ခေါ်ကာ အိမ်တံခါးကိုသော့ပိတ်လျက် လေယာဉ်ကွင်းသို့ မောင်းလာခဲ့လေသည်။ ကားမောင်းရင်းမှ ကာဂျီးက မနော်ကို ဖြစ်လာတော့မည့် အခြေအနေတချို့ကို ကြိုတင်ရှင်းပြထားပါသည်။

"သားကို သူ့အဖေလက်ထဲ ထည့်ပေးလိုက်တော့မှာ မနော်၊ အခုနေတော့ ... မနော်ပါ သားနောက်ကို လိုက်နေပါ ... ကိုစေမင်း တာဝန်ယူမှာပါ ... ကာဂျီးကတော့ မြန်မြန်ပြန်ချင်ပြီ မနော်ရယ် ... ဖြစ်နိုင်ရင် မနက်ဖြန်ကို ကာဂျီး ပြန်တော့မယ် ... ကာဂျီး ရန်ကုန်မှာ တစ်စက္ကန့်တောင် မနေချင်တော့ဘူး ... ခံစားရတာတွေ များလို့ မောနေပြီ ... "

မနော်က ကာဂျီးစကားကို ခေါင်းတဆတ်ဆတ် ညိတ်ရင်း စာနာစွာ နားထောင်နေလေသည်။ တဖြည်းဖြည်းနှင့် ကားလေးကား လေယာဉ်ကွင်းနား နီးလာလေလေ ကာဂျီး ရင်တွေ အခုန်မြန်လာလေလေပင် ဖြစ်လေသည်။ လေဆိပ်ထဲ ချိုးကွေ့





ဝင်လိုက်တော့ ... အချိန်ကိုက်ပင် သားက နိုးလာနေလေသည်။ ကာဂျီးကို ရယ်ပြနေသော သားမျက်နှာကို ကာဂျီးက ရင်နာနာနှင့်ပင် မျက်နှာလွှဲလိုက်လေတော့သည်။


ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထင်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ကာဂျိုး ဆုတောင်းခဲ့သမျှရော သားရဲ့ ကံတရားရောကြောင့်ဟု ပြောနိုင်ရလောက်စွာပင် ကိုစေမင်းရဲ့ မိဘတွေက သားကို လက်ခံခဲ့ကြပါသည်။ ကိုစေမင်းကလည်း ဖခင်ကောင်းတစ်ယောက်ပီသစွာပင် ရဲရဲဝံ့ဝံ့ တင်ပြခဲ့တာပင်။ နောက်ဆုံးတော့ သားရဲ့ ချစ်စဖွယ်ရုပ်ရည်လေးကို အဘိုးအဘွား နှစ်ဦးလုံး အသည်းခိုက်သွားရကာ ကာဂျိုးကိုပင် ကျေးဇူးတင်စကား အထပ်ထပ် ဆို





ခဲ့လေသည်။ ဒီလောက်ချိန်ထိ သားကို ပြုစုစောင့်ရှောက်နိုင်သော ကာဂျိုးကိုလည်း ချီးကျူး၍မဆုံးသလို ကာဂျိုးကဲ ပြန်တော့မှာဖြစ်သည့်အတွက် ... မနော်ကိုပါ သားတာဝန်ကို ဆက်ယူပေးဖို့ တောင်းဆိုသဖြင့် မနော်ကတော့ သားနှင့် မခွဲရဘဲ ကျန်နေရစ်ခဲ့တော့မည်လေ။ အားလုံးပြီးတော့တာနှင့် ကာဂျိုးက ကိုစေမင်းကို နှုတ်ဆက်လိုက်တော့ကာ ...

"ကာဂျိုး မနက်ဖြန်ပဲ ပြန်တော့မယ် အစ်ကို ... ခုတော့ ကာဂျိုး သားကို စိတ်ချသွားနိုင်ပါပြီ ..."

"ချက်ချင်းကြီးပဲ ကာဂျိုးရယ် ... ဒါနဲ့ ကာဂျိုးက ညီညီ့ရဲ့ စက္ကူထရီ လုပ်တယ်မလား ..."

"ကာဂျိုး ထွက်လိုက်တာ ကြာပြီ ... သား ဆေးရုံတင်တုန်းကလေ ..."

"သြော် ..."

ကိုစေမင်းက ပေးဆပ်နိုင်လွန်းအားကြီးသည့် ... ကောင်မလေးကို ကရုဏာသက်စွာ ငေးကြည့်ရင်း ဘာစကားမှ ထပ်မဆိုဖြစ်တော့ဘဲ သားကိုသာ တင်းတင်းပွေ့ထားမိလေသည်။

"ကာဂျိုးတစ်ယောက်တည်း ဖြစ်ရဲ့လား ... ဒရိုင်ဘာ ထည့်ပေးလိုက်မယ်လေ ... အန်တီကိုလည်း ပြောလိုက်ပါ ... နောက်မှ ကိုယ် သက်သက်လာကန်တော့မယ်လို့ ..."

www.burmeseclassic.com



"ဟုတ်ကဲ့ … ဒရိုင်ဘာ မလိုပါဘူး … ကာဂျီး မောင်းနေကျ ပါ … ရပါတယ် … ဒါဆို ကာဂျီးကို ခွင့်ပြုဦးနော် … ကာဂျီး အခန်းအပ်ရဦးမယ် … ပစ္စည်းတွေထည့်စရာရှိသေးလို့"

"ကောင်းပါပြီ … သားသား အန်တီ့ကို နှုတ်ဆက်လိုက်ဦး လေ …"

ကာဂျီးက ဝဲတက်လာသော မျက်ရည်စတို့ကို ပုတ် ထုတ်ပစ်လိုက်ကာ သားကို အားပါးတရ မွှေးကြူပြီး ကိုစေမင်းကို တော့ အပြုံးဖြင့် နှုတ်ဆက်လျက် ကားပေါ်တက်ကာ မောင်းထွက် လာခဲ့ပါသည်။

ဪ … အားလုံးတော့ ပြီးဆုံးသွားခဲ့ပြီပေါ့ နှင်းစု ရယ်။ နင် ရောက်ရာဘဝကနေ ကျေနပ်နေလိမ့်မယ်လို့ ငါ ထင်ပါ တယ်။ သားလည်း သူ့အဘိုးအဘွား ဖခင်ရင်း လက်ထဲမှာ ပျော်မွေ့ ကြည်နူးနိုင်တော့မှာပါ။ တစ်နေ့နေ့ တစ်ချိန်ချိန်ကျရင် သူ့ကို ပြုစု ဂရုစိုက်ခဲ့တဲ့ အန်တီကာဂျီးကိုလည်း မေ့ချင် မေ့သွားမှာပါ ကလေး ရယ် … ။

ကာဂျီးက ဒက်ရှ်ဘုတ်ပေါ်မှာ တင်ထားသော မို ဘိုင်းဖုန်းလေးဖြင့် တစ်စုံတစ်ယောက်ကို နှုတ်ဆက်ဖို့ ကြံစည်ပြီးမှ ပဲ ထိုအကြံအစည်ကို ခေါင်းခါဖယ်ထုတ်ပစ်လိုက်တော့ကာ မေ့





ပျောက်လိုက်ပါသည်။ သံယောဇဉ်ဆိုတာ … ဖြတ်နိုင်ရင် အသေး အမွှားကအစ ဖြတ်နိုင်တာ ကောင်းပါတယ် ကိုညီစေရယ် … ။

ကာဂျီး … အားလုံးကို သံယောဇဉ် ဖြတ်ခဲ့ပါရစေ တော့။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ညီစေတစ်ယောက် အလုပ်တွေများလွန်း၍ ညမိုးချုပ်မှပင် အိမ်သို့ ပြန်ရောက်ပါသည်။ အိမ်သို့ ပြန်ရောက်ရောက်ချင်းပင် မြင်လိုက်ရသော မြင်ကွင်းကြောင့် အံ့သြမင်သက်သွားရလေသည်။ ဧည့်ခန်းမှာ ဖေဖေ မေမေတို့နှင့်အတူ ချစ်စဖွယ် ကလေးလေးတစ်ဦး။ ပြီးတော့ ... ကိုစေ။ ညီအစ်ကိုနှစ်ဦးသား ဝမ်းသာအားရဖြင့် ပြေးကာ ဆီးကြိုပွေ့ဖက်ကြပါသည်။

ခဏကြာတော့မှ လူချင်းခွာလိုက်ရင်း ...





"ကိုစေကတော့ဗျာ ... အကြောင်းမကြား ဘာမကြားနဲ့၊ ဒါနဲ့ ဒီကလေးက ..."

"ဒါ မင်းတူလေးပေါ့ကွ ... ငါ့သားလေး ..."

အင်း ... မင်း တကယ်စွမ်းပါတယ် မကာဂျီးရယ်။ ချက်ချင်းကိုပင် မေမေတို့ကိုပါ စည်းရုံးနိုင်စွမ်း ရှိတာပါပဲလား။ ကိုစေ ဒီနေ့ပဲ ပြန်ရောက်တယ်။ မင်းက ချက်ချင်း ကလေးတစ်ယောက်နဲ့ အိမ်ပေါ်တက်နေနိုင်ပြီပေါ့။ မင်းရဲ့ အစွမ်းပကားကတော့ ငါ ထကယ့်ကို လက်ဖျားခါပါတယ် ကာဂျီးရေ ...။

"ကိုစေက ဘယ်တုန်းက မိန်းမရလိုက်တာလဲဗျ ... သူ့အမေကရော ..."

"နှင်းစု ဆုံးသွားပြီလေ ... သားမှာ အမေ မရှိတော့ဘူး"

"ဘယ်လို ... နှင်းစုဒီကလေးက ကိုစေ့ကလေး မဟုတ်ဘူးလား ..."

"ဟုတ်တယ်လေ ... ငါ့သား အစစ်ပါကွာ ... ကြည့်ဦး ငါနဲ့ တစ်ရုပ်တည်းပဲ ..."

"ဟင် ... ဒါဆို ကလေးအမေက ကာဂျီး မဟုတ်ဘူးလား"

"ဟာ ... ဘာတွေလျှောက်ပြောနေတာလဲကွာ ... ညီညီမင်း သိထားတော့ သိထားပြီးသား ... တစ်ခုခုတော့ လွဲနေပြီ ... ကာဂျီးက ငါ့ခယ်မပါကွာ ... သားရဲ့ အဒေါ်ပါ ... သိပ်ချီးကျူးဖို့ ကောင်းတဲ့ မိန်းကလေးပါ ... မေမေရေ



www.burmeseclassic.com

www.burmeseclassic.com



မေမေ့သားကို ရှင်းပြလိုက်ပါဦး ... ”

မေမေက သူ့ကို ဆွဲခေါ်ထိုင်စေရင်း ကြင်နာစွာ ဖြီးကြည့်ရင်းမှ ကိုစေရဲ့ အတိတ်ဇာတ်လမ်းကို ပြောပြပါသည်။ လေသံ အေးအေးလေးနှင့် ရှင်းရှင်းလင်းလင်း ပြောပြနေသော ... မေမေ့ စကားသံတွေ အဆုံးမှာ ညီစေတစ်ယောက် ရင်တွေဟင်းလင်းပွင့်သွားရသလို ခံစားသွားရလေသည်။ ဥက္ကာကို လှည့်ကြည့်မိတော့ ဥက္ကာကလည်း ကိုယ့်နည်းတူ ပြုံးတိပြုံးကြောင် မျက်နှာထားဖြင့်

“အဲဒီလိုပဲ သားရေ ... ကာဂျီးဆိုတဲ့ ကလေးမလေးက အင်မတန် ချီးကျူးဖို့ကောင်းပါတယ် ... သားအပေါ်မှာလည်း တကယ့်မိခင်ရင်းလို စောင့်ရှောက်ရှာတာ၊ သူ့ခမြာ ပိုင်းပိုင်းလေးကို မေမေတို့ လက်မခံမှာ စိုးရိမ်နေရှာတာ၊ သူတာဝန်ကျေပါပြီတဲ့၊ သူတူလေးကို မိဘမဲ့ မဖြစ်စေချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ ကိုစေမင်းအလာကို စောင့်နေခဲ့တာပါတဲ့လေ”

ညီစေက အတုန်တုန်အလှုပ်လှုပ်နှင့်ပင် ထိုင်ရာမှထ၍ မေမေ့ခြေရင်းမှာ ဒူးထောက်လိုက်ကာ ...

“မေမေ ... သားပြောတဲ့ သားရဲ့ စက္ကူထရီဟာ ကာဂျီးပါပဲ ... သား သူပြောတဲ့စကားအဓိပ္ပာယ်ကို အခုမှ နားလည်သွားပြီ ... သားချစ်တာ သူပဲ မေမေ ... မေမေ သူ့ကို ချွေးမအဖြစ် လက်ခံနိုင်ရဲ့လား ... သူက သူ့အစ်မရဲ့ အတိတ်နဲ့ သူ့တူလေးအတွက် သားကို လက်မခံဝံ့တာ မေမေ ... ”

မေမေ့မျက်နှာပေါ်မှာ ... ကာဂျီးအတွက် စိတ်မကောင်းရိပ်တို့ ပေါ်လာတော့ကာ ...

“ဩော် သားရယ် ... မေမေ့မှာ သမီး မရှိပေမဲ့ မေမေလည်း မိန်းမတစ်ယောက်ပါ ... ကိုယ်ချင်းစာနိုင်ပါတယ် ... ဒီလောက် သဘောထားမွန်မြတ်တဲ့ သမီးမျိုးကို မေမေ လက်ခံကြိုဆိုဖို့ အဆင်သင့်ပါပဲ သားရယ် ... မေမေကိုယ်တိုင် ခမ်းခမ်းနားနား တောင်းပေးပါ့မယ် ... ”

“ဝမ်းသာလိုက်တာ မေမေရယ် ... သား ကာဂျီးဆီ သွားလိုက်ဦးမယ်နော် ... ”

“နေဦး ညီညီ၊ မသွားနဲ့တော့ ... ကာဂျီးတစ်ယောက်တည်း မသင့်တော်ဘူး။ ပြီးတော့ ကာဂျီးက မနက်ဖြန်ပြန်တော့မှာ”

ကိုစေ့စကားကြောင့် ညီစေ ငြိမ်သက်တွေဝေ တိတ်ဆိတ်သွားပါသည်။ မနက်ဖြန် ပြန်တော့မှာတဲ့လား ကာဂျီးရယ်။ ကိုယ့်ကို စိတ်နာမုန်းတီးသွားခဲ့ပြီလား။ မင်းကလည်း ဆိုးခဲ့တာပါကွာ ...။ အားလုံး ကိုယ့်ကို ရင်ဖွင့်ပြောပြခဲ့ရင် မင်း ဒီလို အမောအပန်းတွေ ခံစားရမှာ မဟုတ်ပါဘူး ...။ ခုတော့ ...








www.burmeseclassic.com

www.burmeseclassic.com





အခုတော့လည်း အားလုံး ပြီးစီးသွားခဲ့ပြီဟု ပြောရပါမည်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို ဆိုရင်တော့ ဇာတ်သိမ်းခန်း ရောက်ခဲ့ပြီ ဖြစ်လေသည်။ ကာဂျီးရဲ့ ဇာတ်သိမ်းခန်းမှာတော့ အိမ်အပြန်လမ်းမှာ ကာဂျီးတစ်ယောက်တည်းပင် ဖြစ်လေသည်။ ဇာတ်လမ်းရဲ့အစမှာတော့ ရန်ကုန်မြို့တော်ကြီးကို ရောက်လာခဲ့ကာ အမျိုးမျိုးသော သောကတွေနှင့် ရင်ဆိုင်ခဲ့ရလို ဇာတ်လမ်းလေး





အဆုံးမှာတော့ အဲဒီသောကတွေကိုပဲ ပွေ့ပိုက်ရင်း ကာဂျီး အိမ်ပြန်လာခဲ့ရချေပြီ။

နှင်းစုကလည်း ငြိမ်းချမ်းရာ ကမ္ဘာသစ်တစ်ခုဆီမှာ အိပ်ပျော်နေမှပြီ။ သားလေးကလည်း နွေးထွေးလှတဲ့ သူ့ဖခင်ရဲ့ မေတ္တာရိပ်အောက်မှာ နှစ်ခြိုက်ပျော်ဝင် နေပါလိမ့်မည်။ မငြိမ်းချမ်းနိုင်သေးသောသူကတော့ ကာဂျီးပေါ့လေ။ အင်း … ကာဂျီးလည်း ငြိမ်းချမ်းဖို့ အတော့်ကိုကြိုးစားရဦးမှာပေါ့လေ။ အားလုံးသောလူတွေ အသီးသီး ငြိမ်းချမ်းကာ လူမှန်နေရာမှန် ရောက်သွား၍ အေးချမ်းသွားကြသလို ကာဂျီးလည်း တစ်နေ့နေ့တော့ အေးချမ်းသွားမည်ဟု မျှော်လင့်ရတာပဲပေါ့နော် … ။

အတွေးနှင့် ကားမောင်းလာရင်းမှ ပဲခူးသို့ ရောက်မှန်းမသိပင် ရောက်လာခဲ့လေသည်။ လွန်ခဲ့သော အတိတ်တစ်ခုဆီသို့ ပြန်တွေးမိတော့ ကာဂျီး ရင်ထဲ ဆစ်ခနဲ နာကျင်သွားရပါသည်။ ဟြော် … တိုက်တိုက်ဆိုင်ဆိုင် ဆုံစည်းခဲ့တဲ့ ဇာကြမ္မာကိုပဲ ကာဂျီး အပြစ်တင်ရတော့မှာပါလားနော်။ ဒီနေရာလေးမှာပါပဲ ကာဂျီးရဲ့ ကားကို တားခဲ့တာ … ဒီလိုနဲ့ စတင်ဆုံစည်းခဲ့ကြတာ။ အတွေးဟောင်းလေးထဲကို ပြန်လည်နစ်ဝင်သွားသော ကာဂျီးဟာ ကိုယ့်ကို လက်ပြကားတားနေသော လူတစ်ယောက်ကို အခြင်းမှာ အေးခဲနေသော နှလုံးသားကား သက်ဝင်ပူနွေးလာပြန်လေသည်။ နံနက်ခင်း ဝေလီဝေလင်းမို့ ကာဂျီးကပဲ ဖွဲလမ်းစွာ အမြင်မှားတဲ့



www.burmeseclassic.com

www.burmeseclassic.com



လားကွယ်။ ကာဂျီးက အနီးနားရောက်စဉ်မှာ ကားရှိန်ကို လျှော့လိုက်ရင်း မှန်ချလိုက်တော့ တကယ်ပင် ကာဂျီးကို တောင်းပန်တိုးလျှိုသော မျက်ဝန်းတွေနှင့် ငေးစိုက်ကာ ပြုံးနေသော ကိုညီစေ့ကို တွေ့လိုက်ရလေသည်။ ကိုညီစေ့ရဲ့ လက်ထဲမှာ ခရီးဆောင်အိတ်ကြီးတစ်လုံး ကိုင်လျက်သား ...

"ကိုညီစေ ..."

"ကာဂျီး ... ကိုယ် ခရီးကြုံ လိုက်ပါရစေ ..."

"ကာဂျီးက ပြင်ဦးလွင်ထိ သွားမှာနော် ..."

ညီစေမင်းက ဘေးဘက်က တံခါးကို ဆွဲဖွင့်ကာ အိတ်ကြီးကို ကားနောက်ခန်းထဲ ပို့လျက် ဝင်ထိုင်လိုက်သည်ကို ကာဂျီးက တအံ့တသြ ငေးကြည့်နေပါသည်။ ညီစေက ကိုယ့်ကို ငေးနေသော ကာဂျီးကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း ...

"ဟော့ ... မောင်းတော့လေ စက္ကူထရိုရဲ့ ... ဘာကြောင့် ကြည့်နေတာလဲ ... ကိုယ့်ဘော့စ်ကို မမြင်ဖူးဘူးလား"

"အစ်ကို ... ကာဂျီးနဲ့ တကယ်လိုက်မှာလား ..."

"သြော် ... မယုံဘူးလား ... တကယ်လိုက်မှာပါ ... ကာဂျီး အနားက ဘယ်တော့မှမခွဲတော့ဘဲနဲ့လိုက်မှာ ... တစ်သက် မခွဲစတမ်း ..."

ကာဂျီးက ညီစေ့ကို တွေတွေငေးကြည့်ကာ မယုံနိုင်သလိုဖြင့် ...





"တကယ်ရော ဟုတ်ရဲ့လား အစ်ကိုရယ် ... ပြီးတော့ ... ကာဂျီးကို အလုပ်လည်း ဖြုတ်ပစ်လိုက်ပြီဆို ..."

"ဟုတ်တယ်လေ ... နောက်ဆို ကာဂျီးက ကိုယ့်အိမ်ရှင်မကြီး ဖြစ်တော့မှာပဲဥစ္စာ ..."

"ဟင် ... ကာဂျီးကို ... အန်တီတို့က လက်ခံတယ် ဟုတ်လား ..."

ညီစေက အ,ချင်သည့် နေရာကျတော့ နစ်ယောက်မရှိတော့ပြန်အောင် အ,နေသော ကာဂျီးရဲ့ မေးစေ့လုံးလုံးလေးကို အားမလို အားမရ ဖျစ်ညှစ်လိုက်ရင်း ...

"ဟုတ်ပါသတဲ့ဗျာ ... ခု သတို့သားလောင်းက ရှေ့ပြေးလိုက်လာတာ ... ပြီးရင် မေမေတို့က အန်တီမြို့ဆီမှာ သီးသန့်လာတောင်းမှာတဲ့ဗျား ... ကဲ သိပြီလား ..."

"အယ် ... ကာဂျီးက အစ်ကို့ကို အဖြေမှ မပေးရသေးတာ၊ ပြီးတော့ ... သူများကို ရမ်းသမ်း အထင်လွဲသေးတာများ ဟွန်း ..."

ချစ်စရာကောင်းစွာ နှုတ်ခမ်းစူနေသော ကာဂျီးကို ညီစေက ချစ်စနိုး ပြုံးစိုက်ကြည့်ရင်း ခေါင်းလေးကို အုပ်မိုးရမ်းပစ်လိုက်တော့ကာ ရင်ခွင်ထဲ ဆွဲသွင်းပစ်လိုက်ပါတော့သည်။

"ဒါတော့ ခင်ဗျားကလည်း အထင်လွဲအောင် လုပ်ထေားကိုး၊ ဒါပေမဲ့ ဒီနေ့ချိန်ထိ ကိုယ့်စကားကို မရုပ်သိမ်းခဲ့ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကာဂျီးက တခစ်ခစ်ရယ်မောရင်း ညီစေ့ရဲ့ ရင်ခွင်ထဲမှာ ရှန်းထွက်ကာ ကားစက်နှိုးရင်း မောင်းထွက်လိုက်ပါသည်။ အင်း ... ဒီလိုဆိုရင်တော့ ကာဂျီးရဲ့ ဇာတ်သိမ်းခန်းကို မြင်ရတော့မှာပေါ့နော်။ ကာဂျီးရဲ့ ဇာတ်သိမ်းခန်းမှာ ကာဂျီး သိပ်ချစ်ရတဲ့ ကိုညီစေနဲ့ ပျော်ရွှင်စွာ ပေါင်းဆုံသွားခဲ့ရပြီပေါ့။ သံယောဇဉ်ကြိုးတွေကို ကာဂျီး ဖြတ်နိုင်မယ် ထင်ခဲ့ပေမဲ့လည်း ... တကယ့်တကယ်တမ်းကျတော့ ဖြတ်နိုင်ဖို့ဆိုတာ ခဲယဉ်းလှပါတယ်ရှင် ... ။

အထူးသဖြင့် သံယောဇဉ်ကြိုးတွေ အထပ်ထပ် ရစ်ဖွဲ့ထားတဲ့ အချစ်တစ်ခုကိုဆိုရင် ပိုပြီး မဖြတ်နိုင်တာဘဲပေါ့နော်။

ကာဂျီးက လူတစ်ယောက်ကို နက်နက်ရှိုင်းရှိုင်း ချစ်မိသွားခဲ့တဲ့အချိန်က စပြီး အရာရာကို ခွင့်လွှတ်ရမယ်ဆိုတာ သိနေခဲ့တော့နေလေသည်။ ဒါ့အပြင် ... နှလုံးသားတစ်ခုကို အရင်းပြု၍ လှမ်းလာခဲ့ရသော ခရီးရှည်ကြီးဟာလည်း ကျေနပ်ဖွယ်ကောင်းအောင် ပြီးပြည့်စုံသွားပြီဟု ပြော၍ရနိုင်ပြီ ဆိုပါတော့လေ ... ။

တဖတ်ပရိသတ်များအတွက်
ထာဝရ

*27th, July 05*
*1:15 AM*